

၂၀၀၇ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ
''ပိုးကွန်ရက်နှင့်တူသော လက်များ''
ရေးသူ - သိန်းဇော် (ရွှေလီဦး)

အဖ ဦးသူငယ်၊ အမိ ဒေါ်ခင်မြင့်တို့မှ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ကြို့ကုန်းရွာ၌ မွေးဖွားသည်။

ကြို့ကုန်းရွာ မူလတန်းကျောင်းနှင့် ငါးသိုင်းချောင်းမြို့ အထက်တန်းကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။

၁၉၉၅ ခုနှစ်၊ မေလထုတ် ရွှေပေါ်ကျွန်းစမ္ပာသာလာမဂ္ဂဇင်းပါ "စိန်ခေါ် လိုက်စမ်းပါ" ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ရောက်ရှိသည်။ မဂ္ဂဇင်းများတွင် ဝတ္ထုတိုနှင့်ကဗျာများရေးသား၍ မူဆယ်မြို့ တပ်မတော်ဧည့်ရိပ်သာတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ ဦးသန်းလွင်ဖြစ်သည်။


နေရပ်လိပ်စာ -တပ်မတော်ဧည့်ရိပ်သာ (ဗိုလ်တဲ) မူဆယ်မြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

ပခုက္ကူဦးအုံးဖေစာပေဆုရ

# ပိုးကွန်ရက်နှင့်တူသောလက်များ

## ဝတ္ထုတိုပေါင်းချုပ်

### သိန်းဇော် (ရွှေလီဦး)



## 'ৠm0eft a&; oKy;

- jynfaxmifpkydu a&; — 'Ya&;
- wkd&ifom;pnfvkH Dwfrlydu a&; — 'Ya&;
- tc/yf jcm tmP mwnfvkH ra&; — 'Ya&;

## jynfbv abmxm;

- jynf tm;ukdykqef&ef t qrif 'Dm; tm; qef if u/
- EkdiHwfwnfrd t;crfa&;ESh EkdiHwfwkvuf a&; ukd aESh;Sf uf qDrm; tm; qef iu/
- EkdiHwf jynfwif a&; ukdif&mupfuf uf ESh;Sfom jynfEkdiH m; tm; qef iu/
- jynfwifjynf tzuform;rm; tm; blef bl jzpfowfSf acrlfu/

## EkdiH 0Dwnfuf(4)&yf

- EkdiHwfwnfrd a&;? &yfa tcrfom, a&;ESh&m;0ya' pH a&;/
- trpbm;jyefvnfpnfvkH Dwf a&;/
- cdrm onfzpLnfykH accl0ya' opfzpfy vm a&;/
- jzpfy vonfzpLnfykH accl0ya' opESh nDacwfDud wkvufomEkdiHwf opfwpfyfwnfqmuf a&;/

## pD;G a&;0Dwnfuf(4)&yf

- pdufya&;ukd t accH t jcm;pD;a&; u@rm; ukd nf bupkd zkdvkvuf tmifwnfqmuf a&;/
- ap;uufpD;a&; pepfDif jzpfy vm a&;/
- jynfwifjynfrS wwfynmESh t &ift D; zwfc í pDa&; zkdvkvuf tmifwnfqmuf a&;/
- EkdiHwfpD;a&; wpfyf vkH ewfDfrfmonfEkdiHwfESh wk&ifom; jynfbwfvuf, wif&S/

## vlr a&;0Dwnfuf(4)&yf

- wpfpkdm;vkH pdfwESh uifm&dvåif a&;/
- trdkR'Z wkRfrif a&;ESh 0fu;rl t ar tESf? trpbm;a&; vuDrm; raymufuf t mifxefodapmifESuf a&;/
- rdpkpdfwESbefxujfuf a&;/
- wpfpkdm;vkHef;rfukESa&;ESyn m&nfrif a&;/

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ၆၀၀ ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်
စာတည်းမှူးချုပ်က မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့်
ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

၂၀၀၇ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# ပိုးကွန်ရက်နှင့်တူသောလက်များ

## သိန်းဇော် (ရွှေလီဦး)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)
စာတည်း (တာဝန်ခံ)
- ဒေါ်တင်မွှေး (မွှေးငယ်ငယ်)
စာတည်း

အဖုံးပန်းချီ - ကံကောင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရေနည်းငါးတို့၏ ပိုးကွန်ရက်နှင့် တူသောလက်များ | ... | ၁ |
| ၂။ | ကျောက်မာကြီး ရွာ၀င်ပွဲ | ... | ၃၂ |
| ၃။ | အရပ်ကပေးတဲ့ ကျွန်မနာမည် | ... | ၄၈ |
| ၄။ | သက်ကြီးစကား သက်ငယ်ကြား | ... | ၈၁ |
| ၅။ | လေ့ကျင့်ရေးကွင်း | ... | ၁၀၄ |
| ၆။ | တစ်၀က်ပစ် တစ်၀က်စား | ... | ၁၃၄ |
| ၇။ | ဘ၀သစ်ပင် | ... | ၁၄၆ |
| ၈။ | အိမ်ကလေး နှစ်အိမ် | ... | ၁၆၃ |


## ရေနည်းငါးတို့၏ ပိုးကွန်ရက်နှင့်တူသောလက်များ

တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော လယ်ကွင်းကြီးကို ကြည့်ပြီး ဦးသောကြာတစ်ယောက် ပင့်သက်ချမိလိုက်သည်။ ထို တစ်မျှော်တစ်ခေါ်လယ်ကွင်းကြီးကား ဧက ၂၀၀၀ ကျော်ရှိသည့် ပန်းတောအုပ်စုကွင်းကြီးဖြစ်သည်။ ထိုကွင်းကြီးရှိလယ်ဧကအားလုံး လိုလို မိုးစပါးလည်းအောင်မြင်သလို နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစသည်ဖြင့် ရာသီအလိုက် စိုက်ပျိုးဖြစ်ထွန်းကြသဖြင့် မြေကြီးကရွှေသီးသည့်ပမာပင်၊ ဦးသောကြာကား ထိုကွင်းကြီးတွင် လယ်ဧက ၅၀ လုပ်ခွင့်ရသူဖြစ်သလို၊ သူ၏လယ်များမှာ ပထမ တန်းစားမြေမျိုး များသဖြင့် စိုက်သည့်သီးနှံတိုင်း အောင်မြင်ပြီး အထွက်နှုန်းကောင်း၏။ ထို့ကြောင့်ပင်လျှင် ဦးသောကြာ စီးပွားရေး အဆင်ပြေခဲ့သည်။ စီးပွားရေးအဆင်ပြေသလို ဘာသာရေး၊ လူမှု ရေး၊ လူျရေးတန်းရေးတွင် ရှေ့ဆုံးက ပါ၀င်ခဲ့နိုင်သည်။ သည်ဘ၀ ကိုရောက်ဖို့ သည်လယ်၊ သည်မြေတွေကို ဦးသောကြာ ကြိုးပမ်း လုပ်ကိုင်ခဲ့သည်မှာ အခု အသက် ၆၀ ကျော်သည်အထိပင်၊

နှစ်တွေတွက်ကြည့်မည်ဆိုလျှင် လယ်လုပ်သက် ၅၀ နီးခဲ့ပေ့၊ ထို့ကြောင့် သည်လယ်၊ သည်မြေကို သူ တန်ဖိုးထားသည်။ ချစ်သည်။ ထို့အတူ သည်လယ်၊ သည်မြေတွေကို အတူတွဲလုပ်ကိုင်ခဲ့သည့် လယ်လုပ်သားတွေကိုလည်း တစ်မိသားတွေလို သံယောဇဉ်တွယ်ခဲ့သည်။ သူတို့အားလုံးကလည်း ဦးသောကြာအပေါ် မိဘလို တစ်မျိုး၊ စာရင်းထိန်းလိုတစ်သွယ်၊ ချစ်ကြောက်ရိုသေခင်တွယ်ကြသည်မှာ သူတို့တင်မဟုတ်၊ သူတို့သားသမီးများအထိပင်။ ထို့အတူ ဦးသောကြာခိုင်းခဲ့သောနွားတွေကိုလည်း သားသမီးရင်းနှင့်မခြား သံယောဇဉ်ထား၏။ လယ်ထဲ မရုန်းနိုင်သောနွားအိုကြီးများကိုလည်း ရောင်းမစား၊ ဘေးမဲ့မွေးထားသည်အထိပင်။ ထို့ကြောင့် သူလုပ်ပိုင်ခွင့်ရ လယ်ဧက ၅၀ နှင့်ပတ်သက်နေသည့် အရာများကား ဦးသောကြာနှင့်ခွဲမရ၊ သို့သော် အခုလို ဦးသောကြာအသက်ကြီးလာတော့ သည်အရာအားလုံးသည် ဝန်ထုပ်ဝန်ပိုးတွေပမာ ဖြစ်ခဲ့ရပေပြီ၊ ဒါကြောင့် သူ သက်ပြင်းချမိလိုက်ခြင်းဖြစ်၏။ ဦးသောကြာသက်ပြင်းချရသည့်အကြောင်းက သည်လယ်မြေတွေ ဆက်လုပ်ကိုင်ဆောင်ရွက်မည့်သူ မျိုးဆက် များများစားစားမရှိခြင်းက အဓိကဖြစ်သည်။ တစ်ဦးတည်းသောသားကို တိုင်ပင်ကြည့်ပြန်တော့လည်း-

“ဟာ . . . ဖေဖေရယ် . . . သား ပညာတွေသင်ထားတာ သည်လယ်တွေလုပ်ဖို့မှမဟုတ်တာ၊ နောက်ပြီး သား ဝါသနာပါတဲ့ ဝန်ထမ်းအလုပ်ပဲ လုပ်ချင်ပါတယ် ဖေဖေ၊ နောက်ပြီး ဝန်ထမ်း



ဆိုတော့ နေရာအနှံ့အပြားသွားရမှာဆိုတော့ သားအနေနဲ့ ဖေဖေ့လယ် ဘယ်လုပ်နိုင်မှာလဲ၊ ကြီးကြပ်နိုင်မှာလဲဖေဖေရယ်” ဟူသောစကားမျိုးသာ ထပ်တလဲလဲကြားနေရသလို ဇနီးသည် ဒေါ်ရွှေရီကလည်း-

“ဟုတ်ပါတယ် ကိုသောကြာရယ်၊ ဒီသားလေးတစ်ယောက်ပဲရှိတာ ရွှံ့ထဲ၊ ဗွက်ထဲမှာ မခိုင်းချင်ပါနဲ့၊ သူ ဝါသနာပါတဲ့ဝန်ထမ်းအလုပ် အေးအေးဆေးဆေးလုပ်ပါစေတော်” ဟုသာ ဆက်ကာပြောနေသဖြင့် ဦးသောကြာ ခေါင်းခါမိတာ အခါခါပင်။

“သားရယ်. . . မင်း ဝန်ထမ်းလုပ်တာလည်း ဖေဖေ မကန့်ကွက်ပါဘူး၊ ဝန်ထမ်းတစ်ပိုင်းနဲ့ ဖေဖေ ပြုစုပျိုးထောင်စိုက်ပျိုးခဲ့တဲ့ ဖေဖေ့လယ်တောကို အဝေးကဖြစ်ဖြစ်၊ အနီးကဖြစ်ဖြစ် ဆက်လက်ပြီးလုပ်စေချင်တယ်ကွယ်၊ ဟောဒီလယ်တွေဟာ ဖေဖေ့အသည်းနှလုံးပါ၊ ဖေဖေမြတ်နိုးတယ်၊ ဖေဖေရဲ့ မျိုးဆက်တွေဟာ ဖေဖေလုပ်ခဲ့တဲ့ လယ်ထဲမှာလုပ်တာ ဖေဖေမြင်ချင်တယ်၊ မှန်တာမှားတာတော့ ဖေဖေ့ကို မဝေဖန်ပါနဲ့ကွာ” သည်စကားသည် ဦးသောကြာထုတ်ဖော်မပြောခဲ့သည့် ရင်ထဲကစကားများပင်။ ထုတ်ဖော်ပြောလို့ သူ့သားစိတ်မကောင်းမှာ ဦးသောကြာ မလိုလားပေ၊ သားလေးတစ်ယောက်မို့ မျှော်ထားမတတ်ချစ်တာတော့ ဦးသောကြာအသိပင်။

“ဟင်း . . . ငါ လုပ်ခွင့်ရထားတဲ့လယ်တွေမှာ ငါ့မျိုးဆက်သစ်သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ ဆက်လုပ်နေတာကြည့်ချင်စမ်းပါဘိကွာ . . . ဟူး . . . ” ဦးသောကြာ တစ်ယောက်

တည်းပြောရင်း သူ၏လုပ်ခွင့်ရ တစ်ခွင်တစ်ပြင် ကွင်းကြီးကို ငေးကြည့်လျက် သူ့မျက်စိထဲတွင်တော့ လယ်ကွင်းပြင်ကြီး ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ဝေးလိုက်၊ နီးလိုက်၊ သူ့ဦးခေါင်းလည်း ငိုက်လိုက်၊ ထောင်လိုက်။

## အခန်း ( ၂ )

" ကဲ. . . အောင်သန်း၊ ငါ့ရည်ရွယ်ချက်ကတော့ ဒါပဲ၊ မင်းကူညီပေးဖို့က ဟောဒီ ငါတို့နယ်မှာ အကြောင်းတစ်ခုခုကြောင့် မိဘမဲ့ကလေးတွေ၊ အဖေ၊ အမေ မရှိတဲ့ကလေးတွေတွေ့ရင် မွေးကင်းစအရွယ်ကစပြီး အသက် ၅ နှစ်၊ ၁၀ နှစ်အထိ ငါမွေးမယ်။ အကန့်အသတ်က အယောက်အစိတ်လောက် လိုချင်တယ်။ မင်းက ဒီနယ်မှာနှံ့စပ်တဲ့လူတစ်ယောက်၊ အဲ့ဒါ မင်း မရမကစုံစမ်းပေး" ဟုပြောလိုက်ရာ အောင်သန်းက ခေါင်းကုတ်လိုက်ပြီး -

" ဘကြီး အဲ့ဒီလိုကလေးမျိုးကတော့ နယ်ကျော်ပါရှာမှ ရမှာနော်၊ အဲ့ဒါလည်း မပူပါနဲ့၊ ကျွန်တော်စုံစမ်းပေးပါ့မယ်၊ ဒါပေမဲ့ ဘကြီး မွေးကင်းစကလေးတွေဆိုတော့ တော်တော်ကရိကထများနေမှာပေါ့ ဘကြီးရာ မသကာဆို " ပြောလိုက်စဉ် ဦးသောကြာက-

" ဟာ. . . မောင်အောင်သန်းရာ ဘကြီးတွေးပြီးသားပါ၊ မင်းဆောင်ရွက်ပေးမှာသာပေးစမ်းပါ၊ အရွယ်ညီတော့ ဘယ်ရပ့်မလဲငါ့လူရာ။ ငယ်လေ ငါ့အတွက်တော့ ကြိုက်လေ၊ ပုံသွင်းလို့ ကောင်းလေ၊ သူတို့စိတ်ထဲမှာ ဘာမှမရှိခင်၊ မသိခင်ဆိုတော့



ပိုကောင်းလေပေါ့ကွာ၊ မင်းက တို့ရွာမှာ ပညာတတ်ခေတ်လူထဲ ရပ်ကျိုးရွာကျိုး ဆောင်ရွက်နေတဲ့ လူပျိုကြီးတစ်ယောက်မို့ ဘကြီးရည်ရွယ်ချက်ကို ယုံကြည်အားကိုးစွာနဲ့ တိုင်ပင်တာကွ။ ဘကြီးရည်ရွယ်ချက် အကောင်အထည်ပေါ်တဲ့အထိ မင်းကူညီမယ် မဟုတ်လား"

" စိတ်ချ ဘကြီး၊ ကျွန်တော် စိတ်ရော၊ ကိုယ်ရော၊ အားတက်သရောကူညီပေးမယ်၊ ကဲ. . . ဒါနဲ့ ဘယ်တော့စမလဲ" ဟု မေးလိုက်ရာ ဦးသောကြာက " ဟေ့ ကြာတယ် အခုဟေ့၊ အခုကွာ" ဟု ပြောလိုက်သည်။

⓪ ⓪ ⓪

" ကဲ. . . ဘကြီး ရှာခိုင်းထားတဲ့ ကလေးအစိတ်ရပြီ။ အရွယ်တွေက နို့စို့အရွယ်နှစ်ဦး၊ လေးဖက်တွားသုံးဦး၊ နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်က ၁၀ ဦး၊ ၅ နှစ် ၁၀ နှစ်ကြားကတော့ ၁၅ ဦး၊ အဲဒီ အရွယ်တွေကတော့ ယူမယ်ဆိုရင် ထပ်ရဦးမယ်၊ သူတို့ကို ထိန်းကျောင်းနေတဲ့ ဆွေးနီးမျိုးစပ်တို့၊ တချို့ ဘုန်းတော်ကြီးတွေဆီမှာ ဘကြီးရည်ရွယ်ချက်တင်ပြပြီး သဘောတူညီမှုရပြီးပြီ၊ ဘကြီးဘက်ကသာ " မောင်အောင်သန်းစကားမဆုံးခင် ဦးသောကြာလက်ကာပြလိုက်ပြီး -

" ကြိုက်ပြီ၊ ကလေးတွေ ရဖို့သေချာပြီဆိုတော့ ဘကြီး တစ်လအတွင်း အကောင်အထည်ဖော်မယ်၊ မင်းကိုလည်း ဘကြီးလစာ

ပေးမယ်၊ မင်းစာသင်ရမယ်၊ နောက် ဘကြီးရဲ့လူယုံ၊ ဘာခေါ်မလဲကွာ၊ မန်နေဂျာပါလုပ်၊ ဟို အတွင်းရေးမှူးဆိုတာမျိုးပေါ့ကွာ၊ မင်းမိဘတွေလည်း ငါပြောပြီးပြီ၊ အဲဒါကြောင့် မင်းဒီနေ့ကစပြီး ဘကြီးအလုပ်ကို အကောင်အထည်ဖော်ဖို့ပြင်ပေတော့” ဟု ပြောလိုက်လျှင် မောင်အောင်သန်းက-

“ကဲ. . . ဘကြီး ဘယ်ကစလုပ်ရမလဲပြော” ဦးသောကြာက အဆင်သင့် ဆောင်ထားသော ဗလာစာအုပ်နှင့် ဘောပင်ကို မောင်အောင်သန်းအား ထိုးပေးလိုက်ရင်း

“ရော့. . . မောင်အောင်သန်း ရေးစမ်းကွာ၊ ဘကြီး လုပ်ခွင့်ရတဲ့ လယ်ဧက ၅၀၊ တစ်ဧကကို စပါးအနိမ့်ဆုံး တင်း (၅၀) သီးနဲ့ ဘယ်လောက်လဲ” ဟု မေးလိုက်လျှင် မောင်အောင်သန်းက ချက်ချင်း

“ဟာ စပါးအတင်း ၂၅၀၀ ပေါ့” ပြောလိုက်လျှင် ဦးသောကြာက ခေါင်းခါလိုက်ရင်း

“မင်း ပါးစပ်ကမပြောနဲ့ စာနဲ့တစ်ခါတည်းရေး၊ တွက်လို့ရအောင် ဂဏန်းချရေးကွာ”ဟု ပြောလိုက်လျှင် မောင်အောင်သန်းကလည်း ဦးသောကြာဆိုလိုရင်းကို သဘောပေါက်သွားကာ ဗလာစာရွက်ပေါ်တွင် ရေးမှတ်လိုက်သည်။

“မှတ်စမ်းကွာ၊ အဲဒီစပါးတင်း ၂၅၀၀ ထဲကတင်း ၅၀၀ ကို မင်းဒေါ်ကြီးဒေါ်ရွှေရီအတွက် ၊ အဲ အိမ်အတွက် ခွဲထားလိုက်၊ ကျန်တဲ့စပါးတင်း ၂၀၀၀ ကို ခွဲတမ်းချကြည့်မယ်”

“ဟုတ်ကဲ့”



“တို့နယ်မှာ တစ်နှစ်ပတ်လုံး လယ်လုပ်သားခ၊ သူရင်းငှားခ၊ လူတစ်ယောက် ဘယ်လောက်လဲ” ဟု မေးလိုက်လျှင် မောင်အောင်သန်းလည်း ခဏစဉ်းစားပြီး

“ဟို လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးဆယ်လောက်က စပါးပေးရင် နွေလေးဆယ်၊ မိုးလေးဆယ်လို့ ကြားဖူးတယ်။ ငွေနဲ့ပဲ လုပ်အားခပေးကြတော့ စပါးနဲ့တွက်ကြည့်ရင် နွေနှစ်ဆယ်၊ မိုးနှစ်ဆယ်လောက်တောင် မပေးရတော့ပါဘူး ဘကြီး”

“အေး ဟုတ်တယ်၊ ငါလည်းသိတယ်၊ ထားပါတော့ကွာ၊ ငါက သူတို့လုပ်အားခကို စပါးနဲ့တွက်ပြီး နွေနှစ်ဆယ်၊ မိုးနှစ်ဆယ်ပေးလိုက်မယ်ဆိုရင် သူတို့ဘယ်လိုနေမလဲ”

“ဟာ ဘကြီး အဲဒီလိုပေးရင်တော့ အခုစပါးဈေးနဲ့တွက်ရင် သူတို့ကပိုကြိုက်တာပေါ့ ဘကြီး၊ သူရင်းငှားဘယ်နှယောက်ယူမလဲရတယ်”

“ဟော့ မောင်အောင်သန်းရ၊ ဘယ်နှယောက်ယူရမှာလဲကွ၊ လယ်ဧက ၅၀ ဆိုတော့ ၅ ယောက်ပေါ့ကွာ၊ တစ်ယောက်ကို တစ်နှစ်လုံးစပါးတင်း ၄၀ ဆိုရင်၊ ၅ ယောက် စပါးတင်း ၂၀၀ အသုံးစာရင်းမှတ်လိုက်ကွာ”

“ဟုတ်ကဲ့ မှတ်ပြီးပြီ ဘကြီး”

“အေး. . . အဲ့ဒါဆိုရင် မျိုးအတွက်က အလေအလွင့်ပါတွက်ပြီး တစ်ဧက ၂ တင်းနှုန်းပဲထားကွာ”

“မျိုးစပါး တင်း ၁၀၀ ထားလိုက်ပြီ”

ဦးသောကြာကဆက်၍ “ကဲ အဲဒါဆိုရင် နွားခလိုသေးသကွာ၊ ငါ့မှာရှိတဲ့နွားတစ်ရှဉ်းနဲ့ မနိုင်ဘူး၊ အဲ့ဒါဆိုရင် နွားနှစ်ရှဉ်းထပ်ငှားမယ်ကွာ၊ တစ်ရှဉ်းကို စပါးဘယ်လောက်ပေးရမလဲ”

“နွားငှားခကတော့ ဘကြီးလည်းသိသားပဲ၊ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်းလေးငါးဆယ်ကတော့ နွားတစ်ကောင်ကို စပါးသုံးဆယ် တစ်ရှဉ်းကိုစပါးခြောက်ဆယ်တင်းပေးရတဲ့ ထုံးစံရှိတယ်လေ၊ အခုတော့လည်း စောစောကပြောသလို စပါးနဲ့မသတ်မှတ်ကြတော့ဘူး၊ ငွေနဲ့ပဲပေးကြတာ၊ ပေးရတဲ့ငွေက အခုစပါး ၂၀ ဖိုးလောက်ပေါ့ ဘကြီးရာ”

“ကဲပါကွာ တစ်ကောင်စပါး ၂၀ နဲ့ ၄ ကောင်ငှား နှစ်ရှဉ်းပေါ့ကွာ”

“စပါး ၈၀ ပါ ဘကြီး”

“အေး ကောင်းပြီ၊ ငါ့အိမ်ကနွားနှစ်ရှဉ်းနဲ့ဆိုရင် လေးရှဉ်း၊ ဧက ၅၀ အသာလေးပေါ့ကွာ၊ အေးကျန်သေးတာက ကောက်စိုက်ခ၊ ကောက်ရိတ်ခပဲကွ၊ ငွေနဲ့မတွက်နဲ့ကွာ လုပ်အားခကိုစပါးနဲ့ပဲ တွက်ပေး” ဟု ဦးသောကြာပြောလိုက်လျှင် မောင်အောင်သန်းက ခေါင်းကုတ်ရင်း

“ဟာ. . . ဘကြီးကလည်းလုပ်ပြီ၊ စပါးကို လုပ်အားခပေးတဲ့စနစ်က ဘကြီးတို့ခေတ်က ဘကြီးရဲ့၊ ကျွန်တော့်ကိုချည်း မေးနေတော့တာပဲ”

“ဟ မောင်အောင်သန်းရ၊ ဒါတော့ ဘကြီးသိတာပေါ့၊ မင်းက ဗဟုသုတ နှံ့စပ်တယ်လေကွာ၊ နောက် ဘကြီးအတွင်းရေးမှူး၊



ငါသိသလို မင်းလည်းသိအောင် ညှိနှိုင်းမေးမြန်းဖို့ ခံယူထားပါကွာ၊ ကဲ. . . ဘယ်လောက်လဲပြော”ဟု ပြောလိုက်လျှင် မောင်အောင်သန်းပြုံးပြုံးကြီးဖြင့်

“ဩော် ဒီလိုကိုး၊ ကျွန်တော်သိထားတာက တစ်ဧကစိုက်ရင်ဖြစ်ဖြစ်၊ ရိတ်သိမ်းရင်ဖြစ်ဖြစ် လုပ်အားခစပါး ခြောက်တင်းနှုန်း ထုံးစံရှိခဲ့ဖူးတယ် ဘကြီးရယ်၊ အခုတော့လည်း ငွေနဲ့တွက်ပေးကြတော့ တစ်ဧကစပါး သုံးတင်းနှုန်းလောက်ရှိတော့တာပေါ့”

“အေး. . . ထားလိုက်ကွာ၊ တစ်ဧကသုံးတင်းနှုန်း ကောက်စိုက်ခဆိုတော့ ဧက ၅၀ ဆိုရင် စပါးတင်း ၁၅၀ ပေါ့၊ ကောက်ရိတ်သိမ်းခလည်းတင်း ၁၅၀ ပေါ့၊ ကဲ အဲ့ဒီတော့ တစ်နှစ်ကုန်ကျစရိတ်ပေါင်းလိုက်ကွာ” ဟုပြောလိုက်လျှင် မောင်အောင်သန်းလည်း ဂဏန်းများချပေါင်းကာ -

“အင်း၊ စာရင်းငှားပေးတာကနေပြီး ရိတ်သိမ်းခအထိ စုစုပေါင်း စပါး ၆၈၀ တင်းရှိပြီဘကြီး၊ အဲ့ မေ့နေတာ ကျန်သေးတယ် ဘကြီး၊ သူက အဓိကလေ၊ ဓာတ်မြေဩဇာ၊ ဓာတ်မြေဩဇာ သူမပါရင်ဘယ်ကစပါးအထွက်နှုန်းကောင်းတော့မလဲ ဘကြီးရဲ့” ဟုပြောလိုက်လျှင် ဦးသောကြာပြုံးပြုံးကြီးဖြင့်

“အေးကွ၊ အစကတော့ တွေးမိသား၊ ဘကြီးက မင်းတို့ဓာတ်မြေဩဇာမှ မသုံးဘဲကွ၊ နွားချေး၊ အမှိုက်ဆွေး၊ ဗေဒါတို့ အသုံးများနေတော့ မေ့နေတာပေါ့၊ အေးကွာ တွက်လိုက် တွက်လိုက်” ဟုပြောလိုက်လျှင် မောင်အောင်သန်းက ဓာတ်မြေဩဇာဈေးကိုတွက်ရင်း

"ကဲ ဘကြီးရယ်၊ ဘကြီးပြောသလို သဘာဝဓာတ်မြေသြဇာလည်းသုံးမယ်၊ ဓာတ်မြေသြဇာလည်းသုံးမယ်၊ အဲ့ဒီတော့ ဓာတ်မြေသြဇာဖိုးကို စပါးတင်း ၂၀၀ ဖိုးလောက်ထားလိုက်မယ်"

"အေး တော်လောက်ပြီ ထည့်ပေါင်းလိုက်"

"ခုနက ၆၈၀ နဲ့ဆိုရင် ၈၈၀ ပေါ့ ဘကြီး"

"အေးကွာ၊ စပါး ၉၀၀ ထားလိုက်၊ တို့တို့တိတိနဲ့ဆို ၁၀၀၀ ပဲပြောပါတော့၊ အဲ့ဒီတော့ တို့အတွက်စပါး ၁၀၀၀ ကျန်မယ် မဟုတ်လားဟေ့"

"ဟုတ်တယ် ဘကြီး၊ စပါးတင်း ၁၀၀၀ ကျန်ပါသေးတယ်"

"အေး ကောင်းပြီ၊ အဲ့ဒီစပါးတင်း ၁၀၀၀ ကို ငါမွေးမယ့် ကလေး ၂၅ ယောက်တစ်နှစ်စာ စပါးဘယ်လောက်ကုန်မလဲကွ၊ တွက်စမ်း"

"ဟုတ်ပြီ၊ ဘကြီးကို တစ်ခုမေးမယ်၊ ဘကြီးမွေးမယ့် ကလေးတွေက အကြီးဆုံး ၁၀ နှစ်သား၊ အငယ်ဆုံးလသားပေါ့၊ အဲ့ဒီတော့ သူတို့တစ်နေ့စားမယ့်နှုန်းထားကို မတွက်ခင်၊ ကျွန်တော်တို့အရွယ်ရောက်တဲ့သူတွေရဲ့ အများစားနှုန်းနဲ့တွက်ကြည့်ရင်၊ လူအစိတ်ဆန်တစ်စိတ်လို့ ပြောစမှတ်ပြုကြတယ်၊ အဲဒီတော့ တစ်နေ့ကို ထမင်းနှစ်နပ်ဆိုတော့ ဆန်တစ်ခွဲပေါ့၊ ဒါလူကြီးအရွယ်နော်၊ အခုက ကလေးအရွယ်စုံဆိုတော့ ဆန်တစ်ခွဲကုန်ရင် မနက်စောစော အဆာပြေပါ ကျွေးနိုင်တာပေါ့၊ အဲ့ဒီတော့ တစ်နှစ်ကို ၃၆၅ ရက်ကို တစ်နေ့တစ်ခွဲနဲ့ဆိုတော့ . . ." မောင်အောင်သန်းစကားအဆုံး ဦးသောကြာက လက်ကာပြရင်း



"ထားပါတော့ကွာ၊ ရက် ၄၀၀ တင်း ၂၀၀ နဲ့တွက်ထား၊ ဒီပြင်စာသင်မယ့်လူတို့ ကလေးထိန်းတို့ပါတွက်လိုက်တော့၊ အဲ့ဒီတော့ ဆန်တင်း ၂၀၀ ရဖို့ စပါးဘယ်လောက်ကြိတ်ရမလဲ တွက်စမ်းကွာ"

"ဟာ ဒါကတော့ လွယ်ပါတယ်ဘကြီးရာ၊ စပါးတင်း ၂၀ လှည်းတစ်စီးကြိတ်ရင် ဆန် ၉ တင်းထွက်တယ် ဘကြီးရာ၊ အဲ့ဒီတော့ ဆန်တင်း ၂၀၀ ရဖို့လှည်း ၂၂ စီးကြိတ်ရင်၊ ၁၉၈ တင်း ရတာပေါ့၊ စပါးနဲ့တွက်ရင် စပါးတင်း ၄၄၀ ကြိတ်ပေါ့ ဘကြီးရာ" ဟု တွက်ပြလိုက်လျှင် ဦးသောကြာက

"ကဲ. . . ထားပါတော့ကွာ၊ စပါးတင်း ၅၀၀ ကြိတ်၊ ဒါဆို ငါ့သားသမီးတွေနဲ့ အကူအညီတွေပါ တစ်နှစ်စာကျွေးလို့ရပြီပေါ့ကွာ"

"ရပါတယ်၊ လောက်ပါတယ် ဘကြီး"

"အေး ကောင်းပြီ ဒါဆို စပါးတင်း ၅၀၀ ကျန်သေးတာပေါ့နော်"

"ဟုတ်ကဲ့ ဘကြီး"

"အေး. . . ငါပြောပြမယ်၊ အဲ့ဒီ စပါးတင်း ၅၀၀ ကို မင်းတို့လို စာသင်ပေးမယ့်လူတို့၊ ချက်ပြုတ်ကျွေးမွေးမယ့်လူတို့၊ ထိန်းသိမ်းပေးမယ့် သူတို့ကို တစ်နှစ်စာလုပ်အားခ၊ စေတနာကြေးပေးနိုင်ပါ့ မလားကွာ၊ လောက်ပါ့မလား"

"ဟာ ရတာပေါ့ဘကြီးရ၊ အဲဒီကလေး ၂၅ ယောက်အတွက် ပညာရေး၊ ကျန်းမာရေး၊ ဝတ်ရေးပါ ထည့်သုံးလို့တောင် ရပါသေးတယ်ဘကြီး၊ ပေးမယ့်စေတနာလုပ်အားခ တစ်ဦးကိုတစ်နှစ်လုံး

စပါးတင်း ၄၀ နဲ့ ၅ ဦး ၆ ဦးလောက် တာဝန်ပေးထားနိုင်ရင် နိုင်လောက်ပါတယ် ဘကြီး”

“အေးကွာ၊ အဲ့ဒီလူတွေထဲမှာ မင်းတို့လို ကလေးတွေကို ပညာသင်ပေးနိုင်မယ့်သူ၊ နှစ်ဦးလောက်နဲ့ ချက်ရေးပြုတ်ရေး၊ သန့်ရှင်းရေး၊ ထိန်းကျောင်းရေးကအစပါဝင်လာမယ့်လူတွေဟာ စေတနာပါပါနဲ့ ဆောင်ရွက်လိုစိတ်ရှိရင် အရမ်းကောင်းမှာပဲကွာ” ဟုပြောလိုက်လျှင် မောင်အောင်သန်းက

“ဟာ. . . ဘကြီး၊ ဒါတော့ မပူပါနဲ့၊ ရွာထဲမှာအဲ့ဒီလောက်တောင် လုပ်အားခမပေးရဘဲ လုပ်နေကြတဲ့ မိသားစုမရှိတော့တဲ့ အပျိုကြီး မယ်မျှင်တို့၊ ဘကြီးထွန်းမြတို့ဆို ဘကြီးအလုပ်နဲ့အကိုက်ပဲ၊ ဪ ဒါနဲ့ဘကြီး၊ ကျန်တာတွေတော့ အဆင်ပြေသွားပြီ၊ ဘကြီး ကလေးတွေထားမယ့် အဆောင်တွေဆောက်ဖို့၊ နောက်ပြီး နေ့စဉ်ကျွေးမွေးဖို့ ဟင်းအရံအတွက် လိုသေးတယ်ဘကြီးရဲ့” ဟုပြောလိုက်လျှင် ဦးသောကြာတစ်ယောက် လက်ပိုက်လိုက်ကာ ပြုံးပြုံးကြီး လုပ်နေရင်းက၊ လယ်ကွင်းကြီးဘက် မေးဆတ်ပြလိုက်ရင်း

“ဟေ့ မောင်အောင်သန်း၊ မင်း ငါ့လယ်ထဲမှာ အခုဘာတွေ မြင်နေရသလဲကွ” ဟု မေးလိုက်လျှင် မောင်အောင်သန်းက ဦးသောကြာလုပ်ပိုင်ခွင့်ရ လယ်မြေများကို လှမ်းကြည့်လိုက်ရင်း

“ဟာ ဘကြီးလယ်ထဲမှာ နေကြာစိုက်ခင်းတွေရယ်၊ ပဲတီစိမ်း၊ မတ်မဲ ပဲခင်းတွေနဲ့ပြည့်လှနီးနီး တွေ့ရတာပေါ့ ဘကြီးရဲ့”



“အေး. . . အဲဒီစိုက်ခင်းတွေက နွေဘက်မှာရတဲ့ အပိုဝင်ငွေပေါ့၊ နေကြာဆိုရင် ဆီအတွက် မပူရတော့ဘူး၊ မတ်ပဲ၊ ပဲတီစိမ်းကရတဲ့ ငွေနဲ့ ဘကြီး လှူလို့တန်းလို့ရတယ်။ သူတို့လေးတွေကိုလည်း ကျွေးဖို့ မွေးဖို့ လုံလောက်တယ်၊ အဲ နောက် ဘကြီးအစဉ်ထဲမှာ ဟောဒီ လယ်မြေထဲမှာ မြေနိမ့်ပိုင်းကို ကန်တူးပြီး ငါးမွေးဦးမယ်ကွ၊ အဲဒီ ကန်နားမှာ ဂေါ်ဖီ၊ ငရုတ်၊ ကန်စွန်းကစပြီး စိုက်ထားမယ်၊ ကဲ ဘယ့်နှယ်နေမလဲ၊ လောလောဆယ် အဆောင်နှစ်ခုသုံးခု လောက် ဆောက်ဖို့ ဘကြီးငွေနဲ့လုပ်လိုက်မယ်၊ ဘာလိုသေးလဲကွာ” ဟု အားပါးတရပြောလိုက်လျှင် မောင်အောင်သန်းက အားတက်သရောဖြင့်

“ဟာ ဘကြီး အစီအစဉ်ချထားတာတွေ၊ တွက်ပြတာတွေ အားလုံးအဆင်ပြေတယ်၊ ဖြစ်လည်းဖြစ်နိုင်တယ်၊ အဲဒီတော့ ဘကြီး ဒီအလုပ်ကို ကျွန်တော် ဘယ်တော့အကောင်အထည်ဖော်ပေးရမလဲ” ဟုမေးလိုက်လျှင် ဦးသောကြာက ညာဘက်လက်မှ လက်မထောင်ကာ အားအင်အပြည့်ဖြင့်

“ဟေ့ မောင်အောင်သန်း၊ အချိန်ဆွဲစရာမလိုဘူး၊ ဘကြီး ပြောထားတဲ့ အစီအစဉ်တွေအတိုင်း အခုပဲ အကောင်အထည် ဖော်လိုက်တော့”

ဦးသောကြာနဲ့ ဟိုအရူးအောင်သန်းတို့ ဖြစ်နိုင်ခြေမရှိတဲ့ အလုပ်တွေ လုပ်နေပြီဟေ့၊ သူတို့အစီအစဉ် မဖြစ်နိုင်ပါဘူးကွာ”

“ဟုတ်တာပေါ့ဗျာ၊ ဒါအလုပ်ကြီးဟာ အလွန်ကရိကထများပြီး သောကရောက်ရမယ့် အလုပ်ကြီးပဲဗျ၊ သူများဒုက္ခတွေ၊ သူများ သောကတွေ ဝယ်ယူနေကြဗျို့၊ ဟိုစကားပုံလို အခုမှ ဘုန်းကြီးရှူး နဲ့လှေလူးတွေ့ကြပြီပေါ့ကွာ”

ဦးသောကြာနှင့်မောင်အောင်သန်းတို့ လုပ်ကိုင်နေသည့် လုပ်ငန်းအစပိုင်းကို တစ်စွန်းတစ်စသိကြသူ၊ မြင်ကြသူများက နောက်ကွယ်တွင် အမျိုးမျိုးပြောဆိုနေကြတာ ကြားနေရသလို တချို့ကလည်း ဦးသောကြာကိုပင် လာရောက်တားမြစ်ကြသည်။ တချို့ကလည်း စိတ်ထဲကပါသည်၊ မပါသည်မသိရသော်လည်း အားပေးစကားပြောကြသည်။ ဦးသောကြာမျက်နှာကြောင့် တချို့ လုပ်ငန်းများတွင် ပါဝင်ကူညီကြသည်။ ထိုအထဲတွင် ပန်းတောရွာ အနီး စလူတောင်ရွာ၊ ရွာဦးကျောင်းမှ အသက်ငယ်ငယ်နှင့် ကျောင်းထိုင်ဆရာတော်ဖြစ်နေသည့် ဦးပဥ္စင်းကပင်

“ဒကာကြီး ဦးသောကြာ ရည်ရွယ်ချက်မှန်တယ်လို့ ဦးပဥ္စင်း လက်ခံတယ်၊ ဟော ဦးပဥ္စင်း ဒီရွာနီးချုပ်မှာ မကြာခဏတွေ့နေရတဲ့ အဖြစ်တွေလို ငယ်စဉ်က ကြီးတဲ့အထိ ကုန်းရုန်းလုပ်၊ တိုးပွားလာတဲ့ ဥစ္စာ မလှူရက်၊ မကမ်းရက်နဲ့ နေလာလိုက်ကြတာ သားသမီးတွေကို လည်း မပေးရက်မကမ်းရက်နဲ့ဆိုတော့ အိုကြီးအိုမတွေနဲ့ ဥစ္စာ စောင့်ကြီးတွေကိုဖြစ်၊ နောက်ဆုံးတော့ ဒီလိုနဲ့သေသွားကြ၊ ကျန်တဲ့ အိမ်တွေ၊ လယ်တွေ၊ ယာတွေ၊ ဥစ္စာပစ္စည်းတွေ၊ သားသမီးတွေက တစ်စစီ၊ တစ်ခုစီ တစ်ပိုင်းစီ ခွဲဝေယူကြ၊ သူတို့ထူထောင်ထားခဲ့တဲ့



ပစ္စည်းတွေဟာ သားတွေသမီးတွေလက်ထဲလည်းရောက်ရော မစားလောက်လို့ရောင်းတာနဲ့ မလုံလောက်လို့ရောင်းတာနဲ့ တစ်ပါးသူ လက်ထဲတွေရောက်သွားကြသလို အိမ်ကြီးရခိုင်တွေလည်း ဒီလိုပဲ ခွဲဝေယူကြနဲ့ သူတို့သက်တမ်းလည်းကုန် ပစ္စည်းတွေလည်းပျောက်၊ သူတို့အတွက်လည်း သာသနာရေး၊ ဘာသာရေး၊ လူမှုရေးတွေမှာ ဘာမှလက်ညှိုးထိုးစရာ မကျန်ခဲ့ကြ၊ ထိုးပြစရာမကျန်ခဲ့ကြ၊ အဲဒါပေါ့ လယ်ယာမြေရဲ့ရယ်ခြင်း၊ စိန်ရွှေရတနာတွေရဲ့ရယ်ခြင်းခံကြရတယ် ဆိုတာ ဒီဖြစ်ရပ်တွေပဲလေ၊ ဒါကြောင့် ဘကြီးရဲ့ရှေ့ရေးမြော်မြင် ပြီး အခုလိုထူထောင်မယ့် ပရဟိတလုပ်ငန်းကို ဦးပဥ္စင်း သဘော တွေ့တယ်၊ ဦးပဥ္စင်းဘက်ကလည်း အဲဒီကလေးတွေကို လိမ္မာဖို့၊ ဘာသာရေး၊ သာသနာရေးနဲ့ နီးစပ်မှုရှိလာအောင်လို့ လောကနီတိ ဆုံးမစာတို့၊ သံပေါက်တို့ကအစ ဗုဒ္ဓအဆုံးအမတွေကအစ၊ ဗုဒ္ဓဝင် စာပေတွေအထိ အရွယ်အလိုက်၊ အချိန်အခါအလိုက် အချိန်ရ သလောက် လမ်းညွှန်သင်ပြပေးမယ်။ အဘကြီးအလုပ်ကိုလည်း သာဓုခေါ်ပါတယ်။

ဦးပဥ္စင်း၏စကားမှာ ဦးသောကြာတို့အဖို့ အလွန်တန်ဖိုးရှိသလို လက်တွေ့ဆောင်ရွက်ခဲ့ကြလေ၏။ သို့ဖြင့် ဦးသောကြာတို့ အကောင် အထည်ဖော်ကြရာ ပထမနှစ်တွင် အရွယ်စုံမိဘမဲ့ကလေး ၂၇ ဦး ဖြင့် စတင်ခဲ့သည်။ ဦးသောကြာနှင့်မောင်အောင်သန်းတို့ တွက်ချက် စီစဉ်ထားသည့်အတိုင်း ငှားသင့်သည်များငှားကြ၊ ကိုယ်တိုင် လုပ်သင့်သည်များ လုပ်ကြဖြင့် ပန်းတောရွာတွင် ဦးသောကြာ၏

ပရဟိတဂေဟာ စတင်ပေါ်လာတော့၏။ ဦးသောကြာ၏ နှစ်ဆောင်ပြိုင်အိမ်ကြီးကိုလည်း ပင်မစာသင်ဆောင်ကြီးအဖြစ် သတ်မှတ်ကာ အိမ်ကြီး၏ ဘေးဝဲယာတွင် အိပ်ဆောင်များ၊ ထမင်းစားဆောင်၊ စက်ရေတွင်း၊ အိမ်သာစသည်ဖြင့် စနစ်တကျဖြစ်လာလေတော့၏။ စာသင်သူကစာသင်၊ ကျွေးမွေးစောင့်ရှောက်ရေး လုပ်သူကလုပ်၊ ဧက ၅၀ အတွက် တာဝန်ယူကြီးကြပ်ရန် ရွာမှဦးထွန်းမြအား ကြီးကြပ်တာဝန်ပေးထားလိုက်သည်။ ရွာမှကျန်းမာရေးမှူးကလည်း ကလေးတွေကျန်းမာရေး ဂရုစိုက်ပေးသလို လူကြီးများကလည်း အလှည့်ကျကူညီကြသဖြင့် ဦးသောကြာပရဟိတဂေဟာမှာ အလွန်ပင် အားရကျေနပ်ဖွယ်အတိ ဖြစ်နေလေ၏။ ထို့အပြင် အတန်းပညာအတွက် ပန်းတောရွာမူလတန်းကျောင်းသို့ ပို့လွှတ်သင့်သည့်ကျောင်းသားများကို မူလတန်းကျောင်းတွင် အပ်နှံပေးသည်။ ပန်းတောရွာကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများကလည်း ဂရုစိုက်ကြသည်။ ပန်းတောရွာဦးကျောင်းဆရာတော်၏ အနီးကပ်သင်ကြားလမ်းညွှန်ပေးမှုကြောင့် ဦးသောကြာ၏ပရဟိတဂေဟာတွင် နံနက်ခင်း၊ ညပိုင်း သတ်မှတ်ထားသည့်အချိန်များတွင် ဘုရားရှိခိုးပူဇော်သံ၊ မေတ္တာပို့သံတို့ ကြည်နူးဖွယ်ရာ မှန်မှန်ကြားနေရပြီ၊ စကားပြောတတ်စကလေးများကိုလည်း ဒေါ်ရွှေရီနှင့် ကလေးထိန်းများက လိမ္မာရေးခြားရှိမည့် ပုံတိုပတ်စ၊ ပုံဝတ္ထုတို့ဖြင့် နားသွင်းနိုင်ခဲ့ပြီ။ အရွယ်ရောက်လာသည့် ကျောင်းသူကျောင်းသားတို့၏ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးပျူငှာ ဆက်ဆံပုံကား တစ်ကျောင်း



တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အပြောအဆိုယဉ်ကျေးကြ၏။ တစ်ဦးနှင့်တစ်ဦးတွေ့လျှင် ယဉ်ကျေးစွာဖြင့် မင်္ဂလာပါဟု ပြောကြသလို သက်ကြီးရွယ်အိုတွေ့လျှင် ဖေးမဖို့အသင့်၊ အချင်းချင်းဆက်ဆံလျှင် တစ်မိသားစုတည်းပေါက်ဖွားလာကြသလို ယုယချစ်ခင်ကြ၍ ဆူသံဆဲသံကင်း၏။ ထို့ကြောင့်ပင်လျှင် ဦးသောကြာဂေဟာမှ ကလေးသူငယ် ကျောင်းသူကျောင်းသားအရွယ်တို့ ဂုဏ်သတင်း၊ ကောင်းသတင်းသည် တစ်နယ်လုံး သင်းပျံ့နေ၏။

ပရဟိတဂေဟာသက်တမ်း သုံးလေးနှစ်ကြာလာသည်နှင့် အမျှ ရေမြင့်ကြာမြင့်ဆိုသလို လက်ခံသည့်ဦးရေ တိုးလာသည်။ အတန်းပညာများ မြင့်လာသည်။ ထို့အတူ အသက်ကြီးပိုင်း ကျောင်းသားများ၏ ဂေဟာပိုင်လယ်မြေအတွင်း ဟင်းခင်းစိုက်ခင်းတို့အစီအရီပေါ်လာသည်။ မွေးမြူရေးငါးကန်များ၊ ကြက်၊ ဝက် မွေးမြူရေး တစ်ပိုင်တစ်နိုင်ခြံများ ပေါ်လာသည်။ တိရစ္ဆာန်အစားအစာတွေကို စပါးကြိတ်ရာမှရသော ဖွဲနု၊ ဆန်ကွဲ၊ ဖွဲကြမ်းတို့ဖြင့် ဖြည့်စွက်ပေးကြ၏။ မိသားစုမှ အစ်ကိုကြီးအစ်မကြီးသဖွယ်အရွယ်များက ကျောင်းအားရက်၊ အားလပ်ချိန်များတွင် လယ်ယာလုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်ကြသည်။ မိသားစုအိမ်ကြီးတစ်အိမ်မှ မိသားစုစိတ်ဓာတ်ဖြင့် တစ်ဖက်တစ်လမ်းလုပ်အားဖြင့် အမိအဖတို့ လုပ်ငန်းတွင် ဝိုင်းဝန်းလုပ်ဆောင်သလို ဆောင်ရွက်ကြသဖြင့် ဂေဟာတွင် အသုံးစရိတ် လုံလုံလောက်လောက်ဖြစ်နေသည့်အပြင် ဦးသောကြာရည်မှန်းချက်အတိုင်း ဘာသာရေး၊ သာသနာရေး

တွင်ပင် အချိုးကျလှူဒါန်းနိုင်ကြပြီး အလှူပွဲ၊ ကထိန်ပွဲများတွင် ဦးသောကြာဂေဟာ ကောင်းမှုများ မလွတ်တမ်းပါဝင်လာသည်။ အားကစားဘက်တွင်လည်း ဂေဟာကိုယ်စားပြု လူငယ်ဘောလုံး အသင်းတစ်သင်းပေါ်ထွက်လာသလို ကျောင်းပေါင်းစုံဘောလုံး ပြိုင်ပွဲ ပထမဆုပင်ရခဲ့ဖူးပြီ၊ ထို့အတူ အားကစားမျိုးစုံတွင်လည်း ကျောင်းသူကျောင်းသားများ ယှဉ်ပြိုင်ခွင့်ရသလို ထူးချွန်လာကြ၏။

ထို့အတူ ဂေဟာအတွင်း လက်မှုပညာများဖြစ်သော စက်ချုပ်ပညာ၊ ပရိဘောဂအတတ်ပညာ စသည်ဖြင့် ဝါသနာပါရာ သက်မွေးပညာတွေပါ ဖြည့်ဆည်းပေးနိုင်ကြသည်။ ဦးသောကြာနှင့်ဇနီး မောင်နှံအပြင် ပါဝင်ဆောင်ရွက်သူအားလုံး ပီတိတွေတပြုံးပြုံးဖြစ်နေကြပြီ။ သို့ဖြင့် နှစ်ပေါင်း ၂၀ ခန့်ကြာသောအခါ တက္ကသိုလ်ဘွဲ့ရသည့် ကျောင်းသူကျောင်းသားများ ရှိလာကြသလို နိုင်ငံတော်တာဝန်များတွင် ကျရာတာဝန်ထမ်းဆောင်ခွင့်ရကြသူများ ရှိလာကြချေပြီ။ ထိုသူတို့ကလည်း မိမိတို့မှီခိုအားထားခဲ့ရာ၊ ဖေးမကူညီခဲ့ရာ ဂေဟာကို သံယောဇဉ်တွယ်ကြသလို ကူညီပံ့ပိုးမှုများလည်း ရှိလာကြသည်။ စာနာစိတ်အတိပြီးသော ဘဝတူကျောင်းသားကြီးများ၏ ပြန်လည်ထောက်ပံ့မှု၊ သိတတ်မှုတို့ကြောင့် ဦးသောကြာဂေဟာသည် စဖွင့်သည်မှ နှစ်ပေါင်း ၂၀ အတွင်း ကျောင်းသားဦးရေ ၁၀၀ နီးပါး လက်ခံထားနိုင်လေပြီ။ ပညာစုံ ကြင်ယာစုံခဲ့သည့် ဂေဟာအတွက် လူရွယ်လူလတ်အရွယ်တွေ အလွှာသီးသီးတွင် ရှိနေလေပြီ။ ထိုသူတို့သည်လည်း မဖြစ်မနေဂေဟာစတင်ဖွင့်သည့်



တန်ခူးလ သင်္ကြန်ရက်တွင်ဆုံမြဲ၊ ဦးသောကြာ၊ ဒေါ်ရွှေရီတို့ကို အမှူးထား၍ ကန်တော့မြဲ၊ အခုတော့ သားတစ်ယောက်သာ ထွန်းကားခဲ့သည့် ဦးသောကြာတို့ မောင်နှံတွင်သားတွေသမီးတွေ ရာကျော်နေသလို ဦးသောကြာမြတ်နိုးခုံမင်စွာ လုပ်ကိုင်နေသည့် လယ်ဧက ၅၀ အပြင် လယ်ကန်သင်းဆုံများတွင် စိုက်ပျိုးထားသည့် ထန်းပင်ပျိုများကား ထန်းပွင့်ထန်းခိုင်တို့ဖြင့် မြိုင်နေခဲ့ချေပြီ။၎င်းအပြင် သူ၏တစ်ဦးတည်းသောသား ကိုကျော်စွာပင် ဝန်ထမ်း လုပ်သက်ပြည့် ပင်စင်ယူပြီးပါက ဖခင်၏ပရဟိတဂေဟာကို ဦးစီးဆောင်ရွက်တော့မည်ဟု ကတိပြုလာသဖြင့် ဦးသောကြာဝမ်းသာမဆုံးတော့။

သို့ဖြင့် တစ်ခုသောသင်္ကြန်အခါ ကန်တော့ပွဲတစ်ခုတွင် ဦးသောကြာအား သူ့သားသမီးများ၏ စီစဉ်မှုဖြင့် ဂုဏ်ပြုပွဲတစ်ရပ် လုပ်၏။ ထိုဂုဏ်ပြုပွဲတွင် ပရဟိတဂေဟာ ပထမ စတင်တည်ထောင်စဉ် ၂၇ ဦးထဲတွင်ပါဝင်ပြီး ပညာထူးချွန်သလို နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ကျောင်းသားဟောင်း အရာရှိကြီးက ဂုဏ်ပြုပွဲ၏ ရည်ရွယ်ချက်ကို အားလုံးကိုယ်စား တင်ပြပြောကြားလေ၏။

“ဒါကြောင့် အခု ကျွန်တော်နိဂုံးချုပ်ပြောချင်တာကတော့ ကျွန်တော်တို့ရဲ့ကျေးဇူးရှင်ကြီး၊ မိခင်ဖခင်ကြီး ထူထောင်ကြိုးပမ်းခဲ့တဲ့ အသီးသီးသော လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့တစ်တွေ ခံယူသိရှိပြီးဖြစ်ခဲ့ပါပြီ ဒါကြောင့် ကျွန်တော်တို့ဘဝတွေဟာ ဥပမာ တင်စားရမယ်ဆိုရင် ရေနည်းငါးလေးတွေပါ။ ဒီလိုရေနည်းငါးလေး ဘဝဟာ ရေများရာကို သယ်ယူပို့ဆောင်ပံ့ပိုးပေးမယ့် မေတ္တာရှင်၊

ကရုဏာရှင်ရှိမှ ဆက်လက်ရှင်သန်ကြီးထွားရမယ့် ဘဝပါ။ ဒီလို ရေနည်းငါးဘဝရောက်ခဲ့ကြတဲ့ ကျွန်တော်တို့ဘဝ စာနာစိတ်၊ ကရုဏာစိတ်၊ မေတ္တာစိတ်နဲ့ ဖေးမတွဲကူခဲ့တဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ဖခင်ကြီးရဲ့လက်ကို ကျွန်တော်ဒီလို ခိုင်းနှိုင်းပြီးပြောချင်ပါတယ်။ ဝေဿန္တရာဇာတ်တော်လာ မဒ္ဒီဒေဝီမိဖုရားရဲ့သားသမီးများအပေါ် ကြင်နာယုယစွာ စောင့်ရှောက်၊ ရှာဖွေကျွေးမွေးပြုလုပ်ခြင်းကို ပြုအပ်သောလက်ကို ရွှေကွန်ယက်နှင့်တူသောလက်လို့ ခိုင်းနှိုင်းထားတာ သိမြင်မှတ်သားခဲ့ဖူးပါတယ်။ ထို့အတူပဲ ပထမမြန်မာနိုင်ငံတော်မှာ ထင်ရှားခဲ့တဲ့ ကျန်စစ်သားမင်းကြီးရဲ့ ရွှေစည်းခုံဘုရားကမ္ပည်းကျောက်စာပါ စာတစ်ပိုဒ်လို "များစွာသော ခပ်သိမ်းသော သူအပေါင်းတို့သည် သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊ ဖတကွဲဖြစ်နေရကုန်၏။ ထိုသူတို့၏ ဆင်းရဲခြင်းဒုက္ခကို ငါငြိမ်းပါအံ့၊ ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပါအံ့၊ ငါ၏လက်ျာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့၊ ငါ၏လက်ဝဲလက်ဖြင့် အဝတ်အစားတန်ဆာကိုပေးအံ့၊ အမိသည် သားငယ်ကိုရင်ခွင်၌နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့" ဆိုတဲ့ စကားထဲကပါတဲ့ လက်များဟာ အခုန ကျွန်တော်ပြောခဲ့တဲ့ ကရုဏာလက်၊ မေတ္တာလက်၊ ရန်အပေါင်း၊ သောကအပေါင်းကို ကင်းဝေးစေတဲ့ ရွှေကွန်ရက်ပမာ ဖြန့်ကြက်ထားတဲ့ ဥပမာနဲ့တင်စားပြီး ကျွန်တော်တို့ရေနည်းငါးဘဝလေးများကို မေတ္တာ၊ စေတနာ၊



ကရုဏာ သဒ္ဓါတရားတွေ လွှမ်းခြုံထားတဲ့ ခန္ဓာကိုယ်မှဖြစ်ပေါ်လာတဲ့ စိတ်တွေကြောင့် နူးညံ့သိမ်မွေ့တဲ့ အထိအတွေ့ကိုဆောင်တဲ့ ဖြစ်ရပ်တွေကို ကျွန်တော့်ဘက်က ခံစားရင်းနဲ့ ဟောဒီပန်းတောရွာ၊ ရွှေဝါမြေမှာထွက်ပေါ်လာတဲ့ ကျွန်တော်တို့ရဲ့ကျေးဇူးရှင်ကြီးလက်ကို ပိုးကွန်ရက်နှင့်တူသောလက်လို့ တင်စားပါရစေ၊ ဒါကြောင့် ဒီကနေ့ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘအမျိုးထား၍ ပြုအပ်သောကန်တော့ပွဲကြီးမှာ ကျွန်တော်တို့တစ်တွေဖြစ်တဲ့ "ရေနည်းငါးလေးတို့၏ ပိုးကွန်ရက်နဲ့တူသောလက်" ဆိုတဲ့ ဂုဏ်ထူးကြီးကို ကျေးဇူးရှင်ပန်းတောရွာဆရာတော်၊ စလူတောင်ရွာ ဆရာတော်များအမျိုးထား၍ ဆရာ၊ မိဘပြောဆိုညွှန်ပြကြသူ ကျေးဇူးရှင်များရဲ့ကိုယ်စား ကျွန်တော်တို့ရဲ့ကျေးဇူးရှင် ဦးသောကြာက တက်ရောက်ဂုဏ်ပြုကန်တော့ခံပေးပါခင်ဗျား" ဟု ကြည်လင် ပြတ်သားစွာပြောကြားလိုက်သည့်အဆုံး ဦးသောကြာ၏ရင်ထဲမှာ ပီတိအဟုန်မှာ နှလုံးဆိတ်မျှခံစားသွားရသလို သူ့ရှေ့မှာရှိနေတဲ့ ပန်းတောရွာဆရာတော်နှင့် စလူတောင်ဆရာတော်နှစ်ပါးကို ကြည့်ရင်း စင်မြင့်ပေါ်သို့တက်ရန် မဝံ့မရဲဖြစ်နေလေ၏။ "ပိုးကွန်ရက်နှင့်တူသောလက်" ဟူသောစကားက အထပ်ထပ်ကြား နေရသလို သူ့လက်အစုံကို ဖြန့်ကားကြည့်နေမိသလို စင်မြင့်အပေါ်မှ သူ့ကိုခေါ်နေသည့် အသံတွေက ပဲ့တင်ထပ်နေလေ၏။

## အခန်း ( ၃ )

“ဘကြီး သောကြာ၊ ဘကြီး သောကြာ၊ လက်ကြီးမိုးပေါ် မြှောက်အိပ်ပြီး ဘာတွေယောင်နေတာလဲ”

အသံတွေကြားနေရသော်လည်း ဦးသောကြာ မထနိုင်သေး။ ဦးသောကြာ စင်မြင့်ပေါ်သို့တက်ရန် အားယူထလိုက်သည်။

“ဘကြီး၊ ဘကြီး၊ ဘယ်လဲ၊ ကျွန်တော်တို့က ဒီမှာ၊ ဟာ ဘကြီး ကယောင်ကတန်း ဖြစ်နေပြီနဲ့တူတယ်၊ ဟား . . . ဟား. . . ဟား”

အနားရောက်လာသူ မောင်အောင်သန်းတို့ လူစုသံကြောင့် ဦးသောကြာ မျက်နှာပွတ်လိုက်ရင်း သူ့အဖြစ်ကို သတိရသွားကာ ပြုံးပြုံးကြီးဖြစ်သွားသည်။

“ဘကြီး၊ ကျွန်တော်တို့ ပန်းတောရွာမူလတန်းကျောင်း ဆောင်သစ်အတွက် အလှူခံထွက်လာကြတာ၊ ဆရာ မောင်မောင်စိုး တို့ဆရာတွေနဲ့ ကျောင်းကော်မတီတွေလည်းပါတယ်။ အဲဒါ ဘကြီး အိမ်ထဲမှာ စောင့်နေကြတယ်။ ဒေါ်ကြီးရွှေရီက ဘကြီးလယ်ထဲ ထွက်သွားတယ်။ လှမ်းမျှော်ကြည့်ပေးပါဦးဆိုလို့ ဒီဘက်ထွက်ကြည့် တာ။ လက်စသတ်တော့ ဘကြီးက ဒီကုက္ကိုပင်ကြီးအရိပ်မှာ ဇိမ်ကျ နေတာကိုး” ဟု မောင်အောင်သန်းက ပြောလိုက်လျှင် ဦးသောကြာ ပြုံးပြုံးကြီး ဖြစ်နေရာမှ အားတက်သရောဖြင့် . . .

“ဟား မင်းတို့အလှူခံထွက်နေတဲ့ ကျောင်းဆောင်သစ် အတွက် မလှူမှာမပူနဲ့ငါ့တူရေ၊ အဲဒါထား၊ ငါ မင်းကို ဝမ်းသာစရာ



စကားပြောစရာရှိတယ်ကွ၊ မင်းတစ်ယောက်တည်းတောင်မဟုတ် ဘူးဟေ့၊ မင်းဒေါ်ကြီး မရွှေရီရော၊ ဆရာလေးတွေရော၊ ကျောင်း ကော်မတီတွေရောဟေ့၊ ဟား . . . ဟား . . . ဟား”

ဦးသောကြာက အားပါးတရပြောရင်း တဟားဟားရယ်နေ သည်။ မောင်အောင်သန်းတစ်ယောက် ဦးသောကြာကိုကြည့်ရင်း စိတ်ဝင်တစားဖြင့်

“ဘာဝမ်းသာစရာလဲ ဘကြီးရဲ့၊ ပြောပြပါဦး၊ ဟော ဟိုမှာ ဆရာလေးတို့အဖွဲ့တောင် လိုက်လာနေပါလား။ ဟာ. . . ဆရာလေး၊ ကျွန်တော်တို့ လာခဲ့ပါမယ်၊ လာ . . . ဘကြီးအိမ်ထဲသွားကြရ အောင်” ဟု ပြောလိုက်လျှင် ကျောင်းဆရာ ကိုမောင်မောင်စိုးက လက်ကာပြရင်း-

“နေပါစေ၊ နေပါစေ၊ ကျွန်တော်တို့အဖွဲ့လည်း ဟောဒီက ဦးလေး သောကြာ ကုက္ကိုပင်အရိပ်ကောင်းကြောင်း၊ ဟောဒီက ဦးထွန်းမောင်တို့ပြောလို့ သိပြီးပြီ၊ နောက်ပြီး ဘကြီးတို့၊ ကိုအောင်သန်း တို့ စကားပြောနေတာ အသံသဲ့သဲ့ကြားလို့ တမင် ထွက်လိုက်လာ တာ၊ အေးဗျာ . . . ဒီအချိန် ဒီလို သစ်ရိပ်ဝါးရိပ်မျိုးကတော့ အကောင်းဆုံးပဲဗျို့” ဟုပြောရင်း ဆရာကိုမောင်မောင်စိုးတို့အဖွဲ့တွေ ကုက္ကိုပင်ရိပ်ရောက်လာသည်။ ထိုစဉ် ခြံဝမှ ရေနွေးအိုး တစ်ဖက်၊ ရေနွေးပန်းကန်တွေထည့်ထားသည့် လက်ဆွဲခြင်းတစ်ဖက်ဖြင့် ထွက်လာသည့် ဒေါ်ရွှေရီကို လှမ်းမြင်လိုက်လျှင် မောင်အောင်သန်း က သူတို့အထဲမှ လူငယ်ခေါင်းဆောင် မောင်ရန်နိုင်အား-

"မောင်ရန်နိုင်ရေ . . . ဒေါ်ကြီးဆီ ရေနွေးအိုးတွေ၊ ခွက်တွေ သွားပြီး ကူဆွဲလိုက်ပါဟေ့" ဟု ပြောလိုက်ရာ ဦးသောကြာက

"ကဲ . . . အားလုံးထိုင်ကြဟေ့၊ မောင်အောင်သန်းရေ ဒီဝါးကွပ်ပျစ်မှာ လူမဆံ့ဘူးဟေ့၊ ကောက်ရိုးခင်းလိုက်ကွာ၊ ဟေ့ မောင်ရန်နိုင်၊ ရေနွေးအိုး ဒီမှာချ၊ ကဲ . . . သောက်ပါဦး၊ အလှူခံအကြောင်း အေးအေးထား၊ ဘကြီး မင်းတို့ခွဲထားသလောက် ထည့်ပေးမယ်၊ မရွှေရီပါ ထိုင်ပါဦး၊ အားလုံးကို ငါ ဝမ်းသာစကားပြောမလို့" ဟု ပြောလိုက်လျှင် မောင်အောင်သန်းက သတိရသွားဟန်ဖြင့်

"ဟာ . . . ဟုတ်ပါရဲ့၊ ဘကြီးပြောမယ့်စကား ပြောပါဦး"

"အေး . . . ဘကြီးပြောပါ့မယ်၊ ကဲ . . . အားလုံး ရေနွေးကြမ်းနဲ့ ထန်းလျက်ခဲလေးလည်း သုံးဆောင်ကြရင်း ဘကြီးပြောတဲ့စကားလည်း ဆုံးအောင်နားထောင်ပေးကြပါ၊ ရေနွေးကြမ်းနဲ့ ထန်းလျက်လိုရင် ထပ်ဖြည့်ပါ မရွှေရီရေ" ဟုပြောလိုက်သည်။ ကျောင်းကော်မတီဝင် ဦးထွန်းမောင်က-

"ရပါတယ် ကိုသောကြာရယ်၊ ကျွန်တော်တို့ နားထောင်မှာပါ၊ မရွှေရီ ထိုင်နေပါ၊ အလှူငွေခွဲထားသလောက်ထည့်မယ်ဆိုတော့ နားထောင်ရတာပေါ့ဗျာ၊ ဟား . . . ဟား . . . ဟား . . . "

"အေး . . . အဲဒီလို မင်းရယ်သလို ငါရယ်နိုင်ပြီကွ ထွန်းမောင်ရ၊ အဲဒီအကြောင်းပဲပြောမလို့ကွ၊ ဒီလိုဟေ့ . . . ဟောဒီ တစ်ခွင်တစ်ပြင်မြင်နေရတဲ့ ငါ့လယ်တောကြီးအတွက် အမြဲတမ်း ငါ စိတ်မကောင်းဖြစ်နေမိတာ နှစ်အတော်ကြာပြီဟေ့၊



ငါ ပြုစုပျိုးထောင်ထားတဲ့ ဒီလယ်မြေ၊ ဒီထန်းတောတွေ ဆက်လက်ပျိုးထောင်တည့်တံ့ခိုင်မြဲဖို့ ငါ့မှာ လက်ဆင့်ကမ်းမယ့် သားထောက်သမီးခံများများမရှိတာ မင်းတို့အသိမို့လား၊ တစ်ဦးတည်းသောသားကလည်း နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်နေတော့ ဒီလယ်တွေ ပြန်မကြည့်နိုင်ဘူးပေါ့ကွာ၊ အဲဒီကိစ္စ အမြဲတမ်း ဘကြီးခေါင်းထဲမှာ တွေးနေတဲ့ကိစ္စပဲ၊ ဟော အခု ဒီနေ့ လယ်ထဲကို တစ်ပတ်ပတ်ကြည့်ရင်း ပြန်အလာ မောမောရှိတာနဲ့ ဒီကုက္ကိုရိပ်အောက်မှာ ခဏမှေးရင်း အဲဒီအခက်အခဲတွေကို ဖြေရှင်းပေးမယ့် တန်ခိုးရှင်က လမ်းပြလိုက်ပြီဟေ့" ဟုပြောရင်း အားလုံးကို ဦးသောကြာကြည့်လိုက်သည်။ ဒေါ်ရွှေရီက တအံ့တသြဖြင့်-

"ဘာရှင့်၊ တန်ခိုးရှင် ဟုတ်လား" ဟု မေးလိုက်လျှင် ဦးသောကြာက ခေါင်းတဆတ်ဆတ်ညိတ်ရင်း-

"ဟုတ်တယ်၊ မရွှေရီရေ . . . မင်းလည်း သေသေချာချာ နားထောင်၊ ဒီလို . . . ဒီလို"

သို့ဖြင့် ဦးသောကြာတစ်ယောက် ကုက္ကိုပင်ရိပ်အောက်တွင် မှေးခနဲ မှေးခနဲဖြစ်သွားစဉ် အိပ်မက်လိုလို၊ စိတ်ကူးလိုလို၊ အသိအာရုံတွင် ပေါ်လာခဲ့သည့်အဖြစ်ကို အားပါးတရပြောပြနေလေတော့၏။ ဦးသောကြာတစ်ယောက် စကားပြောရင်း တက်ကြွရွှင်လန်းနေသည်မှာ တကယ်ဖြစ်နေသည့်ပမာ၊ နားထောင်သူအားလုံးကလည်း ခေါင်းတညိတ်ညိတ်၊ ဦးသောကြာ၏ဖြစ်ရပ်မှန်သဖွယ် ဇာတ်လမ်းဆုံးတော့ မောင်အောင်သန်းက-

"ဟာ . . . ဘကြီးအိပ်မက်က တကယ်စနစ်ကျပါလား၊ ယုတ္တိလည်းရှိတယ်၊ ဖြစ်လည်းဖြစ်နိုင်တယ်" ဟု ပြောလိုက်လျှင် နားထောင်သူထဲမှ ဆရာမောင်မောင်စိုးက-

"ဟုတ်တယ် ကိုအောင်သန်း၊ ဦးလေးသောကြာပြောတာတွေဟာ တကယ်တော့ ဘကြီး ဒီအရိပ်မှာအနားယူရင်း စဉ်းစားမိတာတွေရော၊ မှေးခနဲဖြစ်သွားတဲ့အချိန်အိပ်မက်လိုလို ထင်လာတာတွေရောဟာ တစ်လှည့်စီ ခေါင်းထဲရောက်လာတာတွေဟာ တကယ့်သဘာဝနဲ့ ဘာလို့နီးစပ်ရသလဲဆိုတော့ ဦးလေးသောကြာဟာ ဒီလယ်တွေ ဒီလုပ်ခွင်တွေအတွက် နှစ်အတော်ကြာကပဲ အမြဲတမ်းစိတ်ထဲမှာ ကြောင့်ကြနေမိတယ်၊ အဲဒီတော့ ဒီအလုပ်တွေ၊ လယ်တွေ၊ ကြောင့်ကြမှုတွေနဲ့ပတ်သက်ပြီး အခြားလူတွေ၊ ရဟန်းသံဃာတွေကို တစ်စွန်းတစ်စဆိုသလို ပြောခဲ့မိမှာပဲ၊ အဲဒီအခါမှာ တခြားပုဂ္ဂိုလ်တွေက အကြံပေးတာတွေ၊ ပြောကြတာတွေ၊ သူ့အဖြစ်နဲ့ပတ်သက်တဲ့ဖြစ်ရပ်မျိုးတွေ တွေ့ကြုံခံစားခဲ့ရတာတွေ၊ နားထောင်မှတ်သားခဲ့ရတာတွေ၊ စိတ်ထဲမှာ မှတ်မှတ်ထင်ထင် ရှိချင်လည်းရှိမယ်၊ မရှိချင်လည်း မရှိဘူး၊ ဒါပေမဲ့ အဲဒါတွေ စုပေါင်းပြီး အသိစိတ်ထဲမှာရော၊ မသိစိတ်ထဲမှာရော၊ စုပေါင်း ဝင်ရောက်လာတဲ့အခါ အခုနစောစောပိုင်း ဦးလေးသောကြာပြောခဲ့သလို အတွေးလိုလို၊ အိပ်မက်လိုလို၊ တစ်ယောက်ကပြောသလိုလို ခံစားတတ်ကြရတယ်ဗျ၊ အဲဒါကြောင့် အိပ်မက်ကဖြစ်နိုင်တဲ့ အချက်တွေဖြစ်သွားရတာပေါ့ဗျာ၊ အဲဒါကြောင့်မဟုတ်လား ကိုအောင်သန်းရဲ့" ဟု



ဆရာမောင်မောင်စိုးက ဦးသောကြာ၏အဖြစ်ကို ရှည်လျားစွာ ရှင်းပြလိုက်လျှင် အားလုံးသဘောပေါက်သွားကြသလို အလှူခံအဖွဲ့ထဲတွင်ပါလာသည့် ဦးထွန်းမောင်ကလည်း-

"အေး . . . ဟုတ်တယ်ကွ၊ ဆရာလေးပြောတာ မှန်တယ်၊ အခု ငါတို့ အသက်ရလာတော့ ဟိုတုန်းကအကြောင်းတွေ တစ်ခါတလေယောင်ပြီး ပြောမိပါရဲ့ကွာ၊ ဟား . . . ဟား . . . ဟား . . ."

ဦးထွန်းမောင်က သူ့စကားသူ သဘောကျစွာ ရယ်လိုက်သည်။ မောင်ရန်နိုင်ကဆက်လက်၍ -

"သြော် . . . သိပြီ . . . သိပြီ၊ ဦးလေးထွန်းမောင်ပြောတာ ငယ်ငယ်က ရည်းစားတွေအကြောင်း ပေါ်လာတာပြောတာလား၊ ဒေါ်လေးမယ်သုန်ကို ပြန်တိုင်လိုက်မယ်နော်" ဟု အရွှန်းဖောက်လိုက်ရာ ဦးထွန်းမောင်၏ အများရှေ့တွင် ဖြစ်သွားသည့် ရှုံတည်တည်မျက်နှာကြီးကို ကြည့်ရင်း အားလုံးပွဲကျသွားသည်။ မောင်အောင်သန်းက

"ကဲပါ . . . မောင်ရန်နိုင်ရာ၊ လူကြီးကို မနောက်ပါနဲ့၊ အနေအစားပျက်ပါ့မယ်ကွာ၊ ကျွန်တော်စဉ်းစားမိတယ် ဘကြီးရေ၊ ဘကြီးပြောတဲ့အထဲမှာ ဟောဒီလယ်မြေတွေကိုအခြေခံပြီး မိဘမဲ့ကလေးတွေအတွက် ပရဟိတဂေဟာ ထူထောင်မယ်ဆိုတဲ့ရည်ရွယ်ချက် အရမ်းသဘောကျတယ် ဘကြီးရာ၊ ကျွန်တော်ဖတ်ဖူးတဲ့စာတွေထဲမှာ မိဘမဲ့ကလေးတွေဟာ ဘကြီးပြောတဲ့အထဲမှာပါတဲ့ ရေနည်း

ငါးလေးတွေပါ၊ သူတို့ရဲ့စိတ်တွေဟာ အားငယ်တတ်တယ်၊ ဖေးမသူကိုမျှော်လင့်ကြတယ်၊ မိဘမေတ္တာတွေ လိုချင်ကြတယ်၊ အဲဒီလို အချိန်မှာ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကောင်းကိုရောက်ရင် ကောင်းမွန်နိုင်ကြသလို မကောင်းတဲ့ဝန်းကျင်၊ နိမ့်ချတဲ့ဝန်းကျင် ရောက်ရင် လေလွင့်မယ်၊ ပျက်စီးမယ်၊ မခံချင်မှုတွေ နာကြည်းစရာတွေနဲ့တွေ့ပြီး ပေါက်ကွဲမယ်၊ ဒုစရိုက်မှုတွေ ဖြစ်မယ်၊ အဲဒီလို ဖြစ်နိုင်ခြေတွေများစွာရှိတဲ့ မိမဲ့ဖမဲ့၊ အထီးကျန်ကလေးတွေဟာ ဘကြီးတို့လို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ကယ်တင်မယ့်လူတွေ၊ ဖေးမမယ့်လူတွေနဲ့တွေ့ရင် သူတို့အတွက်ရော၊ တိုင်းပြည်အတွက်ရော တန်ဖိုးရှိတဲ့ဘက်ကို ရောက်သွားတာပေါ့၊ အထိန်းသိမ်းမဲ့၊ မိဘမဲ့ ဖြစ်ရပ်တွေကြောင့် လေလွင့်ပျက်စီးတဲ့ဘဝကိုလည်း မရောက်နိုင်ကြတော့ဘူးပေါ့၊ အဲဒါကြောင့် ဘကြီးလုပ်မယ့်ရည်ရွယ်ချက်က သားရွှေအိုးထမ်းလာတာမြင်ရတဲ့ ကိန်းတောင်မဟုတ်ဘူး၊ ရွှေမိုး၊ ငွေမိုးရွာတဲ့ကိန်းပဲဘကြီး၊ လုပ်ဖြစ်အောင်သာလုပ်ပါ၊ ကျွန်တော်အပါအဝင်အားလုံးက ကူညီဖို့အရန်သင့်ပဲ ဘကြီး” ဦးသောကြာမှာ ပြုံးပြုံးကြီးဖြင့်-

“အားလုံးပြောတာတော့ဟုတ်ပါပြီ၊ ဟောဒီက ဘကြီးဇနီး မရွှေရီက တစ်ချိန်လုံး ငြိမ်နားထောင်နေတော့ သူ့လည်းမေးရဦးမယ်၊ ကဲ . . . ဘယ်လိုလဲ၊ ဟေ့ . . . မရွှေရီ သဘောကျရဲ့လား” ဟုမေးလိုက်လျှင် ဒေါ်ရွှေရီက ဦးသောကြာကိုကြည့်ရင်း-



“ကျွန်မကတော့ ရှင်ပြောတဲ့အထဲက ကျွန်မသားလေး အလုပ်က ပင်စင်ယူပြီး ကျွန်မတို့လယ်တွေနဲ့အရင်းတည်ထားတဲ့ ပရဟိတဂေဟာမှာလာပြီး ဦးဆောင်တယ်လို့ ပါနေကတည်းက သဘောကျနေတာရှင်၊ နောက်ပြီး ကျွန်မတို့မွေးစားတဲ့သားတွေသမီးတွေ အဲဒီလောက်ဖြစ်တာကိုက သဘောကျပြီရှင်ရေ့” ဟုပြောလိုက်ရာ ဦးသောကြာက-

“ဟော . . . ဘကြီးဇနီးကတော့ မိန်းမသားပီပီ မိခင်ဆန်တဲ့စကားတွေပြောလာပြီ၊ ကဲ . . . အဲဒီတော့ ဒီအစီအစဉ် သဘောကျတယ်ပေါ့” ဟုမေးလိုက်လျှင် အားလုံးက ဒေါ်ရွှေရီကို ဝိုင်းကြည့်နေကြသည်။ ဒေါ်ရွှေရီက-

“ဆရာတော်အမိန့်ရှိတဲ့စကားလိုပဲ၊ ကိုယ်ရှာထားတဲ့ ရွှေငွေဥစ္စာပစ္စည်း၊ လယ်ယာတွေကို ဒီလိုလုပ်ငန်းတွေမှာ အသုံးချလိုက်တော့ လောကီအတွက်လည်း ကောင်း၊ လောကုတ္တရာအတွက်လည်း ကောင်းဆိုတော့ ဟိုငယ်ငယ်တုန်းကလို ရှင်တစ်ထမ်းဆိုရင် ကျွန်မက တစ်ရွက်ပေ့ါရှင်” ဟုပြောလိုက်လျှင် အားလုံးက အပြုံးကိုယ်စီဖြင့် သူတို့ ဇနီးမောင်နှံကို ကြည့်နေကြလေ၏။ ဆရာမောင်မောင်စိုးက-

“ဟုတ်တယ်ဒေါ်လေးရွှေရီရေ၊ ဦးလေးတို့ဒေါ်လေးတို့ ဇနီးမောင်နှံလို ကျွန်တော်တို့နိုင်ငံမှာ ပရဟိတဂေဟာတွေထူထောင်ခဲ့တာ ရှိခဲ့ဖူးပါတယ်။ ဥပမာ ဒေါ်ဦးဇွန်း လူအိုရုံ၊ အခု ဘိုးဘွားရိပ်သာလိုပေ့ါ၊ အဲဒီလိုပဲ နိုင်ငံတော်အနှံ့အပြားက လုပ်ငန်းရှင်ကြီးတွေ၊ စီးပွားရေးတောင့်တင်းပိုလျှံကြတဲ့ပုဂ္ဂိုလ်ကြီးတွေကသာ ဒီလို

အလားတူတဲ့ ပရဟိတလုပ်ငန်းတွေမှာ အားပေးကြ၊ ထူထောင်ကြတာတွေ အခုလက်ရှိထက်ပိုပြီး ပေါ်ပေါက်လာကြရင် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ထာဝရအလှူတွေပါ။ အဲဒီ အလှူစုံထဲမှ အခုလုပ်မယ့် ဦးလေးတို့ဇနီးမောင်နှံရဲ့ ပရဟိတဂေဟာကတော့ လယ်တောထဲက၊ တစ်နည်းပြောရရင် ရွှေဝါမြေကပေါ်လာတဲ့ ပထမဆုံး ထာဝရအလှူပေ့ါဘကြီးရယ်" ဟုပြောလိုက်လျှင် ဦးသောကြာလည်း ပြုံးပြုံးကြီးဖြင့် ခေါင်းတညိတ်ညိတ်၊ ဒေါ်ရွှေရီကလည်း ပြုံးလျက်။ ထိုစဉ် မောင်အောင်သန်းက -

"ကဲ . . . ဘကြီးရဲ့အစီအစဉ်ထဲမှာ ကျွန်တော်က အတွင်းရေးမှူးဆိုတော့ ဘကြီးပြောတဲ့အတိုင်း ဆောင်ရွက်ဖို့အသင့်ပဲ ဘကြီးရေ၊ နောင်နှစ်ပေါင်း နှစ်ဆယ်အစိတ်ကြာတဲ့အခါ ဘကြီးပြောတဲ့ဂုဏ်ပြုပွဲထဲကလို မိဘမဲ့လေးတွေ၊ ရေနည်းငါးလေးတွေရဲ့ အားထားရာ ပိုးကွန်ရက်နဲ့တူသော လက်ဖြစ်ရအောင် ဒီလုပ်ငန်းကို ဘယ်တော့ စ,မလဲ ဘကြီး" ဟု မေးလိုက်လျှင် ဦးသောကြာက ညာဘက်လက်မကိုထောင်လိုက်ပြီး ချက်ချင်းပင် မောင်အောင်သန်း၏ ပုခုံးကို ခပ်ဖွဖွဖက်လိုက်ရင်းက -

"ဟော့ . . . မောင်အောင်သန်း၊ ဘကြီး မနက်ဖြန်က စမယ်၊ ဒါပဲဟေ့ . . . ဒါပဲ" ဟု ရင်ထဲကလာသော ဝမ်းခေါင်းသံကြီးဖြင့် လှိုက်လှိုက်လှဲလှဲ အားပါးတရပြောလိုက်ရာ ကြားရသူအပေါင်းကြက်သီးဖြန်းဖြန်းထမျှ ဝမ်းသာပီတိဖြစ်သွားရသလို အထူးသဖြင့် မောင်အောင်သန်း၏စိတ်ထဲတွင် သူ့ပခုံးကိုသိုင်းဖက်ထားပြီး



စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့်ပြောနေသည့် ဦးသောကြာ၏မျက်နှာကို အတန်ကြာစိုက်ကြည့်နေမိရင်း သူ့ကို သိုင်းဖက်ထားသော ဦးသောကြာလက်အစုံ၏ အထိအတွေ့မှာ ပိုးသားပမာ နူးညံ့နေသည်ဟု ခံစားလိုက်မိပါတော့သတည်း။

* * *

# ကျောက်မာကြီး ရွာဝင်ပွဲ

"ဟော့ကောင်တွေ မင်းတို့မှားမယ် . . . မှားမယ်၊ ခဏ စောင့်ကြဦး၊ ခဏစောင့်နေကြဦး"

"ဟာဗျာ . . . ဘာမှားရမှာလဲ၊ တစ်ခါတည်း ကျင်းထဲချလိုက်ရင် ပြီးရောမဟုတ်လား"

"အေးလေကွာ . . . ကြိုးဖြတ်လိုက်ရင် ပြီးတာပဲ"

"ဟာ . . . ဒီကောင်တွေ မူးမူးရူးရူးနဲ့ ဘာမှမသိဘဲ စွတ်မပြောနဲ့ကွ၊ ဒီရွာမှာ မင်းတို့ချည်းနေတာမဟုတ်ဘူး၊ ဒါမျိုးဆိုတာ မမှားရဘူးကွ၊ ဟိုမှာ ကိုပျောက်ကျားလာနေပြီ၊ ခဏစောင့်ကြစမ်းပါကွာ" "အေးကွာ၊ ခဏနေကြဦး"

သူတစ်ပေါက် ငါတစ်ပေါက်ပြောနေသည့်အသံတွေက ဆူညံနေသည်။ တချို့ကလည်း အရက်ရှိန်ကြောင့် အာလေးလျှာလေးတွေဖြစ်နေကြသည်။ ထိုအုပ်စုထဲတွင် အသက်အကြီးဆုံးဆိုနိုင်သည့် ကိုဖိုးထောင် ဟန့်လိုက်မှ ဇွတ်တရွတ်လုပ်မည့်သူများ အသာငြိမ်သလို ဖြစ်သွားသည်။

"ကိုပျောက်ကျား မြန်မြန်လာဗျာ" "ခင်ဗျား စောင့်နေတာဗျို့"



ခြေလှမ်းကျဲကြီးများလှမ်းပြီး အပြေးတစ်ပိုင်းဖြင့်လာနေသည့် ကိုပျောက်ကျားဆိုသူမှာ ချွေးသီးချွေးပေါက်များမှာ ရေချိုးထားသည့်အလား၊ ပုဆိုးခေါင်းပေါင်းခပ်နွမ်းနွမ်း ခေါင်းမှာပတ်ထားပြီး ကိုယ်တီးဗလာနှင့် နေမွန်းတိမ်းစမို့ နေကလည်း အစွမ်းကုန် ခြစ်ခြစ်တောက်ပူလျက်။

"အေး . . . လာပါပြီကွာ၊ ငါလည်း အမီလိုက်လာတာပဲ၊ မင်းတို့လုပ်တာ နည်းနည်းစောသွားတာကိုး" ဟုပြောရင်း လူအုပ်နား ရောက်လာသည့် ကိုပျောက်ကျားမှာ ကျင်းနှုတ်ခမ်းမှ လူများကို လှမ်းကြည့်ရင်း-

"ဟေ့ . . . သာမောင် ဟိုဘက် ကျင်းနှုတ်ခမ်းဘက် ထိပ်ဘက် နည်းနည်းရွှေ့လိုက်၊ ပေး . . . ငါ့ကို မင်းတို့ဓား" ဟုပြောလိုက်လျှင် သာမောင်တို့ တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြရင်း . . .

"ဟာ . . . ဘယ်မှာလဲ ဓား" "ပါမလာဘူးကွ" "မေ့ခဲ့ပြီကွ" အသံများထွက်လာသလို ကိုဖိုးထောင်က-

"ဒါနဲ့များ ကြိုး ဒါနဲ့ဖြတ်ဖို့ပြောနေသေးတယ်၊ တောက် . . . အဲဒါတွေခက်တာပဲကွာ၊ ကျောက်မာကြီးသာနေကောင်းလို့လာနိုင်ရင် ဒီလိုမဖြစ်ဘူး၊ ဒါတွေလည်း ဘာမှပြောစရာမလိုဘူး၊ ခဏနေဦး ငါ ဟိုတဲစုဘက် ဓားသွားငှားလိုက်ဦးမယ်" ဟုပြောလိုက်လျှင် ကိုပျောက်ကျားမှ-

"ဟော့ကောင် . . . ဖိုးထောင်၊ ဒါမျိုးဆို ဘယ်သူက ဓားငှားချင်မှာလဲ၊ သွားကွာ ကပ္ပိယကြီးဆီ မြန်မြန်ပြေးယူ" ဟုပြော

လိုက်လျှင် အနီးအနားတွင် ရပ်ကြည့်နေကြသည့်ကလေးအုပ်စုထဲမှ ခပ်သွက်သွက်ဖြင့် ကလေးတစ်ဦးမှ-

"ကိုပျောက် . . . ကပွဲယကြီးဆီ ကျွန်တော် သွားယူပေးမယ်" ဟု ဝင်ပြောလိုက်သည်။

"ဟာ . . . မောင်လင်းထိုက်၊ မင်း မသွားနဲ့၊ မသွားနဲ့၊ ခားနဲ့မှောက်လဲနေပါဦးမယ်၊ ဒီကိစ္စမှာ ထိလို့ခိုက်လို့မကောင်းဘူး"

ထိုသို့ပြောနေစဉ်မှာပင် ကိုဖိုးထောင်တစ်ယောက် ဘုန်းတော်ကြီးကျောင်းဘက်သို့ ဒရောသောပါးပြေးထွက်သွားလေပြီ။ မကြာခင် ခားမကြီးတစ်ချောင်းနှင့် ကိုဖိုးထောင် ပြန်ရောက်လာသည်နှင့် ကိုပျောက်ကျားဦးဆောင်၍ လုပ်စရာရှိသည်များ လုပ်ကိုင်နေတော့၏။ ထို့နောက် . . .

ကဲ . . . သာဗျောတို့က မြေကြီးလုံအောင် ယက်ဖုံးပြီးရင် ဆီးခက်တွေများများအုပ်ကြကွာ၊ တော်ကြာ နွားတွေ ချိုသွေး၊ ခွာယက်လို့ မလုံမခြုံတွေ ဖြစ်နေပါ့မယ်ကွာ" ဟုပြောလိုက်ရာ သာဗျောမှ-

"စိတ်ချပါ ကိုပျောက်ရာ၊ ဒါလောက်တော့ သဘောပေါက်ပါတယ်၊ ကဲ . . . ဟော့ကောင်တွေ မြေသိပ်အောင် နင်းကြဦးကွာ"

သာဗျောမှာ ပြောလည်းပြော၊ မြေစာယက်ဖို့လိုက်၊ ခြေဖြင့် နင်းလိုက်ဖြင့် လုပ်နေသလို ထွန်းရီတို့ကြွက်နီတို့အုပ်စုကလည်း ချွေးတလုံးလုံးဖြင့် ဆီးခက်ခုတ်သူခုတ်၊ မြေစာဖို့သူဖို့ နင်းသူနင်းဖြင့် ရှိနေကြသည်။



"ကဲ . . . ကလေးတွေ မင်းတို့ပြန်ကြတော့၊ တော်ကြာ ကပွဲယကြီးလိုက်လာပြီး ဆူနေဦးမယ်" ဟု ပြောလိုက်သော်လည်း ကလေးတစ်စုက သူတို့အနားက မခွာသေး။

"အေးကွာ . . . ဦးဘလှကြီးတစ်ယောက်တော့ တစ်ကောင်ကြွက်ဘဝနဲ့ တို့ရွာမှာ အနှစ်သုံးဆယ်လောက်နေပြီး ခေါင်းချသွားရှာပြီဟေ့၊ ဆွေမရှိ မျိုးမရှိဆိုတော့ သူများနဲ့မတူဘူးပေ့ါဗျာ၊ ကာယကံရှင်မရှိဘူးဆိုပြီးတော့ ဖြစ်သလိုတော့ မလုပ်ကြစေနဲ့ဟေ့၊ ဦးကျောက်ဆိုရင်တော့ အကြောင်းမဟုတ်ဘူးကွ" ကိုပျောက်ကျားတစ်ယာက်အားလုံးကိုကြည့်ရင်း ပြောနေသည်။ အနားတွင်ရှိနေသော မောင်လင်းထိုက်လေးမှ-

"အင်း . . . ဦးပျောက်ပြောတာဟုတ်တယ်၊ ကိုကြီးသာဗျောတို့ စောစောက သူလုပ်တာမှန်တယ်၊ ငါလုပ်တာမှန်တယ်နဲ့ငြင်းနေတာ ဆူနေတာပဲ၊ ကိုပျောက်လာပြီး စီမံလို့သာနော်" ဟု ဝင်ပြောလိုက်သည်။

"အေး . . . အဲဒါလည်း ကျောက်မာကြီးကျေးဇူးပဲကွ၊ ကျောက်မာကြီးက ကိုပျောက်ဆရာကွ"

"ဗျာ . . . ကျောက်မာကြီးက ကိုပျောက် ဆရာ" ဟု နားမရှင်းသလို မေးလိုက်လျှင်-

"ဟုတ်တယ်လေကွာ၊ ဦးကျောက်မာကြီးက ဒီကိစ္စမျိုးမှာ ဆရာတစ်ဆူလို အားကိုးရတော့ ကိုပျောက်ဆရာပေ့ါ၊ ကဲ . . . မောင်လင်းထိုက်တို့ ကလေးတွေ ပြန်ကြ၊ ပြန်ကြ၊ သွားကြတော့ဟေ့"

ဟု ပြောနေသဖြင့် မောင်လင်းထိုက်တို့ကလေးတစ်သိုက် သချိုင်းဘက်မှပြန်လာကြ၏။ မြဘူးတို့အဖွဲ့က ရွာဘက်ပြန်သွားသလို တိုးအောင်နှင့်မောင်လင်းထိုက်တို့က ဘုန်းတော်ကြီးကျောင်းဘက်သို့ ပြန်လာခဲ့ကြ၏။ မောင်လင်းထိုက်စိတ်ထဲမှာ ရွာပြင်တွင် တဲတစ်လုံးနှင့်နေသော တစ်ရွာလုံးက ကျောက်မာကြီးဟု နူတ်ကျိုးနေသည့် ဦးကျောက်မာကြီးအကြောင်း သိချင်စိတ်တွေ ပြင်းပြနေသည်။ ကျောက်မာကြီးတဲ သွားမေးဖို့ကလည်း တစ်ရွာလုံးက ခပ်ကင်းကင်းနေချင်ကြသည့် ကျောက်မာကြီးတဲသို့ ခြေဦးလှည့်ဖို့ ခပ်လန့်လန့်၊ သူ့စိတ်ထဲမှာလည်း ခပ်ကြောက်ကြောက်။

## အခန်း (၂)

"ဟော့ကောင် . . . ပျောက်ကျား၊ ဘယ်က လှည့်လာတာလဲ၊ လာကွာ အထဲကို၊ အေးကွာ ခေါ်သာခေါ်ရတာ မင်းတို့ရွာသားတွေက ငါနဲ့ဆက်ဆံရတာ သရဲသဘက်ထက် ကြောက်တာကွ၊ ဟား . . . ဟား . . . အဲဒီအထဲ မင်းတစ်ယောက်တော့ မပါဘူး မဟုတ်လား ဟား . . . ဟား . . . "

ဦးကျောက်မာကြီးက သူ၏ အဆီပြန်နေသော ကျောက်ပေါက်မာမျက်နှာကြီးကို ကျောက်ပေါက်မာ ဗရပျစ်ထနေသည့် လက်ကြီးဖြင့် ပွတ်လိုက်ရင်း အားပါးတရ ရယ်နေသည်။

"ဟာ . . . ဦးကျောက်ရာ၊ ကျွန်တော် မပါပါဘူးဗျာ၊ ဟိုတုန်းက ဦးကျောက်ပြောသလို ကျွန်တော့်စိတ်ထဲမှာရှိနေပေမယ့်



ကျွန်တော်ချစ်တဲ့ ကျွန်တော့်အမေနဲ့ ကျေးဇူးရှင်ကျွန်တော့်အဖေ သေတဲ့အချိန်ကစပြီး ဦးကျောက်ကို ကျွန်တော် မောင်ပျောက် မကြောက်တော့ပါဘူးဗျာ" ဟုပြောရင်း တဲအတွင်းဝင်လာသည့် မောင်ပျောက်ကျားကိုကြည့်ရင်း ဦးကျောက်မာကြီး သူ၏ ကွမ်းချိုးတက်နေသည့်သွားများပေါ်အောင် အားပါးတရရယ်ရင်း-

"ဟား . . . ဟား . . . မင်း ဘယ်ဆိုးလို့လဲ၊ နဘေကာရန်တွေနဲ့ပါလား၊ အဲဒါပေါ့ကွာ၊ လူဆိုတာ အများအားဖြင့် သူများအိမ်မှာ နာရေးဖြစ်ရင် လူသေရင် အသုဘတဲ့၊ ကိုယ့်အိမ်ကိုယ့်ရာမှာဖြစ်မှ မသာလို့ ဆိုသလိုပေါ့ကွာ"

"ဗျာ . . . ဦးကျောက်စကားကလည်း" ဟုပြောလိုက်လျှင် ဦးကျောက်မာ လက်ကာလိုက်ပြီး -

"နေပါဦးကွာ၊ ငါ့စကားဆုံးအောင် နားထောင်ပါဦး၊ ဒီလိုကွ၊ လူတွေဟာ များသောအားဖြင့် ရပ်ထဲရွာထဲမှာ လူသေရင် အသုဘလို့ ခေါ်ကြတယ်၊ အဲဒီကို သွားတဲ့လူတွေဟာ ပြုံး၊ ရယ်၊ ငို၊ မဲ့ ဆိုသလို သာမှုနာမှုစကားတွေပြောနိုင်ကြသလို၊ တချို့ဆိုရင် ဆင့်ပွားခံစားမှုတောင် ရှိချင်ရှိကြတာ၊ ကဲ . . . ကိုယ့်အိမ်သားလည်းဖြစ်ရော ခြေမကိုင်မိ လက်မကိုင်မိ ပူဆွေးသောကဖိစီးပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ၊ အသုဘ မဟုတ်တော့ဘူး၊ ကိုယ်စိတ်နှစ်ပါးစလုံး မသာယာတဲ့ မသာဖြစ်သွားရော၊ ဒါကိုပြောတာပါကွာ" ဟု ပြောလိုက်လျှင် မောင်ပျောက်ကျားမှ-

"ဦးကျောက်စကား ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမယ့် . . . "

"ဒါပေမယ့် မပြောနဲ့ဦးကွ ငါပြောတာဆုံးအောင် နားထောင်ဦး၊ ဒီလိုကွာ၊ မင်းလည်း သူများနာရေးမှာ ငါပြောတဲ့ အသုဘလို သဘောထားပြီး လုပ်ရိုးလုပ်စဉ် ပြောဆိုကူညီပေးနိုင်မယ့် ဟော . . . ဖျတ်ခနဲဆို မင်းအဖေနဲ့မင်းအမေ ရှေ့ဆင့်နောက်ဆင့်လည်း ဆုံးရော မင်းဘာပြောကောင်းမလဲ ပူဆွေးသောကဖိစီးပြီး ဘာလုပ်ရမှန်း ဘာကိုင်ရမှန်းမသိတဲ့အချိန် ဖြစ်သွားရော မဟုတ်လား၊ မင်း သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦးကွာ" ဟု ပြောလိုက်လျှင် မောင်ပျောက်ကျားက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း -

"ဟုတ်ပါတယ် ဦးကျောက်၊ ကျွန်တော် သဘောပေါက်ပါတယ်၊ အဲဒီအချိန်မှာ ဦးကျောက်ရှိနေပေလို့သာ၊ ရွာထဲမှာကလည်း လုပ်တတ်ကိုင်တတ်တဲ့လူတွေကလည်း ခရီးလွန်နေတဲ့လူနဲ့၊ ရှောင်ကြတဲ့လူနဲ့"

"အေးကွာ . . . ငါ့အနေနဲ့ကတော့ ဒီလိုလုပ်ပေးရတာ မဆန်းတော့ပါဘူးကွာ၊ ငါကလည်း ရွာနီးချုပ်စပ်မှာ နာရေးရှိပြီဆိုရင် ငါ မနေနိုင်ဘူးဟေ့၊ အမြဲကူညီရတာပေါ့ကွာ၊ အဲဒီလိုအချိန်မျိုးမှာ ငါ ရွာဝင်ခွင့်လက်မှတ်ရပြီကွာ၊ အဲဒီအချိန်မှာ ကာယကံရှင်တွေဟာ ဘယ်လိုခံစားနေရတယ်ဆိုတာ မင်းလည်းကိုယ်တွေ့ပဲ မဟုတ်လား၊ လုပ်စရာရှိတာ မမေ့၊ မပေ့ါ၊ မမှားစေရအောင်လုပ်ပေး၊ ဆောင်ရွက်ပေးခဲ့တာချည်းပဲကွ၊ မြေကျတဲ့အထိပေါ့ကွာ၊ မြေကျသွားရင်တော့ ငါ့တာဝန်ပြီးသွားပြီ၊ ရွာဝင်ခွင့်လည်း သက်တမ်းကုန်ပြီပေါ့ကွာ ဟား . . . ဟား . . ." ဦးကျောက်မာကြီးက



ပြောရင်း ရယ်နေပေမယ့် မရယ်နိုင်သူက မောင်ပျောက်ကျားပင် ဖြစ်သည်။

"နေပါဦး ဦးကျောက်၊ ဦးကျောက် ဒီအလုပ်လုပ်တာ မျိုးရိုးကြောင့်လား၊ ကျွန်တော် မသိလို့မေးတာနော်၊ စိတ်မဆိုးပါနဲ့" ဟု မေးလိုက်လျှင် ဦးကျောက်မာကြီးမှ ဘာမှ မထူးဆန်းသလိုနှင့်-

"အေး . . . မောင်ပျောက်၊ မင်းမေးတော့လည်း အစက ပြောရတာပေ့ါကွာ၊ အဲဒီလိုဖြစ်ရတာလည်း ငါ့မျက်နှာပေါ်က အမာရွတ်ကြောင့်ပဲကွ"

"ဟင် . . . ဒီကျောက်ပေါက်မာနဲ့ဒီအလုပ်နဲ့ ဘာဆိုင်လို့လဲ ဦးကျောက်ရဲ့" ဟုမေးလိုက်လျှင် ဦးကျောက်မာကြီး သူ၏ ကျောက်ပေါက်မာဒဏ်ရာများကြောင့် အကျဉ်းအကျယ်မညီသည့် မျက်လုံးအစုံမှာ တစ်နေရာသို့ စိုက်ကြည့်ရင်း-

"ဆိုင်တာပေ့ါ မောင်ပျောက်ရာ၊ ဟို လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော်ကာလ တို့နယ်မှာ ကျောက်ရောဂါတွေကျရောက်စဉ် ကာလက ငါတို့ရွာမှာ ဒီရောဂါ အကူးစက်ခံခဲ့ရတယ်ကွ၊ နောက်ဆုံး အပျက်အစီးတွေများလာတော့ ဒီရောဂါဖြစ်တဲ့လူတွေ ရွာပြင်ထုတ်ထားကြတဲ့အထိ ဖြစ်လာကြတယ်၊ လူတွေကလည်း ဒီရောဂါဟာ မကောင်းဆိုးဝါးတွေကြောင့်ဖြစ်တယ်ဆိုပြီး ဆန်ကော တို့၊ ထရံတို့ ရိုက်ပုတ်ပြီး တောထုတ်ကြနဲ့ပေ့ါ၊ အဲဒီအချိန်မှာ ငါတို့အိမ်မှာ ငါ့ညီမလေးလည်း ဒီရောဂါနဲ့ဆုံးပြီး ငါ့ပါ ကူးစက်လာတဲ့ အချိန်မှာ တို့အဖေအမေတွေဟာ အခုငါနေတဲ့ ဟောဒီနေရာမှာပဲ တဲဆောက်ပြီးနေခဲ့ကြတာကွ၊ ငါလည်း ကျောက်ရောဂါရပြီး ကံကောင်းလို့

မသေခဲ့၊ ဒါပေမယ့် အဖေနဲ့အမေက ငါနေကောင်းစမှာပဲ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြတာကွ"

"ဗျာ . . . ဟုတ်လား"

"အေး . . . အဲဒီလို အဖေနဲ့အမေဆုံးတော့ ငါက ၁၄ နှစ်သားပေါ့၊ ဆွေမျိုးကနည်းပါးလာပြီး ကူညီမယ့်သူမရှိ၊ ဘာမရှိနဲ့၊ ငါနဲ့ငါ့သူငယ်ချင်းဖြစ်တဲ့ ဘိုးအေးနှစ်ယောက်တည်းနဲ့ဖြစ်သလို ဖျာလိပ်ပတ်ပြီး နေ့ချင်းသဂြိုဟ်ကြရတာပေါ့ကွာ၊ ငါဆိုတာ ဘယ်လိုခံစားရမယ်ဆိုတာ မင်းပဲစဉ်းစားကြည့်ပေါ့"

"အို . . . ဟုတ်လား ဦးကျောက်ရာ၊ စိတ်မကောင်းစရာပဲ"

"အေးပေါ့ကွာ၊ တို့က လူငယ်တွေလည်းဖြစ်ပြန် ဘာပြောကောင်းမလဲ အခုလို ထုံးစံတွေလည်းမသိ၊ အခေါင်းကို တွင်းနှုတ်ခမ်းထိပ်တိုက်တင်ပြီး ခြေထောက်ဘက်ကနေ ဓားနဲ့ ခုနစ်ချက် တိုက်ရမှန်းလည်းမသိ၊ တိုက်ပြီးလို့ တစ်ပတ်လှည့်ပြီးမှ ခြေရင်းခေါင်းရင်းအမှန်ထားပြီး မြေချရမှန်းမသိနဲ့ လုပ်ခဲ့မိတာပေါ့ကွာ"

"ဟာ . . . ဒါဆို ရွာခိုက်မှာပေါ့"

"အေး . . . အဲဒါ ငါပြောမလို့ဘဲ၊ တို့လုပ်ခဲ့တာတွေ ဘာရယ်လို့တော့မဟုတ်ဘူး၊ ဘိုးအေးက ရွာထဲမှာစကားစပ်လို့ပြောမိတာက ထစ်ခနဲဆို ငါတို့ကို လက်ညှိုးထိုးတော့တာပါပဲကွာ"

"အင်းပေါ့ . . . ပြောစရာဖြစ်သွားတာပေါ့"

"ဘာတတ်နိုင်မှာလဲကွာ ဘိုးအေးရော၊ ငါရော ခပ်ရွဲ့ရွဲ့နေလိုက်တာ၊ တို့နဲ့သက်တူရွယ်တူ ဘိုးအေးရည်းစား သက်မေ သေ



တော့မှ ငါရောဘိုးအေးရော စိတ်မကောင်းလိုက်တာကွာ၊ တို့ကြောင့်ဖြစ်ရတယ်ဆိုပြီး တက်တခေါက်ခေါက်နဲ့ ယူကျုံးမရပေါ့၊ ဟိုတုန်းက စိတ်ပေါ့ကွာ၊ အဲဒီကစပြီး ရွာဦးဆရာတော်က အဲဒီအယူအဆတွေဟာ ဘာမှမမှန်ဘူး၊ အယူသီးမှုတွေ၊ ဒါပေမယ့် မင်းတို့ အခုလို အချိန်မှာ ရွာနဲ့သင့်အောင်နေကြ၊ သူတို့ကျေနပ်အောင်လုပ်ကြဆိုတဲ့ အဆုံးအမနဲ့ ရွာမိရွာဖတွေကိုတောင်းပန်ပြီး ဒီကိစ္စတွေ သိအောင်လုပ်ပြီး အမှားကြွေးဆပ်တဲ့အနေနဲ့ကူညီခဲ့တာ ဒီအချိန်အထိပေါ့ကွာ"

"ဩော် . . . ဒီလိုလား"

"အေး . . . ဟုတ်တယ်ကွ၊ ဘိုးအေးလည်း အသက်သုံးဆယ်လောက်မှာဆုံးသွားတော့ ငါတစ်ယောက်တည်းလုပ်ခဲ့တာ အခုအချိန်ထိပေါ့ကွာ၊ ကြာလာတော့ လူတွေက ဘာမြင်လာသလဲ ဆိုတော့ ငါ့ရုပ်ရည်၊ ငါ့အလုပ်တွေကြည့်ရင်း ဟိုရှေးအခေါ် စဏ္ဍာလအခုတော့လည်း သုဘရာဇာဆိုသလိုဖြစ်ပြီး အားလုံးက ငါက အမင်္ဂလာကောင်ဆိုပြီး အရေးမကြုံရင် ရွာထဲမလာစေချင်၊ အိမ်မလာစေချင်ဖြစ်လာကြတာပေါ့ကွာ" ဟု ရှည်လျားစွာရှင်းပြလိုက်ရာ မောင်ပျောက်လည်း ခေါင်းတညိတ်ညိတ်ဖြင့်-

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဦးကျောက်၊ ဦးကျောက်အပေါ် လူတိုင်းက ဒီလိုသဘောထားနေကြတာ ကျွန်တော်လည်း မြင်တယ်၊ ဒါပေမယ့် အခုနပြောသလို ကျွန်တော်တော့ မမြင်ပါဘူးဗျာ၊ ကိုယ့်ကိုယ်တွေ့နဲ့ယှဉ်ပြီး ဦးကျောက်အလုပ်ကို လေးစား

မိသလို ကျွန်တော်ကိုယ်တိုင်လည်း ဦးကျောက်လုပ်တဲ့အလုပ်မျိုးတွေ ကူညီနေတာပေါ့ဗျာ”

“အေးကွာ . . . သာဓုပါ . . . သာဓု . . . သာဓု၊ ငါက အသက်လည်းကြီးပြီ၊ ကျန်းမာရေးလည်းသိပ်မကောင်းတော့ဘူး၊ မင်းတို့လို အသိမျိုးရှိတဲ့လူတွေ တို့ရွာမှာပေါ်လာတာ ငါ ဝမ်းသာတယ်ဟေ့၊ ကဲ . . . သောက်ဦးကွာ ရေနွေးကြမ်း” ဟု ပြောရင်း တဗွမ်းဗွမ်းဆူနေသည့်မီးဖိုပေါ်မှ ဇလုံခပ်ပိန်ပိန် ရေနွေးအိုးထဲ လက်ဖက်ခြောက်ခပ်လိုက်ရင်း အောက်သို့ချလိုက်သည်။ ရေနွေးကြမ်းပန်းကန်ထဲ ရေနွေးလောင်းထည့်ပေးလိုက်သည်။

“ကဲ . . . သောက်လိုက်ဦး၊ ဟောဒီက ဖိုခနောက်အုတ်ခဲရော၊ ရေနွေးအိုးဇလုံစောက်ရော၊ ပန်းကန်ရော သချိုင်းထဲက ပစ္စည်းတွေချည်းပဲကွ ဟား . . . ဟား” ဟုပြောလိုက်လျှင် မောင်ပျောက်ကျားမှာ ကြက်သီးထသလိုလုပ်လိုက်ရင်း

“နေပါဦး ဦးကျောက်ရယ်၊ ဒါတင် ဘယ်ဟုတ်မလဲ၊ ဒီတဲတစ်ခုလုံးနဲ့ ဦးကျောက်အသုံးအဆောင်အားလုံး ဘယ်ကဆိုတာ ကျွန်တော်သိပြီးသားပါဗျ ဟား . . . ဟား”

“ဟား . . . ဟား . . . ဟား . . . ”

ဦးကျောက်မာကြီး၏ အောင်မြင်သောရယ်သံနှင့် မောင်ပျောက်ကျား၏ရယ်သံများမှာ တဲအတွင်းမှကျယ်လောင်စွာ ထွက်ပေါ်နေလေ၏။



# အခန်း (၃)

“အဲဒါ မင်းသိချင်တဲ့ ဦးကျောက်မာကြီးရဲ့ဘဝ အစိတ်အပိုင်းတစ်ခုပေါ့ကွာ”

“အင်း . . . စိတ်ဝင်စားစရာပဲနော်၊ ကျွန်တော် ဟိုးငယ်ငယ်ကတည်းက ဦးကျောက်မာကြီးအကြောင်း ကြောက်စရာချည်းပဲ ကြားခဲ့ရတာဗျ၊ အခု ကိုပျောက်ကျားပြောမှ အဖြစ်မှန်တွေ သိရတယ်”

“အေး . . . ငါလည်း အဲဒီအကြောင်းတွေကို နှစ်အတော်ကြာကြာက သိထားခဲ့တာကွ၊ ဘယ်သူကမှ အရေးတယူ မေးတဲ့လူလည်းမရှိ၊ သိချင်တဲ့လူလည်းမရှိဆိုတော့ မပြောဖြစ်ခဲ့ဘူးကွ၊ အခုအချိန်မှာ မင်းက ပိုသိသင့်တာပေါ့၊ အခုဆို မင်းက တို့တစ်ရွာလုံး အားကိုးအားထားပြုနေရတဲ့ ရွာလူကြီးတစ်ယောက်ဖြစ်နေပြီ မဟုတ်လား”

ဦးကျောက်မာကြီးအကြောင်း မေးနေသူ မောင်လင်းထိုက်ကို ကိုပျောက်ကျားက သူ သိထားသည့်အကြောင်းများကို ပြောပြနေသည်။

“ဟုတ်ပါတယ် ကိုပျောက်ကျားရယ်၊ ကျွန်တော်လည်း ကျောင်းပညာတွေသင်နေတဲ့အချိန်က ရွာမှာ အနေမကြာဘူးလေ၊ အခုလို ဘွဲ့ရပြီး မိဘလက်ရင်းအလုပ်တွေ၊ ရွာမှာ အခြေချလုပ်ဖြစ်၊ နောက်ပြီးရွာရဲ့ လူကြီးတာဝန်ယူထားရတော့ ရွာရဲ့ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ စီးပွားရေးကအစ တာဝန်ရှိသလို၊ သိသင့်သိထိုက်၊ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေ ကြိုးစားဆောင်ရွက်ရမယ်ဗျ”

"သိပ်ဟုတ်တာပေါ့ကွာ၊ အေး . . . လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စဆိုလို့ မင်းကိုပြောရဦးမယ်၊ အခု တို့ရွာသင်္ချိုင်းမှာတွေ့နေရတဲ့ စစ်ပင်တွေ၊ ပျဉ်းမပင်တွေ ဦးကျောက်မာကြီးစိုက်ထားတာကွ"

"ဟုတ်လား ကိုပျောက်ကျား၊ ကုက္ကိုပင်တွေကရော"

"ဟုတ်တယ်ကွ၊ ကုက္ကိုပင်တွေကတော့ သူစိုက်တာ သိပ်မများဘူးကွ၊ အဲဒီ သစ်ပင်တွေကိုစိုက်တဲ့နေရာတွေဟာ သူကျင်းတူးပေးတဲ့နေရာတွေမှာမှတ်ပြီး စိုက်ထားတာတဲ့ကွ၊ ဘယ်လောက်ရှိပြီလဲဆိုတာ မင်းသာ ရေတွက်ကြည့်ပေတော့၊ နောက်ပြီး မင်းသိအောင် ပြောရဦးမယ်၊ သူ့တဲမှာလည်း ပျဉ်တွေ တစ်ထပ်ကြီးကွ၊ အဲဒါတွေက အလကားမြေကြီးသြဇာဖြစ်မယ့် အခေါင်းအဖုံးတွေကို သိမ်းထားတာကွ၊ နောက်ပြီး အကြွေစေ့တွေ၊ ကျပ်စေ့တွေလည်း မနည်းဘူး၊ အုတ်ကျိုးအုတ်ပဲ့တွေလည်း စုပုံထားတာမနည်းဘူးကွ၊ နောက်ပြီး သူနေတဲ့နေရာမှာ တောအုပ်လိုဖြစ်နေတော့ တော်ရုံ တန်ရုံမသိကြဘူးကွာ၊ ငါက မကြာခဏရောက်တော့ သိရတာကွ"

"ဟာ . . . ဟုတ်လား ကိုပျောက်ရဲ့"

မောင်လင်းထိုက်အိမ်တွင်ရောက်နေကြသည့် လူငယ်အုပ်စုထဲမှ ကျော်မင်းအောင်မှ တအံ့တသြမေးလိုက်သည်။ လူငယ်အများစုက မောင်လင်းထိုက်နှင့်ကိုပျောက်ကျားပြောနေသည့် စကားများကို စိတ်ဝင်တစားနားထောင်နေကြလေ၏။

"သိပ်ဟုတ်တာပေါ့ကွာ၊ မင်းတို့အားလုံးသိအောင် ထပ်ပြောရရင် ဦးကျောက်က အဲဒီအပင်တွေကို ရွာမှာလိုအပ်မယ့်နေရာမှာ



အသုံးပြုဖို့ လှူချင်တယ်ကွ၊ နောက်ပြီး အခု သူက ကျန်းမာရေးချူချာလာတော့ သူ စုဆောင်းထားတဲ့ပစ္စည်းပစ္စယတွေကိုလည်း သင့်တော်မယ့်နေရာမှာသုံးဖို့ ငါ့ကိုပြောထားတယ်၊ အဲဒါ မင်းတို့ စီစဉ်ကြဦး" ဟုပြောလိုက်လျှင် လူငယ်အုပ်စုထဲမှ ထက်အောင်က-

"ဟာ . . . ဒါတော့ ဘယ်နေရာမှာသုံးလို့သင့်တော်မှာလဲဗျ၊ သူ့ဟာတွေက ဟို . . . ဟို" ဟုပြောလိုက်လျှင် ကိုပျောက်ကျားက

"ဟေ့ . . . မောင်ထက်အောင် ဒါတွေက အယူသီးမှုတွေပါကွာ၊ မင်းတို့လည်း ခေတ်လူငယ်တွေပဲ၊ လက်ခံသင့် မခံသင့် စဉ်းစားပေါ့၊ ငါ တစ်ခုပြောမယ်၊ တို့မြတ်စွာဘုရားလက်ထက်တော်ကာလက ပံ့သကူကောက်ပြီး သင်္ကန်းပြုလုပ်တော်မူတယ်ကွ၊ အဲဒီပံ့သကူကောက်တဲ့အဝတ်ပုဆိုးက လူသေကို ထုတ်ထားတဲ့ လောက်ဖွားဖွားတက်နေတဲ့အဝတ်ပုဆိုးကွ၊ မဟာဗုဒ္ဓဝင်တို့၊ ဇိနတ္ထပကာသဏီကျမ်းတို့လို ဗုဒ္ဓဝင်စာမူတွေမှာဖတ်ကြည့်ရင် တွေ့နိုင်တယ်ဟေ့၊ ထားပါတော့ကွာ၊ အခု မြို့ရွာတည်ဆောက်ရေးတွေမှာ မင်းတို့ အမြင်ပဲမဟုတ်လား၊ ဒါတွေဟာ အစွဲအလမ်းအယူအဆတွေပါကွာ" ဟု ရှည်လျားစွာ ရှင်းပြလိုက်ရာ မောင်လင်းထိုက်က-

"ဟုတ်တယ်ကွ၊ ကိုပျောက်ကျားပြောတာမှန်တယ်၊ ဒီအယူအဆတွေ တို့ပြင်ရမယ်ကွ၊ ငါ စိတ်မကောင်းဖြစ်မိတာက တို့တစ်ရွာလုံးရဲ့ နာမှုကိစ္စတွေမှာ ဘာတစ်ခုမှ မျှော်လင့်ချက်မထားဘဲ ကူညီခဲ့တဲ့လူတစ်ယောက်ကို တို့တစ်ရွာလုံးက မမြင်သင့်တဲ့အမြင်တစ်ခုနဲ့ ဝိုင်းပယ်သလိုထားတဲ့အဖြစ်က အရုပ်ဆိုးလွန်းတယ်ကွာ၊ အခုလို

သူ ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ကူညီသင့်တယ်၊ ပြုစုသင့်တယ်၊ နောက်ပြီး သူ့ရဲ့ရည်ရွယ်ချက်တွေကိုလည်း တို့ အကောင်အထည်ဖော်ပေးဖို့ နည်းလမ်းရှာကြရမယ်၊ မင်းတို့ စဉ်းစားကြဦး၊ လောလောဆယ် သူ့ကျန်းမာရေးအတွက်၊ ထက်အောင် မင်းဆိုင်ကယ်နဲ့ ကျန်းမာရေးမှူး သွားခေါ်ကွာ”

သို့ဖြင့် မောင်လင်းထိုက်တို့လူငယ်တစ်စု စုပေါင်း၍ စဉ်းစားအဖြေရှာကြရာတွင် ဦးကျောက်မာကြီး၏ စစ်ပင်၊ ပျဉ်းမပင်များအား လှဲ၍ရသောသစ်များအား ရွာအဝင်ဇရပ်ကြီးအသစ်ဆောက်ရန်လည်းကောင်း၊ သူနေခဲ့သောတဲကိုဖျက်၍လည်းကောင်း၊ စုဆောင်းထားသောပျဉ်များကို စုပေါင်း၍ ပျဉ်းမပင်သင်္ချိုင်းတွင် ဇရပ်တစ်ဆောင်ဆောက်ရန်လည်းကောင်း၊ အုတ်ခဲအုတ်ပုံများကို ဘုန်းတော်ကြီးကျောင်းလမ်းခင်းရန်လည်းကောင်း၊ ဦးကျောက်မာကြီးနေထိုင်ရန်အတွက် ရွာပိုင်မြေတွင် စုပေါင်း ဆောက်လုပ်ထားသောဆေးခန်းနှင့်စာကြည့်တိုက်အနီးတွင် အိမ် တစ်လုံးဆောက်၍နေစေမည်၊ သူ စုဆောင်းထားသောငွေများ အား ဇရပ်များဆောက်ရာတွင်ထည့်သုံးမည်။ သူ၏ကျန်းမာရေးကိုလည်း ရွာသူရွာသားများက အလှည့်ကျတာဝန်ယူကြမည်စသည်ဖြင့် ဆွေးနွေးတိုင်ပင်ကြလေသည်။

“ကဲ . . . အဲဒီတော့ ဒီအကြောင်းတွေကို ရွာဦးဆရာတော်လျှောက်ထားပြီး ရွာမိရွာဖအမှူးထားပြီး တစ်ရွာလုံးဖိတ်ပြီး အသိပေးမယ်၊ သဘောပေါက်အောင် ရှင်းပြမယ်၊ ကျွန်တော်တို့



အဘိုးတွေ၊ ကျွန်တော်တို့အဖေတွေ ရွာကိုဦးဆောင်တဲ့ကာလကနေ အခု ကျွန်တော်တို့လူငယ်တွေဦးဆောင်တဲ့ကာလမှာ ပြုပြင်သင့်တဲ့အရာတွေကို ပြုပြင်ဖို့ ဦးကျောက်မာကြီးဖြစ်ရပ်ကို အစထားပြီး ဆောင်ရွက်ကြစို့”

“ဟာ . . . ကောင်းတယ်ကွာ၊ မင်းတို့လူငယ်တွေစီစဉ်ပြီးလို့ ဆောင်ရွက်တဲ့နေ့ ဦးကျောက်ကို ရွာကိုခေါ်တဲ့နေ့မှာ ရွာအိုးစည်ဝိုင်းမှာ မင်းတို့ကိုရော၊ ဦးကျောက်ကိုရော ဂုဏ်ပြုတဲ့အနေနဲ့ ငါကိုယ်တိုင် မြေလျှောက်မင်းသားလုပ်ပြီး အကနဲ့ခေါ်မယ်ကွာ” ဟု ကိုပျောက်ကျားက အားပါတရပြောလိုက်သည်။

“တကယ်နော် . . . ကိုကြီးပျောက်၊ ဒီပွဲမှာ ကျွန်တော် မကတော့ဘူး၊ ကိုကြီးပျောက်တာဝန်” ဟု တက်ပုက ပြောလိုက်ရာ ကိုပျောက်ကျားက -

“အေး . . . ငါ့တာဝန်ထား၊ ဦးကျောက် ရွာဝင်ပွဲမှာ ငါကိုယ်တိုင်ကြဲမယ်ဟေ့” ဟု လက်မထောင်ပြောလိုက်သည်။ တကယ်လည်း မောင်လင်းထိုက်တို့စီစဉ်သည့်အတိုင်း ဖြစ်လာသည်။ ပျဉ်းမပင်ရွာတွင် ကထိန်ပွဲ၊ မီးထွန်းပွဲ၊ သင်္ကြန်ပွဲ စသည်တို့ရှိကြသည့်အထဲတွင် အများခေါ်သည့် ကျောက်မာကြီးရွာဝင်ပွဲကားတစ်မူထူးခြားနေလေတော့သတည်း။

# အရပ်ကပေးတဲ့ ကျွန်မနာမည်

ရွှေဝါရောင်လယ်ကွင်းကြီးအလယ် တောအုပ်ကြီးသဖွယ် အဝေးမှ လှမ်းမြင်နေရသောရွာကြီးကား ပန်းတောရွာပင်တည်း။ ထိုရွာကြီးကို ခဏမြင်လိုက်ရသူအဖို့ တောအုပ်၊ တောတန်းကြီး သဖွယ်ထင်ရ၏။ ထိုးထိုးထောင်ထောင်ထွက်နေသော သက်တမ်းကြာပြီဖြစ်သည့် အုန်းပင်ရှည်ရှည်ကြီးများ ရွာပေါ်ထိုးထွက်နေသည်မှအပ ရွာအဆောက်အဦဟူ၍ ဘာမျှမမြင်ရ။ အနောက်ယွန်းယွန်းမှာတော့ အနောက်ရိုးမတောင်တန်းကြီးက ရေးရေးပေါ်နေသည်။ ထိုမြင်ကွင်းကား ရွာ၏အရှေ့မှမြင်သော မြင်ကွင်းဖြစ်သည်။ ထို့အတူ ထိုပန်းတောရွာကြီးကို အနောက်ဘက်လမ်းမှဝင်ခဲ့လျှင် ပန်းတောချောင်းတံတားကို ဖြတ်မိလိုက်သည်နှင့် ရွာအဝင် ခြသေ့်ကြီးနှစ်ကောင်ကို ထီးထီးမားမားတွေ့လိုက်ရသလို ရှေးအုတ်ချပ်ကြီးများ ထောင်လိုက်ခင်းထားသည့် ရွာအဝင်လမ်း၊ ဆေးပေးခန်း၊ စာသင်ကျောင်းများကျော်လိုက်သည်နှင့် တစ်ရွာလုံးကိုးကွယ်သည့် ပန်းတောဘုန်းတော်ကြီးကျောင်း၊ တာဝတိံသာဘုရားကြီး တန်ဆောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ စသည်ဖြင့် အစဉ်



အတိုင်း တွေ့မြင်ကြရသည်။ မြောက်ဘက်နှင့်တောင်ဘက်ကကြည့်လျှင် ပန်းတောချောင်းလက်တက်များ ဝိုင်းပတ်ထားသည်မှလွဲ၍ အရှေ့ဘက်မှ ရွာမြင်ကွင်းကိုမြင်ရသည့်ပုံစံအတိုင်းပင်။ တစ်နည်းအားဖြင့် သစ်ပင်ဝါးပင်၊ သီးပင်စားပင်များပေါသော ဥယျာဉ်ရွာကြီးပင်တည်း။ ထိုသဘာဝအခြေအနေ လယ်၊ ဥယျာဉ်နှင့် ရေလုပ်ငန်းတို့ လုပ်ကိုင်ကြပေ၏။

"ရွှေရီရေ၊ မနက်ဖြန်၊ ဘကြီးသာမွန်း လယ်ကူဟေ့၊ နင့်ကိုမှာလိုက်တယ်၊ စောစောတဲ့ဟေ့"

ရွာလယ်လမ်းပေါ်မှ နွားစာမြက်ထုံးရွက်ရင်း ကျောပြောင်ပြောင်နှင့် ကိုညက်ပေါ် လှမ်းအော်သံကြောင့် မရွှေရီ ဆန်စပါးလုံးရွေးနေရာမှ လှမ်းမေးလိုက်သည်။

"ဩော် ဟုတ်လား ကိုညက်ပေါ်၊ ဟိုအပိုင်းက ဘယ်သူတွေပါသေးလဲ"

မရွှေရီ၏ အသံစာစာကြောင့် ကိုညက်ပေါ် တုံ့ခနဲရပ်လိုက်ရင်း

"မစောချစ်တို့၊ မိမှုံတို့လည်းပါတယ်၊ နင်တို့မိန်းကလေးတွေကတော့ ထုံးစံအတိုင်းပေ့ါဟာ၊ ကျန်တဲ့လူတွေ ငါပြောခဲ့ပြီ" ဟုဆိုရင်း ခေါင်းပေါ်တွင် မြက်ထုံးရွက်လျက် ခပ်သွက်သွက် ထွက်သွားသည်။

မရွှေရီက ကိုညက်ပေါ်ပြောသွားသည့် ထုံးစံအတိုင်းဆို၍ ပြုံးမိသည်။ ယခု လယ်ကူခေါ်သူ ဘကြီးသာမွန်းမှာ အိမ်သူဇနီးမရှိတော့။ သားတွေ နှစ်ယောက်သာရှိသည်။ ဆင်ပေါက်နှင့်ညိုအောင်၊

ဘကြီးသာမွန်း လယ်ကူချတိုင်း၊ ထမင်းဟင်းချက်ဖို့ သူတို့ မိန်းကလေးတွေ တာဝန်ယူကြရသည်မှာ နှစ်စဉ်နှစ်တိုင်း မဟုတ်လား၊ ဒါ့ကြောင့် ထုံးစံအတိုင်းဟု ကိုကြီးညဏ်ပေါ် ပြောသွားခြင်းဖြစ်သည်။

"သမီးရွှေရီ၊ ဘာတဲ့တုံး"

နောက်ဖေး ဟင်းခင်းခြံထဲမှတက်လာရင်း လမ်းပေါ်က ကိုညဏ်ပေါ် အော်ပြောသည့်အသံ တစ်စွန်းတစ်စကြားလိုက်သဖြင့် သမီးဖြစ်သူကို ဒေါ်မွှေးသာလှမ်းမေးလိုက်သည်။

"မနက်ဖြန် ဘကြီးသာမွန်း လယ်ကူခေါ်တာပါ အမေ"

"ဟေ ဟုတ်လား၊ မနက်ဖြန်၊ တို့ပုတ်ပြတ်ယူထားတဲ့ ဦးစံလူလယ် စ ရိတ်မှာလေ သမီးရဲ့၊ နင်တို့ဘကြီးလယ်ကူ ဘယ်သွားလို့ဖြစ်မလဲ၊ သမီး ဘာပြောလိုက်သလဲ"

"အို အမေရယ်၊ ဘကြီးသာညဏ်က မိန်းကလေးမှမရှိတာဘဲ၊ သမီးတို့ဝိုင်းကူမှပေါ့၊ မနက်ဖြန်နေ့ခင်းမှ သမီးပုတ်ပြတ်လယ်ဆင်းရိတ်လိုက်မယ်နော် အမေ"

"အမလေး ရွှေရီရယ်၊ ကိုယ့်အလုပ်ထားပြီး သွားရတယ်လို့၊ မနက်ဖြန်နေ့ကောင်းလို့ ကိုစံလူက စအရိတ်ခိုင်းတာ၊ တော်ကြာနောက်နှစ်ကျ အမေတို့ကို ပုတ်ပြတ်မပေးဘဲနေပါဦးမယ် သမီးရယ်"

အမေဖြစ်သူ ဒေါ်မွှေးသာစကားကြောင့် မရွှေရီ တွေတွေလေးဖြစ်သွားကာ သက်ပြင်းတစ်ချက်ချရင်း-

"ကဲပါအမေရယ်၊ မနက်စောစော ဘကြီးစံလူကျေနပ်အောင် အမေစောစော စထားလိုက်၊ သမီးညနေဆင်းကျရင် ဆင်ပေါက်



ဖြစ်ဖြစ်၊ ညိုအောင်ဖြစ်ဖြစ် ပြန်အကူခေါ်လာမယ်၊ မဟုတ်ဘူးလား အမေ၊ သမီးမသွားလို့ ဘယ်ကောင်းမလဲအမေရယ် နော်"

သမီးစကားကြောင့် ခြံထဲကတက်လာသည့် ဒေါ်မွှေးသာ၊ ခေါင်းပေါင်းချွတ်လိုက်ရင်း စကားပြောမည်ကြံ့ကာရှိသေး-

"အရီးလေးမွှေးသာ၊ အရီးလေးမွှေးသာ" ဟု အသံကုန်ခေါ်လိုက်သည့် ဖိုးသာဂိအသံကြောင့် ဒေါ်မွှေးသာ ခြံဝလှမ်းကြည့်ရင်း၊

"ဟဲ့ သာဂိ၊ ဘာဖြစ်လာတာလဲ၊ နင့်ဟာက အိမ်ထဲမဝင်ဘဲနဲ့ဘာပြောမလို့လဲ" ဟု လှမ်းပြောလိုက်ရာ ဖိုးသာဂိလည်း အမောတကောရောက်လာရင်း-

"ဩော် ဒီလိုပါအရီးလေး ဟို ရွှေမိ၊ အဲ ယောင်လို့ ရွှေရီကို မနက်ဖြန် ထမင်းစားပြီး အကူအလှည့်ကျတဲ့အကြောင်းလာပြောတာ" ပြောလိုက်လျှင် ရွှေမိလည်း သတိရသွားဟန်ဖြင့်-

"ဟောတော့ ဟုတ်လား၊ မနက်ဖြန် တို့အလှည့်လား သာဂိ"

"ဟုတ်တယ်လေဟာ၊ ဟိုတစ်ပတ် ဥပုသ်နေ့က ဘကြီးသာခွေးတို့ ခင်မှုံတို့အလှည့်လေဟာ၊ အခုတစ်ပတ် တို့အလှည့်ပေါ့၊ နင် မပျက်နဲ့နော်၊ ငါ ကျန်တဲ့လူတွေ လိုက်ပြောလိုက်ဦးမယ်၊ အရီးလေး သွားပြီ"

"အေးအေး၊ သမီးရေ၊ ကျောင်းအလှူခံတော့ မပျက်နဲ့၊ နင့်ဘကြီး သာမွန်းလယ်ကူ ထမင်းကျွေးပြီးပြီးချင်း အမြန်ပြန်လာနော်၊ တို့ဆရာတော်ကျောင်းဆောက်နေတာ ဒီလိုမှ အာစိဏ္ဏကံမလုပ်ရင် မဖြစ်ဘူးနော်"

ဒေါ်မွေးသာပြောသော ဆရာတော်ဆောက်နေသည့် ကျောင်းမှာ တစ်ရွာလုံးအတွက် အလွန်အရေးပါသည်။ ရွာဦးကျောင်းကြီးမှာ သက်တမ်းတစ်ရာနီးနီး ဖြစ်ပြီမို့ အစစ ယိုယွင်းပျက်စီးနေပေပြီ။ ပြန်ဆောက်ချိန်တန်နေပြီ။ ထို့ကြောင့် ဆရာတော်မှာ ကျောင်းကြီးမပျက်စီးခင် ကျောင်းအသစ်တစ်ကျောင်းပေါ်လာရေးအတွက် ရေရှည်စီမံကိန်းချကာ တဖြည်းဖြည်းချင်းဆောက်သွားရန် ရွာသူရွာသားများနှင့်ညှိ၍ အလှူခံထွက်ခြင်းဖြစ်သည်။ လူအများစုမှာ လက်လုပ်လက်စားများဖြစ်သဖြင့် ဥပုသ်ရက်တိုင်း ရွာထဲတွင် အချိုးကျစုသည့်အလှူငွေဖြင့် တည်ဆောက်နေသည်မှာ တစ်ဝက်လောက်ပြီးနေပြီ။ ရွာသားများကလည်း သီတင်းတစ်ပတ်အတွင်း အလှူငွေထည့်ရန် ဆေးလိပ်ဖိုး၊ ကွမ်းဖိုး၊ ဗီဒီယိုဖိုးတို့နှင့် အခြားမလိုအပ်သော ကုန်ကျစရိတ်များ ခြိုးခြံကြသည့်ငွေဖြင့်ထည့်ရန် ဆရာတော်အမိန့်ရှိထားသဖြင့် အကျင့်ဖြစ်နေသည်။ ထိုသက်သာသည့်ငွေကို အလှူငွေအဖြစ် ပြောင်းလဲကြလေပြီ။

"သမီး သိပါတယ်အမေ၊ အလှူခံမပျက်ရအောင် အချိန်မီလာခဲ့မယ်"

ဒေါ်မွေးသာ ဘာမျှမပြော၊ ချွေးတွေသုတ်ရင်း မရွှေရီကို ပြုံးကြည့်နေသည်။

"ရွှေရီရေ"

"လာဟေ့၊ ပြုံးနွယ် ငါဒီမှာ"



"ဘယ်သူလဲမှတ်တယ်၊ ကိုဘတင့်သမီးလားဟေ့၊ ဘာအကြောင်းထူးရှိလို့လဲ"

"ဟော် အရီးလေးရယ်၊ ဘာအကြောင်းထူးရှိရမလဲ၊ ကျွန်မတို့အရီးလေးသိသားပဲ၊ အဲဒါ အခုရက်ပိုင်းလိုက်လို့ ရွှေရီကို သတို့သမီးအရံလုပ်ဖို့ ကြိုပြောထားတာ အရီးလေးရေ၊ တော်ကြာရွှေရီက အလုပ်တွေကများများ၊ ရက်တိုက်နေမှာစိုးလို့ပေါ့၊ ကဲ သူမပါဘဲမဖြစ်ဘူး၊ တပို့တွဲလဆန်း ၈ ရက်နော်၊ မှတ်လိုက်ဦးကောင်မ" ဟုပြောရင်း တွတ်ထိုးနေလေ၏။ ဒေါ်မွေးသာလည်း ပြုံးနွယ်ကိုကြည့်ရင်း-

"ပြောပါတော့၊ နင့်သူငယ်ချင်းရွှေရီက အလုပ်များတာကတော့ အိမ်အလုပ်တွေမဟုတ်ပေါင်၊ တစ်ရွာလုံးအလုပ်တွေ သူ့အလုပ်၊ တစ်ရွာလုံး သူ မပါမရှိတဲ့ အလုပ်တွေပါရှင်၊ အခု သာဂိခေါ်လိုက်တဲ့ ရွှေမိလို့ပဲ ခေါ်ဖို့ကောင်းနေပြီ၊ ရွှေရီမှည့်တာတောင် ငါ မှားတားတားပဲအေ"

"အို အမေရယ်၊ လုပ်ပြန်ပြီ ဒီရွှေမိ"

"ဟို ဘာဖြစ်လဲ ရွှေမိ၊ အဲ ရွှေရီရယ်၊ ရွှေမိခေါ်တာ ကောင်းလို့ပေါ့၊ အဟိဟိ"

"ဟန်၊ ပေါက်ကရ၊ ငါ့ကို ရွှေမိခေါ်တာ မကြိုက်ဘူး၊ နင်နော် နင့်မင်္ဂလာဆောင် ငါမလာဘဲနေမှာ" ဟုပြောလိုက်လျှင် ပြုံးနွယ် ပြာပြာသလဲဖြင့်-

"အို မခေါ်နဲ့ဆိုလည်း မခေါ်ပါဘူးရွှေရီရယ်၊ မလာဘဲနဲ့တော့ မနေပါနဲ့နော် ရွှေမိ၊ အဲ ယောင်လို့ ရွှေရီ"

"ကဲဟာ ခေါ်ဦး"

"ဟဲ့ မလုပ်နဲ့၊ နာတယ်တော့"

မရွှေရီနှင့်ပြုံးနွယ်တို့ကိုကြည့်ရင်း ဒေါ်မွှေးသာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ကိုင်ကာ ပြုံးပြုံးကြီးကြည့်ရင်းက

"ဟုတ်ပ့ါတော်၊ နေရာတကာ ငါ့သမီးကပါနေတော့ ရွှေမိခေါ်တာ မလွန်ပေါင်"

"အို အမေကလည်း တစ်မျောက်" ဟု ရှက်စနိုးပြောလိုက်ရာ အနားမှပြုံးနွယ်တစ်ယောက် မရွှေရီကို လက်ညှိုးလေးကရော်ကရော်လုပ်ရင်း ထပြေးတော့၏။

## အခန်း(၂)

"အဲဒါပဲ၊ ရွှေရီ၊ ဟိုဘက်ရွာကနေ တို့ရွာက မြင့်မြင့်ရည်တို့၊ နွဲ့နွဲ့တို့ ပြန်သွားကြမှာ၊ အဲသည် သတင်းကြားလို့ နင့်ကိုလာပြောတာ၊ ဘယ်လိုသဘောရလဲ၊ ဒါအခွင့်အရေးပဲဟ၊ ဟင်၊ ငါ ဘာဆက်လုပ်ပေးရမလဲ၊ ဘာအကူအညီပေးရမလဲ" ဟု အားတက်သရော ပြောရင်း မေးနေသည့် သောကြာကိုကြည့်ရင်း ရွှေရီခေါင်းကို လေးလေးပင်ပင် ရမ်းလိုက်ကာ-

"အခုလို နင်လာပြောတာ၊ တိုက်တွန်းတာ ငါကျေးဇူးတင်ပါတယ် သောကြာရယ်၊ တို့နိုင်ငံရဲ့ ဝေးလံတဲ့အရပ်တွေမှာ လုပ်ရမယ့် ကျောင်းဆရာမအလုပ်ကိုလည်း ငါ စိတ်ဝင်စားပါတယ်။ သွားလည်းသွားချင်ပါတယ်။ ဒါပေမယ့် နင်သိတဲ့အတိုင်း အမေက အသက်ကလည်းကြီးပြီ၊ နောက်ပြီး ရင်ကျပ်ပန်းနာသည် မဟုတ်လား၊ အမေတစ်ခုသမီးတစ်ခုဖြစ်နေတဲ့ဘဝမို့ ငါ ဘယ်လိုမှ ရွာက မခွာ



နိုင်ပါဘူးဟာ" ဟု ပြောလိုက်ရာ သောကြာမှာ မရွှေရီကို ကရုဏာသက်စွာကြည့်ရင်း-

"အေးဟာ ငါ နားလည်ပါတယ်။ တစ်ခုရှိတယ် ရွှေရီ၊ နင်တကယ် သွားလို့ရအောင် ငါ ကူညီနိုင်တာကတော့ အရီးလေးမွှေးသာကို အစစ ငါကြည့်ပေးနိုင်ပါတယ်ဟာ၊ နောက်ပြီး အမေနဲ့ကလည်း ငယ်မွေးချင်းစားတွေမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အိမ်ခေါ်ထားတောင်ရပါတယ်၊ နင်လည်းဟိုမှာ နှစ်နှစ်၊ သုံးနှစ်တာဝန်ထမ်းဆောင်ပြီးရင် ကိုယ့်အရပ် ပြန်လျှောက်လို့ရတယ်တဲ့ဟ၊ သွားချင်ရင် အရီးလေးအတွက် စိတ်ချပါဟာ၊ နင်လည်း ဒီမှာ ဟိုဟဲ့သည်ဟဲ့ အချိန်ကုန်နေမယ့်အစား" ဟု ပြောလိုက်လျှင် မရွှေရီသောကြာကို မျက်မှောင်ကြုတ်ကြည့်လိုက်ရင်း-

"ဘာရယ် ငါ ဒီမှာ အချိန်ကုန်နေတယ်၊ နင် ဘာဆိုလိုတာလဲ၊ ငါ အမေ့ကို ကြည့်တယ်၊ ကောက်စိုက်၊ ကောက်ရိတ်၊ ရက်ကန်းခတ်၊ နေ့ကောက်နေ့စားအလုပ်တွေ လုပ်ရင်း ရပ်ရေးရွာရေး ပါဝင်နိုင်သလောက် ပါဝင်တယ်၊ ငါ အမေ့ကို ပြုစုနေတာလေဟာ၊ ငါ အမေ့ကို လုပ်ကျွေးနေတာ၊ ငါ အမေ့ကို ကျေးဇူးဆပ်နေတာ၊ အဲဒါ အချိန်ကုန်တာ ဟုတ်လား"

"ဟော်၊ ငါပြောတာ အဲလို မဟုတ်ပါဘူးဟာ၊ နင့်ဘဝတက်လမ်းရှိတဲ့ အာမခံချက်ရှိမယ့်အလုပ်မို့ တိုက်တွန်းတဲ့ဆန္ဒပါဟယ်၊ အချိန်ဖြုန်းတယ်ဆိုတာ မိန်းကလေးတန်မဲ့ ရပ်ရေးရွာရေးတွေ အမြဲပါ၊ အကူအညီတောင်းတဲ့လူတွေကလည်း တောင်းဆိုတော့"

"အေး ဟုတ်တယ်၊ နင်ပြောတာလည်း မှန်သင့်သလောက် မှန်တယ်၊ အဲဒါ ငါ အဖေ့သွေးပါတယ်လို့ ဆိုရမှာပဲဟာ၊ ငါ့အဖေက နင်တို့သိတဲ့အတိုင်း အိုးသူကြီးလေဟာ၊ ကိုယ့်ရွာတောင် မကဘူး၊ ရွာနီးချုပ်စပ်၊ သာရေး၊ နာရေး၊ လူမှုရေးရှိရင် ဘယ်မှာလွတ်သလဲ၊ ကိုယ့်အလုပ်ပစ်ထား် ငါ မိန်းမတန်မဲ့ နွေနွေ၊ မိုးမိုး၊ အလုပ်မရှားဘူး၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ အမေ့နားကလည်း မခွာရဘဲ လုပ်ကျွေးရ၊ သည်လို အခြေအနေမျိုးကို ငါ အချိန်ဖြုန်း တာလို့ မထင်မိဘူး သောကြာရယ်"

"အေးဟာ၊ ငါ စကားပြော လောသွားတာပါ၊ နင် ပင်ပင် ပန်းပန်းလုပ်နေတာ မြင်နေရလို့ပါ ရွှေရီရာ၊ သြော် ဒါနဲ့ တောက်ထွန်းတို့အလှူနီးပြီနော်၊ တို့တစ်တွေလည်း အလုပ်ပူ ဦးမှာနော်၊ ဟိုကောင် တောက်ထွန်းလည်း မြို့က ပြန်ရောက် တော့မယ်"

ဟုပြောလိုက်လျှင် မရွှေရီတစ်ယောက် ခပ်မှိုင်းမှိုင်းလေး ဖြစ်သွားကာ-

"အေးဟာ တောက်ထွန်း ပဋ္ဌင်းဝတ်တာတော့ ကောင်းပါ တယ်၊ ဒါပေမယ့် ငါ စိတ်ညစ်တယ်ဟာ"

"ဘယ်လိုဖြစ်တာလဲ ရွှေရီရ၊ တောက်ထွန်းပဋ္ဌင်းတက်တာနဲ့ နင်စိတ်ညစ်တာနဲ့" ဟု ပြောရင်း စကားဖြတ်ထားလိုက်လျှင် မရွှေရီ သက်ပြင်းတစ်ချက်ချလိုက်ရင်း-

"ဟင်း နင် မသိသေးပါဘူး သောကြာရယ်၊ အေးလေ၊ တို့ အားလုံး တစ်ရွာတည်းနေကြတာပဲ၊ တစ်နေ့ကျရင် နင်သိရမှာပေါ့၊



သြော် နေဦး သောကြာရေ မီးတိုင်ခွက်ရေနံနည်းနေတယ်၊ ရေနံဆီ ထည့်လိုက်ဦးမယ်" ဟု ပြောရင်း ရေနံဆီ မီးတိုင်ခွက်ကို လှမ်းယူ လိုက်လျှင် သောကြာက မတ်တတ်ရပ်လိုက်ရင်း-

"ရေနံထပ်မထည့်ပါနဲ့တော့ ရွှေရီရေ၊ ငါ ပြန်တော့မယ်၊ အရီးလေးလည်း အိပ်ပျော်သွားပြီထင်တယ်၊ နင်လည်း မနက်ဖြန် လယ်ထဲ ကောက်ရိတ်ဆင်းရဦးမှာ မဟုတ်လား၊ စောစော အိပ် တော့လေ၊ သြော် ဒါနဲ့ မြင့်မြင့်ရီတို့ ဒီတစ်ရက် နှစ်ရက်အတွင်း သွားကြတော့မှာတဲ့နော်"

"အေး သူတို့ကိုလည်း နင် အကျိုးအကြောင်း နားလည် အောင် ပြောလိုက်ပါဟာ"

"အေး ငါ ပြောပြလိုက်ပါ့မယ်၊ ကဲ ငါပြန်မယ် ရွှေရီ"

မရွှေရီအိမ်မှ သောကြာပြန်လာချိန်တွင် အနောက်ဘက် ကောင်းကင်ထက်ဝယ် လဆန်း ၈ ရက်ည၊ ဆန်းစလကွေးကွေး လေး မြင်နေရတုန်းပင်။ ဟိုအဝေး လယ်ကွင်းများဆီမှ တချို့လယ် သမားများ၊ စပါးတလင်းပြင်နေကြပြီဖြစ်၍ တလင်းများတွင် ဂျုပ် တိုက်အပြီး ရေဖျန်းကာ လှည်းများဖြင့် တလင်းမြေပတ် မကွဲစေရန် တလင်းခေါက်နေကြသဖြင့် လှည်းဘီးခတ်သံတွေ တဂျောင်ဂျောင် ကြားနေရသည်။

## အခန်း (၃)

"အဲဒါပဲ မမွေးသာရေ၊ ညည်းနဲ့ငါ ညီအစ်မတွေထက်တောင် ခင်ခဲ့ကြတာဆိုတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပေ့ါ၊ ငါ့ဘက်

ကတော့ အိမ်ကသား ဘွဲ့လည်းရပြီးပြီ၊ ပဥ္စင်းလည်းခံပြီးပြီ၊ အဲဒီတော့ သူ အလုပ်မသွားသေးခင် တစ်ခါတည်း မင်္ဂလာဆောင်ပေးလိုက်မလားလို့”

အိမ်ရှေ့တံစက်မြိတ်အောက် ကွပ်ပျစ်ပေါ်တွင် သူ့မိခင်နှင့် စကားပြောနေသည့် တောက်ထွန်းအမေ ဒေါ်စာဖြူအသံကြောင့် အိမ်နောက်ဖေးခြံထဲမှ ရေလောင်းပြီးပြန်လာသည့် မရွှေရီတစ်ယောက် ထရံကွယ်မှာ ကိုယ်ရှိန်သတ်၍ နားစွင့်နေလိုက်သည်။

“အေးပါ မစာဖြူရယ်၊ ငါ့မှာလည်း ဒီသမီးလေးတစ်ယောက် မတော်တာတွေနဲ့ အကြောင်းဆုံမှာ အမြဲပူနေရတယ်ဟယ်၊ ဟိုတုန်းက နင်စပြောကတည်းက စဉ်းစားဖို့ အသိပေးထားပါတယ်။ သူ့သဘောလည်း မေးလိုက်ပါဦးမယ်”

“ဟို ဘာမေးစရာရှိသေးလို့လဲ ငါပြောမယ် မွေးသာ၊ ဒီခေတ် ဒီအခါမှာ နင့်အနေနဲ့ သားမက်ရှားသလို၊ ငါ့အနေနဲ့လည်း ချွေးမရှားတယ်၊ နင်ပြောသလို တို့မွေးထားတဲ့ သားသမီးတွေ နင်ပြောသလို မတော်တာတွေနဲ့ တွေ့သွားရင်ဖြင့် ရင်ကျိုးရချည်ရဲ့၊ ဟောအခု အိမ်ကသားရော၊ ရွှေရီလေးရော အိမ်ထောင်ပြုရမယ့်အရွယ်တွေရောက်လာပြီ၊ အိမ်ကသားဆိုရင် အမေကြိုက်သလို စီစဉ်ပါတဲ့၊ အမှန်အတိုင်းပြောရရင် ငါ့အနေနဲ့ငါ့သားကို စိတ်ကြိုက် ကြိုက်တဲ့ မိန်းမ တို့ရွာတင်မကဘူး ရွာနီးချုပ်စပ်မှာ တောင်းပေးလို့ရပါတယ်၊ စပ်ပေးလို့ရပါတယ်၊ ဒါပေမဲ့ နင့်သမီးရွှေရီလေးဟာ ရုပ်ကလေးကလည်း ပြေပြစ်၊ နောက်ပြီး ရိုးဂုဏ်လေးကလည်းရှိ၊ နောက်ပြီး



ငယ်ပေါင်းကြီးဖော်ရဲ့သမီးလေးလည်းဖြစ်ပြန်ဆိုတော့ လက်လွှတ်မခံချင်ဘူးဟယ်၊ အဲဒီလိုသာ အဆင်ပြေသွားရင် နင်လည်း ငါ့ခြံထဲမှာ ပြောင်းနေပေါ့၊ အားလုံး ငါ့တာဝန်ထား၊ အိမ်က ကိုအေးကြီးကတော့ ငါပြီးရင် မီးသေပြီးသား၊ အဲဒီတော့ နင့်ဘက်သာ ပြောပေတော့” ဟု မနားတမ်း ပြောလိုက်လျှင် ဒေါ်မွေးသာလည်း ခပ်အေးအေးဖြင့်-

“အေးဟာ၊ နင် အခုလိုပြောတာ ကျေးဇူးတင်ပါတယ်။ သမီးလည်းနားချပြီး မြန်မြန်စီစဉ်နိုင်အောင် လုပ်ကြတာပေါ့၊ အဟွတ် အဟွတ် ငါ့သမီးလည်း စိတ်မချဘူး . . . အဟွတ် . . . အဟွတ်”

ဒေါ်မွေးသာတစ်ယောက် စကားပြောရင်း ချောင်းဆိုးလာသဖြင့် ရင်ကို ဖိနေသည်။ ဒေါ်စာဖြူလည်း ဒေါ်မွေးသာကို ကရုဏာသက်စွာ ကြည့်ရင်း-

“အေးပါ မွေးသာရယ်၊ နင့်ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ဩော် ဒါနဲ့ညနေကျရင်လေ ရွှေရီလေးကို အိမ်လွှတ်လိုက်ဦး၊ သားနဲ့တိုင်ပင်ပြီး ညည်းအတွက် သင့်တော်မယ့် ဆေးလေးဝါးလေး စီစဉ်ရအောင် ကဲ ငါပြန်ဦးမယ်” ဟု ပြောရင်း ထမီတိုတိုပြင်ဝတ်ကာ ပြန်သွားလေသည်။ ထိုစဉ် “အမေ” ဟု တိုးတိုးခေါ်လိုက်ရင်း အိမ်ရှေ့ရောက်လာသည့် မရွှေရီကို ကြည့်ရင်း အနားသို့လာရန် လက်ရပ်ခေါ်လိုက်သည်။ တစ်ဆက်တည်းမှာပင်-

“သမီးနားထောင်နော်၊ အခုန မစာဖြူပြောသွားတဲ့ စကားစလေး ပြန်ပြောမလို့” ဟုပြောလိုက်လျှင် မရွှေရီတစ်ယောက် သူ့အမေနားကပ် ထိုင်လိုက်ရင်း-

"သမီး အစအဆုံး ကြားပြီးပါပြီ အမေရယ်၊ အမေ မောနေပါ့မယ်၊ ထပ်မပြောနဲ့တော့၊ ရှင်းရှင်းပြောရရင်လေ သမီး အိမ်ထောင်မပြုချင်သေးဘူးအမေ၊ အမေ့ကို သမီး လွတ်လွတ်လပ်လပ်လုပ်ကျွေးနေချင်သေးတယ်၊ ဒါပေမယ့် အမေတို့ စိတ်ချမ်းသာမယ်လို့ ဆိုပြီး စီစဉ်ရင်တော့ သမီး မငြင်းပါဘူးအမေ၊ တောက်ထွန်းဆိုတာကလည်း ငယ်သူငယ်ချင်းတွေပါပဲ၊ ဒါပေမယ့် သမီးအပေါ်တကယ် ချစ်ပြီး တကယ်နားလည်ပေးနိုင်တဲ့လူ ဖြစ် မဖြစ်တော့ သမီး လေ့လာပါရစေဦး အမေရယ် နော်" ဟု သနားစဖွယ်ပြောနေသည့် သမီးကိုစိုက်ကြည့်ရင်း ဒေါ်မွှေးသာတစ်ယောက် သက်ပြင်း တစ်ချက် လေးလေးတွဲတွဲချလိုက်ပါသည်။

"သမီးရယ်၊ အမေက အခုချက်ချင်းကြီး ဖြစ်ရကောင်းစေလို့ မပြောသေးပါဘူးကွယ်၊ သမီးကို အသိပေး တိုင်ပင်ကြည့်ဦးမယ်လို့ ထပ်ပြောလိုက်တာပါ။ ကဲ သမီး ရေမိုးချိုး ညနေကျ အမေ့အတွက် ဆေးလေး မစာဖြူတို့အိမ်မှာ သွားယူလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ အမေ၊ ကျန်းမာရေးဆရာမပေးထားတဲ့ ဆေးတွေလည်း ရှိသေးတယ်မဟုတ်လား၊ ဪ အမေရေ မေ့နေလိုက်တာ သမီး ရေမချိုးခင် အိမ်အောက်က ကြက်ခြံရှင်းလိုက်ဦးမယ်၊ ညက ကြက်သန်းတွေ တက်သလားလို့" ဟုပြောရင်း သူမအနားမှ သွက်လက်စွာ ထသွားသည့် သမီးကို ဒေါ်မွှေးသာ ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေမိသည်။



## အခန်း (၄)

"ရွှေရီ . . . နင် ဘယ်လဲဟ၊ အခု နင့်ကို သတင်းကောင်းပြောစရာရှိလို့ အတော်ပဲဟ"

မရွှေရီတစ်ယောက် ဒေါ်စာဖြူတို့အိမ်ဘက်အသွား ရွာလမ်းတစ်နေရာတွင် သောကြာနှင့်အတူ တွေ့လိုက်ရသော ပြုံးနွယ်စကားကြောင့် မရွှေရီ ရပ်လိုက်ရင်း-

"ဟဲ့ . . . ပြုံးနွယ် ဘာသတင်းကောင်းလဲ၊ နင် မြို့က ပြန်လာတာလား၊ သောကြာနဲ့အတူပြန်လာတာပေါ့၊ ကဲ . . . ဘာပြောမှာလဲ ပြော" ဟု မေးလိုက်လျှင် ပြုံးနွယ်လည်း မဲ့ကာရွဲ့ကာဖြင့်-

"အမလေးတော် . . . မေးခွန်းတွေကလည်း များလိုက်တာ၊ ကဲ . . . ပြောပါ့မယ်၊ အေးအေးနားထောင်၊ ငါနဲ့သောကြာ မြို့က အတူပြန်လာတာ၊ သွားရတဲ့အကြောင်းက ဟောဒီ သောကြာက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးကိုသွားတာ၊ ငါက ဟိုဆရာမ လုပ်မယ့်အဖွဲ့ကို လိုက်ပို့တာ၊ အခု တို့မြို့က သတင်းကြားလာတာက တို့တိုက်နယ်က ကျန်းမာရေးမှူးကရော၊ ကျန်းမာရေးဆရာမကရော နင့်ကို ကျန်းမာရေးလုပ်သားတက်ဖို့ ရွေးထားတယ်တဲ့၊ အဲဒါ နင့်ဘက်က သင်တန်းတက်ဖို့ သေချာရင် ဘကြီးဒိုးမောင်ဆီ ကိုယ်ရေးအချက်တွေပေးထားလိုက်ပါတဲ့၊ ကဲ . . . သိပြီလား" ဟုပြောလိုက်သလို၊ သောကြာကလည်း မရွှေရီကို ပြုံးပြုံးကြီးကြည့်ရင်း "ကဲ . . . နင့်သဘောထားဘယ်လိုလဲ" ဟု မေးလိုက်လျှင် မရွှေရီ အားတက်သရောဖြင့်-

"ဟယ် . . . နင်တို့ တကယ်ပြောတာလား ပြုံးနွယ်၊ ငါ့ဘက်က သေချာပါတယ်ဟ၊ ဒီသင်တန်းတက်ချင်တာကြာပြီပဲ၊ နင်လည်း ဘကြီးဒိုးမောင်အိမ် ဝင်ပြောလိုက်ဦး၊ ငါ့ဘက်က သေချာတယ်လို့ ဟဲ့ . . . ပြောလိုက်နော်၊ မနက်ဖြန်တွေ့မယ် ပြုံးနွယ်ရေ၊ အမေ့အတွက် ဆေးသွားယူစရာရှိသေးတယ်၊ ငါသွားမယ်နော်" ဟု ပြောရင်း ရွှင်လန်းတက်ကြွစွာ ထွက်သွားသည့် မရွှေရီကိုကြည့်ရင်း သောကြာက ပြောလိုက်သည်။

"ကဲ . . . မပြောဘူးလား၊ ရွှေရီဘက်က သေချာလောက်ပါတယ်လို့၊ ရွာအတွက် တကယ်လိုအပ်နေတဲ့အလုပ်မျိုးဆို သူ တက်နိုင်၊ အချိန်ပေးနိုင်ရင် ရွှေရီက ဘယ်တော့မှ ငြင်းမှာမဟုတ်ဘူး၊ ဒါကြောင့်မို့လည်း တို့ကျန်းမာရေးဆရာမက ရွှေရီကို အားကိုးတကြီးနဲ့ ရွေးလိုက်တာပေါ့ဟ" ဟု ပြောလိုက်ရာ ပြုံးနွယ်က သောကြာကို မျက်စောင်းထိုးကြည့်လိုက်ရင်း-

"ဟင်း . . . သောကြာကတော့ ကြက်တူရွေးက တော်တော်မယ်ဘော်ကကဲကဲလုပ်နေပြန်ပြီ၊ နင်က ရွှေရီဆို အမြဲအမွှတ်ပေးတယ် . . . ဟင်း"

"ဟာ . . . နင်ကလည်း ပြောပြန်ပါပြီ၊ ငါက ရွှေရီစိတ်ကို အစင်းသိမို့ပြောတာပါဟဲ့"

"အေးပါဟယ်၊ ငါ စတာပါ၊ အေးဟာ တကယ်တော့လည်း တို့ သူငယ်ချင်းတွေ တစ်ထောင့်တစ်နေရာစီကနေ ရွာအတွက် လိုအပ်တဲ့ကိစ္စတွေမှာ တတ်နိုင်သလောက် ဖြည့်ပေးနေတာတွေ့ရတော့ ဝမ်းသာစရာပေါ့ဟာ၊ ဩော် . . . ဒါနဲ့ သောကြာ တောက်ထွန်းပြန်ရောက်နေတယ် ကြားတယ်၊ မနက်ဖြန် သူ့အိမ်သွားကြရအောင်"

"အေး . . . ငါလည်း ကြားတယ်၊ ဒါနဲ့ တောက်ထွန်းက မကြာခင်မှာ ပဉ္စင်းဝတ်ဦးမှာဟ၊ ရွာဦးကျောင်းမှာ အကြီးအကျယ် လှူဦးမှာတဲ့၊ သူ့မိဘတွေ စီစဉ်နေကြပြီ၊ အဲဒါ မကြာခင် တစ်ရွာလုံး တာဝန်ခွဲဖို့ ဘကြီးဒိုးမောင်ပြောနေတယ်၊ ကဲ . . . အဲဒီပွဲမှာ တက်ညီလက်ညီ နွှဲကြဖို့ အားမွေးထားဦး၊ ကဲ . . . ငါသွားမယ်၊ မနက်ဖြန် တောက်ထွန်းအိမ်မှာ ဆုံကြမယ်"

"အေး . . . အေး"

## အခန်း (၅)

"ဆုံးဖြတ်ချက်မပြင်တော့ဘူးလား မရွှေရီ၊ ဖြစ်နိုင်ရင် အဲဒီကိစ္စ ဖျက်လိုက်ပါဟာ၊ နင့်အလုပ်က ဟို ဝမ်းဆွဲတဲ့အလုပ်ပါ လုပ်ရမှာ၊ ငါတို့အမေကလည်း သဘောမကျဘူးဟာ၊ နောက်ပြီး ဒီဝမ်းဆွဲတဲ့အလုပ်ဆိုတော့ လူ အထင်သေးစရာကြီးပါဟာ"

"ဘာ . . . လူအထင်သေးစရာ ဟုတ်လား၊ တော်ပါတော့ တောက်ထွန်းရာ၊ နင်လည်း ခေတ်ပညာတတ်ဖြစ်ပြီး ကိုယ့်ဒေသကိုယ့်ရပ်ရွာလိုအပ်ချက်တွေ မမြင်တတ်ပါလား၊ နောက်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့လူတစ်ယောက် လူ့လောကထဲရောက်လာဖို့ မွေးဖွား

သန့်စင်ပေးရတဲ့အလုပ်ဟာ အထင်သေးစရာမဟုတ်ပါဘူး၊ အေးလေ . . . နင်တို့ဆွေမျိုးအသိုင်းအဝိုင်းက ဒီအလုပ်လုပ်လို့ တို့မိဘတွေရည်ရွယ်ထားတဲ့ မင်္ဂလာဆောင်ဖို့ကိစ္စကိုဖျက်လည်း ငါ ဝမ်းမနည်းဘူး၊ တချို့က ဒီလိုဖြစ်သွားတဲ့အတွက် ငါလိုမိန်းကလေး ဘက်က နစ်နာတယ်လို့ပြောကြမှာပဲ၊ တချို့သာဆိုရင် နာမည်ပျက် တယ်လို့ ပြောချင်လည်းပြောကြမှာပဲ၊ ဒါပေမယ့် ငါ့စိတ် ငါသိတယ်၊ လိပ်ပြာသန့်တယ်၊ နင်ဆုံးဖြတ်ချင်သလို ဆုံးဖြတ်၊ ငါ့ဘက်ကတော့ ဒီအတိုင်းပဲ၊ လုပ်သင့်တဲ့အလုပ်မို့ အပျက်မခံနိုင်ဘူး၊ အခုတစ်ပတ် အတွင်း သင်တန်းသွားရမယ်၊ နင့်ကိုလည်း တစ်ပါတည်း နှုတ်ဆက် ပါတယ်၊ ကဲ . . . နင် ဆွေးနွေးချင်တယ်၊ တိုင်ပင်ချင်တယ်ဆိုတာ ဒါပဲမဟုတ်လား၊ ငါသွားတော့မယ်၊ ဟိုမှာစောင့်နေကြတာ ကြာလှပြီ"

မရွှေရီတစ်ယောက် သူ့ဆန္ဒကို တောက်ထွန်းအား တစ်ခါတည်း အပြတ်ပြောလိုက်သည်။ တောက်ထွန်းကား ငိုင်၍ကျန်ခဲ့သည်။ ဆေးပေးခန်းအနီးမှ သူမကို စောင့်နေကြသည့် ပြုံးနွယ်တို့၊ ခင်သန်းဝင်းတို့အဖွဲ့မှ ခင်သန်းဝင်းကဆီး၍-

"ဟဲ့ . . . ရွှေရီရယ်၊ နင်တို့နှစ်ယောက်ကလည်း ဘာတွေ ပြောမကုန်ဖြစ်နေကြတာလဲ၊ ကြာလိုက်တာလွန်ရော၊ ဧကန္တတော့ မင်္ဂလာအစီအစဉ်တွေကို တို့အသိမပေးဘဲ ဘာတွေကြိတ်ပြီး စီစဉ် နေကြတာလဲ၊ တို့လည်းပြောဦး" ဟု ပြောလိုက်သဖြင့် ပြုံးနွယ် မှလည်း-



"အေး . . . ဟုတ်တယ်ဟေ့၊ ခင်သန်းပြောတာမှန်တယ်၊ ကဲ . . . တို့သိထားတာအပြင် ဘာတွေထူးသလဲ" ဟု ထပ်ဆင့် မေးလိုက်သဖြင့် မရွှေရီတစ်ယောက် ခေါင်းကုတ်လိုက်ရင်း-

"အေး . . . နင်တို့မေးနေတာ တစ်ခုမှမဟုတ်ဘူး၊ အခုတော့ မပြောနိုင်သေးဘူး၊ နောက်မှ တစ်ခုမကျန်ပြောပြမယ်၊ ကဲ . . . လာကြ၊ အခုတော့ ကျန်းမာရေးမှူးနဲ့ဆရာမလေးမလာခင် ဆေးခန်း အတွက် သန့်ရှင်းရေးလုပ်စရာတွေ၊ ပြင်ဆင်စရာတွေ လုပ်ကြရ အောင်"

ဟုပြောရင်း ဆေးခန်းအတွင်း ဦးဆောင်ဝင်သွားရာ ပြုံးနွယ် တို့လည်း နောက်က လိုက်လာကြသည်။ ဆေးခန်းအတွင်း သူတို့ မိန်းကလေးတစ်သိုက်လည်း သန့်ရှင်းရေးလုပ်သူကလုပ်၊ စားပွဲ၊ ထိုင်ခုံအနေအထားပြင်သူကပြင်ဖြင့် အလုပ်များနေကြပြီ၊ သည်နေ့ သည် တနင်္လာနေ့ဖြစ်သလို၊ ပန်းတောရွာဆေးခန်းဖွင့်မည့်နေ့ဖြစ် နေသဖြင့် သူတို့ရွာတာဝန်ကျ ကျန်းမာရေးဆရာမလေးအပြင် ကျန်းမာရေးမှူးကိုယ်တိုင်လာမည့်နေ့ပင်။

"ဟေ့ . . . ရွှေမိတို့အားလုံး ပြင်ဆင်ပြီးပြီလားဟေ့၊ ဆေးခန်း ပြမယ့်လူတွေ မနည်းဘူးနော်၊ ကျန်းမာရေးမှူးတို့ ရောက်လာကြ တော့မှာဟေ့" ဟုပြောရင်း ဆေးခန်းအတွင်းဝင်လာသည့် ဦးဒိုးမောင်။ ဦးဒိုးမောင်ကား ပန်းတောရွာ၏ ရွာမိရွာဖကြီးပင်။ မရွှေရီတို့မှာ လည်း သုံးလေးရက်ပိတ်ထားသည့်ဆေးခန်းအတွင်း သန့်ရှင်းရေး လုပ်၊ စားပွဲထိုင်ခုံ ပြင်ဆင်ကြ၊ ဖုန်သုတ်ကြ၊ ဆေးခန်းသုံးပစ္စည်းများ နေရာချ၊ တချို့က သောက်ရေများဖြည့်ကြလုပ်နေကြသဖြင့်

ဦးဒိုးမောင်ဝင်လာသည်ကို သတိမထားမိလိုက်ကြ။ ဆေးခန်းပြမည့်သူများနှင့် ဘကြီးဒိုးမောင်အသံကြားမှ အပြင်သို့ လှည့်ကြည့်မိတော့သည်။ ဆေးခန်းဝတွင်ရပ်နေသည့် ဦးဒိုးမောင်က ပြုံးပြုံးကြီးဖြင့်-

"အေး . . . အဲဒီလိုဆေးခန်းလေးကို သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျပြင်ဆင်ပြီး သန့်ရှင်းရေးလုပ်ထားလိုက်တော့ ဟိုကျန်းမာရေးမှူးတွေ၊ ဆရာမလေးတွေ စိတ်ကြည်လင်ရုံတင် ဘယ်ကမလဲ ဟောဒီလိုဆေးခန်းလာပြကြတဲ့ နေမကောင်းတဲ့ရွာသားတွေတောင် ရောဂါတစ်ဝက်သက်သာသွားကြမှာပဲ၊ ကဲ . . . ရွှေမိတို့အဖွဲ့ နားလိုက်ကြဦး၊ တော်ကြာ သောကြာတို့အဖွဲ့ ရေနွေးကြမ်းရော၊ ရေနွေးအဖြူတွေရော ယူလာကြလိမ့်မယ်ဟေ့"

ဟုပြောလိုက်လျှင် မရွှေရီက -

"အားလုံးတော့ ပြင်ဆင်ပြီးပါပြီဘကြီး၊ သြော် . . . ဒါနဲ့ ဘကြီး ရွှေရီ နောက်တစ်ပတ်ဆို သင်တန်းသွားရတော့မယ်၊ ရက်သေချာသွားပြီ၊ ရွှေရီ သင်တန်းသွားတုန်း ဟောဒီကောင်မတွေကို လွှတ်မထားနဲ့ဦး ဘကြီး၊ သောကြာတို့အဖွဲ့ကလည်း နေရာတကာ နောက်ကျပါဘိသနဲ့" ဟု မရွှေရီက သူမ သူငယ်ချင်းများကို ကျီစယ်သလိုပြောလိုက်လျှင် ပြုံးနွယ်က ဝင်ပြောလိုက်ပါသည်။

"အံမယ် မရွှေမိ၊ သြော် . . . ရွှေရီ . . . နင်က ငါတို့အဖွဲ့ကို အထင်သေးလို့ ဘကြီးကို ဒီလိုပြောတာပေါ့၊ ညည်းသာ သင်တန်းမှာ ထူးချွန်အောင်စိတ်အေးအေးထားပြီးတက်ပါတော်၊ ရွာကိစ္စတွေ ကျွန်မတို့နဲ့ဟောဟိုကလာနေတဲ့ သောကြာတို့အဖွဲ့က တာဝန်ယူပါတယ်တော်" ဟု ပြောလိုက်ရာ မရွှေရီက -



"ဟင်း . . . ဟင်း . . . စတာပါပြုံးနွယ်ရယ်၊ နင်တို့ကို ယုံပြီးသား၊ ဒီသင်တန်းကိုလည်း ရည်ရွယ်ချက်ရှိရှိ၊ အသိစိတ်ရှိရှိနဲ့ တက်တာပါ။ ထူးချွန်အောင် ကြိုးစားပါ့မယ်၊ ဒီလိုဆုံးဖြတ်လိုက်တဲ့အတွက် ငါ့ဘဝတစ်စိတ်တစ်ပိုင်းကို ဖြုံဖျက်ခဲ့ရတာဆိုတာကို နင်တို့ သိကြရမှာပါ။ အဲဒါကြောင့် ငါ မကြိုးစားမှာတော့ မပူပါနဲ့ဟာ"

သူမရင်ထဲမှ အမှတ်မထင် ထွက်လာသည့်စကားကြောင့် ပြုံးနွယ်တို့ အံ့သြသွားကြသလို၊ ဦးဒိုးမောင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း-

"အေး . . . ရွှေရီပြောတာဟုတ်တယ် သမီးတို့ရေ၊ ဘကြီးလည်း ကြားသင့်သလောက်တော့ ကြားခဲ့ပါပြီ၊ အခုမနက်တောင် တောက်ထွန်းအမေ မစာဖြူက သူ့သားကို ဟိုဘက်ရွာက ကိုရင်သာပြုံးသမီးလေးနဲ့နားဖောက်ဖို့ ဘကြီးကို ပြောလိုက်သေးတယ်" ဟုပြောလိုက်လျှင် ပြုံးနွယ်တို့ ခင်သန်းဝင်းတို့ မိန်းကလေးတစ်သိုက်ကလည်း တအံ့တသြဖြစ်သွားကြသည်။

"ဟင် . . . ဟုတ်လား ဘကြီး၊ ဟဲ့ . . . ရွှေရီ နင်တို့ ဘာဖြစ်ကြတာလဲ" ဟုမေးလိုက်ရာ မရွှေရီက အားလုံးကိုကြည့်ရင်း ခပ်အေးအေးဖြင့်-

"ကျွန်မ ဘာမှ ထူးထူးခြားခြား မခံစားရပါဘူးဘကြီးရယ်၊ တောက်ထွန်းနဲ့ကျွန်မ ဘာမှမဖြစ်သလို ဒီကိစ္စလည်း လူကြီးတွေ စီစဉ်ခဲ့တဲ့ကိစ္စပါ၊ အခု ကျွန်မတက်မယ့်သင်တန်းရဲ့ရည်ရွယ်ချက်နဲ့ အလုပ်ကြောင့် ဖျက်လိုက်ကြတယ်လို့သိရတော့ ကျွန်မအတွက် ကံကောင်းသွားတာပေါ့ဘကြီးရယ်၊ အမေ့အတွက်၊ ရွာအတွက်

နှောင်ကြိုးကင်းကင်းနဲ့အလုပ်တွေပိုပြီး လုပ်ခွင့်ရသွားတာပေါ့။ အဲဒီလိုဖြစ်ရတဲ့အကြောင်းတွေလည်း နင်တို့ကို ငါပြောပြမှာပါ” ဟုပြောလိုက်လျှင် ဦးဒိုးမောင်မှ မရွှေရီ၏စိတ်ခာတ်ကို ရင်ထဲမှ ကြိတ်ချီးကျူးပေမယ့် စိတ်မကောင်းတော့ဖြစ်မိတာအမှန်။

“ရွှေမိစိတ်ခာတ်ကတော့ အာဂစိတ်ခာတ်ပဲပေါ့၊ ဟော ဟိုမှာ ဆရာတို့အဖွဲ့တွေ ရောက်လာကြပြီ၊ ပစ္စည်းတွေ ဝိုင်းကူသယ်ကြဦးပေါ့”

ဟု လူငယ်များအဖွဲ့ကိုပြောလိုက်ချိန်ဝယ် ကျန်းမာရေးမှူးတို့အဖွဲ့ကိုသွားကြိုသည့် ရွာမှ ဖိုးတာတီး၏ကျွဲချိုထော်လာဂျီမှာ ဆေးပေးခန်းရှေ့ ရောက်လာပေပြီ။

## အခန်း (၆)

“ကျွန်တော် ဒီအလှူကို လှူရတာ အရမ်းဝမ်းသာပါတယ်၊ ကျွန်တော်ဟာ ဒီရွာမှာမွေးခဲ့တဲ့ ဒီရွာသားတစ်ဦးပါ၊ ဟောဒီကျွန်တော့်တူ မင်္ဂလာပွဲကို ကျွန်တော့်ရဲ့အစ်မကြီး ဒေါ်စာဖြူ တကူးတကဆက်သွယ်ဖိတ်ကြားမှုကြောင့် ရွာကိုပြန်ရောက်ဖြစ်ခဲ့တာပါ၊ ကျွန်တော်ရွာနဲ့ကင်းကွာနေတာ နှစ်ပေါင်း သုံးလေးဆယ်ရှိခဲ့ပါပြီ၊ အဲဒီကာလအတွင်း နိုင်ငံတော်တော်များများမှာ သွားရောက်စီးပွားရှာခဲ့ပါတယ်၊ မကြာခင်ကာလမှ ကိုယ့်နိုင်ငံကိုပြန်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ လုပ်ငန်းတွေ လုပ်နေပါပြီ၊ အဲဒါ ကျွန်တော့်အကြောင်းပါ၊ အခုတစ်ဖန် ကျွန်တော် ကိုယ့်မွေးရပ်ကိုရောက်တဲ့အချိန်မှာ အစစ တိုးတက်နေတာတွေ့ရတော့ ဝမ်းသာခဲ့ရသလို၊



တိုးတက်မှုများနဲ့အတူ ရွာမှာလိုအပ်နေသေးတဲ့ရွာနဲ့ညီမျှတဲ့ ရွာနီးချုပ်စပ်ပါ အားထားရမယ့်စာကြည့်တိုက်ကို ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ဆောက်လုပ်လှူဒါန်းဖို့စိတ်ဆန္ဒဖြစ်ပေါ်ခဲ့ပါတယ်၊ အဲဒါကို ဒီတစ်လနှစ်လအတွင်း အပြီးဆောက်ပြီးဖွင့်ပွဲလုပ်နိုင်အောင် စီစဉ်ပြီးပါပြီ၊ လှူရခြင်းအကြောင်းကတော့ ကျွန်တော်စောစောပိုင်းက အကျယ်ပြောခဲ့ပြီးပါပြီး၊ အဓိကက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ပါပဲ၊ အဲဒီတော့ ဒီလိုစာကြည့်တိုက်ကြီးဖြစ်ပေါ်လာတာနဲ့အမျှ ထိန်းသိမ်းဖို့သင့်တော်မယ့်ဝန်ထမ်းတွေ လိုအပ်ပါတယ်၊ အဲဒီဝန်ထမ်းလစာတွေကို ကျွန်တော်နှစ်စဉ်လှူဒါန်းမှာပါ၊ စာကြည့်တိုက်မှူးတို့၊ လက်ထောက်စာကြည့်တိုက်မှူးတို့၊ အထွေထွေလုပ်သားစသည်ဖြင့် ရွေးချယ်ခန့်ထားပေးမှာပါ၊ စိတ်ပါဝင်စားကြတဲ့ လူငယ်လူရွယ်တွေ လျှောက်ထားနိုင်ဖို့ အားလုံးနဲ့တိုင်ပင်ထားပါတယ်၊ အဲဒီတော့ ကျွန်တော်ကလုပ်ငန်းတွေတစ်ဖက်နဲ့ဆိုတော့ မြို့ကိုမပြန်ခင်မှာ လူတွေ့မေးမြန်းစရာရှိတာမေးမြန်းပြီး ညှိနှိုင်းရွေးချယ်သွားမှာပါ၊ အဲဒီအတွက်လည်း ဟောဒီက ရွာမိရွာဖ ဘကြီးဒိုးမောင်နဲ့ ရွာတာဝန်ရှိလူကြီးတွေက စီစဉ်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်” ဟု ပန်းတောရွာစာကြည့်တိုက်အလှူရှင် ကိုကျော့မောင်စကားဆုံးတော့ ဒေါ်စာဖြူအိမ်ရောက်နေသူတွေထဲမှ စကားသံတွေ ထွက်လာသည်။

“ဩော် . . . သူက မမစာဖြူရဲ့မောင်ကိုး” “ဟုတ်တယ်ဗျို့ ကျွန်တော်တို့ရွာအတွက်တော့ ထီပေါက်သလိုပဲဗျို့”

"ဟုတ်တယ်ဗျို့၊ အခုနစကားပြောနေတာ ကျွန်တော်တို့ရွာသား ကိုကျော့မောင်တဲ့၊ သူဌေးဖြစ်နေပြီဗျ၊ အဲဒါကြောင့် ရွာကိုရောက်တုန်းစီစဉ်လိုက်တာဗျို့" ဟု ရွာသားထဲမှတစ်ဦးက ပြောလိုက်သလို၊ နားထောင်နေသူတခြားရွာသားတစ်ဦးကလည်း-

"သာခုဗျာ၊ သာခု၊ သာခု . . . ဒါနဲ့ ခင်ဗျားတို့ရွာက စာကြည့်တိုက်ဝန်ထမ်းလျှောက်ကြတဲ့ကလေးတွေ တော်တော်များသလားဗျ" ဟုမေးလိုက်လျှင် ရွာခံဖြစ်သူ ကိုညိုကြီးက -

"ဆယ်ဦးလောက်တော့ရှိတယ်ဗျို့၊ ရွာထဲမှာ ဘွဲ့ရတို့၊ ၁၀ တန်းအောင်တို့ကလည်း ရှိနေကြတာပဲ မဟုတ်လား၊ မိန်းကလေးတွေထဲက သုံးဦးလေးဦးလောက်ရှိတယ်လို့ ဦးဒိုးမောင်ပြောတာ ကြားမိတယ်ဗျို့" ဟု အပြန်အလှန်ပြောနေကြသလို တဖြည်းဖြည်းပင် ဒေါ်စာဖြူအိမ်တွင် မင်္ဂလာပွဲလာဧည့်သည်များ ပါးသွားသဖြင့်၊ လုပ်သူကိုင်သူများကလည်း မင်္ဂလာမဏ္ဍပ်ဖျက်သူဖျက်၊ ပစ္စည်းများသိမ်းသူသိမ်း၊ ပို့သူပို့ဖြင့် အလုပ်များနေကြသည်။ မိန်းကလေးများကလည်း ပန်းကန်ခွက်ယောက်များဆေးကြ၊ သုတ်ကြ၊ စစ်ဆေးရေတွက်ကြဖြင့် မအားနိုင်သေးပေ။

"ဟဲ့ . . . ရွှေရီ၊ အခုန ဦးကျော့မောင်ပြောတဲ့ အင်တာဗျူးသွားရဦးမှာမဟုတ်လား၊ ပန်းကန်တွေရေစစ်ပြီး တောင်းထဲထည့်ဖို့တို့ပဲလုပ်ထားလိုက်မယ်၊ နင် အိမ်ပြန်ပြီး ရေမိုးချိုးပြီး အဝတ်အစားလဲတော့လေ"



"ရပါတယ် ခင်သန်းဝင်းရယ်၊ အားလုံးဝိုင်းလုပ်ကြတာ မကြာတော့ပါဘူး၊ လူတွေ့ခေါ်ထားတာက ညနေမှပါ" ဟုပြောလိုက်စဉ် သူတို့အနားသို့ အပြေးတစ်ပိုင်းဖြင့်ဝင်လာသူ ဖိုးတာက အမောတကောဖြင့်-

"မမရွှေရီ၊ မမရွှေရီ၊ အမေ . . . အမေ ဗိုက်နာနေလို့ ဆရာမလာခေါ်တာ၊ ဆရာမ ဟို ဇရစ်ရိုးရွာဘက်ရောက်နေလို့ ဦးလေးထွန်းစိန်တို့ သွားခေါ်နေပြီ၊ ကျွန်တော့်ကို မမရွှေရီကို အရင်ခေါ်သွားနှင့်ဆိုလို့ လာခေါ်တာ၊ အမေက မနေ့က ချော်လဲသလိုလည်း ဖြစ်သွားသေးတယ်၊ မြန်မြန်လုပ်ပါ မမရွှေရီရယ်" ဟု မောကြီးပန်းကြီးနှင့် ပြောနေသူ ဖိုးတာတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည်။

"ဟင်"

မရွှေရီ ဟင်ခနဲဖြစ်သွားကာ ဖိုးတာကိုကြည့်ရင်း-

"ဖိုးတာ၊ ကဲ . . . ခင်သန်းဝင်း ငါ လိုက်သွားနှင့်မယ်၊ ဆရာမလာရင် ပြောလိုက်တော့၊ ဆရာမ လိုတာတွေ ဆေးခန်းကစောင့်ပြီး ဝိုင်းထည့်ပေးလိုက်ကြဦး၊ ငါ အိမ်ဘက် လှည့်ယူစရာလေးတွေယူပြီးရင် လိုက်သွားနှင့်မယ်၊ ကဲ . . . ဖိုးတာ လာလာ၊ မြန်မြန်သွားကြမယ်"

ဖိုးတာလေးမှာ ပန်းတောရွာ နှင့်တစ်မိုင်ကျော်ကျော်ဝေးသည့် ကွင်းလယ်တဲစုတွင်နေထိုင်သော ကိုဘအေး၊ မကြည်တို့၏ သား

အကြီးလေးဖြစ်သည်။ အိမ်တွင် ဖခင်မရှိခိုက်အချိန်ဖြစ်နေသဖြင့် တဲသုံးလေးလုံးသာရှိသော သူတို့တဲစုတွင် အရေးအကြောင်းပေါ်လျှင် များသောအားဖြင့် မိန်းမတွေသာ ကျန်နေတတ်သည်။ ယောကျ်ားအများစုက တောတက် ဝါးခုတ်၊ ထင်းတိုက်သူက များသည်။ သည်အကြောင်းတွေကို မရွှေရီသိထားသဖြင့် မကြည်အတွက် အလွန်စိုးရိမ်မိသည်။ တဲစုတွင် ကျန်းမာရေးဆရာမလာခေါ်နေသော ကိုထွန်းစိန်ရှိနေ၍သာ တော်တော့သည်။

"ကဲ . . . ဖိုးတာရေ၊ လမ်းရိုးရိုးကသွားလို့ ကြာနေမယ်၊ ရိုးပြတ်တောထဲက တန်းဖြတ်သွားစို့"

မရွှေရီ အိမ်မှယူစရာရှိသည့်ပစ္စည်းများယူပြီး ကွင်းလယ်တဲစုတည့်တည့်သို့ မြေပတ်အက်ကွဲ ဗလဗွနှင့် ရိုးပြတ်တောထဲမှာ အပြေးတစ်ပိုင်းဖြင့်သုတ်ခြေတင်တော့၏။

၄ ၄ ၄

"ကဲ . . . အားလုံး စိတ်ချရပါပြီ၊ မကြည်လည်း စိတ်အားမငယ်နဲ့နော်၊ လူကြီးရောကလေးပါ အခြေအနေကောင်းပါတယ်၊ ကျွန်မဖြင့် ကြားကြားချင်း အရမ်းစိတ်ပူသွားတယ်၊ ဇရစ်ရိုးရောက်နေတော့ နည်းနည်းနောက်ကျသွားတယ်၊ တော်သေးတယ်၊ ဟောဒီက မရွှေရီက လုပ်သင့်တာလုပ်ကိုင်ထားလို့၊ ဪ . . . ဒါနဲ့ မရွှေရီရေ ဆရာမကျန်ခဲ့ဦးမယ်၊ ညီမ ပြန်လိုက်တော့၊ အင်တာဗျူးဖို့ ရှိသေးတယ်မဟုတ်လား၊ ကဲ . . . ကိုထွန်းစိန်



နွားလှည်းလေးနဲ့ လိုက်ပို့ပေးပါဦး" ဟုပြောလိုက်လျှင် မရွှေရီက ပျာပျာသလဲဖြင့်-

"ဟို . . . မဟုတ်တာဘဲ ဆရာမရယ်၊ ကျွန်မ ဆရာမနဲ့မှ ပြန်ပါ့မယ်၊ ဟောဒီက မကြည်နေကောင်းဖို့သာ အရေးကြီးပါတယ်" ဟု ပြောလိုက်လျှင် ကိုထွန်းစိန်က -

"ကဲ . . . ခဏစောင့်၊ ကျွန်တော် နွားတပ်ပြီး လှည်းမောင်းလာခဲ့မယ်၊ ခဏလေး"

"ကဲ . . . ငါ့ညီမ စိတ်ချလက်ချပြန်လိုက်ပါ၊ သည်ဘက်ကိစ္စ မပူပါနဲ့၊ ဆရာမ ဖြည်းဖြည်းမှ ပြန်လာခဲ့မယ်" ဟု ပြောသလိုအိမ်ပေါ်ရောက်နေသူများကလည်း မရွှေရီအကြောင်းသိကြသဖြင့် အချိန်မီပြန်ရန် တိုက်တွန်းနေကြသည်။ မီးနေသည် မကြည်ကပင်-

"မရွှေမိရယ်၊ စိတ်ချသာပြန်ပါ၊ မကြည် နေလို့ကောင်းပါတယ်၊ ပြန်လိုက်နော်"

သို့ဖြင့် ကိုထွန်းစိန်လိုက်ပို့သောလှည်းဖြင့် မရွှေရီ ရွာသို့ ပြန်ခဲ့သည်။ ကိုထွန်းစိန်ကား မရွှေရီအချိန်မီ ရွာပြန်ရောက်ရန် ရှိနေသည်ကတစ်ကြောင်း၊ သူ့နွားတွေကောင်းကြောင်း ပြချင်သည်ကတစ်ကြောင်းကြောင့် လှည်းကို ဒုန်းစိုင်းမောင်းနေလေတော့၏။

"ကိုထွန်းစိန် လှည်းကို ဖြည်းဖြည်းမောင်းပါရှင်၊ နွားတွေသနားပါတယ်"

"ရပါတယ် ရွှေမိရဲ့၊ ငါ့နွားတွေက ဒီလိုညနေ နေချိုပေါက်ချိန်ဆို အရမ်းမောင်းလို့ကောင်းတာ၊ သိပ်ပြေးတာ၊ ဟောဒီလိုကို မြန်တာ၊ ဟဲ့ . . . သားကြီးတို့ ပြေးစမ်း"

ကိုထွန်းစိန်ကား ပြောလည်းပြော၊ သူ့နွားများကို ကြိမ်အဆက်မပြတ် တို့ပေးနေရာ လှည်းက မြန်သည်ထက်မြန်လို့နေသည်။ ဖုန်လုံးကြီးတွေက လှည်းနောက်မှ တလိပ်လိပ်၊ သို့ဖြင့် ရွာနှင့် နီးလာချေပြီ။

"ကဲ . . . မရွှေမိရေ၊ အစ်ကိုကြီး ရွာလယ်စာကြည့်တိုက်အထိ တစ်ခါတည်းမောင်းပို့ပေးလိုက်မယ်"

"အို . . . နေပါစေ ကိုထွန်းစိန်ရယ်၊ ရွာအဝင်လမ်းရောက်ရင် ရပ်လိုက်နော်၊ ရွာလယ်လမ်းမှာ လှည်းမမောင်းရဘူးလို့ ဘကြီးဒိုးမောင်ပြောထားတယ်၊ ရွာထိပ်မှာသာ ရပ်ပါရှင်"

"ဩော် . . . ဟုတ်လား၊ ရွာထိပ်ရောက်ပါတော့မယ်၊ ဟောမရွှေမိရေ ဟိုမှာ ကားကြီးတစ်စီးပါလား၊ ရွာထဲကထွက်လာတာကွယ့်၊ ဘယ်က ကားကြီးပါလိမ့်၊ ဟဲ့ . . . တိမ်ပျံ၊ မိုးပျံ ဖြည်းဖြည်း . . . ကျွတ် ကျွတ်"

ကိုထွန်းစိန်မှာ ကားကြီးထွက်လာတာမြင်သဖြင့် ကားကြီးကိုငေးချင်တာကတစ်ကြောင်း၊ သူ့နွားများ လန့်သွားမည်စိုးရိမ်တာတစ်ကြောင်းကြောင့် စုတ်ထိုး၍ နွားတွေကို အပြေးလျှော့နေလေ၏။ ကားကြီးမှာ လှည်းလမ်းနှင့် မနီးမဝေးတွင်ရှိနေသော ရွာအဝင်ကျောက်ခင်းလမ်းပေါ်မှနေ၍ အဝေးပြေးကားလမ်းကြီးဘက်သို့မောင်းထွက်သွားသည်။ မရွှေရီလည်း လှည်းကက်အိမ်ယိုင်တိုင်ကိုကိုင်ထားရင်း ကားကြီးကို ငေးကြည့်နေမိသည်။ ပြီးမှ-



"ကိုထွန်းစိန် လှည်း ဒီမှာတင်ရပ်တော့၊ ကျွန်မ စာကြည့်တိုက်ကိုသွားစရာမလိုတော့ပါဘူး၊ ဟို . . . သူဌေးပြန်သွားပြီ"

"ဟေ့ . . . ဟုတ်လား၊ ဒါ . . . နင်တို့စာကြည့်တိုက်လာလှူတဲ့သူဌေးဆိုတာလား" ကိုထွန်းစိန်မှာ လှည်းမောင်းလာရင်း မရွှေရီပြောထားသဖြင့် သိနေပြီဖြစ်၍ မေးနေခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ကိုထွန်းစိန်၊ အဲဒါ ကျွန်မပြောခဲ့တဲ့ ကျွန်မတို့ရွာသား ဦးကျော့မောင်ပါ၊ ဒီနေ့ ညနေပိုင်း အလုပ်အတွက် လူရွေးပြီးလို့ မြို့ကိုပြန်သွားတာပါ" ဟုပြောလိုက်လျှင် ကိုထွန်းစိန်က စိတ်မကောင်းစွာဖြင့်-

"ဟာ . . . ဖြစ်မှဖြစ်ရလေ မရွှေမိရယ်၊ ငါ့ညီမ ဟို စာကြည့်တိုက်အလုပ် မလုပ်ရတော့ဘူးပေါ့၊ ဒီနေ့မှ မိကြည်ကလည်း ဖြစ်ရတယ်လို့ကွာ . . . တောက်"

"အို . . . ဒီလိုမပြောပါနဲ့ ကိုထွန်းစိန်ကြီးရယ်၊ ကျွန်မကိစ္စက အရေးမကြီးပါဘူး၊ အားလုံး တိုက်တွန်းလို့သာ ပြန်လာရတာ၊ မကြည်အတွက် ကျွန်မမှာ တာဝန်မကင်းသေးဘူး၊ ကျွန်မပြန်လိုက်ခဲ့မယ်၊ ဩော် . . . ဟိုမှာ ရွာထဲထွက်လာနေတာ ခင်သန်းဝင်းတို့ထင်တယ်၊ နေဦးနော် ကိုထွန်းစိန်၊ ခင်သန်းဝင်းတို့နဲ့ အမေ့ကိုမှာခဲ့ရဦးမယ်"

ထိုသို့ပြောနေစဉ်မှာပင် ခင်သန်းဝင်းတို့ ပြုံးနွယ်တို့နှင့် ဆုံမိကြသည်။

"ဟယ် ရွှေမိရယ်၊ အခုမှရောက်လာတယ်နော်၊ နင့်ကို ဘကြီးဒိုးမောင်တို့ စောင့်နေကြသေးတယ်၊ ဦးကျော့မောင်က မြို့မှာအလုပ်တွေရှိလို့ လာတဲ့လူတွေ မေးစမ်းပြီးတာနဲ့ပြန်သွားတာ မကြာသေးဘူး၊ သူ့ကား နင် တွေ့လိုက်မှာပေ့ါ၊ နင့်ကို ငါတို့အားလုံးထွက်မျှော်နေတာဟဲ့" ပြုံးနွယ်ကပြောလိုက်သည်။ ခင်သန်းဝင်းက

"အခုလိုလွဲသွားတာ ငါတို့ စိတ်မကောင်းလိုက်တာဟယ်၊ သောကြာဆို တောက်တစ်ခေါက်ခေါက်နဲ့၊ ဟော . . . ပြောရင်းဆိုရင်း သောကြာတောင် စက်ဘီးနဲ့လိုက်လာနေပြီ"

ထိုစဉ် ရွာအဝင်လမ်းတွင် လှည်းရပ်ပြီး စကားပြောနေသောနေရာသို့ သောကြာရောက်လာသည်။

"ဟာ ရွှေရီရာ၊ ကပ်ပြီးလွဲပြန်ပါပြီဟာ၊ ဒီအလုပ်ဟာနင့်အတွက် အခွင့်အရေးမို့ ဘကြီးဒိုးမောင်ရော၊ တို့အားလုံးရောနင့်အကြောင်းပဲ တဖွဖွ ပြောနေကြတာ၊ ဟို ဦးကျော့မောင်တောင်စိတ်မကောင်းဘူး"

"ဒီလိုပဲပေ့ါဟာ၊ ဟိုမှာက သေရေးရှင်ရေးဆိုတော့ ကိုယ့်ဘက်ကိုယ် ကြည့်လို့မရတာ နင်တို့လည်း သိကြပါတယ်၊ ကဲစိတ်မကောင်း မဖြစ်ကြပါနဲ့၊ သြော် သောကြာ နင်က စက်ဘီးနဲ့ဆိုတော့ အမေ့ကို သွားပြောလိုက်ပါ၊ ဟိုမှာ ဆရာမနဲ့ ညအိပ်ပြီးစောင့်နေရင် စောင့်နေရမှာမို့ ဒီည ပြန်နိုင်မှာ မဟုတ်ဘူးလို့၊ ကဲကိုထွန်းစိန် လှည်းပြန်မောင်း"



"အေး ငါ ပြောရုံတင်မကပါဘူးဟာ အရီးလေးဆီမှာ ဒီညသွားစောင့်ပေးပ့ါမယ်၊ နင်သာ စိတ်ချပြီးသွား"

"အေး အေး၊ ငါသွားပြီ"

မရွှေရီ စကားမဆုံးခင် ကိုထွန်းစိန်တစ်ယောက် သူ့နွားတွေကြိမ်တို့ လှည့်လိုက်သဖြင့် လှည်းက ကွင်းလယ်စုဘက် ဦးတည်သွားပြီဖြစ်သလို နွားတွေ ဒုန်းစိုင်းပြေးသွားကြပြီ၊ လှည်းလမ်း တစ်လျှောက်ထလာသော ဖုန်လုံးကြီးများမှာ အနောက်ရမ်းလေ ခပ်ကြမ်းကြမ်းတစ်ချက်ကြောင့် အလိပ်လိပ်တက်နေသည်မှာ သွားနေသောလှည်းကိုပင် မမြင်ရလောက်အောင် ဖုံးလွှမ်းသွားတော့၏။

ထိုမြင်ကွင်းကိုကြည့်ရင်း သောကြာမှာ ညည်းသလိုဖြင့်"ဒီတစ်ခါ လွဲပြန်ပါပြီ ရွှေရီရယ်" ဟု ခပ်တိုးတိုး ပြောမိလျက်သားဖြစ်သွားပါတော့သည်။

## အခန်း (၇)

အဲဒါတွေကြောင့် ကျွန်တော့်အနေနဲ့ စိတ်ဝင်စားမှုနဲ့အတူမေးမြန်းစုံစမ်းကြည့်တော့ အခုန ပြောခဲ့တဲ့အကြောင်းတွေ အသေးစိတ် သိခဲ့ရပါတယ်။ နောက်ပြီး ကျွန်တော် ဒီတစ်ခါ ရွာကိုပြန်ရောက်ချိန်မှာ ရွာကအိမ်တွေ တော်တော်များများကို ရောက်ဖြစ်ခဲ့တယ်။ သူတို့ပြောတဲ့ စကားတွေ ကြားခဲ့ရတယ်။ စံပြုဖွယ်ရာ၊ဂုဏ်ယူဖွယ်ရာတွေ ထပ်ဆင့်သိလာရတဲ့နောက်မှာ ကျွန်တော်ဟာလုပ်သင့်လုပ်ထိုက် ချီးမြှောက်သင့်ချီးမြှောက်ထိုက်တဲ့အလုပ်ကို

လုပ်တဲ့အနေနဲ့ ဟောဒီစာကြည့်တိုက်ကြီးဖွင့်တဲ့ အခမ်းအနားနဲ့ အတူ စာကြည့်တိုက်အတွက် ခန့်ထားမယ့် ဝန်ထမ်းသုံးဦး ရွေးချယ်ရာမှာ အဓိကကျတဲ့ စာကြည့်တိုက်မှူးတာဝန်ကို တစ်ရွာလုံးက ဖြစ်စေချင်တဲ့ ရွှေမိ ဩော် မှားလို့ မရွှေရီကို ခန့်ထားလိုက်ပါတယ်လို့ ဂုဏ်ပြုပြောကြားပါရစေ”

ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .

“ဟာ ဝမ်းသာလိုက်တာ ရွှေရီရယ်” အနားမှ ခင်သန်းဝင်းက အားရပါးရဖက်ပြီး ပြောလိုက်သလို ခင်သန်းဝင်းတို့ သူငယ်ချင်းတစ်သိုက်လည်း အလွန်ပျော်နေကြသည်။ မရွှေရီလည်း သူမ မျှော်လင့်ထားမှုမရှိတော့သည့် ဝမ်းသာဖွယ်ဖြစ်ရပ်ကို ကြားလိုက်ရသဖြင့် အံ့ဩဝမ်းသာသွားပြီး မျက်ရည်များပင် စို့လာသည်။ ကြားရသူအားလုံးကလည်း လိုလိုလားလား ကြည်ကြည်နူးနူး ဖြစ်နေကြသည်။ အခမ်းအနား အစီအစဉ်များ ဆက်လက်ပြုလုပ်ကြပြီး မရွှေရီကို တာဝန်အပ်ပြီးသည်နှင့် မရွှေရီက ကျေးဇူးတင်စကားပြောကြားရန် အစီအစဉ်ပါလေ၏။ မရွှေရီ ကျေးဇူးတင်စကားပြောကြားရန် စင်မြင့်ပေါ်သို့ လာနေချိန်တွင် သောကြာက မရွှေရီစကားပြောရန် စကားပြောမိုက်ကရိုဖုန်းကို အနေတော် ပြင်ဆင်ပေးလိုက်သည်။

မရွှေရီက အားလုံးကို စင်ပေါ်မှ လက်အုပ်ချီ ဂါရဝပြုလိုက်ရင်း

“ကျွန်မ ဝမ်းအသာဆုံးနေ့ ပြောပါဆိုရင် ဒီနေ့ပါပဲရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရွာရဲ့ စာကြည့်တိုက်မှူးတာဝန်၊ ဒီဝန်ထမ်းအလုပ်ဟာ ကျွန်မအလွန်တွယ်တာတဲ့ ဟောဒီ ကျွန်မတို့ရွာမှာ၊ ကျွန်မဝါသနာပါတဲ့ ပရဟိတလုပ်ငန်းတွေ လုပ်ခွင့်ရအောင်၊ နောက်ပြီး ကျန်းမာရေးချို့တဲ့နေတဲ့ ကျွန်မအမေအတွက် အနီးကပ်ပြုစုခွင့်ရဖို့ရယ်၊ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရလဒ်သဖွယ် ဖြစ်သွားရလို့ပါ၊ အဲဒါကို ကျွန်မ ဘာနဲ့မှမလဲနိုင်ပါဘူး၊ ဒီအလုပ်ကိုလည်း ကျွန်မ မျှော်လင့်လျက်နဲ့ မျှော်လင့်ချက်မဲ့ခဲ့ရတဲ့ အခြေအနေကနေပြီး အခုန အလှူရှင်ဦးကျော့မောင် နှုတ်ဖျားက လွှတ်ခနဲ ပြောလိုက်မိတဲ့ မရွှေမိကြောင့်ပါ၊ ကျွန်မရှေ့မှာ တချို့က ဖြောင်ခေါ်ကြသလို၊ ကျွန်မနောက်ကွယ်မှာတစ်မျိုး၊ သူတို့စိတ်ထဲမှာရှိတဲ့ ဒီ ရွှေမိဆိုတဲ့ နာမည်ရခဲ့ခြင်းဟာလည်း ကျွန်မ ရွာအတွက် သံယောဇဉ်နဲ့လုပ်ခဲ့တဲ့ အလုပ်တွေကြောင့်ပါ၊ ကျွန်မ အလွန်ချစ်တဲ့ ရွာမှာ ကျွန်မချစ်တဲ့ အမေနဲ့ မခွဲမခွာနေရပြီး အများအကျိုး ဆောင်ရွက်ခွင့်တွေ ဆက်လက်ရရှိနေမယ့် ဒီအလုပ်၊ ဒီတာဝန်ကို ကျွန်မ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် နှစ်သက်မြတ်နိုးပါတယ်။ ဒါကြောင့် ဒီလိုရလဒ်ကိုဖြစ်စေတဲ့၊ အားလုံးက ခေါ်ခေါ်နေကြတဲ့ မရွှေမိဆိုတဲ့ နာမည်ကို သဘောရှိခေါ်ကြပါ၊ အရပ်ကပေးတဲ့ ကျွန်မနာမည် ဖြစ်တဲ့ ရွှေမိကိုလည်း ဘယ်နာမည်နဲ့မှ အစားမထိုးချင်တော့ပါဘူး။ တစ်သက်လုံး ရွှေမိဘဝနဲ့ တစ်သားတည်းဖြစ်အောင် မရွှေမိလို အမြဲနေပါ့မယ်လို့ ကတိပြုပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်”

မရွှေရီ စကားအဆုံးမှာတော့ အခမ်းအနားတစ်ခုလုံး လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ လွှမ်းမိုးသွားသည်။ လက်ခုပ်သံအဆုံး ရွာလယ်ပိုင်းမှ တစ်ရွာလုံး အသံအကျယ်ဆုံး ဒေါ်မခင်ကြီးက

"အဲဒါပေါ့ အဲဒါပေါ့ မရွှေမိရဲ့၊ ဘဝဟာ ဟိုသီချင်းထဲကလို တောက အစ်ကိုကြီးတွေ မရွှေမိကို ခင်ကြတယ်တော့ . . . မြို့က မောင်ကြီးတွေက မရွှေမိကို ခင်ကြတယ်တော့ . . . အလှူတွေဆိုလည်း ရွှေမိတို့ပါသနော် . . . မင်္ဂလာဆောင်လည်း ရွှေမိတို့ပါသနော် . . . သတို့သမီး အပျိုဖော် အနားမှာ ပျိုရှိသနော် . . . ကွမ်းတောင်ကိုင်လည်း မရွှေမိနော် . . . ပန်းတောင်ကိုင်လည်း မရွှေမိနော် . . . အလှူရှိတဲ့အခါ အလိုလိုစိတ်ထဲပျော် . . . လာမစနဲ့ တော်ရေ့ တော်ရေ . . . တစ်ရွာလုံး သဘောတူမှ . . . မရွှေမိကို ရမယ်နော်" ဟု ဟန်နှင့်ပန်နှင့် အသံနေအသံထားဖြင့် သောကြာကို လက်ညှိုးထိုး၍ ဆိုပြနေရာ အားလုံးပွဲကျသွားသလို အနားရှိ ကိုပျောက်ကျားတို့ ဒိုးပတ်ဝိုင်းမှ တစ်ဆက်တည်း မြိုင်မြိုင်ဆိုင်ဆိုင် တီးပေးလိုက်ရာ ဒေါ်မခင်ကြီးက အနားရှိသော သောကြာကို အတင်းဆွဲ၍ ကွေးနေအောင် ကနေလေတော့သတည်း။

◎ ◎ ◎

# သက်ကြီးစကား သက်ငယ်ကြား

## အခန်း (၁)

စည်ကားလိုက်သည့် မင်္ဂလာပွဲ၊ တစ်နယ်လုံးတော့ ပြောစမှတ်ဖြစ်ပြီ၊ မင်္ဂလာအလှူဆိုတာ ဒါမျိုးလား၊ ကျွေးသည့်ထမင်းက ပေါ်ဆန်းမွှေး၊ အဓိကဟင်းကတော့ ဝက်သားနီတိုက်၊ ဟင်းအရံတွေက ပဲချဉ်ပေါက်နှင့် ငါးပိဆီကြော်၊ ငါးပိဆီကြော်မှ ပုစွန်ဆိတ်ခေါင်းချိုးလေးတွေပါလိုက်သေး၊ ဟင်းအရေသောက်က (၁၂) မျိုးဟင်းချို၊ တောရွာမင်္ဂလာဆောင်ပေမယ့် ခေတ်မီမီ စီစဉ်ထားသည်။ ဆောင်းဘောက်စက်က တစ်ဒုန်းဒုန်းနှင့် သီချင်းသံတွေ မြိုင်နေသည်။ အသံချဲ့စက်က တစ်မျိုး၊ အော်လံကြီးက ပျဉ်းမပင်ထိပ်ဖျားမှာ အရှေ့တစ်ဖက်၊ အနောက်တစ်ဖက်လှည့်လို့၊ ဒါ့အပြင် ခြောက်လုံးပတ်နှင့်တယောဝိုင်းက ပါသေး၊ လူတွေက ပြုံးလို့ ပျော်လို့၊ မြို့က ဧည့်သည်တွေအတွက် ပေါင်မုန့်က ကျွေးလိုက်သေး၊ လက်ဖွဲ့ငွေတွေ ပစ္စည်းတွေက တစ်ပုံတစ်ပင်၊ နည်းနည်းနောနောမဟုတ်၊ ဗီဒီယိုကင်မရာ၊ ဓာတ်ပုံတွေကလည်း အချိန်အခါ နေရာမလပ်မှတ်တမ်း တင်လို့၊ သတို့သား သတို့သမီး အဖေ အမေတွေဆိုတာ

ဆလိုက်မီး တွေမကြာခဏ အထိုးခံရလို့ ချွေးတွေသံတွေထွက်တာ တိတ်တယ် ကိုမရှိ၊ သတို့သမီးအဖေဖြစ်သူ ကိုခတ်ပြားမျက်နှာ မထားတတ်အောင်ဖြစ်နေသည်။ ဧည့်သည်တွေကို နှစ်ဖက်မိဘများ ကိုယ်စား ကြိုဆိုနေရာချ ဧည့်ခံနေသူ ဦးဒိုးမောင်ကလည်း အမိပ္ပာယ်ပါပါ ပြုံးနေတာကို ကိုခတ်ပြား သိသားကလား၊ ဦးဒိုးမောင်အပြုံးက အားရကျေနပ်သည့်အပြုံး၊ ဂုဏ်ယူသည့်အပြုံး၊ မပြုံးခံနိုင်ရိုးလား၊ သည်မင်္ဂလာဆောင်မှာ ကျွေးတာ မွေးတာ၊ လူစည်ကားတာ၊ ဧည့်သည်များတာတင်မဟုတ်၊ ရှားရှားပါးပါး ဖြစ်ရပ်က ကြုံလိုက်သေး၊ ဟိုနိုင်ငံခြားက ဧည့်သည်လင်မယားက မြန်မာမင်္ဂလာဆောင် လေ့လာချင်လို့ အစအဆုံး လာကြည့်၊ မှတ်တမ်းတင်နေသတဲ့၊ သူတို့လို တောရွာလေးမှာတော့ သည် ဖြစ်ရပ်သည် ကြုံတောင့် ကြုံခဲမဟုတ်လား။

"ဟော့ ခတ်ပြား၊ ဘိသိက်မြှောက်တော့မယ်နော်၊ မင်း ကန်တော့ခံဖို့ အသင့်ပြင်ထား၊ ဟိုမှာ သောကြာတောင် ကျက်သရေ ခေါင်းပေါင်း တကားကားနဲ့ ဝင်လာပြီ"

အနားရောက်လာပြီး ပြောလိုက်သည့် ဦးဒိုးမောင်စကား ကြောင့် ကိုခတ်ပြား မဏ္ဍပ်ဝရောက်နေသည့် ကိုသောကြာကို လှမ်းကြည့်လိုက်သည်။ ရွှေဖလားရောင် ပိုးပုဆိုးနှင့်နံ့သာရောင် တိုက်ပုံနှင့် မောင့်ကျက်သရေခေါင်းပေါင်း ဆောင်းထားသော ကိုသောကြာမှာ ပွဲဝင်ဖို့ အသင့်အနေအထား၊ ဘကြီးဒိုးမောင်ကို ဦးညွှတ်ပြလိုက်ပြီး သူ့ကိုပါပြုံးပြကာ မဏ္ဍပ်ထဲ ဝင်သွားသည်။



"ဘကြီး၊ ကျွန်တော် ဒီလိုပွဲမျိုး တစ်ခါမှ မကြုံဖူးဘူး၊ နောက် ပြီး အိပ်ရေးတွေပျက်တာ များလို့လားမသိဘူး၊ ခေါင်းထဲ နောက် ကျိကျိဖြစ်လာပြီ ဘကြီး၊ မူးခနဲ မိုက်ခနဲတောင် ဖြစ်ဖြစ်သွားတယ် ဗျာ"

ပြောရင်း ချွေးတွေ ပေါက်ပေါက်ကျလာသည့် ကိုခတ်ပြား ကိုကြည့်ရင်း ဦးဒိုးမောင်က

"ကဲ . . . မင်းတိုက်ပုံကြီး ချွတ်လိုက်ဦး၊ လူတွေကလည်းများ၊ အသံဗလံတွေကလည်းဆူ၊ ဟင်းနံ့ကျွေးနံ့တွေနဲ့၊ ဒီကြားထဲ မင်းက မဝတ်ဖူးတဲ့ တိုက်ပုံအင်္ကျီကြီးနဲ့၊ မိဘဝတ္တရားအရ ကိုယ်တိုင် နှုတ်ဆက်၊ ဧည့်ခံနေရတော့ ပွဲမတိုးဖူးတဲ့မင်း အဲဒီလိုဖြစ်တာ မဆန်းပါဘူး၊ တချို့ မူးတောင်လဲတတ်ကြတာ၊ ကဲ အဲဒီတော့ ငါ ကြည့်ဧည့်ခံထားလိုက်မယ်၊ မိဘတွေကန်တော့ခံတဲ့အချိန်မရောက် သေးခင် ခဏ နားချင်နားလိုက်၊ အချိန်ကျရင် ငါခေါ်လိုက်မယ်"

"ဟုတ်ကဲ့ ဘကြီး၊ အခုပဲ ဘကြီးတို့လို ရပ်ရေးရွာရေး ကိုယ်ဖိ ရင်ဖိလုပ်တဲ့လူ၊ လူ့ရေးတန်းရေးအတွက် ရပ်ရေးရွာရေး လူပုံ အလယ် စကားပြောဝံ့တဲ့လူတွေကို ချီးကျူးရမှန်း သိတော့တယ်။ ကျွန်တော်က ဘာမှမပြောတတ်တဲ့အပြင် လူတောတိုးဝံ့တာ မဟုတ်ဘူး။ ရွာဘုရားပွဲ စက်သီးဆွဲတာလောက်ပဲ ပွဲဝင်ဖူးတာ၊ ဒါတောင် အမှောင်ထဲက စင်ပေါ်ကလုပ်ရလို့" ဟု သူ့အကြောင်း ရိုးသားစွာ ပြောနေရာ ဘကြီးဒိုးမောင်က သဘောကျစွာဖြင့် -

"ဟား ဟား ဟား . . . မင်း မဆိုးဘူး၊ အတွေးအခေါ်ရင့်ကျက်လာပြီ ပြောရမယ်ဟော့၊ တစောက်ကန်းသာဒင် ပြောသလိုသာလုပ်ခဲ့ရင် မင်းသမီးလေး ဖြူနှင်းရီ မင်္ဂလာဆောင်ဒီအဆင့် ဘယ်ရောက်လိမ့်မလဲ၊ ကဲ . . . ကဲ. . . နားလိုက်၊ မင်းမိန်းမ စန်းရီလည်း ရှိသားပဲ၊ ညှော်သည်တွေများလာပြီ၊ ငါ သွားလိုက် ဦးမယ်"

"ဟုတ်ကဲ့ဘကြီး၊ ကျွန်တော် ဟို ခြံထောင့်က ကောက်ရိုးပုံဘေးမှာ ရှိမယ်ဗျို့"

သို့ဖြင့် ကိုဓာတ်ပြား ခြံထောင့်ကောက်ရိုးပုံသို့ ထွက်လာခဲ့သည်။ ကောက်ရိုးပုံအရိပ်ရောက်တော့ သူဝတ်ထားသော တာဖတားဖျင်အနက်တိုက်ပုံကို အလျင်အမြန်ချွတ်လိုက်ပြီး အနားရှိ ဝါးတက်တွင်ချိတ်လိုက်သည်။ အဝေးတွင် တပို့တွဲလထဲမို့ နီရဲရဲ ပေါက်ပွင့်တွေက ကွင်းပြင်ကြီးထဲတွင် တွေ့နေရ၏။ လေပွေတစ်ချက်ကြောင့် မြောက်လေလိုလို၊ အနောက်ရမ်းလိုလို အဖျားခတ်တိုက်သွားသည့်လေကြောင့် လူမှာ အနည်းငယ်လန်းသလို ရှိသွားကာ ကောက်ရိုးပုံကို ခေါင်းမှီမှေးလိုက်သည်။

## အခန်း (၂)

"ကျွန်တော့်သားကို အခုအချိန် ဘယ်လိုမှ အိမ်ထောင်ပြုမခံနိုင်ဘူး၊ စဉ်းစားကြည့်စမ်းပါဦးဗျာ၊ သီတင်းကျွတ်ကျောင်းပိတ်လို့ ခဏပြန်လာတာ၊ မိန်းမခိုးရတယ်လို့ဗျာ၊ ကျွန်တော် ဒီကောင့်ကို



ဘယ်လောက်ရည်မှန်းချက်ထားတယ်ဆိုတာ အားလုံးသိကြပါတယ်ဗျာ၊ နောက်ပြီး တစ်ဦးတည်းသောသားလေးဗျ၊ ပညာရေးဆုံးခန်းမရောက်ဘဲ ဘယ်နည်းနဲ့မှ မိန်းမမပေးစားနိုင်ဘူးဗျာ၊ ကျွန်တော့်ဆန္ဒပါပဲ၊ ကျန်တာတွေ ကျွန်တော်ဒီအချိန်မှာ မစဉ်းစားပါရစေနဲ့ဗျာ၊ ပညာမရှိ၊ ဥစ္စာမရှိ လူစားတွေနဲ့ဗျာ"

ခါးခါးသီးသီး ငြင်းနေသည့် ကိုကျော့မောင်ကိုကြည့်ရင်း ဦးဒိုးမောင် ခေါင်းတွင်တွင်ခါလိုက်ကာ

"မဟုတ်သေးဘူး ကျော့မောင်၊ မင်းပြောတာ တစ်ဖက်သတ်ဆန်နေပြီကွ၊ ငါက နှစ်ဖက်မျှဆိုတော့ မင်း နားမထောင်ချင်လည်း ပြောရမှာပဲ၊ အခု မင်းရဲ့ တစ်ဦးတည်းသောသားလေး ခင်မောင်ထွန်းဟာ ငါ့မြေးပါ၊ နောက်ပြီး ဓာတ်ပြား သမီးဦးလေး ဖြူနှင်းရီဟာလည်း မင်းဒေါ်ကြီး ဒေါ်ကြီးမြနဲ့ပတ်သက်ပြီး ငါ့မြေးပဲ၊ ဟောအခုတော့ မင်းဘက်က ခိုးရာလိုက်သွားတဲ့ကလေးတွေကို တွေ့အောင်ရှာပြီး ပြန်သိမ်းသလိုလို ပြန်အပ်မလိုလိုနဲ့ မင့်သားကို မြို့ပြန်ပို့ပြီး ကျောင်းတက်ခိုင်းတာတော့ မတရားဘူးကွာ၊ မသကာ ငှက်ပျောပွဲတစ်ပွဲနဲ့ လူကြီးစုံရာရှေ့မှာ လက်ထပ်ပေးလိုက်တောင် ငါ မပြောဘူး၊ ဟော အခု မင်းလုပ်ပုံကြောင့် ဓာတ်ပြားတို့လင်မယားရွာအိမ်မှာတောင် မနေတော့ဘူး၊ ရွာနဲ့ဝေးတဲ့ သူတို့လယ်ထဲမှာ သွားနေကြပြီ၊ နောက်ပြီး မင်း သိတဲ့အတိုင်း သူတို့လင်မယားက ရိုးရိုးကြီးတွေကွ၊ မင်း အဲဒီအားနည်းချက်ကို အနိုင်မယူချင်ပါနဲ့ကွာ၊ ဖြူနှင်းရီလေးလည်း ဘယ်မှ မထွက်ရဲ၊ ငါ့အိမ်မှာထားရတာ၊ မင်း

သားသမီးချင်း ကိုယ်ချင်းစာဦးလေကွာ” ဟု စိတ်ရှည်ရှည်ထား ရှင်းပြနေသည်။ တစ်ချိန်လုံး ငြိမ်နားထောင်နေသူ ကိုကျော့မောင် ဇနီးဖြစ်သူ မတင်ငွေက ဦးဒိုးမောင်မမြင်အောင် မသိမသာ မဲ့လိုက်ရင်း

“အမလေး၊ ဘကြီး ဒိုးမောင်ရယ်၊ သားသမီးချင်း ကိုယ်ချင်း စာပါဦးလို့ ပြောရမှာ ကျွန်မတို့ပါ။ ကျွန်မသားလေးက တက္ကသိုလ် တက်နေတဲ့ သားလေးပါ။ သူ့အတွက် ကျွန်မတို့ ဘယ်လောက် မျှော်လင့်တယ်၊ ကြိုးစားထားရတယ်ဆိုတာ ဘကြီးအသိဆုံးပါ။ ဒီရွာမှာ တက္ကသိုလ်တက်နိုင်တာဆိုလို့ လက်ချိုးရေလို့ရတဲ့အထဲ ကျွန်မ သားလေးပါတယ်လေ၊ အဲဒါကြောင့် သား ပညာရေးမထိခိုက် အောင်လို့ ဒီလိုစီစဉ်တာပါ။ သူတို့ နစ်နာမယ်ဆိုရင်လည်း ကျွန်မတို့ ဘာလုပ်ပေးရမလဲ၊ ငွေလိုတယ် ပြောသလား ဘကြီး” ဟု ဝင်ပြော လိုက်လျှင် ဦးဒိုးမောင် ဒေါသဖြစ်သွားကာ

“ဘာ . . . ငွေ ဟုတ်လား၊ တော်တော့ မိတင်ငွေ၊ နင့်စကား ဒီမှာရပ်၊ ဒီရွာမှာ လူတိုင်းဟာ သူ့ဆွေမျိုး၊ သူ့အသိုင်းအဝိုင်းနဲ့ နေကြတဲ့သူတွေချည်းပဲဟ၊ ဘယ်သူမှ တစ်ခေါင်းထွက် မဟုတ်ဘူး ဆိုတာ နင်မှတ်ထား၊ ဟော့ကောင်ကျော့မောင် ငါက နှစ်ဖက် နှစ်လမ်းချပြောတာ၊ ခတ်ပြားသမီး ဖြူနှင်းရီဟာ မင့်သမီးလေးဖြစ် ရင် ဘယ်လိုခံစားရမလဲ၊ ဒါပဲ စဉ်းစားပါ။ သွားမယ်” ဟု ဒေါသဖြင့် ပြောရင်း ပြန်ရန်ပြင်နေသည့် ဦးဒိုးမောင်ကို ကိုကျော့မောင် ရှိခိုးဟန်ဖြင့် တားရင်း



“ဘကြီး စိတ်မဆိုးပါနဲ့ ဘကြီးရယ်၊ ကျွန်တော်တို့ လင်မယား လည်း သားဇောနဲ့ပြောတာပါ။ ဘကြီး ဒီလိုလုပ်ပါ၊ ကျွန်တော် ဘကြီး ပြောသလို ရပ်ရွာထုံးစံ၊ ကန်တော့ပွဲနဲ့တင်ပေးဖို့ စီစဉ်ပါဦးမယ်၊ ခဏတော့ စောင့်ပါဦးဘကြီး” ဟု တောင်းပန်သံနှင့် ပြောနေရာ ဦးဒိုးမောင်ကလည်း သက်ပြင်းတစ်ချက်ချလိုက်ရင်း

“အေး . . . အဲဒါတော့ မင့်သဘောပဲ၊ မင်းတို့ လင်မယား ရင်ထဲမှာ မှတ်ထားဖို့က ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံ စေချင်တာပဲကွ၊ ဆင်နင်းပြီး မြင်းကန်တာ ဘယ်မိဘမှ မဖြစ်စေချင်ကြဘူးဆိုတာ မှတ်ထားကြ၊ ကဲ ငါပြန်မယ်”

* * *

“ဟော့ကောင် ခတ်ပြား၊ ဘကြီး ဒိုးမောင်စကားအရ ဒီကျော့မောင် လင်မယားဟာ တော်တော် မတရားတာပဲကွ၊ သူတို့ သားမှ သူတို့သား၊ တောက် ခတ်ပြား မင်းစိတ်နဲ့ငါ့စိတ် လဲလိုက် ချင်တယ်၊ ရွာစိတ် ရပ်စိတ်မရှိတဲ့လူတွေ၊ ထို့ အဆင့်အတန်းက ခွဲသေး”

ကိုခတ်ပြား လယ်တဲလေးသို့ ရွာထဲမှစကားတွေ၊ သတင်း တွေ ကြားရသဖြင့် မခံချင်၍ ရောက်လာကြသူထဲမှ ကိုသာဂိက မကျေမနပ်သံဖြင့်ပြော၏။ ရွာတောင်ပိုင်းမှ ဖိုးသံချောင်းကလည်း

“ဟုတ်တယ် ကိုကြီးခတ်ပြား၊ အခုဆို ရွာထဲမှာ ကိုကြီး ခတ်ပြားတို့ဘက်က နာတဲ့သူတွေ မနည်းဘူး၊ ဆွေမျိုးတွေ

ကလည်း မခံချင်ကြဘူး၊ ဝိုင်းပြောမယ် ပြင်နေကြတယ်၊ ဘကြီးဒိုးမောင်က သည်းခံကြ၊ စောင့်ကြည့်ကြဦးဆိုလို့ ဘကြီးဒိုးမောင်စကား နားထောင်နေရတာ၊ သူတို့ဘက်တော်သားတွေ ပြောတဲ့စကား၊ သူတို့ ဆွေမျိုးတွေပြောတဲ့ စကားကြားရတာ၊ ကြာရင်ခက်ကုန်လိမ့် မယ်နော်၊ ခင်ဗျားက သမီးရှင်၊ ညှိလို့မရရင် ဥပဒေအတိုင်းလုပ်ချင် လုပ်၊ မလုပ်ချင်ရင် ကိုကြီးဓာတ်ပြား ဖြစ်ချင်တာပြော၊ ကျွန်တော့် နောက်မှာ ရွာတစ်ဝက်ရှိတယ်” ဟု ဒေါ်နှင့်မောနှင့်ပြောနေသည့် ညီဝမ်းကွဲတော်သူ ဖိုးသံချောင်းကိုကြည့်ရင်း ကိုဓာတ်ပြား ခေါင်း တွင်တွင်ခါလိုက်ကာ

“ဖိုးသံချောင်းရာ၊ ဘကြီးဒိုးမောင်အနေနဲ့ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလို ငါ့သမီးကိစ္စ ရွာနှစ်ခြမ်းကွဲမယ့်အဖြစ်မျိုး မဖြစ်စေရဘူးဆိုပြီး ဘကြီးစေ့စပ်နေတာ၊ ငါ နားထောင်နေရပေမယ့်ရင်ထဲမှာ ဗလောင်ဆူနေတယ်၊ မီးတောက်နေတယ်ကွ၊ သိလား၊ ငါ့သမီးကို ငါသိပ်ချစ်တယ်၊ နှမြောတယ်ကွ၊ ငါ ဘာမှမပြောချင်တော့ဘူး၊ ငါသိတာ ဒီကောင် ကျော့မောင်ကို ငါမကျေနပ်ဘူး၊ တစ်သက်မကျေဘူး၊ ဟီး ဟီး ဟီ” ဟု ပြောရင်း စိတ်မထိန်းနိုင်ဘဲ ငိုချလိုက်သည်။

ကိုဓာတ်ပြားအဖြစ်ကြည့်ရင်း အားလုံး စိတ်မကောင်းစွာ ငြိမ်သက်သွားသည်။ ခဏအကြာမှ မစန်းရီက ငိုသံဖြင့်

“ကဲ ကိုဓာတ်ပြား၊ ဒီလောက် စိတ်မထိခိုက်ပါနဲ့တော့၊ ရှင်အခုလိုကြီးဖြစ်နေတော့ ကျွန်မ မိန်းမသား ဘယ်လိုခံစားရမလဲ၊



ကဲ ကိုသာဂိနှင့် မောင်လေးသံချောင်း၊ မင်းအစ်ကို လူရိုးလူအေးကြီးပါကွယ်၊ တို့ဘက်ကနာပြီး ဒီလိုပြောတာ မမကြီး အားရှိပါတယ်၊ တစ်ခု တောင်းပန်ချင်တာက မင်းတို့ဘကြီး ဒိုးမောင်ကိုလွန်ဆန်ပြီး ဘာမှမလုပ်ကြနဲ့၊ နောက်ပြီး မင်းအစ်ကိုကြီးရှေ့ ဒီလိုစကားမျိုးတွေ မပြောပါနဲ့ကွာ၊ မမကြီး တောင်းပန်ပါတယ်ကွယ်”

“တောက် . . . ကျွန်တော် မကျေနပ်ဘူး အစ်မကြီးစန်းရီ၊ ကျွန်တော့်အစ်ကိုကြီး ခံစားရသလို၊ အရှက်ကွဲရသလို ဒီလူကို တစ်ခုခုလုပ်ရမှ ကျေနပ်မယ်၊ နေနှင့်ဦးပေါ့ကွာ၊ ကဲ . . . ကိုသာဂိ ကျွန်တော်တို့လူတွေခေါ်ဗျာ၊ ပြန်ကြမယ်၊ ကိုကြီးဓာတ်ပြား၊ မငိုနဲ့ဗျာ၊ ဟင်း . . . ဟင်း . . . ဟင်း . . . တောက်”

“ဟေ့ ဒါ တို့အခွင့်အရေးပဲကွ၊ ဟိုမှာကြည့်စမ်း၊ ကျော့မောင်၊ ကျော့မောင်၊ ပျော်မော်နေလိုက်တာ တို့ဘုရားပွဲကြီးကို သူတစ်ယောက်တည်း စီမံခန့်ခွဲပြီးအောင်မြင်အောင်လုပ်တဲ့ပုံမျိုး ဖမ်းပြနေတာ၊ သူ့အနားက မြို့ကလူကြီးတွေကို ကြွားလုံးထုတ်နေတဲ့ အကောင်၊ မကြာခင် မင်း အရှက်ကွဲတော့မှာ၊ ဟဲ . . . ဟဲ. . . ”

သူ့စကားသူ သဘောကျနေသည့် ကိုသာဂိ၊ အနားတွင်ရှိနေသော ဖိုးသာဒင်က

“ဟေ့ကောင်၊ တိုးတိုးကွ၊ ငါတို့ ကြားပါတယ်၊ အေး အဲဒီ အခွင့်အရေးရဖို့ ငါ အကြံပေးတာပါကွာ၊ မင်းပြောတာတွေထက်

အရေးကြီးတာက အဲဒီကောင်တွေ တည့်တည့်ရောက်တဲ့အချိန် လုပ်ဖို့ပဲကွ" ဟုပြောလိုက်လျှင် သူတို့အထဲတွင် အငယ်ဆုံးဖြစ်သူ သံချောင်းမှ

"ဟ . . . ကိုသာဒင်ကလည်း ဒီ စက်သီးစင်ပေါ်မှာ ကျွန်တော်တို့ (၄) ယောက်ပဲရှိတာပဲ၊ ဘယ်သူသိမှာလဲဗျာ၊ ကြည့်စမ်းဗျာ၊ ကျွန်တော်တို့ ရွာဘုရားဆင်းပွဲတော်ကြီး စည်ကားလိုက်တာ၊ ဘယ်နှစ်နဲ့မှ မတူဘူး၊ လူတွေက ကြိတ်ကြိတ်တိုး၊ ဈေးဆိုင်တွေကမျာ၊ ရပ်ဝေးရပ်နီးဧည့်သည်တွေဆိုတာ နေ့ခင်းကတည်းက ရေတစ်တန်၊ ကုန်းတစ်တန်ရောက်နေကြတာ၊ အပျိုချောလေးတွေကလည်းပေါ့၊ ကျွန်တော်တော့ ဒီနှစ် ပိုးရပန်းရမယ့် အခွင့်အရေးဆုံးရှုံးပါပြီဗျာ၊ ဒါပေမယ့် ကျွန်တော် ဝမ်းမနည်းဘူး၊ ကျေနပ်တယ်၊ ကျွန်တော့်နှမအတွက် ဒီလူကြီးကို အရှက်တကွဲဖြစ်ဖို့ လုပ်ရမယ့် အခွင့်အရေးရတာကို ကြိတ်ပြီးဝမ်းသာနေသလို အဲဒီလိုမှ လုပ်လိုက်ရင် မျက်နှာကြီးလုပ်ချင်တဲ့လူရဲ့အဖြစ် မြင်ရချေသေးရဲ့ဗျာ၊ ဟား . . . ဟား . . . ဟား . . . "

သံချောင်းက သူ့စကား အားရပါးရပြောရင်း သူတို့လုပ်မယ့် အလုပ်အတွက် ကျေနပ်ပီတိဖြစ်နေ၏။ စက်ကြိုး၊ စက်သီး၊ ရစ်ဘီးများကို ကျွမ်းကျင်စွာကိုင်လျက် လှုပ်ရှားနေသည့် ကိုဓာတ်ပြားစကားမပြောဖြစ်သေး။

"ဟေ့ သံချောင်း၊ ဟောဒီ ဒလက်ရစ်လုံးကို သေသေချာချာ ထိန်းထားနော်၊ ရှင်မောဂ္ဂလာန်ရုပ်ပွားတော် တာဝတိံသာပေါ်ရောက်ပြီ



အပေါ်က သိကြား၊ ဗြဟ္မာတွေ အစီအစဉ်စတော့မယ်၊ စက်ကြိုး ရပ်ထားရမှာ အခုမှရင်အေးရတော့တယ်ကွာ၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီး တာဝတိံသာ အကြွလမ်းအောင်မြင်ပြီး ငါ့အတွက် တာဝန်တစ်ခုကျေပြီဟေ့၊ ပေးစမ်းကွာ၊ ရေအေးအေးတစ်ခွက်"

ကိုဓာတ်ပြားတစ်ယောက် အေးချမ်းလွန်းသည့်ကာလ ဖြစ်ပေမယ့် ရင်ထဲအပူတွေကြောင့် ရေတစ်ဝကြီး သောက်ချလိုက်သည်။ ကိုဓာတ်ပြား ရင်မပူလည်းမခံနိုင်၊ ရင်ပူရသည့်အချက်တွေက သူ့မှာ ရင်နှင့်အပြည့်ပင်။ အကြောင်းအချက်တွေထဲတွင် သည်ပန်းတောရွာ ဘုရားပွဲတော်ကြီးကား သုံးနှစ်မှ တစ်ကြိမ် ကျင်းပသော ဘုရားပွဲကြီးပင်။ ထိုသို့ ကျင်းပသောအခါ ဇာတ်၊ ရုပ်သေးပွဲသွင်းရုံတင်မဟုတ် နိပါတ်တော်လာ ဘုရားဆင်းပွဲတော်ပါ ထည့်သွင်းကျင်းပ၏။ တာဝတိံသာနတ်ပြည်မှ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး လူတို့ပြည် သင်္ကဿနဂိုပြည်သို့ ဆင်းသက်ကြွမြန်းတော်မူသည့် အခမ်းအနားပါဝင်သည်။ ထိုအခမ်းအနားတွင် သိကြား၊ ဗြဟ္မာ၊ နတ်သား၊ နတ်သမီး၊ သူဌေးသူကြွယ်၊ လူပျိုတော်သားတို့အစ နောက်ဆုံး ထိန်ပင်မှာစောင့်သည့် နတ်ဘိုးထိန်းအဆုံး ရွာသူရွာသားတွေ သူ့နေရာနှင့်သူ ပါဝင်ကြသည့်ပွဲ၊ ကိုဓာတ်ပြားအနေဖြင့် ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံခဲ့သည့် စက်ကြိုးယန္တရားပညာဖြင့် နှီးဖြင့်ယက်လုပ်ထားသော ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ပုံတော်တုကို တာဝတိံသာသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပင့်လျှောက်ခန်းအား အံ့မခန်းစက်ကြိုးပညာ

ဖြင့် လူပရိသတ်အပေါ်မှ ကောင်းကင်ကြိုးတစ်လျှောက် ကြွမြန်းသည့် ကဏ္ဍကို တာဝန်ယူရ၏။ အလွန်အရေးကြီးသော တာဝန်ဖြစ်သည်။ အသွားအပြန်၊ အဆင်းအတက် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြွရာ မီးဆလိုက်အစုံအလင် နတ်သမီးလေးများအဖြစ် သရုပ်ဆောင်ရသူ ရွာသူပျိုလေးများ၏ ကောင်းကင်ကြိုးအဆို၊ သိကြားဗြဟ္မာတို့၏ ကောင်းချီးပေးပြောဆိုနေမှု၊ လူ့ပြည်ဌာနေ သူဌေးစင်ပေါ်မှ သူဌေးတို့၏အပြောအဆိုနှင့် အံဝင်ခွင်ကျဖြစ်အောင် ရုပ်ပွားတော်ကို ကြည်ညိုဖွယ် ကြွမြန်းပေးရသည်။ အချိန်ကိုက်ဖြစ်ရန် သူ့တာဝန်။ ထို့ကြောင့်ပင်လျှင် သောင်းသောင်းဖြဖြဖူးကြသည့် ဘုရားပွဲလာ ပရိသတ်မှာ ချီးမွမ်းသံတွေ၊ လက်ခုပ်သံတွေ ညံနေ၏။ ပန်းတော ရွာသားများ စည်းလုံးညီညွတ်စွာ သရုပ်ဆောင်မှုများအပေါ် မြင်ဖူးသည့် ပရိသတ်ရော မမြင်ဖူးသည့် ပရိသတ်ပါ ထူးဆန်းဖွယ် စိတ်ဝင်စားစရာ အခမ်းအနားကြီးပင်။ ဒီမြင်ကွင်း ဒီဖြစ်ရပ်များကား ပန်းတောရွာသူရွာသားများအားလုံး ဂုဏ်ယူစရာ မျက်နှာပွင့်လန်းစရာများဖြစ်၏။ ဘုရားပွဲတော်ကျင်းပမည့်နှစ်တွင် ရွာလူကြီးဖြစ်လာသည့် ကိုကျော့မောင်အဖို့ အဘယ်မျှ ပီတိဖြစ်နေမည်နည်း။ သူဖိတ်ခေါ်ထားသည့် ဧည့်သည်များအပေါ် ဂုဏ်ယူစရာ၊ တစ်နည်း ကြွားစရာပင်၊ ရွာနှင့်ပတ်သက်၍ လက်မထောင်စရာ ခေါင်းပေါင်းစထောင်စရာ မဟုတ်ပါလား။

"ဟင်း . . ."

ကိုခတ်ပြား သက်ပြင်းကြီး လေးလေးတွဲတွဲချလိုက်သည်။ အနားရှိ သံချောင်းက -



"ကိုခတ်ပြား၊ ဘာသက်ပြင်းချနေတာလဲဗျ၊ ဟော့ဒီမှာ ခင်ဗျားမှာထားတဲ့ ခြောက်လက်မဓား ပြတ်မှပြတ်ပဲ" ဟုပြောရင်း မောင်းတင်ထားသည့်ဓားကို ကိုခတ်ပြားလက်ထဲ ထိုးထည့်ပေးလိုက်သည်။ ကိုခတ်ပြား တောက်တစ်ချက်ခေါက်လိုက်ရင်း . . .

"ဟင်း၊ ငါ့သမီးလေး တို့ဘုရားပွဲမှာ ပါနေကျကွ၊ ဟောဟိုက ကောင်းကင်ကြိုးဆိုနေတဲ့ ငါ့သမီးအရွယ်လေးတွေ မြင်နေရတာ ငါ့ရင်ထဲမှာ ဝမ်းနည်းလာတယ်ကွာ၊ အခုတော့ ငါ့သမီးလေးက အပျိုတစ်ခုလပ်ဆိုတော့ နတ်သမီးလုပ်တဲ့အထဲ မပါရသလို တစ်ရွာလုံးပျော်ကြတဲ့ ဘုရားပွဲမှာ အိမ်အပြင်တောင် မထွက်ရဲသလောက် ခံစားနေရတယ်ကွာ၊ ဟင်း . . .၊ အဲဒါ တရားခံ ဟိုကောင်သားအဖကွ၊ ဟင်း . . ." ဟု နာကျင်စွာခံစားပြောဆိုရင်း ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ ကိုသာဂိကလည်း

"ဟေ့ကောင် ခတ်ပြား၊ အဲဒါတွေ မပြောနဲ့တော့ကွာ၊ မင်းလုပ်ဖို့က ပညာသားပါပါလုပ်ဖို့ပဲ၊ ငါ ဘာလုပ်ပေးရမလဲ၊ ဟော ကောင်းကင်ကြိုးတစ်ပိုဒ် ပြောင်းသွားပြီ" ဟုပြောလိုက်လျှင် ကိုခတ်ပြား စက်ကြိုးခုံရှိ စက်သီးကြိုးများကို တစ်ချောင်းချင်း ကိုင်ပြီး အစွန်ကြိုးတစ်ချောင်းကို ဓားမြှောင်ဖြင့် တိခနဲဖြတ်လိုက်သည်။ တံ့ခနဲ တစ်ဖက်မသိမသာစောင်းသွားသော စက်ကြိုးချိန်ခွင်လျှာကို ပုံမှန်ရအောင်ထိန်းလိုက်ရင်း အသံခပ်အုပ်အုပ်ဖြင့်

"သံချောင်း၊ ဒီကြိုးကို မြဲမြဲကိုင်ထား၊ လွတ်ထွက်မသွားစေနဲ့၊ နောက်ကျန်တဲ့နှစ်ကြိုးကို လိုမယ့်အချိန် တစ်ကြိုးချင်းဖြတ်ပြီး အချိန်ကိုက် တစ်ပြိုင်တည်းဖြုတ်ရမှာနော်၊ သဘောပေါက်လား"

သံချောင်း လက်မထောင်ပြလိုက်သည်။ ထိုစဉ် ရုတ်တရက် စက်သီးကြိုးစင် သိမ့်ခနဲဖြစ်သွားပြီး တစ်ပြိုင်တည်း

"ဟော့ကောင် ခတ်ပြား၊ စက်သီးကြိုး ဘာဖြစ်တာလဲ၊ ရှင်မောဂ္ဂလာန်ကိုယ်တော်ကြွတာ တစ်မျိုးဖြစ်သွားသလားလို့" ဟုပြောရင်း ဦးဒိုးမောင် စက်ကြိုးစင်ပေါ်ရောက်လာသည်။ မြန် လိုက်သည့် ဦးဒိုးမောင် အခမ်းအနားအစီအစဉ်တွေ တာဝတိံသာ စင်မြင့်ပေါ်ရော၊ နတ်သမီးတွေ ကောင်းကင်ကြိုးဆိုရာ သူဌေးစင် မှာရော ဖိုင်တွဲတကားကားဖြင့် အလုပ်ရှုပ်နေသည့်ကြားထဲ ရှင်မောဂ္ဂလာန်ရဟန်းကိုယ်တော်မြတ်ကြီးကြွပုံ အနည်းငယ် တိမ်းစောင်းသွားသည်ကို ချက်ချင်းသိ၍ စက်ကြိုးစင်ပေါ် ရောက် လာသည်။ ကိုခတ်ပြားတို့ တံ့ခနဲဖြစ်သွားပြီး ဦးဒိုးမောင်ကို အလန့် တကြား ကြည့်လိုက်ကြသည်။ ထို့နောက် ကိုခတ်ပြား အံကိုကြိတ် လိုက်ရင်း -

"ဘကြီး မတားနဲ့တော့၊ ကျွန်တော် ဟိုကောင့်ကို ကလဲ့စား ချေဖို့ စက်သီးကြိုးဖြတ်ချမယ်"

"ဘာ . . ."

ဦးဒိုးမောင်အသံ ဟိန်းထွက်သွားသည်။ ထိုအချိန်တွင် ဘုရားဖူးပရိသတ်များအပေါ်တွင် ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ် မှာ အဖူးမြော်ခံအနေအထားဖြင့် စက်ကြိုးတွင်ရပ်တော်မူလျက်ရှိပြီး စတိတ်ခုံသဖွယ်ဆောက်ထားသော သူဌေးစင်ပေါ်ဝယ် နတ်သမီး အဝတ်အစားများဖြင့် ပန်းတောသူရွာသူ ပျိုဖြူတို့က ကောင်းကင်ကြိုး



သီဆိုနေချိန်၊ တာဝတိံ စကြ်န်လမ်းတစ်လျှောက် သိကြားဖြဟ္မာ နတ်သားများက တံခွန်တွေ ယပ်တောင်တွေ ညင်သာစွာလှုပ်ယမ်း လျက် ပူဇော်နေသည့် အနေအထားများမှာ မူလအစီအစဉ်အတိုင်း ပုံမှန်ပင်။

"ဟော့ကောင် ခတ်ပြား၊ ဘာပြောတယ်ကွ၊ သာဂိ၊ သံချောင်း၊ သာဒင် ဟော့ကောင်တွေ ပြောကြစမ်း၊ ဘာဖြစ်ကြတာလဲ"

ဦးဒိုးမောင်က ဒေါသဖြင့်ပြောလိုက်လျှင် သာဂိက -

"ဟုတ်တယ် ဘကြီး၊ ခတ်ပြားပြောသလိုပဲ၊ ဟောဟိုမှာ တစ်ရွာလုံးအတွက် ဧည့်သည်တွေ ပရိသတ်တွေရှေ့မှာ ကြွားလုံး ထုတ်နေတဲ့ လူကြီးလက်သစ် အရှက်ရအောင် မျက်နှာမပြရဲအောင် ခတ်ပြားသမီးလေးကိုယ်စား ကလဲ့စားချေမလို့ ဘကြီး၊ စက်သီးကြိုး ဖြတ်ချ၊ အစီအစဉ်တွေပျက်၊ ဒီကောင်နာမည်ပျက်၊ ကျွန်တော်တို့ လုပ်တာ တရားပါတယ်ဘကြီး" ဟု သာဂိက ပြောလိုက်လျှင် ဘကြီး ဒိုးမောင် ရင်ကော့လိုက်ပြီး

"ဩော်. . . ဒီလိုကိုး၊ ဟော့ကောင် ခတ်ပြား၊ မင်း စက်သီးကြိုး ဖြတ်မယ့်ဓား ငါ့ကို ထိုးလိုက်၊ ထိုးလိုက်စမ်းပါ၊ ဒီမှာ အချိန် သိပ်ဆွဲ လို့မရဘူး၊ ငါမြန်မြန်ပြောမယ်၊ မင်းတို့နားထောင်၊ ဒါ ကျော့မောင်ရဲ့ ပုဂ္ဂလိကပွဲမဟုတ်ဘူး၊ ရွာပွဲရပ်ပွဲ၊ တို့ပန်းတောရွာသားတွေ ရင်နှင့် အမျှ ဘိုးစဉ်ဘောင်ဆက် မြတ်နိုးတွယ်တာခဲ့တဲ့ ပန်းတောမူ ပန်းတောဟန် ဘုရားဆင်းပွဲတော်၊ နိပါတ်ဝင်းခင်းပွဲတော်၊ မင်းတို့ အဲဒီလိုလုပ်လိုက်ရင် ကျော့မောင်တစ်ယောက်တည်းကွက်ပြီး

အရှက်ရမှာမဟုတ်ဘူး၊ ကဲ့ရဲ့ခံရမှာမဟုတ်ဘူး၊ တစ်ရွာလုံး အရှက်ရမှာ၊ ဟိုကျောင်းထိုင် ဆရာတော်ကြီးပါ မကျန်ဘူးကွ၊ မင်းတို့မှတ်မိရဲ့လား၊ ဟိုး လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ချွတ်ယွင်းချက်တစ်ခုကြောင့် ပွဲခင်းမှာ သူဌေးစင်ပြိုကျတာတောင် တို့တစ်ရွာလုံး ဘယ်လောက်အရှက်ရခဲ့သလဲ၊ သုံးလေးငါးနှစ်ကဲ့ရဲ့ကြလို့ ရွာကလူပျိုအပျိုကလေးတွေဆိုရင် အပြောင်အလှောင်ခံရလို့ တခြားရွာတောင် မသွားရဲ့တဲ့အထိ ဖြစ်ခဲ့တာ မင်းတို့အသိ၊ နောက်ပြီး တို့ရွာနဲ့အပြိုင် ဘုရားပွဲတော်လုပ်ခဲ့တဲ့ မြတောင်ရွာဆိုရင် မတော်တဆစက်သီးကြိုးညပ်သွားလို့ ရှင်မောဂ္ဂလာန်ကိုယ်တော် လှည့်မရလို့ပြောင်းပြန်ကြွပြီးကတည်းက အခုအထိ ရယ်စရာပြောစမှတ်ဖြစ်ခဲ့သလိုပဲ ပွဲတော်လည်း မဖြစ်တော့ဘူး၊ အဲဒီဖြစ်ရပ်လည်း သူတို့ရွာအရှက်ရွာ၊ အမည်းစက်ဖြစ်တာ ဖျောက်လို့ရတော့လို့လား၊ အခု မင်းတို့လုပ်မယ့်လုပ်ရပ်က ပိုဆိုးတာပေါ့ကွာ၊ တို့ရွာသမိုင်းမှာ တစ်သက်လုံးမကောင်းသတင်းဖြစ်မယ့်ဖြစ်ရပ်၊ ရယ်စရာဖြစ်မယ့် အဖြစ်၊ ကဲ့ရဲ့ကြမယ့်အဖြစ်ဆိုတာ မင်းတို့ သတိမပြုမိတော့ဘူးလား၊ အခု အခမ်းအနားမှာပါနေတဲ့ လူကြီးလူငယ်တွေမျက်နှာ မထောက်တော့ဘူးလား၊ မိန်းကလေးတွေဆို ဘယ်လောက်အရှက်ရကြမလဲ၊ အေးနောက်ပြီး ခတ်ပြား မင်း မှတ်ထား၊ ငါ့အဖေဖြစ်တဲ့ မင်းအဘိုးရဲ့ဘိုးစဉ်ဘောင်ဆက်၊ နောက်ပြီး မင်းအဖေ ငါ့အစ်ကိုကြီးတို့ရဲ့ဂုဏ်ယူစရာ လက်ဆင့်ကမ်းအမွေ ဒီစက်ကြိုးယန္တရားပညာကို မင်းလက်ထက်ကျမှ မင်းကိုယ်ရေးကိုယ်တာကိစ္စတစ်ခုနဲ့ မြောင်းထဲ



ရောက်သွားအောင် လုပ်လိုက်တာလား၊ ဟော့ကောင်တွေ မင်းတို့ပါဆင်းသွား၊ ဟိုမှာ ကောင်းကင်ကြိုးတစ်ပိုဒ် ဆုံးတော့မယ်၊ စက်သီးကြိုးဆွဲရမယ့် အလှည့်ရောက်ပြီ၊ ရွာသူရွာသားတွေနဲ့ ဧည့်ပရိသတ်တွေကတော့ ကြည်ကြည်နူးနူး ဖူးမြော်နေကြလို့ ဘာမှမသိကြဘူး၊ ဒီမှာ မင်းတို့လူစုကတော့ကွာ၊ ဟင်း. . . ကဲ မြန်မြန်ပြော၊ မင်းတို့ ဆုံးဖြတ်မရရင် ဒီစက်ကြိုးဆွဲတာ ငါလုပ်ရတော့မယ်၊ ကဲ မြန်မြန်ဖြေကွာ"

ဦးဒိုးမောင်စကားကို မည်သူကမျှ မတုံ့ပြန်၊ ဦးဒိုးမောင်က ဆက်၍

"ကဲ. . . မင်းတို့ ဘာမှအဖြေမပေးရင် ငါပြောမယ်၊ မင်းတို့ကို တားလို့မရဘူးဆိုရင် ဟော့ကောင် ခတ်ပြား၊ မင်းကိုင်ထားတဲ့ ဓားနဲ့ ငါ့ကိုထိုးလိုက်၊ ငါသေမှ မင်းတို့ရွာကို အိုးမဲသုတ်ခွင့်ရမယ်၊ ဒါမှမဟုတ် အချိန်မရှိဘူး၊ ကြာတယ်၊ ဘေးဖယ်ကွာ၊ ငါကိုယ်တိုင် စက်သီးကြိုးဆွဲမယ်၊ ကဲ မင်းတို့ ဘာလုပ်ကြမလဲ" ဟု ပြောရင်း ဦးဒိုးမောင် စက်သီးခုံနားသို့ တိုးလိုက်သည်။ ထိုစဉ် ကိုခတ်ပြား ရုတ်တရက် မောင်းတင်ထားသည့်ဓားကို ခါးချိုးလိုက်ပြီး

"ဘကြီး ဖယ်၊ ကျွန်တော်လုပ်မယ်၊ ဟော့ကောင် သံချောင်း၊ ခပ်မြန်မြန် ကြိုးပြန်ဆက်လိုက်၊ ကိုသာဂိ ဒလက်ကို ဖြည်းဖြည်းလှည့်ပေး၊ ကဲ ဘကြီး၊ စိတ်ချပါ၊ ကျွန်တော်တို့ အဲဒီအထိ မတွေးမိလို့ ကြံမိတာပါ ဘကြီးရယ်" ဟုပြောရင်း ဓားကို စက်သီးစင်အောက်သို့ပစ်ချလိုက်သည်။ ကိုသာဂိမှာလည်း

"ဟုတ်ပါတယ် ဘကြီး၊ ဟိုဘက်နေရာမှာလစ်လပ်နေပါမယ်၊ သွားပါ၊ ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ နားလည်ပါပြီ" ဟု ပြောလိုက်သည်။ သံချောင်းမှာ ဘာမှမပြောနိုင်ဘဲ ဖြတ်ထားသည့် ကြိုးကို မူလအတိုင်း ပြန်ဆက်ရန် လုပ်နေသည်။ ဘကြီးဒိုးမောင်က ပရိသတ်ကိုတစ်ချက်ဝေ့ကြည့်လိုက်ရင်း

"အဲဒါပေါ့ကွ၊ မင်းတို့အလုပ်က လရိပ်ရန်ပြု၊ ကန်ရေပြင် ခဲနဲ့ထုတဲ့သဘောမျိုး၊ ထိရာတစ်လွဲ ရှရာတခြားဖြစ်နေပြီ၊ အသီး တစ်လုံးလိုတာနဲ့ နှစ်ရှည်လများပြုစုထားတဲ့ အပင်ကြီးကို လှဲလိုက် သလိုမျိုး၊ ပေါက်တော့မျောက် ထိတော့ဘုရား ဆိုသလို မင်းတို့ ဘုရားရဟန္တာ စော်ကားရာလည်းရောက်၊ သာသနာဘာသာ စော်ကားရာလည်းရောက်၊ ကိုယ့်ရွာရဲ့ယဉ်ကျေးမှုအမွေ ညှိုးနွမ်း အောင်လုပ်တဲ့ လူယုတ်မာတွေ၊ အများနဲ့ဆိုင်တဲ့ပွဲမှာ ဖျက်လို့ဖျက် ဆီးလုပ်တဲ့ အဖျက်သမားတွေ၊ နောက်ပြီး သာဒင် မင်းက လူကြီး ဖြစ်ဖို့ ကျော့မောင်နဲ့ အပြိုင်ဖြစ်ခဲ့ဖူးတာကြောင့် မင်းသားကြီးမလုပ် ရလို့ ပတ်မကြီးထိုးဖောက်တဲ့အကောင်တွေလို့ မင်းတို့ကို အများ ကလည်း ထင်လိမ့်မယ်၊ ပြောကြလိမ့်မယ် လူမိုက်တွေရဲ့" ဟု ဦးဒိုးမောင်တစ်ယောက် ခပ်မာမာ ပြောချလိုက်ရင်း စက်သီးစင် ပေါ်မှ ဆင်းသွားသည်။ ထိုအချိန်တွင် တာဝတိံသာစောင်းတန်း ပေါ်မှ သိကြားမျုး၊ ဗြဟ္မာမျုး သရုပ်ဆောင်သူများ၏ ကောင်းချီးပေး သံတွေ၊ နတ်သားနတ်သမီးလေးတွေ သာခုခေါ်သံတွေ မိုးလုံးညံမျှ ထွက်ပေါ်နေလေသည်။



## အခန်း (၃)

"ကျွန်တော်လူမိုက်မဟုတ်ဘူး၊ ကျွန်တော်လူယုတ်မာမဟုတ် ဘူး ဘကြီး"

"ဟေ့ကောင် ခတ်ပြား၊ ဘာတွေ လူမိုက်တွေ လူယုတ်မာ တွေဖြစ်နေတာလဲ၊ ထတော့၊ မင်္ဂလာဆောင်အခမ်းအနား အစီ အစဉ်မှာ မိဘတွေ ကန်တော့ခံဖို့ အချိန်ရောက်နေပြီ" ကောက်ရိုး ပုံတွင်မှေး၍ မျက်စိမဖွင့်သေးဘဲ ယောင်ရမ်းပြောနေသည့် ကိုခတ်ပြား ကိုကြည့်ရင်း ဦးဒိုးမောင် နှိုးနေသည်။

"ကိုခတ်ပြား၊ မမကြီးစန်းရီ ခေါ်နေတယ်၊ ဧည့်ခံရင်းပျောက် သွားလို့ လိုက်ရှာခိုင်းလိုက်လို့ ထမင်းတောင်မဝသေးဘူးဗျာ၊ အစ်ကို က ကောက်ရိုးပုံရောက်နေတာကိုး၊ ဘာလုပ်နေတာလဲ"

ပြောရင်းအနားရောက်လာသည့် သံချောင်းမှာ ထမင်းစား ပြီးစ အဆီပေနေသည့် ပါးစပ်ကို အင်္ကျီလက်နှင့်ပွတ်နေသည်။

"ဟော၊ ဘကြီးပါ ဒီရောက်နေတာကိုး၊ ဟေ့ကောင် ခတ်ပြား တစ်ကိုယ်လုံးလည်းကောက်ရိုးစတွေနဲ့ ဖယ်လိုက်ဦး၊ ဝတ်ကွာ တိုက်ပုံ၊ ဟိုမှာ မင်းကို ဘိသိက်ဆရာသောကြာက ခေါ်ခိုင်းနေပြီ ကွ" နောက်ထပ်ရောက်လာသူ ကိုသာဂိက ပြောလိုက်လျှင် ကိုခတ်ပြားလည်း ကောက်ရိုးစများကို ခါချရင်း ဝါးတက်တွင်ချိတ် ထားသော တာဖတားတိုက်ပုံအင်္ကျီအနက်ကလေးကို ယူဝတ် လိုက်ရင်း ဦးဒိုးမောင်ကိုကြည့်လိုက်ကာ

"ဘကြီးရေ ဘာမှမဟုတ်ဘူး၊ ခဏမေးနေတုန်း၊ ဘုရားပွဲတုန်းက အဖြစ်တွေကို အိပ်မက်လိုလိုမက်နေရင်း လူမိုက်မဟုတ်တဲ့အကြောင်း ငြင်းနေတာဗျို့" ဟုပြုံးပြုံးကြီး ပြောလိုက်လျှင် ဦးဒိုးမောင် သဘောပေါက်သွားကာ

"ကဲ . . . မင်းပုဆိုးအင်္ကျီတွေ ပြင်ဝတ်လိုက်ဦး၊ လူရှေ့ထွက်ရတော့မှာ၊ ကဲ ခတ်ပြား၊ မင်း လူမိုက်စိတ်၊ လူယုတ်မာ အကြံမရှိတာ ငါ လက်ခံပါပြီကွာ၊ အဲဒီတုန်းက သာဂိတို့ သံချောင်းတို့၊ သာဒင်တို့နဲ့အတူ အဲဒီစိတ်တွေ အချိန်မီစွန့်လွှတ်ခဲ့လို့ ဒီအခါမှာ မင်းရဲ့ အချစ်ဆုံးသမီးလေး မင်္ဂလာပွဲကို ဟောဒီလို အနေအထားမျိုးနဲ့၊ ရွာနဲ့ရပ်နဲ့၊ နှစ်ဖက်မိဘဆွေမျိုးတွေနဲ့၊ မိတ်သင်္ဂဟတွေနဲ့၊ ခမ်းခမ်းနားနား မင်္ဂလာပွဲကြီး ဖြစ်လာတာပေါ့၊ ဘုရားပွဲညက မင်းတို့ သဘောထားပြောင်းသွားတာ ကျော့မောင်တို့ မိသားစုတွေ ဇာတ်ရည်လည်သွားကြတော့ ကောင်းတဲ့ဘက်ရောက်သွားကြရသလို တို့တစ်ရွာလုံးအတွက်လည်း အမည်းစက်ကြီးက လက်မတင်လေး လွတ်သွားတာပေါ့၊ နောက်ဆုံးတော့ မေတ္တာစိတ် မေတ္တာမှန်နဲ့ ချစ်ခဲ့ကြတဲ့ ကလေးနှစ်ယောက် ဘယ်လောက်ဝမ်းသာကြပြီလဲ၊ ကျော့မောင်လည်း သားအတွက်၊ မင်းလည်းသမီးအတွက်နဲ့ သဘောကွဲရာကအစ တစ်ရွာလုံး ကူးစက်သွားကြ၊ စိတ်ဝမ်းကွဲခဲ့ကြတဲ့အဖြစ်က ဘာနဲ့တူသလဲဆိုတော့ လရိပ်ရန်ပြု၊ ကန်ရေပြင်ကို ခဲနဲ့မထုမိခဲ့လို့ ဒီလိုရလဒ်မျိုး ရခဲ့တာပေါ့ဟေ့၊ ကဲ သွားကြမယ်" ဟု ပြောလိုက်လျှင် သံချောင်းက -



"ဟုတ်တယ် ဘကြီးရေ၊ ကျွန်တော်တို့တစ်တွေ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဘကြီးရဲ့ အမြော်အမြင်ကြီးမားတဲ့ စကားကို နားထောင်ခဲ့လို့၊ အခုလို ရပ်ရေးရွာရေးကိစ္စတွေမှာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဥမကွဲသိုက်မပျက် ဖြစ်ခဲ့ရတာ၊ ဘကြီးကို ကျေးဇူးတင်တယ် ဘကြီးရေ" ဟုပြောလိုက်သည်။ ကိုခတ်ပြားကလည်း

"ဟုတ်တယ် ဘကြီးရေ၊ ကျွန်တော်လည်း ဟောဒီက သံချောင်းပြောသလို ဘကြီးပြောစကား နားထောင်ခဲ့လို့ ကျွန်တော့်သမီး မင်္ဂလာပွဲကို ဒီလိုနွှဲနိုင်တာပေါ့ ဘကြီး၊ ဘကြီးကို ကျေးဇူးတင်လိုက်တာဗျာ၊ အခုလို မြင်ကွင်းတွေမြင်ရတော့ ဝမ်းသာလိုက်တာဗျာ" ဟု အားရဝမ်းသာပြောနေရာ ဦးဒိုးမောင်က ပြုံးပြုံးကြီးဖြင့်

"အေး မင်းတို့ပြောတာ ဟုတ်တယ်ကွ၊ ငါလည်း သက်ကြီးစကား သက်ငယ်ကြားခဲ့လို့ မင်းတို့ကို အခုလို အကျိုးရှိတဲ့စကား ပြောနိုင်တာပေါ့ကွာ၊ ငါလည်း သက်ကြီးစကားကြားခဲ့တာကွ" ဟု ပြောလိုက်လျှင် ကိုခတ်ပြားက "ဟင် ဘကြီး ဘကြီးပြောသလိုဆို ဘကြီးလည်း ကျွန်တော်တို့လို မှားခဲ့ဖူးတာပေါ့နော်" ဟု မေးလိုက်လျှင် ဦးဒိုးမောင်က မျက်နှာရှုတည်တည်ဖြစ်သွားပြီး

"ဟာ ဒီကောင် လူမိုက် သဘောမပေါက်ပါလား၊ ကဲ. . . နာထောင်စမ်း၊ ဘာတွေ ကြားနေရသလဲ" ဟုမေးလိုက်လျှင် ကိုခတ်ပြား အသံချဲ့စက်မှ အသံကြားနေရသည့်ဘက် နားစွင့်လိုက်ရင်း

"သြော် ဘကြီးကလည်း သောကြာ ဘိသိက်မြှောက်နေတာ ပေါ့၊ ၃၈ ဖြာ မင်္ဂလာအကြောင်းတွေလေ" ဟုပြန်ဖြေလိုက်လျှင် ဘကြီးဒိုးမောင်၏ မျက်နှာမှာ ပြုံးပြုံးကြီးဖြစ်သွားပြီး

"အေး ဟုတ်တယ် အဲဒီ ၃၈ ဖြာမင်္ဂလာဟာ ငါတို့ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ တရားတော်ပဲကွ၊ အဲဒီအထဲမှာပါတဲ့ မင်းတို့သိပြီးကြားပြီးဖြစ်တဲ့ လူမိုက်တွေမချဉ်းကပ်၊ မမှီဝဲဖို့နဲ့ ဆွေမျိုးသားချင်းတွေ စောင့်ရှောက်ဖို့က စတဲ့ စတဲ့ အခြားအချက်တွေပါ ပါတယ်ဆိုတာ မင်းတို့လည်းအသိ၊ အဲဒါတွေဟာ အစဉ်အဆက် ရဟန်းတော်တွေ သက်ကြီးဝါကြီး ဘိုးဘေးစဉ်လာ ရေးမှတ်ခဲ့၊ ပြောဆိုခဲ့ပြီး ဆိုဆုံးမခဲ့တဲ့ စကားတွေ၊ အဲဒီစကားတွေကို လေးစားလိုက်နာပြီး တို့မြန်မာမှုနယ်ပယ်မှာ ကျင့်သုံးခဲ့လို့၊ မြန်မာ့ယဉ်ကျေးမှုဆိုတာ ဘယ်သူနဲ့မှမတူတဲ့ မယှဉ်နိုင်တဲ့ အမွေစစ်ဖြစ်ခဲ့တာကွ၊ အဲဒါကို လက်ကမ်းထိန်းသိမ်းပြီး ဆိုဆုံးမခဲ့တဲ့စကားတွေဟာ ငါတို့အထိတိုင် လက်ခံကျင့်သုံးခဲ့ကြတာ၊ ပြောဆိုခဲ့ကြတာ မဟုတ်လား၊ ကြီးသူကငယ်သူကို ဆုံးမခဲ့ကြတယ်၊ ငါလည်း ကြီးသူတွေရဲ့ သွန်သင်ဆုံးမတာတွေ နာခံ မှတ်သားခဲ့ရဖူးတယ်၊ ငါကလည်း မင်းတို့ကို သွန်သင်ဆုံးမ လမ်းပြနိုင်ခဲ့တယ်၊ အဲဒါကို ပြောချင်တာကွ၊ ဒါကြောင့် သက်ကြီးစကား သက်ငယ်ကြားလို့ ပြောတာပေါ့ ခတ်ပြားရ" ဟု ရှည်လျားစွာ ရှင်းပြလိုက်ရာ ကိုခတ်ပြားရော သံချောင်းပါ သဘောပေါက်သွားပြီး သံချောင်းက -



"ဟာ ဟုတ်တယ် ဘကြီး၊ ကျွန်တော်တို့ ဘကြီးစကားနားထောင်ခဲ့တာ သက်ကြီးစကားသက်ငယ်ကြားဆိုတဲ့ ၃၈ ဖြာမင်္ဂလာတွေပေါ့နော်" ဟုပြောလိုက်သလို ခတ်ပြားကလည်း "ကျွန်တော် သဘောပေါက်ပါပြီ ဘကြီး၊ သက်ကြီးစကားနားထောင်ခဲ့တဲ့ ကျွန်တော့်ကို လူမိုက်လို့ ခေါ်လို့မရတော့ဘူးပေါ့နော်"

"ကောင်းပါပြီကွာ၊ ကဲ မင်းလည်း ၃၈ ဖြာမင်္ဂလာတရားနဲ့အညီ ကန်တော့ခံဖို့နီးပြီ သွားစို့" ပြောလိုက်သည်နှင့် တစ်ချိန်လုံး ငြိမ်နေသည့် သာဂိက

"ကဲ ခတ်ပြားရေ၊ အပ်သွားမတပ်နဲ့တော့၊ နတ်သိကြားတောင် နောက်တစ်ခါ သောကြာက ပင့်ဖိတ်နေပြီ၊ ခပ်သွက်သွက်ဟေ့" ဆိုလိုက်သည်နှင့် သူတို့လေးဦးသား အပြုံးကိုယ်စီဖြင့် မင်္ဂလာမဏ္ဍပ်ဆီသို့ ခြေဦးလှည့်လိုက်ကြပါတော့သတည်း။

# လေ့ကျင့်ရေးကွင်း

ကြိုးကြာကွင်းရွာကား အိမ်ခြေ တစ်ရာကျော်ရှိသော ရွာဝိုင်းကြီး တစ်ရွာဖြစ်သည်။ ရွာတည်နေပုံမှာ ဧက ၂၀၀၀ ကျော် ၃၀၀၀ နီးပါး လယ်ကွင်းကြီးအလယ်လောက်တွင်ရှိပြီး အနီးဆုံးရွာနှင့်ပင် ၃ မိုင်ခန့်ဝေးသည်။ တစ်နည်းဆိုရသော် ကွင်းထီးထီးကြီးထဲတွင် တည်ထားသော ရွာတစ်ရွာပင်။ အခြားရွာများနှင့်ဆက်သွယ်သော သတ်သတ်မှတ်မှတ်လမ်းဟူ၍လည်း မရှိ။ ထို့ကြောင့် နွေမိုးဆောင်း ကန်သင်းလမ်းကိုသာ အသုံးပြုကြရပြီး မိုးအခါတွင်တော့ ရွာနားက ဖြတ်စီးသွားသောကြိုးကြာကွင်းချောင်းရိုးကိုအသုံးပြု၍ လှေနှင့် ကူးလူးသွားလာကြသည်။ ထိုချောင်းကား မိုးအခါ မြို့နယ်ရုံးစိုက်ရာ မြို့နှင့်ခရီးပေါက်သလို မိုင် ၂၀ ကျော်ဝေး၏။

မြို့နှင့်အလှမ်းဝေးသော်လည်း ကြိုးကြာကွင်းရွာသားများကား ခေတ်ကိုအမီလိုက်ကြသည်။ ရွာတွင် ဗီဒီယိုရုံရှိသဖြင့် မြို့ပြ အကြောင်း သူတို့နှင့်မစိမ်း။ မရောက်ဘူးပေမယ့် မြင်ဖူးကြ၏။ ထို့ပြင် ဗီဒီယိုပြသောရုံတိုင်းတွင် ကာရာအိုကေတည်းဟူသော



သီချင်းဆိုသည့်အစီအစဉ်ကား မပါလျှင်မပြီး။ ဤအစီအစဉ်ကို လူငယ်၊ လူလတ်ပိုင်းများ အလွန်အာတွေ့ကြသလို သက်ကြီးပိုင်း လေးဆယ်ကျော် ငါးဆယ်တွေလည်း ဝင်ဟဲနေကြပြီ။ သည်လို အားပေးမှုကြောင့်ပင် ဗီဒီယိုရုံပိုင်ရှင်တို့ကား ဇာတ်ကားမပြခင် ကာရာအိုကေဖြင့် ဝင်ငွေစုပြည်နေကြသည်။ ဖိုးဆိုချင်များကလည်း ဇာတ်ကားပြမည့်ညဆိုလျှင် ပရိသတ်ရှေ့တွင် အစွမ်းပြချင်ကြသည်။ ဆိုမည့်သူတွေများသဖြင့် ရှေ့နောက် နံပါတ်ချိတ်ထားရသည် အထိပင်။ ညနေ ၆ နာရီလောက်ကစတင်၍ ည ၈ နာရီအထိ အဆိုပွဲကြီး နွှဲကြတော့သည်။ တစ်ရုံနှင့်တစ်ရုံ အပြိုင်အဆိုင်မို့လည်း ရုံအပြင်ဘက် သစ်ပင် မြင့်မြင့်တွင် အသံချဲ့စက်နှင့်တွဲထားသော အော်လံဟွန်းကြီးများတင်ကာ အသံကုန်လွှင့်ကြတော့သည်။ ဗီဒီယို ဇာတ်ကားကြည့်ရန် စောင့်ရသူများက သည်းမခံနိုင်တော့ဘဲ ဟို တစ်ခါက်၊ သည် တစ်ပေါက် မကျေမနပ်ဖြစ်လာမှ သူတို့အဆိုပွဲ ရပ်တော့သည်။

သည်လို လူများများရှေ့တွင် သူ့အကြောင်းနှင့်သူ ကိုယ့် အကြောင်းနှင့်ကိုယ် ရင်ဖွင့်သီဆိုချင်သူတွေ များလွန်းသဖြင့် ပရိ သတ်က လက်မခံနိုင်။ ရုံပရိသတ်မဆိုထားနှင့် ပတ်ဝန်းကျင် အိမ်များအပြင် တစ်ရွာလုံးနီးပါး နားပူရသည့်အဖြစ်။ အဆိုကောင်း သူလည်းရှိ၊ အသင့်အတင့်နားထောင်ကောင်းသူလည်းရှိ၊ လုံးဝ နားထောင်လို့မရသည့်သူများလည်း ဒုနှင့်ဒေး။ သည်ကြားထဲ မိုးဦးကျ ဖားခုံညင်းသံ၊ ဖားကျသံသဖွယ် စုပေါင်းဆိုသည့် ဆူညံပွက်လော

ရိုက်သီချင်းများ ပါလျှင်တော့ အားလုံး နားဒုက္ခရောက်ရတော့သည်။ ပိုခံရသည်က လူကြီးသူမများပင်။ အိပ်ခါနီး ဘုရားရှိခိုးဖို့ပင် သူတို့အဆို သိမ်းချိန်စောင့်ရသည်။ တရားထိုင်၊ ပုတီးစိပ်မည့်သူများအတွက် ပို၍အနှောင့်အယှက်ဖြစ်ရသည်။

တစ်ခါတစ်ရံ သီချင်းဆိုပွဲလုပ်သည့် အထူးအစီအစဉ်လည်း ရှိသေး၏။ လယ်ကူချသည့်နေ့မို့၊ လယ်အပြီးနေမို့၊ မင်္ဂလာပွဲပြီးသည့်နေ့မို့ စသည့်အကြောင်းပြချက်ပေါင်းစုံဖြင့် အထူးအဆိုပွဲများ ကျင်းပကြသေး၏။ တစ်ရွာလုံးကလည်း မိသားစုတွေ၊ ဆွေမျိုး မကင်းကြ။ ဗီဒီယိုပိုင်ရှင်နှစ်ဦးကလည်း ညီအစ်ကိုဝမ်းကွဲတွေ။ သို့သော် အပြိုင်အဆိုင်လေးက ရှိစမြဲ။ ထိုအပြိုင်အဆိုင်ထဲတွင် တစ်ရွာလုံး နားမချမ်းသာစရာ ကာရာအိုကေဖြင့် အပြိုင်စီးပွားရှာခြင်းက ထိပ်ဆုံးကပင်။

"ကဲ . . . လူကြီး၊ ကျုပ်တို့ရွာ ကိစ္စ ဘယ်လိုရှင်းမလဲ"

ရွာလူကြီးဖြစ်သူ ဦးတောကျော်အိမ်ပေါ်သို့ တက်လာပြီး အဆက်အစပ်မရှိပြောလိုက်သော ဦးထွေးပုစကားကြောင့် ရွာလူကြီး ဦးတောကျော်အပါအဝင် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ရှိနေသူအားလုံး မျက်လုံးပြူးသွားကြသည်။ ဦးတောကျော်က သောက်လက်စရေနွေးကြမ်းပန်းကန်ချလိုက်ရင်း

"ဘာများလဲ ထွေးပုရ၊ ဘာကိစ္စလဲ"

"ဘာဖြစ်ရမလဲဗျ၊ နေ့နေ့ညည ကျော်မကောင်းကြားမကောင်း အသံချဲ့စက်အော်လံတပ်ပြီး အသံကုန်အော်ဆိုနေကြတဲ့ဟာတွေလေ"



"ဩော် ဘာများလည်းလို့ ထွေးပုရာ၊ အဲဒါတွေ ငါလည်းပြောတာ များပါပြီ၊ အဲဒါတွေပိတ်ရင်လည်း သူတို့စီးပွားဖြစ်နေတာ မနာလို လို့ဆိုပြီး ပြောကြဦးမယ်၊ မင်းလည်း ငါ့ညီဝမ်းကွဲ၊ သူတို့ကလည်း ငါ့တူ၊ တူမဝမ်းကွဲတွေ၊ အားလုံးက မိသားစုတွေဆိုတော့ ခက်နေတယ်ကွာ"

"ဟာ ဒါတော့ဒါပေ့ါ အစ်ကိုတောကျော်ရ၊ တစ်ရွာလုံးက တင်ထားတဲ့ ရွာလူကြီးကတော့ ထိန်းသင့်တာ ထိန်းပေးပေ့ါဗျာ"

ဦးထွေးပုမှ လက်မခံနိုင်ဘဲ ဆက်ပြောနေသဖြင့် စကားဝိုင်းတွင်ထိုင်နေသူ ဦးဓာတ်ပြားက -

"ဟေ့ ဒီမှာထွေးပု၊ ဟောဒီက အစ်ကိုတောကျော်အစား ငါနည်းနည်းပြောချင်တယ်ကွာ၊ တို့ရွာဟာ မင်းသိတဲ့အတိုင်းပဲ၊ သီချင်းဆိုတာတော့ အရမ်းဝါသနာပါကြတာကွ၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒီပြင်ဟာတွေဖြစ်တဲ့ လောင်းကစားတို့၊ မရိုးမဖြောင့်လုပ်တဲ့ လုပ်ငန်းတို့ ဝါသနာမပါကြဘဲ ဒီသီချင်းဆိုတာဝါသနာပါတာ တော်သေးတာပေ့ါကွာ၊ အလိုက်အထိုက်သည်းခံပါကွာ"

"ဟာ . . . ဟေ့ကောင် ဓာတ်ပြား၊ မင်း ဝါသနာပါတာကိုးကွ၊ အဲဒါကြောင့် ငှက်ရိုးနာမည်ပျောက်ပြီး ဓာတ်ပြားတွင်နေတဲ့ကောင်ပဲ၊ မင်းက ဒီကောင်တွေဘက်က ကာကွယ်ပြောမှာပေ့ါ"

ကိုဓာတ်ပြားဘက် ဒေါသရောက်သွားသူ ဦးထွေးပုကိုကြည့်ပြီး ဝိုင်းထဲရှိ ဦးထွန်းဘော်က -

"ထွေးပုကလည်းကွာ၊ မင်းမှာလည်း အသက်လေးရလာတော့ ကိုယ်ငယ်ငယ်ကလုပ်ခဲ့တာတွေ မေ့နေပြီလားကွ၊ တို့ရွာက ပြောရရင် အဆိုတော်မထွက်တဲ့ အဆိုတော်ရွာကွ၊ ဟိုတုန်းက ဓာတ်ပြား ခေတ်ကလည်း ရွာကအလှူတို့ မင်္ဂလာဆောင်တို့မှာ မြို့က အသံချဲ့ စက်ငှားလာရင် ညဘက်ဆို အတီးမပါဘဲနဲ့တောင် တွံတေး သိန်းတန်တို့ ဟသ်ာတထွန်းရင်တို့သီချင်းတွေ ဟဲကြတာ မင်းလည်း ပါတာပဲ၊ ဟောဒီကောင်ဓာတ်ပြားဆို ထွေးညိုပြဇာတ်ဆို တစ်လုံး မကျန် အပြောရောအဆိုပါ အလွန်နိုင်ပဲ"

"ဟာ၊ မင်းတို့က သူတို့ဘက်ကပဲ ရှေ့နေလိုက်နေတာလား၊ တို့ဆိုတုန်းက အချိန်နဲ့ကွ၊ နောက်ပြီး စည်းကျဝါးကျ၊ ပွဲတောင်းမှ မိုက်ကိုင်တာ၊ အခုဟာက သူ့ထက်ငါ အပြိုင်အဆိုင် ဘာတွေဆို မှန်းလည်းမသိဘူး၊ ရွာထဲ လူမမာရှိမှန်းမသိ၊ ကလေးတွေ စာကျက်နေမှန်းမသိ၊ ကဲ အခုပဲမြို့မှာ ဆေးကုနေတဲ့ ဆရာတော်ကြီး ပြန်ကြွလာရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတော့လည်း ထိန်းရတာပေါ့ကွာ၊ အခုဟာက ပက်လက်လှန်တံတွေးထွေး ကိုယ့်အပေါ်ပြန်ကျဆိုသလို ဖြစ်နေတယ်ကွ" ဟု ရွာလူကြီး ဦးတောကျော်က ခပ်ညည်းညည်းပြောလိုက်လျှင် ဦးထွေးပု စိတ်မရှည်ဟန်ဖြင့်

"ဒီမှာ ကိုတောကျော်၊ အဲဒါတွေဟာ အစ်ကိုညံ့လို့ ဒီလိုဖြစ်နေတာ၊ ဟော အခုတောင် မနက်ပိုင်းရှိသေး မိုက်စမ်းနေပြီ၊ ကြားလား၊ ဟင်"



ဦးထွေးပုမှာ ဦးတောကျော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်ပြီး၊ ငယ်စဉ်ကပင် တစ်ဦးနှင့်တစ်ဦး ပြောမနာဆိုမနာ၊ ဦးထွေးပုကား ယခုချိန်တိုင် ငယ်ကျင့်မပျောက်၊ ဟောဟောဒိုင်းဒိုင်း ပြောတတ်သည်။ သူပြောချင်သည့်စကား ပြောလိုက်ရမှ ကျေနပ်သူ။

သည်အကျင့်ကို ဦးတောကျော်နှင့်တကွ ရွာသားများက နားလည်ထားကြသည်။ ဆွေမျိုးစပ်လျှင် တစ်ရွာလုံးနီးပါးဖြစ်နေသည့် ကြိုးကြာကွင်းရွာတွင် တစ်ယောက်အကြောင်း တစ်ဦးဗီဇ အကျင့်စရိုက် တစ်ဦးသိနေတာ မဆန်းပေ။ ထိုအထဲတွင် လက်ဖက်ရည်ကြမ်းဝိုင်း စထိုင်ခါစကပင် ရောက်လာပြီး ရွာအကြောင်းရပ်အကြောင်းပြောနေသူ ကိုချိုဝင်းလည်းပါသည်။ ကိုချိုဝင်းကား ကြိုးကြာကွင်းရွာတွင် မူလတန်းကျောင်းအုပ်ဆရာဖြစ်သည်။ မူလတန်းဆရာဖြစ်ခါစပင် ကြိုးကြာဝိုင်းရွာတွင် တာဝန်ကျခဲ့ပြီး ယခုအချိန်သို့ပင် တိုင်ခဲ့ပြီ။ ထို့ကြောင့်ပင်လျှင် ကြိုးကြာကွင်းရွာနှင့် အကျွမ်းတဝင် ဖြစ်နေပြီ။ ရွာသားအားလုံးက ဆရာလေးဟု နှုတ်ကျိုးနေသည့် ဆရာကိုချိုဝင်းစကားကို ရွာသားများက လေးလေးစားစား နားထောင်ကြသည်။ ဆရာကိုချိုဝင်းကား ပညာရေးတာဝန်အပြင် ရပ်ရေးရွာရေး မလစ်ဟင်းစေရ။ လိုအပ်ပါက ဝင်ရောက်၍ ဦးဆောင်ပေးသည်အထိပင်။ သည်ကနေ့ နံနက် ဦးထွေးပုပြောသည့် ကာရာအိုကေပြဿနာထွက်ပေါက်ကိုလည်း သူစဉ်းစားစိတ်ကူးထားတာ ကြာခဲ့ပြီမို့ စကားကြုံလာပေပြီ။

ကိုချိုဝင်းမှာ အားလုံးကို ကြည့်လိုက်ရင်း

"ကဲ ဘကြီးတို့၊ ဦးလေးတို့၊ ဒီကိစ္စကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ စဉ်းစားထားတာ ကြာပါပြီ၊ အဲဒါကြောင့် အကြံတစ်ခု လောက်ပေးချင်ပါတယ်" ဟု စကားစပျိုး၍ အကဲခတ်လိုက်ရာ အားလုံးကစိတ်ဝင်တစား နားထောင်နေကြသည်။ ကိုချိုဝင်းက သူ့စကားကို ဆက်လိုက်သည်။

"ကျွန်တော် ဒီကြိုးကြာကွင်းရွာ ရောက်ပြီးနောက်ပိုင်း လေ့လာကြည့်သလောက် ဘိုးဘွားဘီဘင် မိသားစု အုပ်စုကြီး ငါးခု လောက်က ပေါက်ဖွားကြတာပါ။ အဲဒီမိသားစုကလည်း အခုဆိုရင် ဆွေမျိုးတွေမကင်းကြဘူး။ မျိုးဆက်သစ်တွေ အိမ်ရာထူထောင်ကြ၊ လက်ဆက်ကြမို့ ခွဲခြားလို့မရတော့ပါဘူး။ တစ်ရွာလုံး အမျိုးတွေ ချည်းပါ။ အဲဒါကြောင့် လူကြီးလုပ်တဲ့သူလည်း တစ်ခါတလေ ပြောရဆိုရမလွယ်ပါဘူး။ ဒီလိုဖြစ်လာရတာလည်း ဟိုတုန်းက အစဉ် အလာအတိုင်း မိသားစုစိတ်ဓာတ်နဲ့ ဖြေရှင်းနေခဲ့ကြတာမဟုတ်လား။ အရေးယူတာတို့ ဥပဒေတို့နဲ့ ပိတ်ပင်တားဆီးအပြစ်ပေးရင်တော့ မရဘယ်ရှိမလဲ။ ဒါပေမယ့် ကြိုးကြာကွင်းရွာစရိုက်ကတော့ ချက်ချင်း ပြောင်းသွားမှာ မဟုတ်ပါဘူး။ အဲဒီတော့ အားလုံးအဆင်ပြေသွား အောင် စဉ်းစားထားတာ တစ်ခုရှိတယ်ခင်ဗျာ" ဟု စကားဖြတ် လိုက်ရင်း စကားဝိုင်းအတွင်း အကဲခတ်ကြည့်နေလိုက်သည်။ ဦးထွေးပုက ကြားဖြတ်ပြောလိုက်၏။



"ဟာ ၊ဒါဆို ဆရာလေးက ဘယ်လိုစဉ်းစားထားလို့လဲ"

"ဒီလိုပါခင်ဗျာ၊ မိသားစုစိတ်ဓာတ်လည်း မပျောက်၊ စိတ်ဝမ်း လည်းမကွဲကြဘဲ ကိုယ်လိုချင်တဲ့ပုံစံရအောင် လုပ်ဖို့ ဘကြီးတို့တွေ၊ ကျေးရွာလူကြီး၊ လူငယ်ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး အကောင် အထည်ဖော်ချင်ပါတယ်" ဟု ခွင့်တောင်းလိုက်လျှင် ဦးတောကျော်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ဟာ တို့ရွာကောင်းဖို့ပဲ၊ သဘောတူပါတယ်၊ အကောင်အထည် ဖော်ပါ။ မင်းပဲ ဦးဆောင်ပါ၊ ဟုတ်တယ်မဟုတ်လားဟေ့"

ဦးတောကျော်က အားလုံးကြည့်လိုက်ရင်း တိုင်ပင်သလိုပြော လိုက်လျှင် အားလုံးက တညီတညွတ်တည်းပင် ထောက်ခံလိုက်ကြ၏။

"ဟာ လုပ်ပါ၊ လုပ်ပါ၊ သဘောတူပါတယ်။ တို့ရွာလေး စည်းကမ်းတကျဖြစ်သွားရင် ပိုကောင်းတာပေါ့" ဟု အားတက် သရောပြောနေကြပြီ။ ဆရာကိုချိုဝင်းလည်း သူ့စကားကိုဆက်၍

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒီလို စည်းကမ်းတကျဖြစ်ရအောင် လုပ်သင့်တဲ့အလုပ်တွေ လုပ်ပေးမှာပါ၊ ကျေးရွာလူကြီး၊ လူငယ် ခေါင်းဆောင်ပိုင်းတချို့နဲ့ သဘောပေါက်အောင် စည်းရုံးပြောဆို ပြီးသင့်သလောက်ပြီးပါပြီ။ သူတို့အနေနဲ့က ပြင်ရမယ့်လူတွေ၊ စည်း ကမ်းမဲ့နေတဲ့လူတွေဟာ ညီအစ်ကိုတွေ၊ မိသားစုတွေဆိုတော့ ငယ် ငယ်ကနေကြသလိုပဲ ပြောဆိုဆက်ဆံနေကြတော့ ခက်နေကြတယ်၊ တစ်နည်းပြောရရင် မခန့်လေးစားသဘောမျိုး ဖြစ်နေတာပေါ့၊

အဲဒီလို အခြေအနေမျိုးကြောင့် ကျွန်တော်က အားလုံးကိုယ်စား ဆောင်ရွက်ပေးမှာပါ”

“ဟာ တို့ရွာအကြောင်း ဆရာလေး မောင်ချိုဝင်းလည်း သိသဟ၊ အေးလေ သိလည်းသိရမှာပေါ့၊ ကောင်းပါတယ်ကွာ၊ ဒါနဲ့ ဆရာလေးမောင်ချိုဝင်းအစီအစဉ်က”

ရွာတောင်ပိုင်းမှ ရွာလူကြီးတစ်ဦးဖြစ်သူ ဦးသောင်းက မေးလိုက်၏။

“ဒီလိုပါ ဦးလေး၊ အစီအစဉ်တွေကတော့ ကျောင်းပိတ်ရက် တစ်ရက်မှာ ပထမဆုံးအကောင်အထည်ဖော်ပေးမယ်။ လူကြီး လူငယ်ခေါင်းဆောင်တွေကိုဖိတ်ပြီး အားလုံးသဘောပေါက်အောင် ပြောပြီး ဆောင်ရွက်မှာပါ။ အခုလောလောဆယ် ဦးလေးထွေးပုပြောတဲ့ ကာရာအိုကေကိစ္စ အဓိကထားပြီး ကောင်းအောင်စီစဉ်သလို အောင်မြင်သွားရင် တစ်ဆင့်တက်ပြီး ရပ်ရေးရွာရေးကိစ္စအဝဝ ကိုလည်း ပြုပြင်သင့်တာပြုပြင်၊ ထိန်းသိမ်းသင့်တာ ထိန်းသိမ်း၊ စတာ တွေ ဆက်လုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ ဒါ အောင်မြင်ဖို့က တော့ စုပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ပါပဲ” ဟု အစချီကာ အသေးစိတ် သူ့ရည်ရွယ်ချက်ပြောပြနေသည့် ဆရာကိုချိုဝင်းစကားကြောင့် ဦးတောကျော် အိမ်ပေါ်ရှိ လက်ဖက်ရည်ကြမ်းဝိုင်းရှိ လူများအားလုံး ခေါင်းတညိတ်ညိတ်။ ကိုချိုဝင်းလည်း သူ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ အခွင့်ရသွားသဖြင့် ဝမ်းသာနေသည်။



## (၂)

ဆရာကိုချိုဝင်းတစ်ယောက် ကျေးရွာလူငယ်ခေါင်းဆောင် များဖြစ်ကြသည့် မောင်သန့်စင်၊ မောင်မောင်ဦးတို့နှင့်တိုင်ပင်သင့် တာကိုတိုင်ပင်၊ ရွာလူကြီးများနှင့်ညှိနှိုင်းသင့်တာညှိနှိုင်းပြီး တစ်ရွာ လုံးအစည်းအဝေးခေါ်ရန် ရက်သတ်မှတ်လိုက်ကြသည်။ အစည်း အဝေးလုပ်ရန် သုံးရက်အလို ညတစ်ညလူခြေတိတ်ချိန်တွင် ရွာ လူကြီးဦးတောကျော်အိမ်ရှိ ဝါးပိုးဝါးခပ်မြင့်မြင့်ပေါ်တွင် ချိတ်ထား သော အသံချဲ့စက်အော်လံကြီးမှ ဆရာကိုချိုဝင်း၏အသံ တစ်ရွာ လုံးကြားလိုက်ရသည်။

“ကြိုးကြာကွင်းရွာရှိ ကာရာအိုကေ အဆိုဝါသနာရှင် ကြီးငယ် အပေါင်းတို့ခင်ဗျား၊ ကျွန်တော်တို့ကြိုးကြာကွင်းရွာ အထူးအစီ အစဉ်အနေဖြင့် ကာရာအိုကေအဆိုကောင်းများ ထွက်ပေါ်လာရေး အတွက် ဆွေးနွေးတိုင်ပင်လိုပါသဖြင့် လာမယ့် တနင်္ဂနွေနေ့၊ တပေါင်းလဆန်း ၅ ရက်နေ့မှာ ကြိုးကြာကွင်းရွာ မူလတန်းကျောင်း သို့ နေ့လယ် ၁ နာရီအရောက် အစည်းအဝေးတက်ကြဖို့ ဖိတ်ကြား အပ်ပါတယ်ခင်ဗျား၊ အထူးမှတ်ချက်အနေဖြင့် ကာရာအိုကေရုံ ပိုင်ရှင်နှစ်ဦးလည်း မပျက်မကွက်တက်ရောက်ကြပါ၊ အစည်းအဝေး တက်ရောက်သူများသာလျှင် ကာရာအိုကေဆိုပိုင်ခွင့် လက်မှတ် ရမှာဖြစ်ကြောင်းလည်း ကြိုတင်အသိပေးအပ်ပါတယ်ခင်ဗျား”

ရွာ၏အရှေ့အနောက်တောင်မြောက်သို့ လော်စပီကာဟွန်းကြီး များလှည့်ကာ လေးကြိမ်တိုင်တိုင် ကြေညာလိုက်တော့၏။

အစည်းအဝေးလုပ်မည့်နေ့ရက် ရောက်လာတော့သည်။ နံနက် ၁၁ နာရီကစ၍ အစည်းအဝေးပွဲကို စိတ်ဝင်စားကြသော ရွာရှိလူငယ်၊ လူလတ်၊ ကလေးများနှင့် အမျိုးသမီးများ တဖွဲဖွဲဖြင့် ရွာလယ်ရှိ အမကကျောင်းဝိုင်းထဲသို့ ရောက်လာကြသည်။ အချို့လည်း အဝတ်အစားအသစ်များပင်ဝတ်ကာ ပွဲသွားပွဲလာပုံစံများဖြင့် တွေ့ရသလို အချို့လည်း လယ်ထဲချောင်းထဲ အလုပ်လုပ်နေသည့် အင်္ကျီအဝတ်အစားများနှင့် တက်လာကြသည်။ အချို့ သားသည် အမေများ၊ ကလေးခါးတစ်ခွင်လျက်တစ်မျိုးဖြင့် ပုံစံအမျိုးမျိုးတွေ့နေရသည်။ သည်အခြေအနေကို ကြည့်ခြင်းအားဖြင့် ဤမျှ ကာရာအိုကေကို စိတ်ဝင်စားသည့်ရွာပင်တည်း။

အစည်းအဝေးမစသေးသည့်အချိန်တွင် မူလတန်းကျောင်းဝင်းကျောင်းပြင် သစ်ပင်ရိပ်အသီးသီးဝယ် သူ့အုပ်စုနှင့်သူ ထ၍ တစ်မျိုး၊ ထိုင်၍တစ်မျိုး စကားဖောင်ဖွဲ့နေကြသည်။ ပြောစကားများကား ကာရာအိုကေအကြောင်း၊ သီချင်းအကြောင်းတွေ များသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . "

၁ နာရီထိုးခါနီးတွင် ဆရာလေးကိုချိုဝင်းက သံချောင်းခေါက်၍ အစည်းအဝေးစရန် အချက်ပေးလိုက်သည်။ စကားသံများရပ်သွားကာ အစည်းအဝေးလုပ်မည့် ကျောင်းထဲသို့ စုရုံးရောက်ရှိလာတော့သည်။ ကျောင်းထဲတွင် ရောက်ရှိပြီးသော တောင်ပိုင်းမှ ရွာလူကြီးဦးသောင်းဦးဆောင်သည့် လူကြီးသုံးဦးအပြင် ကျေးရွာလူငယ်



ခေါင်းဆောင် မောင်သန့်စင်တို့ လူငယ်ငါးဦးတို့ကလည်း နေရာယူထားကြပြီ။ အားလုံးနေရာယူပြီးချိန်လောက်တွင် ဆရာကိုချိုဝင်းက မတ်တတ်ရပ်လိုက်ကာ

"ကဲ၊ ဒီနေ့အစည်းအဝေးကတော့ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ ကြိုးကြာကွင်းရဲ့ ကာရာအိုကေဆွေးနွေးပွဲကြီးပါ၊ ကျွန်တော့်အနေနဲ့ အနည်းငယ်ထည့်ပြောချင်တာကတော့ အများသိတဲ့အတိုင်း ဒီရွာမူလတန်းကျောင်းရဲ့ ကျောင်းဆရာတစ်ဦးဖြစ်ခဲ့သလို မကြာခင်မှာပဲ ဒီရွာသားတစ်ဦးဖြစ်တော့မှာပါ။ ဦးတောကျော်ရဲ့သမီး မမြလေးနဲ့ လူကြီးချင်းစကားပြောပြီးတာကို အားလုံးက သိပြီးဖြစ်ကြမှာပါ။ ဒါကြောင့် ဒီရွာရဲ့ ကောင်းကျိုးမှန်သမျှ လုပ်ရမယ့် တာဝန် ပိုပြီးရှိလာပြီမို့ ပွဲဦးထွက်ဒီအစီအစဉ်လေးကို လုပ်လိုက်တာပါ။ ဒါနဲ့ ဗီဒီယိုရုံပိုင်ရှင် ကိုအောင်မြင့်နဲ့ ကိုကျော်ကြီးတို့ ရောက်ပြီလားခင်ဗျာ"

ဆရာကိုချိုဝင်းက စကားဖြတ်၍ မေးလိုက်သည်။

"ရောက်ပါပြီ၊ ရောက်ပါပြီခင်ဗျာ" ဟု အသံတွေထွက်လာကာ အားလုံးက ဆရာကိုချိုဝင်းဆက်မည့်စကားကို စိတ်ဝင်တစားနားထောင်နေကြသည်။

"ကဲ ကျွန်တော်တို့ ကြိုးကြာကွင်းရွာကနေ သီချင်းဆိုဝါသနာပါလို့ ကာရာအိုကေဆိုကြတဲ့သူတွေဟာ ရွာနဲ့မလိုက်အောင် သိပ်ပြီးများပါတယ်။ တကယ်လည်း စိတ်ဝင်တစားရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာသားတွေမှာ လိုအပ်ချက်ကလေး နည်းနည်းပါးပါး

ရှိနေပါတယ်။ အဲဒါတွေဟာ ဘာတွေလဲဆိုတော့ ကာရာအိုကေဆိုတဲ့နေရာမှာ ဆိုရရင်ပြီးရောဆိုပြီး တွေ့ရာသီချင်း၊ သင့်ရာသီချင်းသူငါအပြိုင်ဆိုနေကြတော့ နားထောင်လို့လည်းမကောင်းပါဘူး၊ တချို့သူတွေဆိုရင် မူးပြီးမှဆိုကြတော့ ပိုပြီးဆိုးပါတယ်။ ဒီလိုစည်းမဲ့ကမ်းမဲ့ဆိုနေကြတာတွေကို အခုအချိန်ကနေရပ်ပြီး စနစ်တကျဆိုချင်လာအောင် အစီအစဉ်တစ်ခုလုပ်ထားပါတယ်။ ဒါကဘာလည်းဆိုတော့ သူ့လိုင်းနဲ့သူ စနစ်တကျအဆိုကောင်းတဲ့လူကိုရွေးချယ်ပြီး ဆုပေးဖို့ပါပဲ၊ ဒါ့အပြင် အဆိုပြိုင်ပွဲကြီးတွေ ပြုလုပ်ပေးဖို့ပါပဲ။ ဆုအနေနဲ့ကတော့ အထူးချွန်ဆုံးကို တီဗီတစ်လုံး ဆုချဖို့အပြင် တခြားဆုတွေလည်း စီစဉ်ထားပါတယ်။ ဒီအစီအစဉ်ကိုအားလုံးသဘောတူပါသလားခင်ဗျား"

ဆရာကိုချိုဝင်း၏ စကားကြားရတော့ အစည်းအဝေးတက်ရောက်သူများ ပထမ ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားကြပြီးမှ လက်ခုပ်လက်ဝါးပြိုင်တူတီးလိုက်ကြကာ -

"သဘောတူပါတယ်"

"အမြန်လုပ်ပါ"

"ငါတို့ကို ပထမဆုံးစာရင်းသွင်းလိုက်"

"တို့က ဒါမျိုးကိုမျှော်နေတာ"

စသည့် အသံများကျောင်းတစ်ခုလုံး လျှံထွက်လာသည်။ ထိုထိုသော စကားသံများငြိမ်သွားလောက်မှ ဆရာကိုချိုဝင်းစကားဆက်လိုက်သည်။



"ကဲ. . . ဒီအစီအစဉ်ကို အားလုံးသဘောကျပြီဆိုရင် အဆင့်သုံးဆင့်ခွဲပြီး ဆောင်ရွက်ပေးပါ့မယ်၊ သေသေချာချာနားထောင်ကြပါ။ ပထမအဆင့်က ကာရာအိုကေရုံနှစ်ရုံဖြစ်တဲ့ ကိုအောင်မြင့်နဲ့ကိုကျော်ကြီးတို့ရုံမှာ ကျင့်ရမယ်၊ ဒုတိယအဆင့်အနေနဲ့ ရုံမှာနာမည်ရတဲ့သူတွေကို သတ်မှတ်တဲ့နေ့၊ သတ်မှတ်တဲ့အချိန်မှာ ဦးတောကျော်တို့အိမ်ကနေပြီး မြို့တွေမှာလို ကာရာအိုကေစက်ကြီးတွေနဲ့ အကျအနဆိုခွင့်ပေးမှာ၊ အဲဒီမှာလည်း ကောင်းတဲ့လူ၊ အရည်အချင်းရှိတဲ့လူတွေကိုရွေးပြီး ဒီထက်ပိုကောင်းတဲ့အစီအစဉ်တွေကို ထပ်လုပ်ပေးဦးမှာပါ"

ဆရာ ကိုချိုဝင်းစကားကြောင့် ရွာသားများ အံ့သြသွားသူရှိသလို တချို့လည်း တီးတိုးဝေဖန်သံတွေထွက်လာသည်။

"ဦးတောကျော်အိမ်မှာ စက်မှမရှိတာ"

"တို့ရွာမှာ ဘယ်တုန်းက ဒီစက်မျိုးရောက်လာတာလဲ"

စသည့်အသံများထွက်လာသည်။ နေရာတကာ ဟောဟောဒိုင်းဒိုင်းပြောတတ်သူ ဦးထွေးပုကလည်း-

"နေပါဦးဆရာလေးရဲ့ . . . ဆုပေးမယ့်တီဗွီတွေ၊ အစ်ကိုတောကျော်အိမ်က ကာရာအိုကေဆိုတာ ဘယ်ကရမှာလဲ၊ ရွာမှာငွေခွဲဦးမှာလား၊ နောက်ပြီး . . . "

ဦးထွေးပုစကား မဆုံးလိုက်ရ။ ဆရာကိုချိုဝင်းက လက်ကာပြရင်း -

"အားလုံး ကျွန်တော်ပြောတာကို နားထောင်ကြပါဦး၊ အဲဒါတွေအားလုံး ကျွန်တော် စီစဉ်ပြီးသားပါ။ မြို့က ကျွန်တော့် မိတ်ဆွေတွေကို ကျွန်တော့်ရည်ရွယ်ချက်ပြောပြပြီးတော့ မင်္ဂလာပွဲ ကုန်မယ့်ငွေတွေ မလိုလားအပ်တဲ့ ပကာသနတွေမှာ ကုန်မယ့်ငွေ တွေကို ကျေးရွာဖွံ့ဖြိုးရေးနဲ့လူမှုရေးလုပ်ငန်းတွေမှာသုံးဖို့ ကျွန်တော့် ဆန္ဒပြောတော့ အဖေနဲ့အမေက ဝမ်းသာအားရနဲ့ သဘောတူပါ တယ်၊ အဲဒါကြောင့် အဲဒီပစ္စည်းတွေ ဖြစ်ပေါ်လာတာပေါ့၊ ကျွန်တော့်ရဲ့ မှန်ကန်တဲ့စေတနာဆန္ဒကို အဖေနဲ့အမေက ဖြည့်ဆည်း သလိုလည်းဖြစ်၊ မင်္ဂလာဦးလက်ဖွဲ့ပစ္စည်းတွေလည်း ဖြစ်ပေါ့ဗျာ၊ အဲဒါကြောင့် ကျွန်တော်ကျေးရွာအတွက် အကျိုးရှိမယ့် အလုပ်ကို စတင်လိုက်တာပါ။ ဒါတွေကိုလည်း မမြလေးရဲ့မိတ်ဆွေ ဖြစ်တဲ့ ဦးတောကျော်တို့ကလည်း လက်ခံပါတယ်၊ အဲဒါအပြင် ကျွန်တော့်ရဲ့ အဖေအမေတွေဟာ မြို့မှာယောင်တောင်တောင် ပေတေတေနေခဲ့ တဲ့ကျွန်တော်၊ အကြောင်းတိုက်ဆိုင်မှုအမျိုးမျိုးနဲ့ ဒီရွာရောက်လာ မူလတန်းပြဆရာလေးဖြစ်ပြီး မိတ်ဆွေ့ချင်မြင်ချင်တဲ့ ပညာတတ် သားကောင်းတစ်ယောက်ဖြစ်သွားခဲ့လို့ ဒီရွာနဲ့ဒီရွာသား များကို ကျေးဇူးတင်သလို ကျွန်တော့်ရဲ့ဝန်ထမ်းဘဝကိုလည်း သဘောကျခွင့်ပြုခဲ့ပါတယ်၊ ဒါတင်မကပါဘူး၊ ကျွန်တော်နဲ့ ပတ်သက်ပြီး သံယောဇဉ်ရှိတဲ့ ကြိုးကြာကွင်းရွာ မီးလင်းရေးအတွက် ဆရာတော် ကျောင်းမှာထားမယ့် မီးစက်တစ်လုံးလှူဖို့လည်း စီစဉ်ထားပါတယ်၊ အဲဒါကြောင့် မကြာခင်ကာလလေးမှာ ကျွန်တော် တို့ကြိုးကြာကွင်းရွာဟာ လျှပ်စစ်မီးတထိန်ထိန်၊ ကာရာအိုကေသံ ကြည်မြမြနဲ့ဖြစ်လာတော့မှာ မဝေးတော့ပါဘူးခင်ဗျား၊ တစ်ရွာလုံး တက်ညီလက်ညီ ပါဝင်လာကြဖို့လည်း လိုပါတယ်"



"ဟာ . . . ပါမယ်ဟေ့"

"ဆိုမယ်ကွ"

"အခုထဲက စာရင်းသွင်းထား"

"တို့ကတော့ စက်ကြီးနဲ့ဆိုရရင် ကောင်းကောင်းဟဲလိုက်မယ်"

"ငါတို့လည်း စက်ကောင်းနဲ့သာ တွံတေးသိန်းတန်ရဲ့ လေးဆယ်ကျော်အချစ် ဟစ်လိုက်ရရင် ဆုရဖို့သေချာတယ်ကွ"

"တီဗီအပိုင်ရရင်တော့ ကောင်းကွာ"

"ကျွန်တော်တို့က လေးဖြူနဲ့ဇော်ဝင်းထွဋ်ပဲ"

စသည်ဖြင့် ကိုယ့်ရည်ရွယ်ချက်ကိုယ်ပြောနေကြသလို အားလုံးက စိတ်ဝင်စားနေကြသည်။ သားသမီးမြေတောင်မြှောက် မည့်သူ၊ ကိုယ်တိုင်ကြိုးစားမည့်သူ စသည်ဖြင့် အတွေးပေါင်းစုံ၊ စိတ်ကူးပေါင်းစုံဖြင့် ပျော်ရွှင်နေကြပြီ၊ တက်ကြွနေကြပေပြီ။

"ကဲ . . . ဗီဒီယိုရုံကတော့ ဟုတ်ပါပြီ၊ လေ့ကျင့်ကွင်းဆိုတာ ဘာလဲ ဆရာလေး"

စိတ်ဝင်တစားမေးလာသည့် ကိုခတ်ပြားခေါ် ကိုငှက်ရိုး၏ မေးခွန်း၊ ဆရာ ကိုချိုဝင်းကလည်း ကိုခတ်ပြားကို ပြုံးကြည့်ရင်း

"ဒီလိုရှိတယ်ဗျာ၊ အခုအခါ နိုင်ငံတိုင်းမှာ ဘောလုံးကန်တဲ့ နေရာမှာ အောင်ပွဲရဖို့အထိ ပြိုင်ပွဲဝင်နိုင်ဖို့မတိုင်မီကာလ ဘောလုံး

လေ့ကျင့်ခန်းတွေလိုအပ်တာတွေ လေ့ကျင့်သင်ကြားကစားတဲ့နေရာပေ့ါ။ အခု ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ဒီလိုကွင်းမျိုးတွေနဲ့ ဘောလုံးအသင်းတွေ လေ့ကျင့်နေကြပြီလေ”

“ဟာ . . . ကောင်းတယ်ဟေ့၊ မြန်မာဘောလုံးအသင်းဆိုလို့ ဟိုနေ့က တီဗီမှာ လူငယ်အသင်းအောင်ပွဲကြည့်ရတာတော့ ဂုဏ်ယူစရာဟေ့၊ ဒါမှ တို့မြန်မာကွ”

ရွာမှ ဘောလုံးဝါသနာအိုး ဦးအောင်ထွန်းက ဘောလုံးပွဲအကြောင်း အားရပါးရ ဝင်ပြောနေသည်။

“ဟုတ်ပါတယ် ဦးလေးအောင်ထွန်း၊ အဲဒါ ၁၇ နှစ်အောက်မြန်မာလူငယ်အသင်းဟာ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလိုလေ့ကျင့်ခဲ့ရတာပေ့ါ၊ အဲဒီလိုပဲ ကမ္ဘာကျော်ဘောလုံးသမားတွေဆိုလည်း ကမ္ဘာမသိခင် မအောင်မြင်ခင်မှာ သူတို့သတ်မှတ်ထားတဲ့လေ့ကျင့်ရေးကွင်းတွေမှာ အထပ်ထပ်အခါခါ လေ့ကျင့်ကစားခဲ့ကြရတာ၊ ကြိုးစားခဲ့ရတာ၊ အဲဒီကွင်းမှာ လိုတာဖြည့်ဆည်း နည်းပြဆရာတွေရဲ့ သွန်သင်မှုကိုခံယူပြီး စနစ်တကျပြိုင်ပွဲဝင်ခဲ့လို့ အောင်ပွဲတွေရကြတာပေ့ါ၊ အဲဒီလိုပဲ အခု ကာရာအိုကေဆိုမယ့်ကိစ္စမှာလည်း ဗီဒီယိုရုံနှစ်ရုံမှာ လေ့ကျင့်ဖို့ပြောတာ၊ အဲဒီတော့ ကာရာအိုကေလေ့ကျင့်ရေးကွင်းပေ့ါဗျာ၊ မဟုတ်ဘူးလား”

“အော် . . . ဒီလိုလား” “ဟုတ်တယ်”

“ဟုတ်တယ်ဗျို့”

“မှန်တယ်”



စသည့်အသံများထွက်ပေါ်လာသလို ဆရာကိုချိုဝင်းလည်း သူ့အစီအစဉ်ကို ဆက်ပြောနေသည်။

“အဲဒီလို ရုံနှစ်ရုံမှာ လေ့ကျင့်တဲ့နေရာမှာ စနစ်တကျနဲ့ဖြစ်လာဖို့ လူငယ်ခေါင်းဆောင် မောင်သန့်စင်တို့အဖွဲ့ကနေပြီး မေတ္တာနဲ့ကူညီပေးသလို ကျွန်တော်တို့ရွာမှာ သီချင်းနဲ့ပတ်သက်လာရင် ကျွမ်းကျင်တဲ့ ဦးဓာတ်ပြားလိုလူကြီးပိုင်းကလည်း ဝိုင်းပြီး အကဲဖြတ်ပေးမယ်၊ အဲဒီမှာ နာမည်ရလာတဲ့လူတွေကိုရွေးပြီး ဦးတောကျော်အိမ်ကစက်မှာ ဝင်ဆိုဝင်ပြိုင်ရမှာဖြစ်ပါတယ်၊ ဆိုခွင့်ရမှာဖြစ်ပါတယ်၊ အဲဒီစက်ကတော့ ကျွန်တော်ပဲတာဝန်ယူပေးပါ့မယ်၊ အဲဒီမှာတော့ ဆိုခအဖြစ် သင့်တင့်တဲ့နှုန်းထားယူပြီး ကုန်ကျစရိတ်နုတ်ပြီးတာနဲ့ ကျန်တာကို ဆုပေးပွဲအတွက် အသုံးပြုမှာဖြစ်ပါတယ်။ အဲဒီတော့ ဦးတောကျော်အိမ်မှာဆိုရတဲ့အခွင့်အရေးက တစ်ရွာလုံးကြားရအောင် သတ်မှတ်တဲ့အချိန်မှာဆိုရမယ်။ အဆင့်မြင့်စက်ကြီးနဲ့ဆိုရမယ်။ နောက်ပြီး တီဗီဆုအတွက် မျှော်မှန်းနိုင်တဲ့အပြင် ဆိုခလည်း တစ်ဝက်လောက်သက်သာအောင် စီစဉ်ထားပါတယ်ခင်ဗျား”

“ဟာ . . . ကောင်းတယ်ဟေ့”

“ရှိုး . . . ရှိုး . . . ရှိုး”

လက်ခေါက်မှုတ်သံများ ဆူညံသွားတော့သည်။

“ဦးတောကျော်အိမ်မှာ ဆိုရအောင်ကိုလုပ်မယ်”

“ကဲ . . . အဲဒါထက်ကောင်းတဲ့ နောက်တစ်ဆင့်ကတော့ ကျွန်တော်တို့ရွာမှာ သီချင်းဆိုတဲ့အဖွဲ့တွေကို အမျိုးသား၊ အမျိုး

သမီး အသက်အရွယ်အလိုက် အုပ်စုခွဲပြီး တစ်နှစ်အတွင်း ရွေးချယ်ပြီး ပထမ တီဗီဆုကနေပြီး အဆင့်ဆင့် ဆုတွေပေးသွားမှာပါ။ အဲဒီလို ဆုရတဲ့လူတွေဟာ ရွာမှာ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ဘုရားပွဲတွေမှာ စင်တင်ပေးပြီး ပရိသတ်ကို မိမိရဲ့ စနစ်တကျ ကျွမ်းကျင်တဲ့ အဆိုနဲ့ဖြေဖျော်ခွင့်ရကြမှာပါ။ ဒါကိုလည်း ကျွန်တော်တို့အဖွဲ့ စီစဉ်ပေးမှာပါ၊ ဇာတ်စင်နဲ့မီးရောင်စုံနဲ့ပေါ့၊ ရွာဂုဏ်ဆောင်အဆိုရှင်တွေပေါ့ မဟုတ်လား”

“ဟာ . . . ဆရာလေး၊ ကောင်းလိုက်တဲ့အစီအစဉ်ဗျာ၊ ကျွန်တော်တို့ ဒီအစည်းအဝေး လာနားထောင်ရကျိုးနပ်တယ်၊ ကျွန်တော်တို့က တစ်နေ့လုံးပင်ပန်းသမျှ သီချင်းဆိုပြီး အပန်းဖြေကြရတာ ဝါသနာပါတယ်ဗျာ” ဟု ဖိုးတင်ဝင်း၏ အားရပါးရပြောသံနောက်ဝယ် ရွာတောင်ပိုင်းလူကြီး ဦးသောင်းကလည်း-

“ဟာ . . . ဆရာလေးချိုဝင်းပြောသလိုဆို စင်ပေါ်မှာ ဆိုခွင့်ရတဲ့သူတွေဟာ သူ့နေရာနဲ့သူ၊ သူ့အရွယ်နဲ့သူ တော်ကြတဲ့ သူတွေချည်းပဲဆိုတော့၊ နောက်ပြီး ဆုရထားတယ်ဆိုတော့ နားထောင်ကောင်းမှာပေါ့၊ ဆောက်လက်စ ဆရာတော်ကျောင်းကြီး ရေစက်ချပွဲဆိုရင် မြို့ကအငြိမ့်တောင် ငှားစရာမလိုဘူး၊ တို့ရွာနဲ့တင် စည်ပြီပေါ့”

ရှေ့အမြော်အမြင်နှင့်ပြောနေတော့၏။ ဆရာကိုချိုဝင်းက စကားကိုဆက်လိုက်၏။

“ဟုတ်ပါတယ် ဦးလေးသောင်း၊ အဲဒါအပြင် အဆိုပညာ အလားအလာကောင်းတဲ့လူငယ်တွေအတွက် အထူးအစီအစဉ်



အနေနဲ့ကတော့ အသက် ၂၅ နှစ်အောက်လည်းရှိမယ်၊ ထွန်းထွန်းပေါက်ပေါက် ထူးထူးခြားခြားကောင်းလာရင်တော့ အားလုံးသိကြတဲ့ မြန်မာ့အသံ၊ ရုပ်မြင်သံကြားမှာ ဆိုကြမယ်ပျော်ကြမယ်အစီအစဉ်ကိုပို့ပြီး ယှဉ်ပြိုင်ဖို့အထိ စီစဉ်ထားပါသေးတယ်။ အဲဒီအတွက် တစ်နှစ်ကို ငါးဦးရွေးချယ်ပြီး စရိတ်ငြိမ်းပို့ပေးမှာပါ။ အဲဒီအတွက်လည်း ကျွန်တော်တို့ ကြိုးကြာကွင်းအင်းချောင်းကို သုံးနှစ်ဂရန်ဆွဲထားတဲ့ ကျွန်တော့်သူငယ်ချင်း အင်းသူကြီး ကိုခင်မောင်ဝင်းက တာဝန်ယူပို့ပေးမှာပါ”

ဆရာလေး ကိုချိုဝင်းစကားကြားရတော့ လူငယ်လူရွယ်များပို၍ စိတ်ဝင်စားသွားကြသလို ရွာမြောက်ပိုင်းမှ မောင်အောင်သန်းကလည်း ထ၍ပြောလိုက်ပြန်သည်။

“ဟာ . . . သိပ်ကောင်းတဲ့အစီအစဉ်ပါခင်ဗျာ၊ ကျွန်တော်တို့ စိတ်ဝင်စားတာကြာပါပြီ၊ အခုလို မြေတောင်မြှောက်ပေးမယ့်လူ မရှိလို့ပါ”

“ဟာ . . . ဒါဆို ခင်မိတို့ တီဗီမှာပါဖို့ အလားအလာရှိတာပေါ့နော် ဆရာလေး”

ရွာလယ်ပိုင်းအဆိုရှင် ခင်မိကလည်း ခပ်ပျော်ပျော် ဝင်ပြောနေသည်။ အသက် ၄၀ ကျော် လူပျိုကြီးကိုအေးရွှေကလည်း တောက်တခေါက်ခေါက်ဖြင့် -

“တောက် . . . ငါအသက်ကြီးသွားတာ နာတယ်ကွာ၊ ဒီအခွင့်အရေးမရတော့ဘူး”

"ကဲ . . . အခု ကျွန်တော်ပြောတဲ့အစီအစဉ်တွေကို သဘောတူကြပါသလား"

"သဘောတူပါတယ်၊ အမြန်အကောင်အထည်ဖော်ပါခင်ဗျား"

အသံများကား တစ်ကျောင်းလုံး ဟိန်းထွက်သွားသည်။

"ကဲ . . . အဲဒီတော့ အစီအစဉ်တွေ လက်တွေ့ အကောင်အထည်ဖော်ဖို့ တစ်ရွာလုံးမှာ တာဝန်ရှိပါတယ်။ ကိုယ့်ရွာအရေးအားလုံး ဝိုင်းဝန်းဆောင်ရွက်မယ်၊ ကြိုးစားကြမယ်ဆိုရင် အခုနခင်မိပြောသလို တီဗီမှာ ကြိုးကြာကွင်းဖိုးထောင်တို့၊ ကြိုးကြာကွင်းမိအေးတို့ ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူပြောရဲမလဲ၊ ကဲ ဒီလိုဖြစ်လာဖို့ ကိုယ်တိုင်ဖြစ်ဖို့၊ ကိုယ့်မိသားစုထဲက ထွန်းပေါက်ဖို့ နောက်ဆုံး ကိုယ့်ရွာသားထဲက ထူးချွန်ဖို့ အလုပ်တော့လုပ်ရလိမ့်မယ်၊ အဲဒီအလုပ်က ဘာလဲဆိုတော့ ပထမဆုံးလုပ်ရမှာက ဗီဒီယိုရုံနှစ်ရုံရွှေ့ဖို့ပဲ"

"ဟာ"

"ဘယ်လို"

"ဘာဆိုင်လို့လဲ"

စသည့်အသံများထွက်လာပြန်သည်။ ဗီဒီယိုရုံပိုင်ရှင်နှစ်ဦးလည်း ဂဏာမငြိမ်တော့။

"ကျွန်တော်ပြောတာ အေးအေးဆေးဆေးနားထောင်ပါ၊ အားပေးတယ်၊ ထောက်ပံ့တယ်၊ ချီးမြှောက်တယ်၊ နောက်ပြီး ကဲ့ရဲ့တယ်၊ ပစ်ပယ်တယ် စတဲ့ဟာတွေ တွေ့ကြုံခံစားရမှာဖြစ်ပါတယ်၊ ပတ်ဝန်းကျင်က လက်ခံချီးမြှောက်တဲ့အဆင့်ကိုရောက်ဖို့ဆိုရင်



ကျွန်တော်တို့ ကြိုးကြာကွင်းရွာအနေနဲ့ လူငယ်တွေဆိုရင် ပိုပြီးသတိထားရမှာပါ၊ အလုပ်ပျက်၊ အကိုင်ပျက်၊ မိဘဆူတဲ့အထိ မရောက်ကြဖို့ ကိုယ့်အတွက် ကျန်ရွာသားတွေ၊ အထူးသဖြင့် သက်ကြီးရွယ်အိုတွေ၊ နေမကောင်းတဲ့သူတွေ အနှောင့်အယှက်ပေးသလိုမဖြစ်အောင် ရှောင်သင့်တဲ့အချိန် ရှောင်ရပါမယ်၊ ကျောင်းသားတွေ စာမေးပွဲရက်လိုဟာမျိုး သတိပြုရမှာပေါ့၊ အဲဒီလိုကိစ္စမျိုးတွေ သတိထားရမယ်၊ အဖြေရှာကြရမယ်"

"ဟာ . . . ဒါတော့ ငါ ထောက်ခံတယ်ဟေ့"

ကျယ်လောင်စွာထွက်ပေါ်လာသည့် ဦးထွေးပု၏စကားကြောင့် ဆရာလေး ကိုချို့ဝင်း ခဏနားထောင်ရန် အချက်ပြလိုက်ပြီး

"ကျွန်တော် အကြောင်းတိုက်ဆိုင်လို့ ပြောချင်တဲ့ အခုအစည်းအဝေးပွဲရောက်နေတဲ့ ဦးကြီးဓာတ်ပြားတို့ဆိုရင် သူ့ခေတ်နဲ့သူ့အခါ ရွာကတောင်းဆိုခံရတဲ့ ပွဲတောင်းခံရတဲ့ ရွာအဆိုတော်ကြီးတွေပါ၊ ဒေါ်စိန်ဥတို့ဆိုလည်း ကောက်စိုက်ရင်းဆိုတဲ့နေရာမှာ ကွင်းကျော်အဆိုတော်ပဲ၊ သူတို့ခေတ်က ထယ်ထိုးရင်း၊ ထွန်မွှေရင်း၊ ကောက်စိုက်ရင်း၊ ကောက်ရိတ်ရင်း၊ ကွင်းထဲလယ်ထဲမှာဆိုခဲ့ကြတာ၊ ကျင့်ခဲ့ကြတာကစပြီး ရွာကအလှူမင်္ဂလာပွဲတွေမှာ ပွဲတောင်းခံရတဲ့ အထိ ရွာကသတ်မှတ်ထားတဲ့ တော်ဝင်အဆိုတော်တွေမဟုတ်လား"

"ဟုတ်တယ်၊ ရွာမှာ ဟိုတုန်းက ဓာတ်ပြားနဲ့စိန်ဥတို့က ပွဲတိုင်းကျော်ပဲဟေ့"

ဦးသောင်းက ဝင်၍ပြောလိုက်သည်။

"ကဲ . . . အဲဒီတော့ ကျွန်တော်တို့ ကာရာအိုကေလေ့ကျင့်မယ်၊ လွတ်လွတ်လပ်လပ်ဆိုတဲ့နေရာမှာ ရွာလည်း နှောင့်ယှက်ရာမရောက်အောင် သင့်တင့်တဲ့နေရာ ကျွန်တော်တို့ ရွေးထားပါတယ်၊ အဲဒါက အခု နွေပိုင်းမှာ ရွာအရှေ့ဘက်စာသင်ကျောင်းဘက်ထွက်တဲ့ ကွင်းထဲပြောင်းကြဖို့ပါပဲ၊ ကဲ ကိုအောင်မြင့်နဲ့ ကိုကျော်ကြီးတို့ ဘယ်လိုလဲ"

"ဟာ . . . ဆရာလေး၊ ကွင်းထဲ ဘယ်သူလာဆိုတော့မှာလဲ၊ နောက်ပြီး မိုးတွင်းဆို ရွှံ့ဗွက်က ထူသနဲ့"

ကိုကျော်ကြီးက ထပြောလိုက်ရာ ကိုအောင်မြင့်က ခေါင်းခါနေသည်။

"အဲဒါတွေ ကျွန်တော်တို့ စဉ်းစားပြီးသားပါ၊ အဲဒါတော့ တစ်ရွာလုံးနဲ့ဆိုင်ပါတယ်၊ အဲဒီ မူလတန်းကျောင်းသွားတဲ့လမ်းကို လာမယ့် တနင်္ဂနွေနေ့ကစပြီး လူငယ်တွေ အင်အားနဲ့စတင်ပြီး ဖို့မယ်၊ ပြင်မယ်၊ ချောင်းထဲကသဲကို ရသလောက်ယူပြီးခင်းမယ်၊ ကျွန်တော်တို့နဲ့အတူ ဝိုင်းကူကြပါ၊ နောက်ပြီး ခင်ဗျားတို့ ဗီဒီယိုရုံကိုလည်း ဝိုင်းဆောက်ပေးမယ်၊ ဒါပေမယ့် တစ်လုံးတည်းဆောက်ထားမှာ၊ အလှည့်ကျပြရမယ်၊ အရင်လို အပြိုင်မပြရဘူး၊ ရက်သတ်မှတ်ပေးမယ်၊ မီးစက်ရောက်လာရင်လည်း အဲဒီဘက်ကို မီးစပေးမယ်၊ ခင်ဗျားတို့ရုံတွေ အဲဒီမီးနဲ့ပြလို့ရတယ်၊ လမ်းမီးလည်း ပေးထားမယ်"

"ဟာ . . . ဒါဆို ဘယ်ဆိုးမလည်း ဆရာလေးရဲ့"



ကိုအောင်မြင့်၏ ထောက်ခံသဘောကျသည့်စကား။

"ဟုတ်တယ် ကိုအောင်မြင့်၊ မဆိုးရုံတင်မကဘူး၊ ရွာအတွက် တကယ်ကောင်းသွားတဲ့အချက် ကျွန်တော်ပြောပြမယ်၊ အခု တပေါင်းလ၊ လေက အနောက်ရမ်းတိုက်တဲ့ရာသီ၊ အရှေ့ဘက်ကို လေတိုက်နေတော့ ဗီဒီယိုရုံအသံတွေ လေနဲ့အတူ ရွာဘက်ကို ပျံ့လာစရာအကြောင်းမရှိဘူး၊ ရွာမှာဆူညံတာ သက်သာမသွားဘူးလား၊ နောက်ပြီး မီးရေးထင်းရေးကိစ္စ အခုအချိန် လူတိုင်းလိုလို ခြံထဲမှာ အမှိုက်တွေပုံထားတဲ့လူ၊ မရှင်းရသေးတဲ့လူတွေများတယ်၊ မိုးဦးကျခါနီးမှ လယ်ထဲချမယ့်လူကများတယ်မဟုတ်လား၊ အဲဒီတော့ မီးကြောက်ရတယ်၊ အရင်နှစ်ကတောင် မီးလန့်ပြီးပြီမဟုတ်လား။ လူငယ်တွေများသောအားဖြင့် ပွဲရှိရင် ဆေးလိပ်လေးဖွာချင်ကြတာများတယ်မဟုတ်လား။ အဲဒီတော့ တစ်နည်းအားဖြင့် မီးအန္တရာယ်တားဆီးကာကွယ်ရာလည်းရောက် မကောင်းဘူးလား၊ နောက်ပြီး ကွင်းထဲမှာဆိုတော့ လေကောင်းလေသန့်လည်းရ၊ လမ်းလျှောက်၊ ဘယ်လောက်ကောင်းမလည်း၊ ခင်ဗျားတို့ရုံပိုင်ရှင်တွေ စိုးရိမ်သလို လူ မလာမှာတော့ မပူနဲ့၊ လမ်းကောင်းသွားတော့ ပိုတောင် စည်လာဦးမှာနော်"

"ဒီလိုဆိုတော့လည်း ရုံရွှေ့လိုက်တာ ပိုကောင်းသွားတာပေါ့နော် ဆရာလေး"

ကိုကျော်ကြီးက သဘောပေါက်သွားသလိုလို ခေါင်းတညိတ်ညိတ်။

"ဟုတ်တယ်ကိုကျော်ကြီး၊ မိုးဦးကျရင် အဲဒီလမ်းဘေးနေရာမှာ ပန်းအလှတွေစိုက်ဖို့တောင် စီစဉ်ထားပါတယ်။ အဲဒါကတော့ ဝိုင်းပြီး စောင့်ရှောက်ထိန်းသိမ်းကြရမှာပါ၊ နောက်တစ်ခု အဲဒီနေရာမှာ ရုံကို သီတင်းကျွတ်လပြည့်အထိပဲထားမှာနော်၊ နောက်ပိုင်းကို ရွာတောင်ပိုင်းလှေဆိပ်ဆင်းတဲ့ဘက်ကို ပြောင်းရမယ်၊ အဲဒီလှေဆိပ်ဆင်းတဲ့လမ်းကိုလည်း ဒီကျောင်းလမ်းပြုပြင်သလို ပြုပြင်ကြမယ်နော်"

သည်တစ်ခါ အလိုမကျသည်က ရုံပိုင်ရှင်နှစ်ဦးအပြင် ဦးထွေးပုပါဖြစ်လာသည်။

"ဟာ . . . ဟိုရွှေ့သည်ရွှေ့နဲ့ ဘယ်လိုလဲဆရာလေးရဲ့"

စသည့်အသံများထွက်လာပြန်သည်။ ဆရာလေးကိုချိုဝင်းလည်း တစ်ချက်ပြုံးလိုက်ရင်း

"အခုလို ကျွန်တော်ပြောတဲ့အချက်တွေထဲမှာ မရှင်းတာရှိလို့ ပြန်မေးတဲ့အတွက် ဒီအစည်းအဝေးပွဲဟာ ဆွေးနွေးပွဲလေးလိုဖြစ်လာပြီး ပိုအဆင်ပြေလာပါတယ်။ ကျွန်တော် ရုံပြောင်းရတဲ့ကိစ္စ ရှင်းပြပါမယ်။ အားလုံးသိတဲ့အတိုင်း မိုးကျွတ်တယ်ဆိုရင်ပဲ အရှေ့မြောက်ဘက်က မြောက်လေကလေး မြူးလာပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ရွာဟာ လေအောက်ရောက်နေတော့ စဉ်းစားကြည့်ပေါ့။ အသံတွေ ရွာထဲ လုံးဝင်လာမှာပေါ့၊ အဲဒီတော့ ရွာတောင်ဘက်ကမ်းနားဘက်ကို ပြောင်းလိုက်ခြင်းအားဖြင့် ရုံက လေအောက်၊ ရွာက လေတင်ရောက်သွားတော့ အသံတွေ ရွာထဲ



ဝင်တာ နည်းသွားသလို အားလုံး အခုနလိုပဲ အဆင်ပြေသွားပြီပေါ့၊ ရုံရွှေ့တာ တစ်မနက်ဆိုပြီးတာပဲ မဟုတ်လား"

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဒါလည်း မှန်တာပဲ"

အသံများထွက်လာသည်။ သို့သော် ကိုကျော်ကြီးက မကျေမနပ်ဖြင့်

"ဟာ . . . ဆရာလေး ရွာလှေဆိပ်ကိုဆင်းတဲ့လမ်းက ဆရာလေးသိတဲ့အတိုင်း ရွှံ့ဗွက်တွေက ဒူးလောက်ရှိတော့ ရုံဆောက်ထားရင် ဘယ်သူလာတော့မှာလဲဗျာ"

"ဩော် . . . ကိုကျော်ကြီးရာ၊ ခင်ဗျားမလည်း တောသားလည်း ဖြစ်သေးတယ်၊ ဗိုက်မှာ ချက်ကြီးနဲ့ပါလားဆိုတဲ့ ဟာသစကားလို နားဝေးသေးတာပဲ၊ အဲဒါတွေ ရွာစုပေါင်းအားနဲ့ပြင်မယ်။ ခင်ဗျားတို့ ရုံဘက်သွားတဲ့လမ်းလည်းဖြစ် လှေဆိပ်ဆင်းတဲ့လမ်းလည်းဖြစ်တဲ့ အများသုံးလမ်း ပြင်ရမှာပေါ့ဗျာ၊ မဟုတ်ဘူးလား၊ နောက်ပြီး ရုံရှိရင် မီးကလည်း လင်းလာပြီလေ"

"ဟုတ်ပါတယ် ဆရာလေး၊ အဲဒီလှေဆိပ်ဆင်းတဲ့လမ်း ပြင်ဖို့ ကောင်းတာ ကြာပြီခင်ဗျာ၊ အခု ရုံတွေဆောက်တော့ လမ်းပြင်ဖို့ ပိုလိုအပ်လာပြီပေါ့"

ကူးတို့သမား ကိုတင်မောင် အားတက်သရော ဝင်ပြောနေသည်။

"ဟုတ်ပါတယ် ကိုတင်မောင်၊ အဲဒါတွေကြောင့် အခုနှစ်လာမယ့် သီတင်းကျွတ်လလောက်ကစပြီး မြေဖို့မှာ။ အဲဒီ ကမ်းနား

ဆင်းတဲ့မြေကြီးက ရွှံ့စေးမြေဆိုတော့ မိုးမကုန်ခင် မြေအစေးပေါက်တုန်းဖို့ရင် လမ်းပိုကောင်းပါတယ်။ အဲဒါလည်း ကျွန်တော်တို့လူငယ်တွေ တိုင်ပင်ပြီးပါပြီ၊ လမ်းလည်းကောင်း၊ သာသာယာယာလည်းဖြစ်၊ လှေဆိပ်ရေဆိပ်လည်းကောင်း၊ အဲဒါအပြင် လမ်းဘေးဝဲယာမှာ ကျွန်တော်တို့ ဒီနှစ် သစ်ဆိမ့်ပင်တွေစိုက်ဖို့ စီစဉ်ထားသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့ ကြိုးကြာကွင်းရွာသားအများစု စိတ်ဝင်စားတဲ့ ကာရာအိုကေသီချင်းဆိုတာကိုအကြောင်းပြုပြီး တိုးတက်လာမယ့် အကျိုးဆက်လေးတွေပါ။ တစ်နည်း စနစ်တကျစုပေါင်းလုပ်ကြတဲ့ အကျိုးတရားတွေပါ၊ ဆက်လက်ပြီး လက်တွေ့ဆောင်ရွက်ကြဖို့ပဲ လိုပါတယ် မဟုတ်လားခင်ဗျာ၊ ကဲ . . . ပြောကြပါ”

ဆရာလေး ကိုချိုဝင်းကထ၍ ဆွေးနွေးသူ ကိုတင်မောင်မြင့်ကိုပြောရင်း အားလုံးသဘောထားကို မေးလိုက်လျှင် ကျောင်းထဲရှိ ရွာသူရွာသားအားလုံးက တက်ကြွစွာဖြင့်

“ဟုတ်ပါတယ် လုပ်ကြမှာပါခင်ဗျာ”

“ရွာလမ်းတွေပါ ဆက်ပြင်ကြမယ်”

စသည့်အသံများ အားရဖွယ်ရာ ကြားလိုက်ရသည်။

“ကဲ . . . ပရိသတ်ကတော့ လက်ခံပြီ၊ ရုံပိုင်ရှင်တွေဘက်ကရော”

“ဟာ . . . လက်ခံပါတယ် ဆရာလေး၊ ကောင်းပါတယ်”

ကိုကျော်ကြီးနှင့်ကိုအောင်မြင့်တို့ကလည်း သဘောတူကြောင်း အဖြေပေးကြသည်။ ဆရာလေး ကိုချိုဝင်းကဆက်၍



“ကဲ . . . ဒါကြောင့် ကိုယ့်ရပ်ရွာအရေး ကိုယ်အလေးထားပြီး လုပ်ကြရင်ဖြစ်ပါတယ်ဗျာ၊ ဟိုတစ်ခါ ဦးလေးထွေးပုပြောသလို ရွာကို ထိခိုက်နှောင့်ယှက်သလိုဖြစ်နေတဲ့ ကာရာအိုကေကိစ္စလည်း အဆင်ပြေသွားရောမဟုတ်လား။ ကျွန်တော်တင်ပြလို့ အားလုံးလက်ခံဆောင်ရွက်ကြမယ့်အစီအစဉ်အတိုင်းဖြစ်လာရင် ကျွန်တော်တို့ရွာသားတွေ အပန်းဖြေဗီဒီယိုကြည့်ချင်ရင်ကြည့်၊ သီချင်းဆိုချင်ရင်လည်း သီခြားလွတ်လွတ်လပ်လပ်၊ ရုံပိုင်အနေနဲ့လည်း ဘာမှ စီးပွားရေးထိခိုက်စရာမရှိဘူး။ တကယ်တမ်းပြောကြမယ်ဆိုရင် ဗီဒီယိုရုံတွေဟာ ဘယ်မှာဖွင့်ဖွင့် အသံလုံခန်းတွေနဲ့ စနစ်တကျဖြစ်ရမှာပါ။ လူကြီးတွေကလည်း မသိလို့မဟုတ်ပါဘူး။ ကျေးရွာသဘာဝမို့ မိသားစုစိတ်ဓာတ်နဲ့ထိန်းပြီး နေကြတာပါ။ လွန်ကဲလာရင်တော့ မကောင်းပါဘူး။ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ၊ သူ့စည်းကိုယ့်စည်း ခွဲခြားပြီး စည်းကမ်းတကျ မိသားစုစိတ်ဓာတ်နဲ့စုပေါင်းဆောင်ရွက်ကြရင် ကျွန်တော်တို့ ကြိုးကြာကွင်းရွာလေးဟာ တကယ်နေချင်စရာ၊ ပျော်ရွှင်စရာ ရွာလေးတစ်ရွာဖြစ်လာမှာ မဝေးတော့သလို ဂီတအနုပညာဘက်မှာလည်း နိုင်ငံကျော်မယ့် ကြိုးကြာကွင်းဖိုးထောင်၊ ကြိုးကြာကွင်းမိအေးတို့ ထွက်ပေါ်လာကြဦးမှာ မြေကြီးလက်ခတ်မလွဲဖြစ်တော့မှာပါလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား”

“ဖြောင်း . . . ဖြောင်း . . . ဖြောင်း”

“ရှီး . . . ရှီး . . . ရှီး”

လက်ခုပ်သြဘာသံများ တစ်ကျောင်းလုံးညံသွားတော့သည်။ ဆရာကိုချိုဝင်းနှင့် ကျေးရွာကောင်းကျိုးဆောင်ရွက်ကြမည့်လူငယ်များ၏မျက်နှာများပေါ်ဝယ် သူတို့၏ကျေးရွာကို အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ကြမည့် ရှေ့လုပ်ငန်းများအတွက် အားတက်ရွှင်လန်းနေသည့် အပြုံးပန်းကိုယ်စီ တွေ့နေကြရသည်။

---

ကြိုးကြာကွင်းရွာလေးတွင် စုပေါင်းလုပ်ဆောင်ကြသည့် အကျိုးဆက်များကို လက်တွေ့ခံစားခဲ့ရသည်။ တစ်ရွာလုံးနီးနီး ဝါသနာပါစိတ်ဝင်စားသည့် ကာရာအိုကေသီချင်းဆိုမှုအကြောင်းပြု၍ ကောင်းသည့်ဘက်သို့ ဆွဲဆောင်နိုင်ခဲ့ကြပြီ၊ ရွှံ့ဗွက်ထူသောရွာလမ်းများမှ သဲခင်းလမ်းတွေဖြစ်ခဲ့သည်။ ရွာဦးဘုန်းတော်ကြီးကျောင်းမှ မီးစက်ကြီးက တစ်ရွာလုံးမီးပေးနိုင်ခဲ့၍ ပျော်ခဲ့ကြပြီ၊ ဆရာလေးကိုချိုဝင်းတို့ ပြုစုပျိုးထောင်စိုက်ပျိုးခဲ့သည့် လမ်းဘေးဝဲယာ သစ်ဆိမ့်ပင်နှင့်အလှစိုက်ပန်းပင်တို့ကိုကြည့်ကာ ကြည်နူးကြရသည်။ သဘာဝအလှအပကို မြတ်နိုးတတ်သည့်စိတ် အမြစ်တွယ်ရှင်သန်လာကာ ကိုယ့်အိမ်ကိုယ့်ခြံတွင် အလှပန်းတွေ၊ အရိပ်ရပင်တွေ စိုက်ပျိုးရကောင်းမှန်းသိလာကြသည်။

ဗီဒီယိုရုံ၊ ကာရာအိုကေရုံမှသည် စည်းစနစ်တကျရှိခြင်း၏ အကျိုးကို လက်တွေ့ခံစားလာရကာ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် လက်တွေ့ကျင့်သုံးဆောင်ရွက်တတ်ကြပေပြီ။



ရေတွင်းရေကန်ကအစ စနစ်တကျ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း။ ထို့အတူ စနစ်တကျသီဆိုလေ့ကျင့်ခဲ့သည်အကျိုးကြောင့် ကြိုးကြာကွင်းရွာတွင် သီချင်းဆိုကောင်းသူများ ထွက်ပေါ်ခဲ့ပြီ။ တစ်နှစ်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဆိုကြမယ်ပျော်ကြမယ်အစီအစဉ်တွင် မခင်မိတစ်ယောက် အကောင်းဆုံးလက်ဆောင်ဆုရရှိပြီး ကြိုးကြာကွင်းဂုဏ်ဆောင်နိုင်ခဲ့သလို ရွာတောင်ပိုင်းမှ ဦးသောင်း၏မြေးလေး မောင်ဖိုးတာတစ်ယောက် (၁၂) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးတွင် (၅) နှစ်မှ (၁၀) နှစ်အဆိုပြိုင်ပွဲတွင် ပထမရသည့်သတင်းက ကြိုးကြာကွင်းရွာ၏ စံတင်ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့ပြီး တစ်ရွာလုံး ဝမ်းသာပျော်မြူးနေကြပေပြီ။ ကြိုးကြာကွင်းရွာ၏ မျိုးဆက်သစ်အောင်ပွဲလည်းမည်ပေသည်မဟုတ်ပါလား။ ထို့အတူ ကြိုးကြာကွင်းတစ်ရွာလုံးလည်း ဆရာလေးကိုချိုဝင်းပြောသည့်လေ့ကျင့်ရေးကွင်းအကြောင်းပြောလို့မဆုံးတော့။ လေ့ကျင့်ရေးကွင်းတည်းဟူသော စကား၏ တန်ဖိုးကိုလည်း အဖိုးမဖြတ်နိုင်ကြတော့ပေ။ ။

---

# တစ်ဝက်ပစ် တစ်ဝက်စား

(၁)

"ကိုသောကြာ၊ တော်သာ ဒီလိုအတိုင်း ဆက်လုပ်သွားရင် ကျွန်မတို့လယ်ထွက်ကတော့ တစ်ဝက်ပစ် တစ်ဝက်စားတွေ ဖြစ်ကုန်ပါပြီတော်"

ညနေ မိုးချုပ်စ ထမင်းဝိုင်းထိုင်ကာရှိသေး ဇနီးသည် မရွှေရီ၏ စကားကြောင့် ကိုသောကြာ ပန်းကန်ထဲ ထမင်းနှိုက်နေသည့် လက်မှာ တုံ့ခနဲဖြစ်သွားရသည်။

"ဘာလဲဟာ . . . မင်းကတော့ လုပ်လိုက်ပြန်ပါပြီ၊ ဘာ တစ်ဝက်ပစ် တစ်ဝက်စားလဲ" ဟု ဇနီးသည်ကိုကြည့်ရင်း ပြန်မေးလိုက်သည်။ မရွှေရီမှာ ထမင်းပွဲ ဝင်ထိုင်လိုက်ရင်းက ပြောလိုက်ပါသည်။

"ကဲ . . . ထမင်းစားရင်း ကျွန်မပြောမယ်၊ တော့်မှာလည်း ဒီလိုလင်မယား ထမင်းလက်ဆုံစားတုန်းမှ ဆုံရတာမို့ ရတဲ့အချိန် ပြောရတာ၊ ရှင် စဉ်းစားကြည့်ပါဦး၊ တစ်နေကုန် တစ်နေခန်းသွား



လိုက်ရတဲ့ ရပ်ရေးရွာရေး၊ လုပ်လိုက်ရတဲ့ ပရဟိတလုပ်ငန်း၊ ဘယ်မှာလဲ အိမ်အလုပ်ဖြစ်တဲ့ လယ်ထဲ တစ်လကြာလို့တစ်ခေါက် လယ်ဦးလယ်ထိပ် နှံ့အောင်ရောက်လို့လား၊ မကုန်သင့်တာမကုန် မခန်းသင့်တာ မခန်း၊ အလုပ်တွေတွင်ကျယ်အောင် တော် အိမ်ထောင်ဦးစီးမို့လား၊ သူများနဲ့လွှဲထားလို့က ကျွန်မပြောတဲ့ တစ်ဝက်ပစ် တစ်ဝက်စားဆိုတာကမှ နည်းဦးမယ်၊ လယ်ထဲလည်း ပြန်ကြည့်ဦးရှင့်" ဟု ရှည်လျားထွေပြားသည့်စကားကြောင့် ကိုသောကြာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း-

"သြော် . . . ဘာများလဲလို့ ဒါကိုပြောတာကိုး ကဲ . . . ထမင်းတော့ဝအောင် စားပါရစေဦးကွာ၊ အခုည ငါ ရွာထဲထွက်ဖို့ အစီအစဉ်မရှိပါဘူး၊ ထမင်းစားပြီးရင် လက်ဖက်ပါသုပ်ထားလိုက်၊ အိမ်ခေါင်းရင်းက ဘကြီးဒိုးမောင်ကို အိမ်မှာ စကားပြောဖို့ ငါ သွားဖိတ်လိုက်မယ်၊ ဘကြီးဒိုးမောင်ကို မဏ္ဍိုင်ထားပြီး မင်းနဲ့ငါနဲ့ အဲဒီလယ်ကိစ္စအကြောင်း အေးအေးဆေးဆေး ဆွေးနွေးတာပေါ့၊ ကဲ . . . မင်းလည်း ထမင်းဝအောင်စား၊ စကားမပြောနဲ့ဦး"

"တော် စကားတည်ပါစေနော်၊ တော်ကြာ ဟိုလူလာခေါ်လို့ ဒီလူလာခေါ်လို့နဲ့ အကြောင်းမပြနဲ့၊ ထမင်းစားပြီးရင် တော် ဘယ်မှ မသွားနဲ့၊ ဘကြီးဒိုးမောင်ကို ကျွန်မကိုယ်တိုင်သွားပြီး ပြောခဲ့မယ်" ဟုပြောလိုက်လျှင် ကိုသောကြာ ခပ်ပြုံးပြုံးကြီးဖြင့်-

"မိန်းမကတော့ကွာ၊ ကိုယ် တစ်သက်လုံးပေါင်းလာတဲ့ ယောကျ်ားတောင် မယုံရဘူးလို့၊ အေးလေ အဲဒါကြောင့်လည်း

ငါ စီစဉ်ပြီး လုပ်ကိုင်နေတဲ့ လယ်လုပ်ငန်းကို တစ်ဝက်ပစ် တစ်ဝက်စားလို့ပြောတာ ဘာဆန်းတော့မှာလဲ"

"ဟုတ်တယ်လေ သူများတွေများဆို လူငှားတွေနဲ့ ဘာမှ ပစ်မထားဘူး၊ ထယ်ထိုးလည်းပါတယ်၊ ထွန်မွှေလည်းပါတယ်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ အိုတော် စပါးဖြစ်တဲ့အထိ ကိုယ့်ပစ္စည်းအနားက မခွာဘူး၊ လယ်နီးချင်းမောင်စုတို့ သာခွေးတို့ မြတ်ဦးတို့ကြည့်ပါလား တော်အမြင်ပဲမဟုတ်လား"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ မင်းမြင်သလို ငါလည်းမြင်ပါတယ်၊ ကဲ . . . ထမင်းဝိုင်းသိမ်းပြီးရင် လက်ဖက်သုပ်၊ ဘကြီး သွားခေါ်၊ ပြီးမှ စကားပြောကြတာပေါ့"

မရွှေရီလည်း ထမင်းဝိုင်းသိမ်းပြီး အိမ်ရှေ့ဘက်ထွက်သွားလေ၏။ ကိုသောကြာ ပက်လက်ကုလားထိုင်ပေါ် ထိုင်လိုက်ရင်း သူပြောမည့်စကားတွေ ရင်ထဲမှာ အစီအရီပြည့်နေသည်။

(၂)

"ဘကြီး . . . ရေနွေးကြမ်းလေးနဲ့လက်ဖက်သုပ်လေး မြည်းလိုက်ပါဦး" အိမ်ဦးခန်းတွင်ရောက်နေသော ဦးဒိုးမောင်အားကိုသောကြာက ဧည့်ဝတ်ပြုလိုက်သည်။

"အေးပါကွာ၊ စားတာပေါ့၊ ဒါနဲ့ မောင်သောကြာ၊ ဒီည ရွာထဲမထွက်တော့ဘူးလား"



"ဟုတ်တယ် ဘကြီးရေ၊ နေ့စဉ်ရက်ဆက်ဖြစ်နေလို့၊ ကျွန်တော့်ကို ဒီတစ်ရက် နှစ်ရက် အနားခိုင်းလိုက်တယ် ဘကြီးရ၊ ရေကလည်း ကျသွားပါပြီ"

"အေးကွာ၊ ရွာရေးရပ်ရေးဆိုတာ အားလုံးအသိစိတ်ရှိရှိနဲ့ ဝိုင်းပြီးဆောင်ရွက်ကြရင် အောင်မြင်တာပဲမဟုတ်လား၊ ဟော အခုရက်ပိုင်းတက်လာတဲ့မြစ်ရေကြောင့် အားလုံး စိတ်ပူပန်မှုမရှိအောင်မင်းတို့ လူငယ်လူရွယ်တွေ၊ လူလတ်ပိုင်းတွေ အချိန်ပြည့်နေကြ၊ မပြတ်စောင့်ကြည့်ပေး၊ တာတွေပြုပြင်သင့်တာပြုပြင်ဆိုတော့ ကျန်တဲ့ ရွာသူရွာသားတွေ စိတ်ချလက်ချ အိပ်နိုင်စားနိုင်ကြတာပေါ့ကွာ၊ အေး အဲဒါကြောင့်လည်း ဦးဆောင်တဲ့ မင်းတို့တစ်တွေကို အားလုံးက ကျေးဇူးတင်နေကြတာပေါ့" ဘကြီးဒိုးမောင်စကားအဆုံးတွင် အိမ်ရှေ့မှ အသံမပြုဘဲ အိမ်ပေါ်တက်လာသူ တက်ပုကို လှမ်းမြင်လိုက်သဖြင့် ကိုသောကြာက အသံပေးလိုက်၏။

"ဟော့ . . . လာကွ တက်ပု၊ မင်းလည်း အသံမပေး ဘာမပေးနဲ့၊ သြော် . . . အခုန ဘကြီးပြောတဲ့စကား ပြန်ပြောရရင် ကျွန်တော် ရပ်ရေးရွာရေး ဟိုငယ်ငယ်လေးကတည်းက အခုအချိန်အထိ လုပ်နေတာ၊ ဘာအကျိုးကိုမှ မျှော်လုပ်တာမဟုတ်ပါဘူး ဘကြီးရယ်၊ ရပ်ရွာချစ်တဲ့စိတ်ကြောင့်ပါ" ဟု ပြောလိုက်လျှင် ဦးဒိုးမောင်က ပြုံးပြုံးကြီးဖြင့်-

"အေး . . . အဲဒီစိတ်တွေကြောင့် မင်း ဘယ်လောက်အကျိုးပေးသန်သလဲ၊ စပါးဆိုလည်း အထွက်နှုန်းကထိပ်ဆုံး၊ ပဲဆို

လည်း ဒီလိုပဲမဟုတ်လား၊ အများအကျိုးဆောင် ကိုယ့်အကျိုး အောင်ပေါ့ကွာ" ဟုပြောလိုက်လျှင် တက်ပုက -

"ဟုတ်တယ်ဘကြီးရေ၊ ဟောဒီ သောကြာလယ်အကြောင်း လူတိုင်းက ဒီလိုပဲပြောကြတာ၊ ရွာထဲကလူတွေ တော်တော်များများ ကလည်း သူ့လယ်ထဲ မရောက်ဖူးတဲ့သူ မရှိဘူးခင်ဗျ" ဟုပြောလိုက် လျှင် တစ်ချိန်လုံး ငြိမ်နားထောင်နေသူ မရွှေရီက -

"ဘယ်မရောက်ဖူးတဲ့သူရှိမလဲ တက်ပုရယ်၊ ကောက်စိုက်ချိန် လည်း လုပ်အားခ သူများထက် ပိုရင်ပိုရမယ် မလျော့ရဘူး၊ ကောက်ရိတ်ချိန်၊ ထယ်ထိုး၊ ထွန်မွှေ၊ မြက်ကောက်၊ ပျိုးနုတ်ကအစ ဒီအတိုင်းပဲ၊ ဟော . . . အခု လယ်လုပ်သားသုံးယောက် ငှားထား ပြန်တော့လည်း ဟိုလူတွေ စိတ်ကြိုက် အလုပ်ခိုင်းထားတာ၊ အိမ်သားကိုယ်တိုင် ဆင်းကြီးကြပ်ရင် ဒါထက်ပိုရမှာ၊ အဲဒါကြောင့် နင့်လူကို တစ်ဝက်ပစ် တစ်ဝက်စားလို့ပြောလို့ ညနေကတောင် စကားများရသေးတယ်" ဟု လင်တော်မောင်ကို မျက်စောင်းကလေး ထိုးရင်းပြောလိုက်သည်။ သည်တွင် တက်ပုက -

"ဟာ . . . နင် အဲဒါတော့ မပြောနဲ့၊ အိမ်သားဘယ်လောက် လိုက်လိုက် မောင်စုတို့ သာခွေးတို့ကြည့်ပါလား၊ အချိန်မီ အခါမီ လည်း မပြီးဘူး၊ စပါးရော၊ ပဲရော အထွက်နှုန်းရော ဒီကောင် သောကြာလယ် မီလို့လား၊ အဲဒါ ဘာလဲသိလား၊ သောကြာက လယ်လုပ်သားရော၊ နေ့ကောက်သားရော လုပ်အားတန်ဖိုး လျှော့



မပေးဘူး၊ ဈေးမဆစ်ဘူး၊ အဲဒါကြောင့် နင်တို့စိုက်ချိန်ရော၊ ရိတ်ချိန် ရော အစစ ဓာတ်မြေဩဇာပက်တာကအစ အချိန်မီတယ်၊ အစစ အဆင်ပြေကြတယ်၊ အဲဒါကြောင့် အထွက်ကောင်းတာမှတ်" ဟု ပြောလိုက်လျှင် ဦးဒိုးမောင်က ခေါင်းတညိတ်ညိတ်ဖြင့် ပြောလိုက် သည်။

"တက်ပုပြောတာဟုတ်တယ် ရွှေရီရဲ့၊ ငါ့အတွေ့အကြုံအရ တို့ရွာမှာ သူများထက် လုပ်အားခဈေးနှုန်းသာပေးတိုင်း လယ်ထဲမှာ ကောက်ရိတ်သားတို့၊ ကောက်စိုက်မတို့၊ လယ်လုပ်သားတို့ လိုတိုင်းရလိမ့်မယ်မထင်နဲ့၊ ကိုယ်လိုချင်တဲ့အချိန်ရလိမ့်မယ်မထင် လိုက်နဲ့ ရွှေရီ၊ အခု သောကြာတို့ နင်တို့လယ်မှာလိုတဲ့အချိန် လုပ်သားတွေ၊ နေ့ကောက်သားတွေ၊ ကောက်ရိတ်သားတွေ၊ ကောက်စိုက်မတွေ၊ နောက်ဆုံး နင်တို့အိမ်မှာ လုပ်စရာကိုင်စရာ ရှိတာကအစ လူမငှားတာ အဲဒါ ဟောဒီသောကြာရဲ့ရွာပေါ် ရပ်ပေါ်မှာ အမြဲတမ်း ရပ်ရေးရွာရေးလူမှုရေးတွေ ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပေးတဲ့စေတနာရောင်ပြန်အကျိုးတွေပဟ၊ အဲဒါကြောင့် နင်တို့ကိစ္စတွေမှာ လုပ်အားလိုလို့ နေ့စားငှားတောင် ဘယ်သူမှ မငြင်းဘူးမဟုတ်လား၊ ဟော . . . တချို့လယ်တွေမှာဆို နင် မြင်တဲ့အတိုင်း စိုက်ချိန်တန်၊ ရိတ်ချိန်တန်မှာ လုပ်သားမရလို့ အထွက် ထိခိုက်တာ၊ လေလွင့်ကြရတာ နင်လည်းအကြား မဟုတ်လား" ဟု ကျိုးကြောင်းချပြောနေသဖြင့် မရွှေရီ ငြိမ်နားထောင်နေ၏။ ကိုသောကြာက ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်တယ် ဘကြီး၊ ကျွန်တော်ကတော့ ရပ်ရေးရွာရေး၊ ရွာသားတွေရဲ့ သာမှုနာမှုကအစ ဦးဆောင်ဦးရွက်ကူညီတာ၊ ဒီအကျိုးကို မျှော်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့အားလုံးရဲ့ ရောင်ပြန်စေတနာကို နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော် သူတို့ရဲ့ လုပ်အားကို အမြဲတမ်း သူများထက် ပိုပေးတယ်၊ ငွေရေးကြေးရေး မပိုတောင် တစ်ခါတလေ ဆန်လေးဘာလေး ထောက်ပံ့တာတို့၊ အဝတ်အစားကအစ တတ်နိုင်သလောက်ပေးတာတို့ အမြဲလုပ်ပါတယ်၊ ဒါလည်း ကျွန်တော့်စေတနာပါ။ ကျွန်တော့်ရင်ထဲမှာ ဒီအလုပ်၊ ယာအလုပ်လုပ်တဲ့နေရာ အမြဲတမ်းထားတဲ့ စိတ်ထားကတော့ ကျွန်တော် လယ်လုပ်ပိုင်ခွင့်မြေကြီးရှိတဲ့လူ၊ ကျွန်တော်တစ်ယောက်တည်း၊ ကျွန်တော့်မိသားစုတစ်စုတည်း မလုပ်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော် လယ်လုပ်ငန်း၊ ယာလုပ်ငန်းမှာ ငှားရမ်းလုပ်ကိုင် တဲ့အခါ အဲဒီသူတွေကို အခစားတွေလို့ စိတ်ထဲမထားဘူး၊ အဲဒီလူတွေနဲ့ ကျွန်တော် အကျိုးတူပူးပေါင်းလုပ်တယ်လို့၊ မိသားစုစနစ်လုပ်တယ်လို့ စိတ်ထဲမှာထားပြီး ကျွန်တော် အကျိုးခံစားရတဲ့ တစ်ဝက်ကို သူတို့လုပ်အားအဖြစ် အပြည့်အဝ ပိုပိုလျှံလျှံ သုံးပေးလိုက်တာပဲ ဘကြီးရ"

"ဟာ . . . သိပ်ကောင်းတဲ့ အယူအဆ၊ စိတ်ထားပဲကွ၊ ဩော် . . . မင်းက ဒီလိုကျင့်သုံးတာပေါ့၊ အေးလေကွာ ဒါလည်း မှန်တာပဲ၊ ရှေးစကား အရှိသားကလား၊ အလုပ်ရှင်တွေ လုပ်သားတွေအပေါ်မှာထားရမယ့် ကျင့်ထုံးထဲမှာ အခါအားလျော်စွာ



ထောက်ပံ့ချီးမြှင့်ရမယ်ဆိုတဲ့စကား ရှိသားကလား၊ အေးကွာ မင်းက ရှေ့ဆောင်လမ်းပြလုပ်တော့ ငါတို့လည်း နမူနာ ယူရတာပေါ့"

"ဟုတ်တယ် ဘကြီးရ၊ သောကြာက အဲဒီလိုသဘောမျိုးနဲ့ သူ့အလုပ်တွေကို နေ့စားနဲ့လုပ်လုပ်၊ ပင်တိုင်လုပ်လုပ် လုပ်ကြတဲ့ သူတိုင်းကို အဲဒီလို ဆက်ဆံ၊ ပေးကမ်းတော့ ကျွန်တော့်အမြင်မှာ အဲဒီလူတွေကလည်း သူ့အပေါ် ကျေးဇူးတုန့်ပြန်ပြီး မမြင်ကွယ်ရာမှာတောင် ကိုယ့်ပစ္စည်းလို၊ ကိုယ့်အလုပ်လို၊ မခိုမကပ်လုပ်ကြတာ ကျွန်တော့်အသိဗျ၊ အဲဒီဟာတွေကို အသေးစိတ်မသိတဲ့ ကျွန်တော့် သူငယ်ချင်းအိမ်ကြီးရှင် မရွှေရီက သောကြာကို ဆူနေဗျို့" ဟု တက်ပုက ဝင်ပြောလိုက်ရာ မရွှေရီက-

"နင်ဘာသိလဲ ငါက မိန်းမသားဟဲ့၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဆိုသလို တစ်ကျပ်ကုန်မယ့်နေရာတစ်ကျပ်ပေါ့၊ ဘယ် နှစ်ကျပ်ကုန်စေချင်မှာလဲ၊ ရစရာရှိလည်း နှစ်ကျပ်ရမယ့်နေရာ တစ်ကျပ်ရရင် ဘယ်ကျေနပ်နိုင်မှာလဲ၊ အဲဒီအသိက စိတ်ထဲမှာ စွဲနေတာဟဲ့၊ အခုန ဘကြီးတို့၊ ကိုသောကြာတို့ နင်တို့ပြောတဲ့စကားတွေက အခုမှ ကြားရတာကိုးဟဲ့" ဟု ယောကျ်ားထံ မျက်စောင်းတဝင့်ဝင့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

"အဲဒါသာကြည့် ဘကြီးရေ၊ တစ်သက်လုံးပေါင်းနေတဲ့ ယောကျ်ားကို အချက်မသိတော့ သမက်သူခိုးထင်၊ ငှက်မသိတော့ ဆက်ရက် ချိုးထင်ဖြစ်နေတာ၊ တကယ်တော့ စကားစပ်မိလို့

ကျွန်တော် ပြောရရင် အခု ဘကြီးလယ် ၁၀ ဧကလုပ်တာ တစ်နှစ်ချုပ်လိုက်ရင် အမြတ်အစွန်းအနေနဲ့ စပါး ဘယ်လောက်ကျန်သလဲ တွက်ကြည့်စမ်းပါဦး”

“အေး ငါ အပါအဝင် လယ်သမားတော်တော်များများတော့ လယ်ပြီးလို့ ရှင်းတမ်းထုတ်ရင် ၁၀ ဧက လုပ်တဲ့လူ စပါး ၃၀၀ လောက်တော့ ကျန်မှာပေါ့ကွာ၊ တချို့လုပ်အားမရှိ ကျွဲနွား မပြည့်စုံတဲ့လူဆိုရင် ၃၀၀ တောင် ကျန်မှာမဟုတ်ဘူးထင်ပါတယ်ကွာ”

“ဟုတ်တယ် ဘကြီးပြောတာမှန်ပါတယ်၊ ကျွန်တော်လည်း လေ့လာမိပါတယ်၊ အဲဒီလူတွေဟာ သူတို့ထွက်တဲ့ စပါးတစ်ဝက်မကျန်တာ သေချာသွားပြီနော် ဘကြီး”

“အေး . . . ဟုတ်တာပေါ့ ငါ့တူရာ၊ သေသေချာချာ တွက်ကြည့်မှ ငါ လယ်လုပ်တာ တစ်ဝက်မကျန်ဘဲကိုးကွ၊ ဟုတ်တယ် ဟုတ်တယ်”

“ကျွန်တော် လယ်လုပ်လုပ်၊ ယာလုပ်လုပ်၊ ခြံလုပ်လုပ် အမြဲတမ်း တစ်ဝက်ကျန်တယ်ဘကြီးရ”

“ဟေ ဟုတ်လား ဆိုစမ်းပါဦးကွ” ဦးဒိုးမောင်က ကိုသောကြာကို စုံစမ်းသလို မေးလိုက်၏။

“ဘကြီး တွက်ကြည့်၊ ကျွန်တော် လယ်လုပ်ခွင် စပါးနှစ်ထောင်နှစ်စဉ်ထွက်တယ်၊ အမြဲတမ်း ကျွန်တော့်အတွက် တစ်ထောင်ကျော်ကျန်တယ်၊ အဲဒီ တစ်ဝက်နီးနီးဟာ ကျွန်တော်လုပ်အားခတို့ ပြုပြင်



စရိတ်တို့မှာ ပြည့်ပြည့်ဝဝသုံးတယ်၊ ဖြည့်ဆည်းပေးတယ်၊ မချို့တဲ့စေရဘူး၊ နှပ်ချေးနဲ့ယင်မထောင်ဘူး၊ နှစ်ချုပ်လို့ အဖြေဟာ ကျွန်တော့်အတွက် တစ်ဝက်ကျန်မြဲ၊ အဲဒီတော့ဘကြီးရာ ဘယ်လုပ်ငန်းလုပ်လုပ် တစ်ဝက်မြုပ်လို့ တစ်ဝက်အမြတ်ရရင် တော်ပြီပေါ့၊ ဒါ ကျွန်တော့်ခံယူချက်ပဲ”

“ဟာ . . . သောကြာပြောတာ မှန်တယ်ကွာ၊ ဘယ်စီးပွားရေးလုပ်လုပ် အရင်းအများကြီးစိုက်တောင် တချို့မအောင်မြင်ကြဘူး၊ တချို့ကျတော့ သုံးချိုးတစ်ချိုး၊ တချို့ကျတော့ ကံထလို့ခေါ်ခေါ် အဆင်ပြေကြတယ်၊ ဒါတွေဟာ တစ်ဝက်ရင်းလို့ တစ်ဝက်မြတ်တဲ့ စနစ်လောက်တော့ မကြိုက်ဘူးကွာ၊ အေး ဒါကြောင့် ရှေးလူကြီးသူမပြောစကားတွေလို သူ့လက်လာမှ ကိုယ့်လက်လာဆိုတဲ့စကား သိပ်မှန်ပဲဟ”

“ဟုတ်တယ်ဘကြီးရေ၊ ကျွန်တော်ကတော့ တစ်ဝက်ပစ်၊ တစ်ဝက်စားဆိုတဲ့စကားကို ပျက်စီးလေလွင့်တဲ့နေရာမှာပဲ သုံးတယ်ထင်တာ” ဟု တက်ပုကပြောလိုက်ရာ မရွှေရီက-

“ဟုတ်တယ်ဘကြီးရဲ့၊ တက်ပုပြောသလိုပဲ တစ်ဝက်ပစ် တစ်ဝက်စားဆိုတာ ကျွန်မလည်း ဟို ဘာပြောရမလဲ အိပ်ပေါက်နဲ့ ဖားကောက်၊ ကုန်မှန်းခန်းမှန်းမသိဆိုတဲ့စကားတွေရဲ့ အဓိပ္ပာယ်လို အလုပ်ကို ဂရုတစိုက်မလုပ်တတ်တဲ့လူတွေကိုပြောတဲ့စကား၊ သုံးတဲ့စကားလို့ပဲ ထင်နေတာရှင့်” ဟု ဝင်ပြောလိုက်သည်။

"ဟုတ်တယ်ဘကြီးရေ ကျွန်တော်လည်း တစ်ဝက်ပစ် တစ်ဝက်စားဆိုတဲ့စကားကို ကောင်းတဲ့ဘက်ကယူပြီး လက်တွေ့ ကျင့်သုံးခဲ့လို့ အခုလိုအောင်မြင်ခဲ့တာပါ။ ဒါဟာလည်း ကျွန်တော်တို့ လူမျိုးတွေရဲ့ ရှေးစကားတွေရဲ့ အနှစ်သာရတွေပါခင်ဗျာ . . . ဒါကြောင့် ကျွန်တော်ဘာလုပ်လုပ် ဒီစနစ်အတိုင်းပဲ လုပ်ပါတယ်"

"ဟေ့ကောင် သောကြာ . . . မင်းရဲ့ တစ်ဝက်ပစ် တစ်ဝက်စားဆိုတဲ့စနစ်ကို စီးပွားရေးလုပ်ငန်းတွေမှာသာလုပ်နော်၊ ဟို . . . မင်းနဲ့ရွှေရီနဲ့ အိမ်ထောင်ရေးမှာတော့ မလုပ်နဲ့နော်၊ ငါ သတိပေးပါတယ်၊ ဟဲ . . . ဟဲ . . . အဲဒီလိုလုပ်ရင် ရွှေရီက ကျေနပ်ခွင့်လွှတ်မှာလားမေးကြည့်ဦး" ဟု ရွှေရီဘက် မေးငေါ့ပြရင်း ရွှန်းဖောက်လိုက်ရာ မရွှေရီ ခါးထောက်လိုက်ရင်း "ဟဲ့ . . . တက်ပု . . . ဘကြီးဒိုးမောင်ရှေ့မှာမို့ မပြောလိုက်ချင်ဘူး၊ လက်ဖက်သုပ်စားရင် ကောင်းကောင်းစား ဖောက်မလာနဲ့၊ တိတ်တိတ်နေနော် . . . ဟင်း" မရွှေရီတစ်ယောက် ငယ်နိုင် တက်ပုအား မျက်စောင်းထိုးကြည့်ရင်း အံကြိတ်ပြောလိုက်သည်။ မရွှေရီအမူအရာကိုကြည့်ရင်း ဦးဒိုးမောင်အပါအဝင် အားလုံး သဘောကျရယ်မောလိုက်ကြ၏။ ကိုသောကြာက

"ဟေ့ကောင် . . . ဘာတွေပြောနေတာလဲ၊ ရှုပ်ကုန်ပါပြီကွာ၊ ငါ စကားပလ္လင်ခံထားပါရောလား၊ အဲဒီ 'တစ်ဝက်ပစ် တစ်ဝက်စား' ဆိုတဲ့စကားက ကောင်းတဲ့ဘက်ကကွ၊ ကောင်းတဲ့ဘက်က" ဟု ပြောလိုက်သည်။



"ဟား . . . ဟား . . . ဟား . . . သောကြာတစ်ယောက်တော့ 'တစ်ဝက်ပစ် တစ်ဝက်စား' သောကြာလို့ နာမည်ကြီးဦးမယ် ဟေ့" ဟု ဘကြီးဒိုးမောင်ကပြောလိုက်ရာ တက်ပုတစ်ယောက် သူ့မျက်နှာကို မရွှေရီဘက် တမင်လှည့်ပြီး ဦးဒိုးမောင်ဘက် လက်ကလေးကာ၍ လေသံတိုးတိုးလေးဖြင့်-

"ကောင်းတဲ့ဘက်ကပါ ဘကြီးရဲ့ ကောင်းတဲ့ဘက်က" ဟု ကပျာကယာပြောလိုက်ရာ စကားဝိုင်းတစ်ဝိုင်းလုံး ပွဲကျရယ်မောသံများ ထွက်ပေါ်လာတော့သတည်း။

# ဘဝသစ်ပင်

“ဟူး . . . ပူလိုက်တဲ့နေကွာ၊ ခြစ်ခြစ်တောက်နေတာပဲ၊ လေကလည်း တစ်ချက်လေးမှ မတိုက်ဘူး . . . ဟူး”

ဦးညိမ်းမောင်တစ်ယောက် တစ်ကိုယ်တည်းပြောရင်း အိမ်နောက်ဖေးဘက်ထွက်လာသည်။ ပခုံးပေါ်တွင် ပုဆိုးအဟောင်းတစ်ထည် တင်ထားပြီး လက်တစ်ဖက်ကလည်း ပခုံးစွန်းမှကျနေသည့် ပုဆိုးစလေးကို တဖျပ်ဖျပ် ခတ်နေမိသည်။

“ဒီကွင်းကြီးဖြတ်ပြီး ဟို ဥယျာဉ်တောင်ရွာ သွားလိုက်ရရင် မကောင်းရှိရော့မယ်”

တစ်မျှော်တစ်ခေါ်မြင်နေရသည့် လယ်ကွင်းကြီးဖြတ်မြင်နေရသည့် ဥယျာဉ်တောင်ရွာကိုကြည့်ရင်း ဦးညိမ်းမောင် တစ်ကိုယ်တည်းပြောလိုက်မိသည်။ သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် လှမ်းမြင်နေရသည့် ဥယျာဉ်တောင်ရွာမှာ ဦးညိမ်းမောင်နေထိုင်သည့် ဥယျာဉ်မြောက်ရွာနှင့် တံပိုးထမ်းဖြစ်နေသလို တစ်ရွာနှင့်တစ်ရွာ ၂ မိုင်ခန့်ဝေးသည်။

“ဗျို့ . . . ဘကြီးညိမ်းမောင် မရှိဘူးလားဗျို့”



အိမ်ရှေ့ဘက်မှ လှမ်းခေါ်နေသည့်အသံကြောင့် ဦးညိမ်းမောင် လှည့်ကြည့်လိုက်ရင်း-

“ဘယ်သူလဲဟေ့ ဝင်ခဲ့ကွာ . . . ငါ ဒီနောက်ဖေးဘက်မှာဟေ့”

ဟု အသံပြုလိုက်သည်။

“သြော် ဘကြီးက နောက်ဖေးဘက်ရောက်နေတာကိုး” ရွာထဲမှ လူပျိုကြီး ထွန်းအောင်ကျော်က ဝင်လာရင်းပြောလိုက်သည်။

“ဟာ . . . လာကွ လူပျိုကြီး၊ ငါလည်း ပူလွန်းလို့ ဒီဘက်ထွက်နေတာကွ၊ ငါ့ခြံထဲလည်း သစ်ပင်ဆိုလို့ ဒီပိတောက်ပင်လေးတစ်ပင်ရှိတော့ သူ့အရိပ်ခိုနေရတာပဲဟေ့၊ ဘာကိစ္စထူးသလဲ လူပျိုကြီး”

ဦးညိမ်းမောင်အမေးကို မဖြေနိုင်သေးဘဲ လူပျိုကြီး ထွန်းအောင်ကျော် အုပ်ပေါင်းပေါင်းလာသည့် ပုဆိုးဖြည်လိုက်ရင်း မျက်နှာမှ ချွေးများသုတ်နေသည်၊ ပြီးမှ-

“အထွေအထူးတော့ မဟုတ်ပါဘူး ဘကြီးရယ်၊ ဥယျာဉ်တောင်က ဦးသာဒွန်းက အလှူဖိတ်လိုက်လို့ပါ”

“ဟေ ဟုတ်လား၊ ငါတောင် ဥယျာဉ်တောင်ရွာ လှမ်းကြည့်ရင်း သွားပြီး နေခိုနေချင်တာကွ၊ အလှူက ဘယ်တော့လဲ”

“တန်ခူးလပြည့်နေ့ ရေစက်ချဆိုတော့၊ လဆန်း ၁၄ ရက်နေ့ ဗျာဝင်ပေါ့ဘကြီး၊ ဦးသာဒွန်းကမှာလိုက်တယ်၊ ဗျာဝင်တဲ့ညကတည်းက ကြွခဲ့ပါတဲ့”

"အေး ကောင်းတယ်ကွာ၊ ဗျောဝင်တဲ့နေ့မတိုင်မီ တစ်ရက်နှစ်ရက်ကြိုလောက်က သွားလိုက်မယ်၊ သူတို့ဆီမရောက်တာလည်းကြာပြီ၊ နောက်ပြီး ဒီရက်ပိုင်းအတွင်း တို့ရွာမှာ ပိုပူလာတယ် ထင်ရတယ်ဟ၊ ဥယျာဉ်တောင်သစ်ရိပ်လည်းခိုရင်းပေါ့ကွာ"

"ဟုတ်တယ်ဘကြီးရေ၊ ကျွန်တော်လည်း ရွာထဲက အောင်ခြိမ့်တို့အဖွဲ့နဲ့ အလျှုထင်းသွားပို့ရင်း ကြုံသွားကြမှာလေ၊ မနက်ဖြန်တောင်တောင်ရိုးတက်ပြီး ထင်းခုတ်တက်ဖို့ လှည်းတွေချိန်းထားတယ် ဘကြီး၊ ဘယ်ရွာအလှူရှိရှိ ကျွန်တော်တို့ ဥယျာဉ်မြောက်ကတော့ ထင်းပို့ပေးတာ အစဉ်အလာမို့လား၊ အင်း . . . ထင်းကလည်း ရှာရတာ မလွယ်တော့ဘူး ဘကြီးရေ၊ ရွာအနားမှာ ထင်းရှားသွားပြီ၊ ဟို ခပ်ဝေးဝေးတောင်ရိုးတက်မှ ရတော့တယ်ဗျို့"

"အေး မင်းပြောလို့ ပြောရဦးမယ်၊ တို့ငယ်ငယ်က တို့ရွာနဲ့ တောင်ရိုး ထင်းတောက နီးနီးလေးကွ၊ လှည်းတပ် နွားမောင်းစရာမလိုလောက်အောင် နီးတာ၊ ရွာနောက်ဖေးမှာ တောကြီးပဲ၊ ထင်းလိုချင်တာတို့၊ သစ်လိုချင်တာတို့ဆိုရင် အလွယ်လေးရတယ်ကွ၊ လက်ကြောမတင်းတဲ့လူများဆို ရွာထဲခြံထဲမှာတင် သစ်ပင်ဝါးပင်ကြီးတွေ ခုတ်လိုက်၊ ချိုင်လိုက်ရုံပဲကွ"

"အို ဟုတ်လား ဘကြီး၊ အဲဒီလို ဖြစ်ချင်လိုက်တာဗျာ၊ အဲဒါဆို လူမပင်ပန်းတော့ဘူးပေါ့"

"ဟား ဟား ဟား မင်းက လူဖြစ်နောက်ကျတာကိုးကွ၊ ဒါမျိုးဘယ်ကြုံတော့မှာလဲ၊ အေးလေ အခုလို မင်းလူဖြစ်နောက်ကျလို့လည်း လူပျိုကြီးဖြစ်နေတာ ဟား ဟား"



"ဟာ ဘာဆိုင်လို့လဲဗျာ၊ ဘကြီးကလည်း ပြောရော့မယ်" ဦးညိမ်းမောင် တဟားဟား ဆက်၍ရယ်နေလေတော့၏။

(၂)

"အေးလိုက်တဲ့ မဏ္ဍပ်ကြီးဗျာ၊ ကိုသာဒွန်းတို့ခြံထဲက သစ်ရိပ်ဝါးရိပ်ကလည်း ကောင်းဆိုတော့ နေရတာ တပေါင်း၊ တန်ခူးတောင်မထင်ရဘူးဗျို့၊ ကျွန်တော်တို့ရွာနဲ့ ကွာပါ့ဗျာ၊ ရွာမှာဆို ဒီအချိန်ဒီလို ဘယ်နေနိုင်ပါ့မလဲ၊ ခြစ်ခြစ်ကို တောက်နေတာပဲဗျို့"

အလှူမဏ္ဍပ်ကြီးအတွင်း စကားဝိုင်းတွင် စကားပြောနေသည့် ဦးညိမ်းမောင်တစ်ယောက် အလှူရှင်ကိုသာဒွန်းကို ပြောလိုက်သည်။

"အခုတော့ မှန်တာပေါ့ ကိုညိမ်းမောင်ရယ်၊ ကျွန်တော်တို့ငယ်ငယ်ကဆို ဒီလိုဘယ်ဟုတ်မလဲ၊ ခင်ဗျားလည်းရောက်ဖူးသားပဲ၊ ငယ်တုန်းရွယ်တုန်းက အပူဒဏ်သတိမထားမိလို့ပါ၊ ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်း သုံးလေးဆယ်တုန်းက ကျွန်တော်တို့ရွာက လူကြီးတွေ၊ သက်ကြီးရွယ်အိုတွေ ဒီအတိုင်း ငြီးခဲ့တာပဲ၊ ဟော နောက်တော့ ဒီလိုဖြစ်လာအောင် ကျွန်တော်တို့ရွာ ကျောင်းထိုင်ဖို့ ကြွလာတဲ့ ဦးပဥ္စင်းလေးနဲ့ ရွာကျောင်းက ဆရာလေး ကိုခင်နွယ်တို့ရဲ့ ကျေးဇူးလို့ဆိုရမှာပေါ့ဗျာ၊ ကျေးဇူးဆိုလို့ ကျေးဇူးတင်ရမယ့် အထဲမှာလည်း ခင်ဗျားတို့ ဥယျာဉ်မြောက်ရွာကိုလည်း ကျေးဇူးတင်ရမှာပဲဗျ၊ ခင်ဗျားတို့ရွာက ကျုပ်တို့ရွာကို စံနမူနာပြခဲ့လို့ဗျ"

“ဗျာ ကျွန်တော်တို့ရွာက အခုလိုဖြစ်အောင် နမူနာပြခဲ့တာ၊ ကျုပ်တော့ နားမလည်တော့ဘူးဗျာ” ဟု ဦးညိမ်းမောင်ပြောလိုက်ရာ လူကြီးဝိုင်းနားတွင် ရှိနေသည့် ဥယျာဉ်တောင်ရွာမှ လူငယ်များကလည်း စိတ်ဝင်တစား ဖြစ်လာသည်။

“ဟာ ဘကြီးသာဒွန်း ပြောလို့သာကြားရတာ မယုံနိုင်စရာပဲနော်၊ ဟို ဘကြီးညိမ်းမောင်တို့ ဥယျာဉ်မြောက်ရွာ နမူနာယူရတယ်လို့ ပြောတဲ့စကား အခုအခါနဲ့တော့ မဆိုင်သလိုဖြစ်နေပြီဗျို့” ဟု လူငယ်ဝိုင်းမှ ဥယျာဉ်တောင်ရွာ လူငယ်ခေါင်းဆောင် မောင်မျိုးဇော်က ပြောလိုက်သည်။ လူငယ်တစ်ဦးဖြစ်သူ အိုးစည်ဝိုင်းခေါင်းဆောင် မောင်မင်းအောင်က-

“ဟုတ်တယ် ဘကြီးတို့ရေ၊ ကျွန်တော်တို့ အိုးစည်အဖွဲ့ ဟို ဥယျာဉ်မြောက်ရွာ အလှူသွားပြီး အိုးစည်တီးတာ ပူလို့ကိုမနေနိုင်ဘူး၊ အလှူပြီးအောင် သည်းညည်းခံနေရတယ်ဗျို့” ဟု ဝင်ထောက်ခံပြောလိုက်သည်။ ပလွေသမားလေး မောင်တိုးကလည်း -

“ကိုမင်းအောင်တို့၊ ကိုမျိုးဇော်တို့ ပြောတာ မှန်တယ်ဗျို့၊ ပူတာလည်းမပြောနဲ့ သစ်ပင်ဝါးပင်ကလည်း မရှိ၊ ရွာနောက်က တောင်ကလည်း ကတုံးဖြစ်နေတော့ လူအရိပ်ခိုဖို့မပြောနဲ့ ငှက်တွေတောင် အရိပ်ခိုဖို့ မရှိလို့လားမသိဘူး ကျီးသံ၊ ငှက်သံတောင် မကြားခဲ့ရဘူး” ဟု ဝင်ပြောလိုက်ရာ အလှူရှင် ဦးသာဒွန်းက -

“အေး မင်းတို့လူငယ်တွေပြောတာ အခုအချိန်မှာတော့ မှန်တာပေါ့ကွာ၊ ဥယျာဉ်မြောက်ရွာက သစ်ပင်ဝါးပင်မရှိဘူး၊ ကျေးငှက်



သာရကာ ကင်းတယ်၊ ဥယျာဉ်တောင်ရွာက သစ်ပင်ဝါးပင်တွေပေါများပြီး အခုကြားနေရသလို ကျေးငှက်သာသကာ ကျေးငှက်သံတွေ ညံနေတယ်၊ နေရာတာ အေးတယ်ဆိုတဲ့အချက်တွေဟာ သိပ်မှန်ပါတယ်၊ ဒါပေမယ့် တို့ရွာဟာ ဟိုလွန်ခဲ့တဲ့ နှစ် (၄၀) လောက် က မင်းတို့တွေ့မြင်ခံစားခဲ့ရတဲ့ ဥယျာဉ်မြောက်ရွာလို ပူပြင်းခြောက်သွေ့တဲ့ ရွာလို့ပြောရင် ယုံနိုင်ပါ့မလား”

“ဟာ မယုံနိုင်စရာပေါ့ ဘကြီးရယ်” ဟု ပြန်ဖြေလိုက်လျှင် ဦးသာဒွန်းက လူငယ်များဘက်သို့ ခပ်ပြုံးပြုံးကြည့်လိုက်ရင်း

“ယုံလိုက်ပါ ငါ့တူတို့၊ အဖြစ်က ဒီလိုကွ” ဟုအဖြစ်အပျက်ဟောင်းတို့ကို အစချီလိုက်သည်။

(၃)

“ကဲ ဒကာကြီးဦးဖိုးရွှေနဲ့ ဒကာကြီး သာဒွန်းတို့ ရောက်ကြပြီလား”

“တင်ပါ့ဘုရား ရောက်ပါပြီ” ဥယျာဉ်တောင်ရွာ ဘုန်းတော်ကြီးကျောင်းပေါ်သို့ ရောက်လာကြသည့် ရွာသားနှစ်ဦးကား ဥယျာဉ်တောင်ရွာမှာ စီးပွားရေးအထိုက်အလျောက်ပြည့်စုံပြီး ရပ်ရေးရွာရေး တက်တက်ကြွကြွ ဆောင်ရွက်နေကြသည့် ရွာမိရွာဖများဖြစ်သလို၊ ဆွေမျိုးအသိုင်းအဝိုင်းလည်း ကောင်းသည်။

“ကဲ ဒကာကြီးတို့ ခဏနားကြဦး၊ ဟော့မောင်ညွှက်တာရေ ဒီဒကာကြီးတွေအတွက် ထန်းလျက်နဲ့ရေနွေးကြမ်းလုပ်ပါဟေ့”

ကျောင်းထိုင်ဆရာတော်ပင်ဖြစ်သော်လည်း သက်တော်လေးဆယ်ပင်မပြည့်သေးသည့် ဦးနန္ဒိယမှာ ဥယျာဉ်တောင်ရွာသို့ ကြွရောက်သီတင်းသုံးခဲ့သည်မှာ မကြာသေး။

"ထန်းလျက်လေးက အုန်းထန်းလျက်လေးဆိုတော့ စားရတာ အရသာရှိလိုက်တာဘုရား" ဟု ဦးဖိုးရွှေမှပြောလိုက်သည်။ ဦးသာဒွန်းက "ဆရာတော်ဘုရား ဒီထန်းလျက် ဘယ်က လှူလိုက်တာလဲ ဘုရား" ဟု လျှောက်ထားလိုက်သည်။

"အဲဒါ ကျုပ်တို့ရွာထွက်၊ ကျုပ်တို့အိမ်က လူကြုံနဲ့လှမ်းပြီး ပို့လိုက်တဲ့ ထန်းလျက်၊ အဲဒီ ထန်းလျက်က ဦးပဥ္စင်း ခမည်းတော်ကြီး စိုက်တဲ့ ထန်းပင်တွေက ထွက်တဲ့ ထန်းလျက်ပါပဲ ဒကာကြီးတို့" ပြောလိုက်ရာ ဦးဖိုးရွှေနှင့် ဦးသာဒွန်းတို့ စားနေသည့် ထန်းလျက်ခဲလေးများကို ထူးဆန်းသလို ကြည့်လိုက်ကြရင်း ဦးဖိုးရွှေက -

"ဆရာတို့နယ်က တပည့်တော်တို့နယ်နဲ့ ရေမြေသိပ်မကွာဘူး ဘုရား၊ ထန်းပင်စိုက်လို့ ရသလားဘုရား" ဟု လျှောက်ထားလိုက်လျှင် ဦးနန္ဒိယက -

"ဘာလဲ ဒကာကြီးတို့ မယုံလို့လား၊ အဲဒီလို ဒကာကြီးတို့ မယုံမှာကောင်းမှာမို့ ကျုပ်က ကျုပ်တို့ရွာက ထန်းလျက်သီးသန့်မှာပြီး ဆွမ်းခံတာ အကြောင်းရှိတယ် ဒကာကြီးတို့" ဟု ပြောလိုက်လျှင် ဦးဖိုးရွှေနှင့်ဦးသာဒွန်းတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေကြပြီး ဦးသာဒွန်းက ဦးပဥ္စင်းကိုကြည့်ရင်း-



"မှန်ပါ့ဘုရား ဘာအကြောင်းများရှိပါသလဲဘုရား အမိန့်ရှိပါ" ဟုလျှောက်ထားလိုက်လျှင် ဦးနန္ဒိယက -

"ဒီလို ဒကာကြီး ဟော အတော်ပဲ ကျောင်းဆရာတောင် ရောက်လာပြီ၊ ကဲ လာ လာ ကျုပ်နဲ့ကျောင်းဆရာနဲ့တိုင်ပင်ထားတဲ့ ကိစ္စလေးတွေ ဒီဒကာကြီးနှစ်ယောက်နဲ့ ဆက်ပြီးတိုင်ပင်ကြရအောင်"

ဟု ပြောလိုက်သည့် ဆရာတော် နှုတ်ဆက်လိုက်သည့်သူမှာ ဥယျာဉ်တောင်ရွာမှ ကျောင်းဆရာ ကိုခင်နွယ် ဖြစ်သည်။ ကိုခင်နွယ်မှာလည်း မကြာသေးခင်ကမှ ဥယျာဉ်တောင်ကျောင်းသို့ တာဝန်ကျလာသည့် မူလတန်းကျောင်းအုပ်ဆရာကြီးပင်၊ အသက်က ဆရာတော်နှင့် မတိမ်းမယိမ်းလောက်ရှိမည်။

"မှန်ပါ့ဘုရား တပည့်တော်ကျောင်းပိတ်ရက်မှာ ခြံစည်းရိုးလေး ပြင်နေတာ။ မြေကျင်းလေးတွေတူးနေလို့ နည်းနည်းနောက်ကျသွားပါတယ် ဘုရား" ဟုပြောရင်း ဆရာတော်ကို လက်အုပ်ချီရှိခိုးနေသည်။

"နေပါဦး ကျောင်းဆရာရဲ့ မြေကျင်းတွေတူး၊ ခြံတွေကာနဲ့ ဘာတွေများစီမံနေတာလဲ" ဟုမေးလိုက်လျှင် ကျောင်းဆရာ ကိုခင်နွယ်က -

"မှန်ပါ့ဘုရား တပည့်တော်ကျောင်းသားလေးတွေနဲ့ သစ်ပင်တွေစိုက်မလို့ပါဘုရား" ဟု ပြန်လည်လျှောက်ထားလိုက်သည်။ ဆရာတော်က ခေါင်းညိတ်လိုက်ရင်း-

"ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ် ကျောင်းခြံထဲလည်း သစ်ပင်တွေစိုက်ချင်တယ် ကျောင်းဆရာရဲ့၊ ဒါပေမယ့် ကျောင်းဆရာကျတော့ ကျောင်းသားလေးတွေရှိနေတော့ အဆင်ပြေတာပေါ့" ဟု ပြောလိုက်လျှင် ဦးဖိုးရွှေနှင့်ဦးသာဒွန်းတို့ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး ဦးသာဒွန်းက -

"အို ဆရာတော် သစ်ပင်စိုက်ရင် တပည့်တော်တို့ ရှိပါတယ်ဘုရား၊ တစ်ရွာလုံးအတွက်လည်း တာဝန်ယူပါတယ်၊ ဆောင်ရွက်ပေးပါ့မယ်" ဟု လျှောက်လိုက်သည်။ ဦးဖိုးရွှေကလည်း-

"ဟောဒီက ကိုသာဒွန်းပြောသလို တပည့်တော်တို့ မိသားစုလိုက် လုပ်အားဒါနပြုပါ့မယ်ဘုရား" ဟု အသီးသီးလျှောက်ထားလိုက်ရာ ဆရာတော်က-

"ကဲ ဒကာကြီးတို့ပြောတာ ကျုပ် ဝမ်းသာပါတယ်၊ ကျုပ်တစ်ခုမေးချင်တာက ဒကာကြီးတို့ ရွာသားတွေ ဘာလို့သစ်ပင်တွေ မစိုက်ကြတာလဲ၊ ဟို ဥယျာဉ်မြောက်ရွာလို မဖြစ်ချင်ဘူးလား"

"မှန်လှပါဘုရား ဟိုဥယျာဉ်မြောက်ရွာဟာ သူတို့ရွာသားတွေစိုက်တာမဟုတ်ပါဘူးဘုရား၊ အစဉ်အဆက်ကတည်းက တောင်ခြေနဲ့နီးတဲ့ ဗူးခါးချောင်းဘေး သစ်တော၊ ဝါးတောထဲမှာ ရွာတည်ထားတာပါဘုရား၊ တပည့်တော်တို့ရွာက လယ်ယာလုပ်ခင်းကို အမှီပြုပြီး ကွင်းထဲ ကျင်းထဲမှာ ရွာတည်တာလို့ ကြားဖူးပါတယ်ဘုရား၊ ဒါကြောင့်လည်း ဒီလယ်မြေကြားအက်အက်၊ မြေကြမ်းကြမ်းမို့



ရှေးလူကြီးတွေ သစ်ပင်စိုက်ဖို့ အဆင်မပြေတာလည်း ပါမှာပါဘုရား" ဟု ပြန်လည်လျှောက်ထားလိုက်သည်။ ဆရာတော်က ပြုံးလျက်-

"ကဲ ထားပါတော့ ဒကာကြီးက ရှေးလူကြီးတွေ၊ ရှေးရွာသားတွေ လွှဲချနေပြန်ပါပြီ၊ အခု ဒကာကြီးတို့ လက်ထက်ကျတော့ရော ဘာလို့ မစိုက်ကြတာလဲ" ဟု မေးလိုက်လျှင် ဦးသာဒွန်းကပင်လျှင်-

"ဟို ဒီလိုပါဘုရား တပည့်တော်တို့ရွာက အခုပြောသလို နွေဘက်ကျတော့ မြေပက်ကွဲ၊ ရေရှားနဲ့ မိုးဦးကျ စိုက်မယ်လုပ်တော့ မိုးဦးကျတာနဲ့ လယ်ထဲဆင်း၊ မိုးကမျှား၊ ရေကကြီးနဲ့ဘယ်မှာ သစ်ပင်စိုက်လို့ရမှာလည်း ဘုရား ဒါနဲ့ပဲ၊ အစဉ်အဆက် ဒီလိုပဲ နေလာကြတာပါဘုရား သစ်ဝါးလိုရင်လည်း ဟို ဥယျာဉ်မြောက်တောင်ဘက် သွားခုတ်ကြ ဒီလိုပဲနေလာကြတာပါဘုရား" ဟု လျှောက်လိုက်သည်။ ဦးဖိုးရွှေက ဆက်၍လျှောက်လိုက်ပြန်သည်။

"ဟုတ်ပါတယ်ဘုရား တပည့်တော်တို့ရွာက ကွင်းထဲ ကျင်းထဲ ဆိုတော့ ငှက်ပျောပင်စိုက်လည်းမရ၊ ဝါးပင်စိုက်လည်းမခံ၊ ပေါက်ပန်းဖြူပင်လောက်ပဲ အလေ့ကျပေါက်တာပါဘုရား၊ ရွာထိပ် နတ်စင်က ကုက္ကိုပင်ကြီးတောင် တစ်ရွာလုံးက ဂရုစိုက်လို့ ကျန်တာပါဘုရား" ဟု ဝင်ပြောလိုက်လျှင် တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ကျောင်းဆရာ ကိုခင်နွယ်က-

"ဟဲ ဟဲ အဲဒီထဲက ဦးလေးတို့ရွာမှာ သစ်ပင်စိုက်ဖို့၊ စိုက်လို့ရတဲ့အကြောင်းတွေက တွေ့နေရပြီလေ" ဟု ဝင်ပြောလိုက်လျှင် ဦးဖိုးရွှေက နားမရှင်းသဖြင့် -

“ဘယ်လို ဆရာလေး၊ သစ်ပင်စိုက်လို့ရတယ် ဟုတ်လား” ဟု မေးလိုက်လျှင် ဆရာ ကိုခင်နွယ်က -

“ဟုတ်တာပေါ့ ဦးလေးရာ သစ်ပင်ဆိုတာ ဂရုတစိုက် စိုက်ပျိုးရင် ဖြစ်ထွန်းတာပေါ့၊ အခုဟာက ဦးလေးတို့တစ်ရွာလုံးက အခုနပြောတဲ့ အခက်အခဲတွေကို မိရိုးဖလာနည်းနဲ့မှ မဖြေရှင်းတာဘဲ၊ ကြိုတင်ပြင်ဆင်လို့ ရပါတယ်၊ ဦးလေးတို့ ဘုရားကျောင်းလုပ်သလို ဘုရားပင်စိုက်သလိုမျိုးပေါ့၊ ကြိုတင်ပြင်ဆင်ရပါတယ်၊ ကျွန်တော်ဆို ကျောင်းမှာ အခုကတည်းက မိုးဦးကျသစ်ပင်စိုက်ဖို့ ကြိုတင်ပြင်ဆင်နေပြီ၊ ကျင်းတူးနေပြီ၊ အဲဒီအထဲမှာ တစ်နွေလုံး မြေဆွေးတို့၊ အမှိုက်တို့၊ ပြာတို့၊ နွားချေးတို့ သမအောင်ထည့်ထားပြီး မိုးဦးကျတာနဲ့ စိုက်တော့မှာဗျ၊ သစ်ပင်ပေါက်တွေလည်း မှာထားပြီ ဘာလိုသေးလဲ ဦးကြီးတို့ရယ်” ဟုပြောလိုက်၏။ ဦးဖိုးရွှေမှ “ဟာ ဒီလို လုပ်ရင်တော့ ရနိုင်တာပေါ့နော် ကိုသာဒွန်း” ဟု ပြောလိုက်ရာ ဆရာ ကိုခင်နွယ်ကပင်-

“ရနိုင်တာ မဟုတ်ဘူး ရကိုရတယ်၊ ဦးလေးတို့မှာ သစ်ပင်ဝါးပင်စိုက်ချင်တဲ့စိတ်ပဲ လိုတယ်၊ စိုက်နည်းပျိုးနည်းတွေကို ကျွန်တော်လေ့လာထားတယ် မပူနဲ့”

“ကဲ ဒကာကြီးတို့ သစ်ပင်ရှင်ဖို့၊ စိုက်နိုင်ဖို့ ကျောင်းဆရာက တာဝန်ယူလိုက်ပြီဆိုတော့ ကျုပ်က ဒကာကြီးတို့ရွာသားတွေဆီက ဒီပြင် အလှူခံပစ္စည်းကို အလှူမခံဘူး၊ သစ်ပင်စိုက်ဖို့ပဲ အလှူခံမယ်လို့ စီမံထားတယ်”



“ဘယ်လို အစီအမံပါလဲ ဘုရား” ဟု ဦးသာဒွန်းက မေးလိုက်၏။

“ဒီလို ဒကာကြီးရဲ့ ကျုပ် အလှူခံပုံက သစ်ပင်စိုက်ပါ့မယ် ဆိုတဲ့ ကတိအလှူပဲ၊ အဲဒီလို ကတိခံပြီးရင် ကျုပ်ပြောသလိုပဲ စိုက်ရမယ်၊ ရွာထဲမှာ အိမ်ထောင်စုတိုင်းက လူတွေအားလုံး အစဉ်အဆက်၊ မွေးဖွားရက်ဆိုတာ ရှိကြတယ်၊ သေဆုံးရက်ဆိုတာ ရှိခဲ့ကြတယ်၊ လက်ထပ်ထိမ်းမြားတဲ့ရက်ဆိုတာ ရှိကြတယ်၊ အဲဒီရက်တွေကို မှတ်ရမယ်၊ ကြုံလာတဲ့ မိမိတို့ အိမ်ထောင်စုတစ်ခုက မှတ်မှတ်ရရ ရက်တစ်ခုခုမှာ အထိမ်းအမှတ်အနေနဲ့ မိမိတို့ကြိုက်သလို အိမ်မှာ၊ ကျောင်းမှာ၊ လယ်ထဲမှာ၊ နောက်ဆုံး ရွာဘုံမြေတို့၊ သင်္ချိုင်းတို့မှာ စိုက်ကြရမယ်”

“ရပါတယ် ဘုရား ဆရာတော်တို့၊ ဟောဒီက ဆရာလေးတို့ အစိုက်ခိုင်းရင် ရွာသူရွာသားတွေ စိုက်ကြမှာပါဘုရား”

“နေဦး ဒကာကြီး၊ ကျုပ် ဆိုလိုရင်း မရောက်သေးဘူး၊ ကျုပ်တို့ ဟောဒီက ကျောင်းဆရာတို့ စီမံထားတာ ဒီလို အုတ်ရောရော၊ ကျောက်ရောရော စိုက်ဖို့မဟုတ်ဘူး၊ ဒကာကြီးတို့ ကျုပ်မေးမယ်၊ ဒကာကြီးနဲ့ဒကာမကြီးတို့ မင်္ဂလာဆောင်တဲ့ရက် သိသလား” ဟု မေးလိုက်ရာ ဦးဖိုးရွှေမှာ စဉ်းစားသလို လုပ်ရင်း-

“ဟို အင်း ဒီကျောင်းထဲက ဇရပ်ကြီးဆောက်တဲ့နှစ်လောက်က ထင်တယ်ဘုရား၊ အဲဒီတုန်းက အိမ်က ဒေါ်နုနဲ့ကျုပ်နဲ့က ဟို ဟို” ဟုပြောရာတွင် ဆရာတော်က လက်ကာပြရင်း-

“ကဲ ကဲ ထားပါတော့ ဒကာကြီးရယ် လရော သိသလား”

“မှန်ပါ့ဘုရား သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ပါဘုရား၊ အဲဒါတော့ တပည့်တော် မှတ်မိပါတယ်၊ တပည့်တော်တို့က သီတင်းကျွတ်တာနဲ့ တောင်းရမ်းယူတာကိုဘုရား”

“ဟား. . . ဟား. . . ဟား. . . ” ဦးဖိုးရွှေစကားကြောင့် ဆရာတော် အပါအဝင် အားလုံးရယ်လိုက်ကြ၏။

“အဲဒီလို အမှတ်တရ ရက်မျိုးလို နောက်ပြီး ဒကာကြီးမိဘတွေ ဆုံးပါးခဲ့တဲ့ရက်မျိုးလို မမေ့နိုင်တဲ့၊ မမေ့အပ်တဲ့ ရက်မျိုးတွေမှာ အထိမ်းအမှတ်အနေနဲ့ အစိုက်ခိုင်းမှာ ဘယ့်နှယ့်လဲ”

“ကောင်းပါတယ် ဘုရား” ဆရာ ကိုခင်နွယ်က ဆရာတော် စကားအဆုံးတွင် ဆက်ပြောလိုက်၏။

“အခုန ဆရာတော် အမိန့်ရှိတဲ့သဘောက ခေတ်မီမီပြော ရရင် အမှတ်တရသစ်ပင်၊ အထိမ်းအမှတ်သစ်ပင်ပေါ့၊ အဲဒီလို စိုက်ထားခြင်းအားဖြင့် တခြားစိုက်ချင်တဲ့အချိန်မှာ စိုက်ထားတဲ့ အပင်ထက် ကြော် ဒါကတော့ ငါ့အမေဆုံးတဲ့ရက်က အမှတ်တရ စိုက်ထားတဲ့ကံ့ကော်ပင်၊ ဟောဒါက ငါ့သားလေး မွေးတဲ့ရက်က အမှတ်တရစိုက်ထားတဲ့ ပိတောက်ပင်ဟ၊ ဟောဒါက တို့မင်္ဂလာ ဆောင်တဲ့ရက်မှာ အမှတ်တရ စိုက်ထားတဲ့ ဝေဝေဆာဆာ စည်ပင် ဖွံ့ဖြိုးအောင်ဆိုတဲ့ နိမိတ်နဲ့ စိုက်ထားတဲ့ကုက္ကိုပင်ဆိုပြီး တခြား အပင်တွေထက် ဂရုတစိုက်မရှိနိုင်ဘူးလား၊ ဦးလေးတို့ နတ်စင်က ကုက္ကိုပင်ကြီးတောင် ဆွေမစပ်မျိုးမစပ် ဂရုစိုက်ကြသေးတာ



စဉ်းစားကြည့်ပါဦးဗျာ၊ အဲဒီတော့ ကိုယ့်ရဲ့မိသားစုသစ်ပင်၊ မိသားစု ဘဝရဲ့ထူးခြားမှုတွေ၊ ရက်တွေနဲ့စိုက်ထားတဲ့ မိသားစုဘဝရဲ့သစ်ပင်၊ ကဗျာဆန်ဆန် ပြောရရင် အဲဒီဘဝသစ်ပင်တွေဟာ ကျွန်တော်တို့ ရွာမှာ ပေါ်ပေါက်ရှင်သန်လာမှာ သေချာပြီပေါ့ဗျာ ဘယ့်နှယ့်လဲ”

“ဟာ ဆရာလေးပြောတာ သဘောကျတယ်ဗျာ၊ အဲဒီသစ်ပင် တွေဟာ ကျွန်တော်တို့ မိသားစုဘဝတွေရဲ့သစ်ပင်တွေ၊ ဘဝ သစ်ပင်တွေ၊ ဟုတ်တယ် ဟုတ်တယ်နော် ကိုဖိုးရွှေ၊ ကျွန်တော်တို့ တစ်ရွာလုံး နတ်စင်က ကုက္ကိုပင်ကြီးတောင် ဂရုစိုက်နိုင်ကြသေးတာ၊ ကိုယ့်အိမ်၊ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးအတွက် အမှတ်တရစိုက် ထားတဲ့ သစ်ပင်ပဲဗျာ၊ ရေလောင်းသင့်လောင်း၊ မြေတောင်မြှောက် သင့်မြှောက်၊ ပေါင်းသင်၊ အစာကျွေးဆိုသလို လုပ်ကြမှာပေါ့ဗျာ၊ ဂရုစိုက်ကြမှာပေါ့ ဆရာလေးရယ်၊ ဖြစ်ပါတယ် စိုက်ပါ့မယ်” ဟု အားတက်သရော ပြောလိုက်သည်။

“အဲဒါကြောင့် ကျုပ်က ဒကာကြီးတို့ကို ထန်းလျက်ချကျွေး တာ အဓိပ္ပာယ်ရှိတယ်၊ အဲဒါ ကျုပ်စိုက်ခဲ့တဲ့ ထန်းပင်က ထန်းလျက်၊ ထန်းပင်လည်း စိုက်ရင် ဖြစ်ပါတယ်၊ အဲဒါကြောင့် ကျုပ်က အဲဒီလို ကိုယ့်မိသားစုရဲ့ အမှတ်တရရက်၊ အထိမ်းအမှတ်ရက်တွေမှာ သစ်ပင်စိုက်ခြင်းတည်းဟူသော အလုပ်ကို အလှူခံတာပေါ့ ဒကာ ကြီးတို့ရဲ့၊ ကဲ ဘယ့်နှယ်လဲ ဒကာတို့က အစထားပြီး တစ်ရွာလုံးက အခုလို အပူဒဏ်တွေလည်း သက်သာ၊ သစ်တစ်ပင်ကောင်း ငှက် တစ်သောင်းဆိုသလို သတ္တဝါတွေရဲ့ မှီခိုနားနေရာ ဇရပ်သဖွယ်

လည်း ဖြစ်လာမယ့် သစ်ပင်စိုက်ခြင်း အလှူကို ဒီနေ့ကစပြီး တစ်ယောက်ကနေ အများဖြစ်လာအောင် ပြောဆိုစည်းရုံးပြီး ကျောင်းဆရာပြောတဲ့ ဘဝသစ်ပင်စိုက်ကြပေတော့၊ လိုတာရှိလည်း ဟောဒီက ကျောင်းဆရာနဲ့ တိုင်ပင်လုပ်၊ မကြာခင် အဲဒီတန်ဖိုး သိလာလိမ့်မယ်၊ ဟုတ်ပြီလား၊ သဘောကျရဲ့လား"

ဦးဖိုးရွှေနှင့် ဦးသာဒွန်းတို့နှစ်ဦးမှာ ပြိုင်တူပြောလိုက်ကြသည်။

"မှန်ပါ့ ဆောင်ရွက်ပါ့မယ် ဘုရား"

## အခန်း (၄)

"ဩော် အဲဒီလိုအသိနဲ့ လုပ်ခဲ့ကြ၊ စိုက်ခဲ့ကြလို့ ဒီလိုဖြစ်လာတာကိုး၊ ကျုပ်တို့ရွာကတော့ ဒီလို စိုက်ရပျိုးရမှန်းမသိ၊ သစ်ပင်သစ်တော ဝါးတောတွေ ဖြုန်းလာလိုက်တာ အရင်နဲ့ပြောင်းပြန်ကို ဖြစ်သွားပြီဗျို့" ဟု ဦးညိမ်းမောင်က ညည်းတွားသလို ပြောလိုက်၏။ ဥယျာဉ်တောင်ရွာမှ မောင်မင်းဇော်က-

"ဘကြီးတို့ရေ ကျွန်တော်တို့က လူငယ်တွေဆိုတော့ အသေအချာမသိခဲ့ဘူး၊ ဟိုနှစ်ပေါင်းများစွာကပဲ ရွာမှာ သစ်ပင်ဝါးပင်တွေ အစဉ်အဆက်ရှိခဲ့တာ မှတ်နေတာ၊ ဩော် . . ဆရာတော်နဲ့ ဆုံးပါးသွားတဲ့ ဆရာကြီး ဦးခင်နွယ်တို့ ဘကြီးတို့က စခဲ့တာကိုး" ဟု ပြောလိုက်ရာ ဦးသာဒွန်းစကားကို နားထောင်နေသည့် ဦးသာဒွန်းမြေးဖြစ်သူ မောင်ခင်မောင်လတ်က ပြောလိုက်ပါသည်။



"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ကျောင်းမှာသင်ရသလို သစ်ပင်သစ်တောစိုက်တာဟာ အလွန်တန်ဖိုးရှိပါတယ်၊ အခုန ပြောတဲ့ ပူပြင်းခြောက်သွေ့မှုကို ကာကွယ်ရုံတင်မကပါဘူး၊ သဘာဝ၊ တောတောင်ရေမြေ၊ ကျေးငှက်တိရစ္ဆာန်၊ ရာသီဥတု စတဲ့ဟာတွေဟာလည်း သစ်တော၊ သစ်ပင်တွေမှာ တည်မှီနေကြတာပါ၊ ဒီသဘာဝဂေဟစနစ်ခေါ်တဲ့ဖွဲ့စည်းမှုကြီးကို ကျွန်တော်တို့လူသားတွေ အားလုံးစည်းကမ်းတကျ ထိန်းသိမ်းပြီး ကာကွယ်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်၊ နောက်ပြီး ဒီသစ်ပင်သစ်တောတွေဟာ အခုန ဥယျာဉ်မြောက်က ဘကြီးပြောသလို ထင်းတွေ စည်းကမ်းမဲ့ခုတ်ရင် မီးခိုးတို့ပြာမှုံတို့ဆိုတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်တွေ ထုတ်တဲ့စက်ရုံကြီးပမာ အဆိုးဘက်ကိုဦးတည်တဲ့စက်ရုံကြီးတစ်ရုံဖြစ်သလို၊ သစ်ပင်သစ်တောတွေ စည်ပင်တိုးတက်လာတာနဲ့အမျှ အဆိုးဘက်ကိုဦးတည်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်တွေ ပပျောက်သွားအောင်စုတ်ယူတဲ့စက်ရုံကြီးလည်း မည်ပါတယ်၊ သဘာဝပတ်ဝန်းကျင်လည်း ထိန်းသိမ်းရာရောက်ပါတယ်။ ဒါကြောင့် 'သစ်တော၊ သစ်ပင်ဆေးဖက်ဝင်'၊ 'ဥတုရာသီတောကိုမှီ'၊ 'တောတောင်ခြောက်ခန်းလယ်ယာနွမ်း၏'၊ 'သက်ရှိဘဝတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့' ဆိုတဲ့ ဆောင်ပုဒ်အမျိုးမျိုးနဲ့ နှိုးဆော်ပေးနေကြတာ အားလုံးအသိမှိလားခင်ဗျာ" ဟု သစ်တောတက္ကသိုလ်ကျောင်းသားပီပီ ဗဟုသုတဖြစ်ဖွယ်များ ဝင်ပြောလိုက်ပါသည်။ ဦးညိမ်းမောင်ကဆက်၍-

“အေးကွာ ဘကြီးတို့ရွာလည်း မင်းတို့ရွာမှာလုပ်သလို ပြန်လုပ်ရတော့မယ်ဟေ့၊ ကိုသာဒွန်းအလှူကို ကြိုလာလိုက်တာ အကျိုးရှိသွားသကွာ၊ ရွာပြန်ရောက်ရင် တစ်ရွာလုံးပြောပြရမယ်ဟေ့၊ ကဲ ဘယ့်နှယ်လဲဟေ့ လူပျိုကြီး။ တို့ရွာမှာ ဥယျာဉ်တောင်ရွာလို လုပ်ရမယ်ဟေ့”

“ဟာ . . . လုပ်ရမှာပေါ့ ဘကြီးရာ”

“ကျွန်တော်တို့လူငယ်တွေ တာဝန်ထား” ဟု လူငယ်များက ထောက်ခံစကားဆိုလိုက်ပါသည်။ လူပျိုကြီးထွန်းအောင်ကျော်က

“ဟာ . . . လုပ်ရမှာပေါ့ ဘကြီးညိမ်းမောင်ရာ၊ ဒါပေမယ့် ကျွန်တော်တို့ အနှစ်လေးဆယ်လောက် အသိနောက်ကျသွားတာ နာသဗျာ၊ နို့မို့ ခုလောက်ဆို ကျွန်တော်တို့ရွာလည်း ဘကြီးသာဒွန်းတို့ရွာလို ဖြစ်နေပြီဗျာ၊ ဘကြီးတို့ပြောတဲ့ဘဝသစ်ပင်တွေ ပြည့်နေပြီပေါ့ဗျာ” ဟု တောက်တစ်ခေါက်ခေါက်ဖြင့် ပြောလိုက်ပါသည်။

“ဟကောင် လူပျိုကြီးရ နင် အဲဒီအနှစ်သုံးဆယ်ကျော်လေးဆယ်က လူ့ပြည်ရောက်သေးလို့လား၊ နင်က လူဖြစ် နောက်ကျရုံတင်မဟုတ်ဘူး၊ ဘဝသစ်ပင် မစိုက်ဖြစ်တာတောင် မဟုတ်ဘူး၊ အလုံးစုံနောက်ကျလို့ လူပျိုကြီးဘဝနဲ့ ကုန်းတင်နေတဲ့လူကများကွာ” ဟု ဦးညိမ်းမောင်က အသံ ခပ်ကျယ်ကျယ်ဖြင့် ခပ်သောသောပြောလိုက်ရာ လူပျိုကြီးမျက်နှာမှာ မဲ့ရွဲ့ရှုံ့တွသွားရာ မဏ္ဍပ်အတွင်းရှိ ကြက်သွန်နွှာနေသည့်မိန်းကလေးတစ်စုအပါအဝင် ကြားရသူ အပေါင်း၏ရယ်မောသံမှာလည်း သောသောညံသွားပါတော့သတည်း။

## အိမ်ကလေး နှစ်အိမ်

အခန်း (၁)

ကိုလူမောင်နှင့် ကိုမြတ်လှိုင်တို့မှာ တစ်ရွာတည်းသားများ ဖြစ်ကြပြီး သည်နယ်စပ်မြို့လေးဆီသို့ အတူတကွ အလုပ်အကိုင်ရှာရင်း ရောက်ရှိလာကြသူများဖြစ်သည်။ သည်မြို့ကလေးသို့ ရောက်လျှင်ရောက်ချင်း ရရာအလုပ်များဖြစ်သော ကုန်ထမ်းခြင်း၊ လက်သမားအဖွဲ့များတွင် နေ့စားဝင်လုပ်ခြင်း၊ ပန်းရံအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းများအပြင် နောက်ဆုံး အိမ်သာကျင်းတူးသည့်အလုပ်ကအစ လုပ်ခဲ့ကြသည်။ မြို့စွန်ရပ်ကွက်တစ်ခုမှ အိမ်ခန်းလေးတစ်ခုတွင် အတူနေထိုင်ပြီး ကြုံသလိုစားသောက်ရင်း အလုပ်ကိုကြိုးစားလုပ်ကိုင်ခဲ့ကြသည်။ (၂) နှစ်အတွင်းမှာပင် ချွေးခြံမှုရလဒ်အဖြစ် သူတို့ ငွေစကြေးစလေးများ စုမိကြသည်။ သူတို့နှစ်ဦးအကြံတူ ရွာမှထွက်လာစဉ်ကပင် ရွာတွင်ကျန်ခဲ့သော မိသားစုများထံ လုပ်ခကြေးငွေလေးတွေ၊ လေးငါးလတစ်ကြိမ် ပို့ပေးနိုင်ခဲ့သည်။ ကိုလူမောင်လည်း ရွာတွင် ဇနီးသည်နှင့် သားသမီး

(၂) ဦးရှိသလို ကိုမြတ်လှိုင်တွင်လည်း ဇနီးနှင့် သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။ သားတွေ၊ သမီးတွေမှာ မူလတန်း ကျောင်းသူကျောင်းသားအရွယ်တွေပင် ဇနီးသည်ဘက်မှ မိဘများ၏ ပံ့ပိုးစောင့်ရှောက်မှုဖြင့် နှစ်ဦးသားစိတ်ချလက်ချ ထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် မိသားစုနှင့်ရွာနှင့် မခွဲဘူးသော သူတို့နှစ်ယောက်မှာ ကြာလာသည်နှင့်အမျှ အမေနဲ့ရွာကို လွမ်းတယ်ဆိုသလိုဖြစ်လာကြပြီ၊ တစ်ည နှစ်ဦးသား အတူအိပ်နေကြရာက ကောက်ကာငင်ကာပြောလိုက်သည်။

"ဟေ့ မြတ်လှိုင် . . . မင်းတော့ မသိဘူးကွာ၊ ငါတော့ ရွာကို အရမ်းသတိရတယ်၊ ဒီလ ရွာ ကထိန်ခင်းမယ့်လနော်"

"ဟဲ . . . ဟဲ . . . ဟေ့ကောင် လူမောင် မင်းကလည်း ပြောရင် တည့်တည့်ပြောစမ်းပါကွာ၊ မင်းသတိရတာ ခင်စိန်မဟုတ်လား၊ နောက်မှ ကလေးတွေနဲ့ရွာပေ့ါကွာ"

"ဟာ . . . ဒီကောင် ငါတကယ်ပြောတာကို အရွှန်းဖောက်နေပြန်ပါပြီကွာ၊ ကဲ မင်းရော မှန်မှန်ပြော၊ စန်းရီကို သတိမရဘူးလား"

"အေးကွ မင်းပြောသလိုသတိတော့ နေ့တိုင်းရနေတာပေ့ါကွာ၊ ဒါပေမဲ့ ငါတို့ရွာကထွက်လာကတည်းက 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့စကား လက်ကိုင်ထားပြီး ဒီလို ဝေးလံတဲ့ နေရာမှာ ပိုက်ဆံလာရှာနေကြတာဆိုတော့ ငွေများများမစုမိဘဲ၊ အိမ်မပေးနိုင်ဘဲ မပြန်ချင်ဘူးကွာ၊ ဒါကြောင့် ဟို တွံတေးသိန်းတန်



သီချင်းထဲကလို မကြင်နာလို့တော့မဟုတ်ပါဘူးဆိုသလိုပေ့ါကွာ၊ အဲဒါတွေတွေးမိရင် ပြန်ချင်စိတ်က များလာတတ်တာ မဟုတ်လား ကွာ ဟင်"

"အေးကွာ၊ ငါလည်း တစ်ခါတလေ ခင်စိန်တို့သားအမိတွေ ဒီမှာခေါ်ထားပြီး မိသားစုတစ်စုတစ်ဝေးနဲ့ ဒိုးတူပေါင်ဖက် လုပ်ကြရင်း စီးပွားရှာရင် ကောင်းမလားလို့ ရွာမှာ ယောက္ခမတွေက ကြည့်တယ်ဆိုပေမယ့် လက်လုပ်လက်စားအလုပ်တွေ လုပ်နေရတာပဲ မဟုတ်လား"

"အေး မင်းပြောမှ ငါ စဉ်းစားမိတယ် လူမောင်ရ၊ စန်းရီလည်း ဘာထူးလဲကွာ၊ အေး နေဦးကွ၊ သူတို့ကို ဒီကိုခေါ်ရင်လည်း အလုပ်တွေရှိတာပဲကွ၊ တို့အလုပ်ကြမ်းတွေမှာလည်း မိန်းကလေးတွေ လုပ်နေကြတာပဲမဟုတ်လား၊ ဒီမှာက ရွာမှာထက် လုပ်အားခ ကောင်းတာပဲ၊ တို့တစ်တွေ ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်ကြရင် ချောင်ချောင်လည်လည် ဖြစ်နိုင်တယ်ကွနော်၊ အဲဒါတွေ အကျိုးအကြောင်းနဲ့ စာရေးပြီး ရွာကို လူကြုံနဲ့ပြန်မှာလိုက်ရင် ကောင်းမယ်နော် လူမောင်"

"ဟာ ဟုတ်တယ်၊ မင်းပြောမှ သတိရတယ် မြတ်လှိုင်ရေ၊ အခု တစ်ရက်နှစ်ရက်အတွင်း ကိုကြီးသာဗျောကြီးတို့ မိသားစု ရွာ ကထိန်မှာ အလှူလုပ်ဖို့ ပြန်မယ်ပြောနေတာ ကြားတယ်၊ သူနဲ့ အကျိုးအကြောင်းပြောပြီး စာပေးလိုက်မယ်၊ ဟုတ်တာပဲကွ၊ ကိုသာဗျောကြီးတို့မိသားစုတောင် ဒီအကုန်ပြောင်းလာပြီး အလုပ်

လုပ်နေတာ၊ အဆင်ပြေနေတာပဲ၊ အိမ်ကလိုက်လာနိုင်ရင် ကိုသာဗျောကြီးတို့အပြန် တစ်ပါတည်း လိုက်လာဖို့ မှာလိုက်တော့ မယ်ကွာ”

“အေး ကောင်းတယ်ကွာ၊ ဒီမှာ တချို့ တို့နယ်ကလူတွေ မိသားစုလိုက်ပြောင်းပြီး အလုပ်လာလုပ်တာ လေးငါးစုလောက်တောင် ရှိနေတာပဲနော်၊ ကဲ ဟော့ကောင် ပြောနေ ကြာတယ်ကွာ၊ ဖယောင်း တိုင်ထွန်း စာရေးမယ်”

သို့ဖြင့် ထိုညမှာပင် သူတို့နှစ်ယောက် ရွာရှိ ဇနီးသည်များထံ စာရေးဖြစ်ကြသလို၊ ကိုသာဗျောတို့အပြန် ပေဖူးလွှာ အမှာပါးလိုက် ကြသည်။

## အခန်း (၂)

“ကဲ ကိုလူမောင် ကျုပ်တို့ရောက်တာ အခုဆိုရင် (၂) နှစ်ပြည့် တော့မယ်၊ ရှင် ပြန်စဉ်းစားကြည့်ဦး၊ ရှင်နဲ့အတူတူ ဒီကိုတက်လာတဲ့ ကိုမြတ်လှိုင်တို့မိသားစုတွေဘက် ခဏလှည့်ကြည့်ပါဦးလား၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲနဲ့ ကျွန်မတို့မှာတော့ မပြောချင်ပါဘူးရှင်” ဟု ဇနီးသည် မခင်စိန်က သူတို့မိသားစုအခြေအနေနှင့် ကိုလူမောင် တစ်ရွာ တည်းသား သူငယ်ချင်း ကိုမြတ်လှိုင်တို့မိသားစု စားဝတ်နေရေး အခြေအနေများ ယှဉ်ပြောလိုက်ရာ ကိုလူမောင်တစ်ယောက် ခေါင်းတွင်တွင်ခါလိုက်ရင်း ပြန်ပြောလိုက်၏။



“မခင်စိန် မင်း ဘာတွေပြောနေတာလဲ၊ မြတ်လှိုင်တို့ စန်းရီတို့ က ငါတို့လိုပဲ ကြံ့ရာကျပန်းလုပ်နေကြတာမဟုတ်လား၊ တို့လည်း လက်သမားအဖွဲ့လေးဖွဲ့ပြီးလုပ်နေတာမဟုတ်လားကွာ၊ နဂိုထဲက မြတ်လှိုင်က အရောင်းအဝယ် ဝါသနာပါတယ်၊ လူစုံအောင်ပေါင်း တယ်ဆိုတော့ ပွဲစားလိုလို ဘာလိုလိုလုပ်တော့ ပိုအဆင်ပြေမှာပေါ့ ကွာ၊ အလုပ်လုပ်ကြတာတော့ အတူတူပါပဲ၊ ဒါပေမယ့် ဒီကြားထဲ သူတို့က ငါတို့ထက် စီးပွားရေးအဆင်ပြေတယ်၊ အနေအထိုင် အဆင့်မြင့်သွားတယ်၊ အပိုအလျှံ သုံးနိုင်တယ်၊ မင်းပြောချင်တာ ဒါပဲမဟုတ်လား၊ အေး အဲဒါဘာဖြစ်လဲ သူတို့က ကံသာလို့ဖြစ်သွား တာပဲ၊ အဆန်းလားမိန်းမရာ၊ တို့လည်း သူတို့လောက် အဆင် မပြေပေမယ့် ရွာမှာထက်တော့ သာတယ်မဟုတ်လားကွာ”

ကိုလူမောင်တစ်ယောက် သူ့ထင်မြင်ချက်ကို ဇနီးသည်အား ရှည်လျားစွာ ရှင်းပြလိုက်၏။

“ဒါတော့ ဒါပေါ့ ကိုလူမောင်ရယ်၊ ရှင်ပြောတဲ့စကားထဲကလို ရှင့်သူငယ်ချင်း လုပ်နည်းလုပ်ဟန်လေး လေ့လာပါဦးလား၊ ဒီမှာ ကိုလူမောင် ဒီအရပ်ဒေသကို ကျွန်မစရောက်ကတည်းက မြင်ရ သလောက် စီးပွားရှာကြတဲ့နေရာမှာ ပိုက်ဆံရမယ့်အလုပ်သာ ကြည့် ကြတာ၊ ပိုက်ဆံမရမယ့်အလုပ်ဆို ရှောင်ကြတာများတယ်၊ အဓိက ငွေရဖို့၊ ငွေရမယ့်နေရာမှာသာ အချိန်ပေးကြတာရှင့်၊ အခုဟာက ရှင်တို့သားအဖတွေကြည့်လိုက် ဖအေလုပ်တဲ့လူက နေ့ရယ်ညရယ် မဟုတ်ဘူး၊ လာခေါ်တဲ့လူရှိရင် ကိုယ့်အလုပ်ထားပြီး လိုက်သွားပြီ၊

ဘယ်သူတွေက ဘယ်ကိုခေါ်မှန်းမသိဘူး၊ ရှုပ်နေတာပဲ၊ ဟော သားကရော ဘာထူးလဲ၊ ကိုမြတ်လှိုင်သားလုပ်တဲ့ ပွဲစားအလုပ်လေး ကို လုပ်ပါသားရယ် လုပ်ပါဆိုတာ မရဘူး၊ ဘောလုံးကန်သလိုလို၊ အားကစားလိုလိုနဲ့ ဟိုလစာ မဖြစ်စလောက်အလုပ်ကလေးနဲ့ ကျေနပ်နေတယ်၊ သမီးကလည်း ကျောင်းအားတာနဲ့အိမ်မှာ မကပ် တော့ဘူး ဟင်း"

သူတို့သားအဖတွေအပေါ် အပြစ်ပြောနေသည့်ဇနီးသည် ကိုကြည့်ရင်း ကိုလူမောင် ခေါင်းတဗျင်းဗျင်းကုတ်လိုက်ရင်း မခင်စိန် အနီး ထိုင်ခုံပေါ်တွင် ထိုင်လိုက်ပြီး

"ကဲ . . . မင်းက အဲဒီလိုပြောနေမှတော့ ငါက ရှင်းပြရ တော့မှာကွာ၊ မင်းအနေနဲ့ တို့ရွာက ဒီကိုရောက်လာတာ (၂) နှစ် အတွင်း မင်းမြင်တာမြင်ပြီး၊ မမြင်တာကျတော့ မမြင်ဘဲကိုးကွ၊ ငါကတော့ မင်းသိလောက်တယ်ထင်လို့မပြောတာ၊ အေး မင်းပြော သလို ငါ့လုပ်ငန်းတွေပြီးတဲ့အချိန် ဒါမှမဟုတ် အရေးပေါ်လာခေါ် ရင်လိုက်လိုက်သွားနေရတာတွေဟာ အလကားမဟုတ်ဘူးကွ၊ ငါက ဟောဒီရပ်ကွက်က အများစုက သင့်တော်လို့ရွေးပေးထားတဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ပေးနေရတဲ့ ရပ်မိရပ်ဖ ကိုယ်စားလှယ်မှာ ပါနေတယ်ကွ၊ မင်းသိထားဖို့က အခု တို့စီးပွားလာရှာနေတဲ့ဒီဒေသလေးဟာ ဟိုအရင် ကိုလိုနီအမွေဆိုး မူးယစ်ဆေးဝါးစက်ကွင်းက တစ်နည်းနည်း ထိုးဝင်ပျံ့နှံ့မှုမရှိရလေ အောင်၊ ပပျောက်ရလေအောင် ဆောင်ရွက်နေရသေးတဲ့ဒေသကွ၊



အဲဒါကြောင့် တာဝန်ရှိအဖွဲ့အစည်းတွေနဲ့ လူထုလူတန်းစားအဖွဲ့ တွေ ပူးပေါင်းဆောင်ရွက်နေကြရတာ၊ အဲဒီအထဲမှာ ငါပါသလို၊ သားဆိုရင်လည်း ဒီမူးယစ်ဆေးဝါး တားဆီးကာကွယ်တဲ့အဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ (MANA) လို့ခေါ်တဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ရုံးမှာ ရုံးဝန်ထမ်းလုပ်ရင်း သူ ဝါသနာပါတဲ့ဘောလုံးကစားထူးချွန်အောင် ကြိုးစားနေတာ၊ တို့မိဘလုပ်သူအတွက် ဘယ်လောက် စိတ်ချမ်းသာဖို့ကောင်းသလဲ၊ မင်း သေသေချာချာ စဉ်းစားကြည့်ဦး၊ နောက်ပြီး တို့ငယ်ငယ်တုန်းက ရွာမှာ ဘိန်းစားလှကျော်ကြီး ရွာအပြင်ဘက်မှာသေလို့ ဖျာလိပ် ပတ်ချတာ မင်းမှတ်မိမှာပေါ့၊ အဲဒါမျိုးတွေ၊ အဲဒီလိုလူမျိုးတွေ မဖြစ် အောင်၊ မရှိအောင် ကာကွယ်နေတဲ့အထဲမှာ တို့သားအဖပါတယ် ဆိုတာ မင်း အကြမ်းဖျင်း သိထားစမ်းပါကွာ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတာမျိုးပေါ့၊ အသေးစိတ်သိချင်ရင် မင်း သားကြီးကို တစ်ခါလောက် မေးကြည့်စမ်းပါဦးကွာ" ဟု ရှည်လျားစွာ ရှင်းပြလိုက်၏။

"တော်ပါတော့ရှင် အဲဒါတွေ ကျွန်မ မသိချင်ဘူး၊ ကျွန်မ သိချင်တာ သူများတွေ စီးပွားရှာသလို၊ စီးပွားဖြစ်သလို၊ ဟိုတော် ဝေးဝေးမကြည့်နဲ့ ကိုမြတ်လှိုင်တို့အဆင်ပြေသလို ပြေစေချင်တာပဲ၊ ရွာက တက်လာတဲ့လူချင်းချင်း သူတို့အိမ်မှာဆိုရင် . . . "

"ဦးလူမောင် . . . ဦးလူမောင်"

ကိုလူမောင်ကိုခေါ်လိုက်သည့်အသံကြောင့် မခင်စိန် စကား ဆုံးအောင်ပြောခွင့်မရလိုက်၊ ကိုလူမောင်အိမ်ထဲမှ ခြံဝဘက် ထွက် လိုက်ရင်းပြောလိုက်၏။

"ဟေ့ ဘယ်သူများလဲလို့ မောင်ဇေယျာထွန်းပါလား၊ လာလေကွာ အိမ်ထဲဝင်ပါဦး"

"မဝင်တော့ပါဘူး ဦးလေးရာ၊ ဒီနေ့ညနေ ဦးလေးသမီး ခင်စန်းနွယ်တို့ လူငယ်ဖွံ့ဖြိုးရေးဂေဟာ (Youth Center) မှာ စစ်တုရင်တို့၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့၊ ဉာဏ်စမ်းပဟေဠိအမေးအဖြေအတွက် ကြိုတင်ပြင်ဆင်စရာတွေရှိလို့ ကျွန်တော်တို့အဖွဲ့ဝင်တွေနဲ့ ကျောင်းကနေ တစ်ပေါင်းတည်းသွားကြမှာမို့ပါ၊ အဲဒါ အိမ်ပြန်နောက်ကျလိမ့်မယ်၊ ပြန်ရင်တော့ ဆရာမတွေ လိုက်ပို့ပေးကြမှာပါ၊ အဲဒါ လာပြောတာ ဦးလေးရ၊ ခွင့်ပြုပါဦး"

"အေး အေး အခုလိုလာပြောတာ ကျေးဇူးတင်ပါတယ်ကွာ"

ကိုလူမောင်နှင့် မောင်ဇေယျာထွန်းစကားအဆုံးတွင် မခင်စိန် တစ်ယောက် ခြံဝသို့ရောက်လာသည်။ မောင်ဇေယျာထွန်းသည် မခင်စိန်ကို နှုတ်ဆက်ပြီး လမ်းထိပ်ဘက်ထွက်သွားသည်။ ထိုစဉ် လမ်းထိပ်ဘက်မှ လူတစ်စုဝင်လာနေသည်ကို မခင်စိန်ကလက်ညှိုးထိုးပြရင်း

"ဟော ဟိုမှာတွေ့လား ကိုလူမောင်၊ ကိုမြတ်လှိုင်သမီး ရီရီအောင်တို့တောင် ကျောင်းကပြန်လာပြီ၊ ဟော နောက်ခပ်လှမ်းလှမ်းက ပြန်လာတာ ကိုမြတ်လှိုင်တို့သားအဖမို့လား၊ ကဲ အဲဒါသာ ကြည့်တော့ ကိုလူမောင်၊ ကျွန်မပြောတာ ဘယ်လွန်လို့လဲ၊ ရှင်တို့ သားအဖတွေမှာတော့ ရှုပ်လိုက်တဲ့အလုပ်၊ မိသားစု စုံစုံစေ့စေ့နဲ့ ထမင်းလက်ဆုံစားရတယ်ကိုမရှိဘူး၊ ဟောဟို ကိုမြတ်လှိုင်တို့က



တော့ အလုပ်သွားချိန်၊ ပြန်ချိန်မှန်သလားမမေးနဲ့၊ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့အဆင်ကိုပြေလို့" ဟု ပြောနေပြန်လျှင် ကိုလူမောင်လည်း စိတ်မရှည်ဟန်ဖြင့်

"ကဲ . . . တော်စမ်းပါ မခင်စိန်ရာ မင်းမှာလည်း ဒီအကြောင်းတွေပဲ အပ်ကြောင်းထပ်နေတော့တာပဲ၊ ကဲလာ ရေမချိုးခင် အချိန်ကလေးရတုန်း မနေ့ကလုပ်ထားတဲ့မြောင်းဘောင်တွေမှာ ဟင်းစားပင်လေးတွေ စိုက်လိုက်ရအောင်"

"ဟောဟိုတောင်းထဲမှာ ချဉ်ပေါင်ပင်ရော၊ ငရုတ်ပင်ရော၊ မုန်ညင်းပင်တွေရောထည့်ထားတယ်၊ ရှင် တွင်းလေးသာဖောက်ထားလိုက်၊ ကျွန်မ မီးဖိုးချောင်ဝင်ပြီးရင် ကျွန်မပါ ဝိုင်းစိုက်မယ်၊ သားကြီးပြန်လာရင်တော့ ရှင်မခိုင်းနဲ့တော့နော်"

"ဟား ဟား တော်တော်လည်း ဘက်လိုက်တဲ့မိန်းမ၊ မင်းသားကြီးကို မခိုင်းပါဘူးကွာ၊ ဟောဒီ လူမောင် တစ်သက်လုံးမိသားစုကို ရှာဖွေကျွေးမွေးလာတဲ့ အိမ်ထောင်ဦးစီးပါကွာ၊ ရွာမှာနေတုန်းကလိုပဲ စိတ်လည်းမပြောင်းဘူး၊ ကိုယ်လည်း မဟောင်းသေးဘူး ဟောဒီမှာကြည့်" ဟုပြောရင်း အင်္ကျီလက်မောင်း ပင့်တင်ရင်း ကြွက်သားများဖျစ်ညှစ်ပြလိုက်ရာ မခင်စိန်က မျက်စောင်းတစ်ချက်ထိုးရင်း

"တော့် ကြွက်သား ပိသာချိန်နဲ့ရောင်းစား ဟင်း"

"ဟား ဟား ဟား" ကိုလူမောင် သဘောကျစွာရယ်မောလိုက်သည်။

## (၃)

“အမေ သမီးကို ပိုက်ဆံပေးပါဦး” ခန်းဆီးစများအသစ်လဲတပ်နေသည့် ဒေါ်စန်းရီတစ်ယောက် သမီးဖြစ်သူစကားကြောင့် တပ်လက်စခန်းဆီးစကြိုးတန်းလန်းထားလိုက်ရင်း သမီးဖြစ်သူကို လှည့်ကြည့်လိုက်သည်။ သမီးဖြစ်သူ ခင်ခင်ရီ အပြင်ထွက်မည့်ပုံစံဖြင့် နောက်ပိုးအိတ်ကိုလွယ်ထားလျက် တွေ့လိုက်ရသည်။

“နေစမ်းပါဦး ခင်ခင်ရီ၊ ဒါက ဘယ်ကိုသွားမှာလဲ၊ ကျောင်းချိန်နီးပြီမဟုတ်လား၊ နောက်ပြီး ပိုက်ဆံတောင်းရအောင် မနေ့ကပဲငါးထောင်ပေးလိုက်သေးတယ်လေ၊ ညည်းဟာက မလွန်လွန်းဘူးလားတော်”

“အို အမေကလည်း ဒီနေရာဟာ သမီးတို့အရင်နေတဲ့ ပန်းတောရွာမဟုတ်ဘူးအမေရဲ့၊ မြို့ကိုရောက်နေပြီ၊ သူများတန်းတူ သုံးရစားရမှာအမေရဲ့၊ နောက်ပြီး အစ်ကိုကြီးနဲ့အဖေက သမီးကို ကျောင်းမှာ သူများတွေနဲ့ယှဉ်ရင် အောက်မကျစေနဲ့၊ ဒါတောင် သမီးက ဆိုင်ကယ်နဲ့ကျောင်းသွားရတာမဟုတ်သေးဘူး၊ အခုလည်း ဘယ်မှမသွားပါဘူး ကျောင်းသွားမှာပါ။ ဟောဒီအိတ်ထဲမှာ ကျောင်းဝတ်စုံတွေပါတယ်၊ ပေးမှာပေးစမ်းပါအမေရယ်နော်၊ ဟော အစ်ကိုကြီး အမေ့ကို ပြောပေးပါဦး၊ ညီမလေးအတွက် ပိုက်ဆံ ပိုက်ဆံ”

ခင်ခင်ရီတစ်ယောက် အခန်းထဲမှထွက်လာသည့်အစ်ကိုဖြစ်သူ အောင်အောင်ကို လှမ်းအကူအညီတောင်းရင်း ပြောလိုက်သည်။



“ကဲ ညီမလေး အစ်ကိုကြီး အကုန်ကြားပါတယ်၊ အဖေနဲ့ အစ်ကိုကြီးက ဒီအတိုင်းပဲဖြစ်စေချင်တာပဲဟာ့၊ ဒါပေမဲ့ အမေက အစ်ကိုကြီးနဲ့အဖေကို ရှာလို့ရတဲ့ငွေသိမ်းဖို့သာသိတာ ပြန်ထုတ်ပေးဖို့ မစဉ်းစားဘူးနော်၊ အဲဒီတော့ ညီမလေး ကိုယ့်ကိစ္စ ကိုယ်ပြောနော်၊ အော် မေမေ သားလည်း အလုပ်သွားတော့မယ်၊ ငွေနှစ်သောင်းလောက် ထုတ်ပေးပါဦး” ဟု မိခင်ဖြစ်သူကိုပြောလိုက်လျှင် မစန်းရီက သားကို တစ်လှည့်ကြည့်လိုက်ရင်း

“ကဲ . . . ကိုယ်တော်ချော အမေ့ကို မဝေဖန်ပါနဲ့၊ နင်တို့အခုနပြောသလို လူ့အောက်မကျဖို့ နင်တို့ရှာတာတွေ သိမ်းနေရတာဟဲ့၊ ဒါနဲ့ အခုယူမယ့်ငွေက မများဘူးလားသား ဘာလုပ်ဖို့လဲ”

“ဘာလုပ်ရမှာလဲအမေရယ်၊ သား အလုပ်လုပ်တဲ့ပတ်ဝန်းကျင်၊ နေရာတွေဟာ ခပ်သန့်သန့်နေပေးမှ လူယုံတာအမေရဲ့၊ ဒါမှလည်း အများတန်းတူ ဝင်ဆံ့မှာပေါ့၊ အခုယူတဲ့ငွေကလည်း ဘာမှ မသုံးပါဘူး၊ ဘောင်းဘီတစ်ထည်ဝယ်မလို့ပါ၊ မြန်မြန်လုပ်ပါအမေရယ်၊ ဟိုမှာ သားတို့အဖွဲ့တွေနဲ့ချိန်းထားတယ်၊ ညနေကျ အမေ့ပိုက်ဆံ သား ပြန်ပေးမယ်၊ ညီမလေးအတွက်ပါ တစ်ပါတည်းပေးလိုက်ပါ အမေရယ် နော်”

“အော် အောင်အောင် နင်က ငါ့ကို မိချောင်းမင်းရေခင်းပြနေတာလား၊ နင့်အဖေ မနိုးသေးဘူးလား၊ နင့်အဖေဆီမှာ တောင်းသွား” ဟု ပြောလိုက်သည်။ ဇနီးနှင့်သားသမီးများအသံကြောင့် အိပ်ရာထဲမှထလာသည့်ကိုမြတ်လှိုင်တစ်ယောက် အိပ်ရေးမဝသည့်ပုံစံ ဒယီးဒယိုင်ဖြင့် -

"ကဲပါ မစန်းရီရာ မင်းတို့ပြောတာတွေ ငါ အိပ်ရာထဲက အကုန်ကြားပြီးပြီ၊ အလုပ်ပြန်နောက်ကျလို့ အိပ်ရေးမဝရတဲ့အထဲ ကွာ၊ သူတို့တောင်းတာ ပေးလိုက်စမ်းပါကွာ"

"အဖေက ဒီလိုပြောနေမှတော့ သားတွေ၊ သမီးတွေ ဘယ် ထိန်းရတော့မှာလဲ၊ ဒါနဲ့ ကိုမြတ်လှိုင်နော် ရှင်လည်း အမြဲလိုလို အိမ်အပြန်နောက်ကျ၊ အမြဲလိုလို မူးပြနေပါလား၊ နောက်ပြီး သား လုပ်တဲ့လူကလည်း အဖေနဲ့တစ်ထပ်တည်းပဲ၊ စီးကရက်သောက် တာတောင် ပိုလိုက်သေးတယ်၊ ချောင်းကလည်း တဟွတ်ဟွတ်နဲ့" ဟု ပြောလိုက်ရာ ကိုမြတ်လှိုင်က ခေါင်းကုတ်လိုက်ရင်း

"ဟာ အဲဒါတွေအားလုံး အလုပ်သဘောတွေပါကွာ၊ ပြော မနေစမ်းပါနဲ့၊ ငွေရှာတာ ဒီလောက်တော့ရှိမှာပေ့ါ၊ မင်းပဲ ချမ်းသာ ချင်တယ်မဟုတ်လား၊ ဟောဒီလမ်းထဲကလူတွေထက် သာချင် တယ် မဟုတ်လား၊ ဘာမှပြောမနေနဲ့၊ အေး ဒီလမ်းထဲဆိုလို့ ငါ တစ်ခါတည်းပြောထားမယ်နော်၊ ဒီလမ်းထဲကအိမ်တွေနဲ့ ဟိုလိုဒီလို ရောရောယှက်ယှက် မနေနဲ့နော်၊ ခပ်မှန်မှန်နေ၊ ပြောတာ သဘော ပေါက်တယ်နော်"

"ကျုပ် ဘယ်မှမသွားဘူး၊ အဲဒါတော့ စိတ်ချ၊ ပျင်းပျင်းရှိရင် သာ တစ်လမ်းကျော်က ဒေါ်မိုးတို့အိမ်သွားတာပဲရှိတယ်" ဟု ပြော လိုက်ရာ သားဖြစ်သူအောင်အောင်က -

"အမေက ဒေါ်မိုးတို့အိမ်တော့သွားမှာပေ့ါလေ၊ သားက မပြောလိုက်ချင်ဘူး၊ ကဲ ကြာတယ်အမေရယ် ပေးတော့၊ ညီမလေး လည်း ကျောင်းသွားနောက်ကျနေဦးမယ်"



"အောင်အောင်နော် ဒေါ်မိုးတို့အိမ်သွားနေတာ ငါ့အကြောင်း နဲ့ငါ၊ အိမ်မှာ တစ်နေ့လုံးနေရင် ချေးမဲ့ငှားမဲ့ညည့်သည်တွေက မပြတ် ဘူး၊ အဲဒါ နင် သဘောပေါက်၊ မိဘကိုဘာမှ မဝေဖန်နဲ့၊ ရော့ ဟောဒီမှာ နှစ်သောင်းခွဲ၊ ညီမလေးပါ ပေးလိုက်" ဟုပြောရင်း ဗီရိုထဲမှငွေများကိုယူ၍ပေးလိုက်သည်။ အောင်အောင်တို့မောင် နှမနှစ်ယောက်လည်း အိမ်ပေါ်မှ အပြေးဆင်းသွားကြသည်။ မစန်းရီ တစ်ယောက် လုပ်လက်စ ခန်းဆီးတပ်သည့်အလုပ်ကို စိတ်မပါ သလို ဆက်လုပ်နေလေတော့၏။

## အခန်း (၄)

"ဟော့ လူမောင် တွေ့ချင်တာနဲ့အတော်ပဲ၊ မင်းမှာလည်း ပျောက်နေလိုက်တာကွာ"

"ဟာ ကိုကြီးသာဗျော ပျောက်နေဆို ကိုကြီးသာဗျောရေ ကျွန်တော့်မှာ အလုပ်တွေ ဝိုင်းဝိုင်းလည်နေတယ်ဗျို့၊ ကျွန်တော် စီမံကိန်းတွေမှာ တန်းလျားတွေ လိုက်ဆောက်နေရတဲ့အလုပ်တွေနဲ့ မို့ မြို့ပေါ်အကြောင်းရှိမှ ပြန်လာနိုင်တာ ကိုကြီးသာဗျောရ"

"ဟေ ဟုတ်လား၊ ဝမ်းသာတယ်ကွာ၊ လာကွာ ကြုံတုန်း လက်ဖက်ရည်လေးဘာလေးသောက်ပြီး စကားပြောကြရအောင်"

"နေပါစေ ကိုကြီးသာဗျော၊ ကျွန်တော် မသောက်တော့ပါဘူး၊ လုပ်ငန်းကိစ္စတစ်ခုနဲ့လာတာ၊ အိမ်တော့ ခဏပြန်လိုက်ဦးမယ်၊ ဒီလို လုပ်ပါလား ကိုကြီးသာဗျော၊ ကျွန်တော့်အိမ်လိုက်ခဲ့၊ ဟိုကျမှ စကား

ပြောကြရင်း မခင်စိန်လက်ရာ ထမင်းကြော်နဲ့ရေနွေးကြမ်း သောက်ကြစားကြတာပေါ့။ ဒါဆို အလုပ် နှစ်ခု၊ သုံးခု တစ်ခါတည်း ပြီးသွားတာပေါ့ ကိုကြီးရာ ဟား ဟား” ကိုလှုမောင်မှ သူ့စကားသူ သဘောကျစွာ ရယ်နေသလို ကိုသာဗျောလည်း ကိုလူမောင်စကားကို သဘောကျစွာဖြင့်

“ဟား ဟား လူမောင်ကတော့ လုပ်လိုက်ပြန်ပါပြီ၊ အေး မင်းကို ပြောစရာကရှိနေတာရယ်၊ မခင်စိန်လက်ရာစားချင်တာရယ်နဲ့ မင်းအိမ် လိုက်ရတာပေါ့ကွာ၊ ကဲ လာ သွားကြစို့”

သို့ဖြင့် ကိုသာဗျောနှင့် ကိုလူမောင်တို့ အသင့်တွေ့သော အငှားကားဖြင့် ကိုလူမောင်အိမ်သို့ လာခဲ့ကြသည်။

“သမီးရေ နင့်အဖေပြန်လာတယ်ဟေ့၊ ဟော ကိုကြီးသာဗျောပါ ပါလာတာကိုး၊ ဘယ်မှာ တွေ့လာကြသလဲ”

အိမ်ပေါက်ဝ ကားရပ်လိုက်သည်နှင့် မခင်စိန် အသံကြားလိုက်ရသလို ကိုသာဗျောက -

“အေးဟာ ငါလည်း အလုပ်တစ်ခုနဲ့ ကားကွင်းဘက်အရောက် ဒီကောင်လူမောင်တွေ့တာနဲ့ အတူလိုက်လာတာဟေ့၊ ကဲ . . . လုပ် မခင်စိန် ထမင်းကြော်လေးစောင့်ရင်း ငါနဲ့လူမောင် စကားပြောရအောင်ဟေ့၊ သူကလည်း အလုပ်ကများများ” ဟု ပြောလိုက်လျှင် မခင်စိန်က “ကဲ . . . ကိုကြီးသာဗျော ခဏထိုင် စကားပြောကြဦး၊ စားစရာသောက်စရာ လုပ်လိုက်ဦးမယ်၊ သမီးရေ နင့်အဖေပစ္စည်းတွေသိမ်းပြီးရင် ရေနွေးကြမ်းချထားပါဦးဟေ့”

“ဟုတ်ကဲ့ မေမေ”



“အဲဒါပဲကွ လူမောင်ရ၊ ဒီကောင်ဆီ ငါလည်း သိပ်မရောက်ဖြစ်ဘူး၊ တွေ့ချင်လို့လာပြန်တော့လည်း အိမ်က ပိတ်ထားတာ အမြဲလိုလိုတွေ့ပြီး ပြန်ပြန်သွားရတာများတယ်ကွ”

“ဟုတ်လား ကိုကြီးသာဗျော၊ ကျွန်တော်လည်း အလုပ်တွေကများ၊ သူကလည်း သူ့အလုပ်နဲ့သူဆိုတော့ လမ်းမှာတွေ့လို့ နှုတ်ဆက်၊ ခေါ်ပြောတာကလွဲပြီး သူတို့အိမ် မရောက်ဖြစ်ဘူး၊ သူကလည်း ညဥ့်နက်မှပြန်လာတတ်တာဆိုတော့”

“အေးကွာ စိတ်မကောင်းစရာကတော့ ဟိုရွာကပါလာတဲ့ ပူစူးမလေး ကျောင်းတက်ရင်း အိမ်ထောင်ကျသွားတယ်ကြားတယ်၊ ငါတို့လည်း မဖိတ်ဘူး အဲဒါ . . . ” ထိုစဉ် မခင်စိန် ထမင်းကြော်ပန်းကန်ယူလာပြီး သူတို့အနားရောက်လာပြီး ကိုရင်သာဗျော ပြောနေသည့်စကားအားဆက်၍ပြောလိုက်၏။

“ကိုကြီးသာဗျောရဲ့ ဘဝင်မြင့်သွားကြတာလေ၊ အဲဒီ စန်းရီဆိုတဲ့ကောင်မက ရွာမှာတုန်းကတစ်မျိုး၊ အခု မြို့ရောက်လာလို့ သူတို့စီးပွားရေးအရမ်းအဆင်ပြေသွားရော ဒီရောက်နေတဲ့ကျုပ်တို့ ရွာသူရွာသားတွေ သိပ်အတွေ့ခံချင်တာမဟုတ်တော့ဘူး၊ သူ့သား ဟိုကောင်ချက်စူအောင်အောင်ဆို လမ်းတွေ့တောင် ကျုပ်ကို နှုတ်ဆက်တာမဟုတ်ဘူး၊ မမြင်သလို လိုလုပ်နေတာ၊ အခုန ကိုကြီးသာဗျောပြောတဲ့ သူ့သမီးလေး ခင်ခင်ရီလေးရော အရွယ်ရောက်မယ်မကြုံသေးဘူး ခိုးရာလိုက်ပြေးလို့ အကျဉ်းရုံးမင်္ဂလာဆောင်လိုက်တယ်ကြားတယ်”

"အို . . . ဟုတ်လား၊ ဘယ်ကကောင်လေးနဲ့လဲ"

"ဘယ်ကကောင်လေးဖြစ်ရမှာလဲ၊ စန်းရီသွားသွားနေတဲ့ ဟိုဘက်တစ်လမ်းကျော်က ဒေါ်မိုးမွေးစားသားလိုလို၊ တူလိုလိုနဲ့လေ၊ ဟော ကိုကြီးသာဗျောရေ ပြောရဦးမယ်၊ အခု ကိုကြီးသာဗျော ကြားပြီးပြီလား၊ သူတို့ အဲဒီလမ်းထဲကတိုက် ဝယ်လိုက်ပြီတဲ့၊ အခု အဲဒီပြောင်းနေကြပြီလေ"

"အေး အဲဒါကြောင့် သူတို့အိမ်ငါလာတိုင်း ပိတ်ပိတ်ထားတာကိုး၊ ကောင်းပါတယ်ဟာ၊ သူတို့ဟာသူတို့ ဘဝင်ပဲမြင့်မြင့်၊ ဘဝပဲ မေ့မေ့ ကိုယ့်ရွာသားတစ်ယောက် တစ်ရပ်တစ်ကျေးစီးပွားလာရှာတာ အဆင်ပြေသွားတယ်ဆိုရင် စိတ်ချမ်းသာပါပြီ" ဟု လူကြီးတစ်ယောက်ပီပီ ပြောလိုက်ရာ ကိုလူမောင်မှ စကားဖြတ်ပြောလိုက်၏။

"ကျွန်တော်လည်း ဒီလိုပါပဲ ကိုကြီးရာ၊ ဝမ်းသာပါတယ်၊ ကျွန်တော်စိတ်ထဲ ဘဝင်မကျတာကတော့ ကျွန်တော်နဲ့ရွာက အတူတက်လာတဲ့သူငယ်ချင်းအရင်းခေါက်ခေါက်နဲ့မိသားစုတွေဟာ ဒီလို သုံးလေးနှစ်အတွင်းမှာ အခေါ်အပြော၊ အဆက်အဆံ ပြောင်းလဲသွားတာကို ဘဝင်မကျနိုင်ဘူးဗျာ"

"အေးကွာ ဒါတော့ ဘာတတ်နိုင်မှာလဲ၊ မင်းတို့ငါတို့စိတ်ကတော့ သူတို့အပေါ်မှာ အရင်အတိုင်းပဲထားပေါ့ကွာ၊ ကိုယ့်ရွာသားတွေပဲ၊ အေး အခုမှ သတိထားကြည့်မိတယ်၊ မင်းတို့တောင် အဆင်ပြေနေတာပဲ၊ အိမ်ကလေးကလွဲလို့ ကျန်တာ အတွင်းပစ္စည်း အသုံး



အဆောင်တွေကြည့်ရတာ ဝမ်းသာတယ်ဟေ့" ဟု ပြောလိုက်ရာ မခင်စိန်က ခပ်ပြုံးပြုံးလေးဖြင့်

"ဟုတ်တယ် ကိုကြီးသာဗျောရေ၊ ဒီတစ်နှစ် နှစ်နှစ်အတွင်း ကိုလူမောင် အဆက်အသွယ်တွေနဲ့ လက်သမားကန်ထရိုက်အလုပ်က အဆင်ပြေတယ်လေ၊ နောက်ပြီး အခုဆိုရင် သားက မူးယစ်အထူးတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်နေပြီလေ၊ ပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းမှာလည်း ရှေ့တန်းတိုက်စစ်မှူးပေါ့၊ သမီးကတော့ ၁၀ တန်းအောင်ပြီး အဝေးသင်တက်ရင်း လူငယ်ဖွံ့ဖြိုးရေးဂေဟာမှာ ဝန်ထမ်းလုပ်နေတယ်ရှင့်၊ ကျွန်မလည်း အိမ်အလုပ်အပြင် အပိုဝင်ငွေရမယ့် ဝက်မွေးမြူရေးလေး တစ်ပိုင်တစ်နိုင် လုပ်ထားတယ်၊ ကိုကြီးသာဗျောရေ၊ အဆင်ပြေရင် သားကြီးလည်း ပဥ္စင်းတက်ပေးဖို့ ရည်ရွယ်ထားသေးတယ်၊ အမှန်ကတော့ ကိုလူမောင်ကျေးဇူးတွေပါပဲ"

"အေး . . . အရင်တုန်းက ငါ အိမ်လာရင် ဒီလိုပြောတော မကြားမိဘူး၊ လူမောင် အပိုအလုပ်တွေရှုပ်တာနဲ့ သားတွေသမီးတွေကို အပြစ်ပြောတာပဲပြောနေတာကြားတယ် ဟဲ . . . ဟဲ ရေနွေးကြမ်းထည့်ပါဦး၊ ပြောရတာနဲ့ ခံတွင်းချဉ်လာပြီ" ဟု ပြောလိုက်လျှင် မခင်စိန် ပြာပြာသလဲဖြင့်

"အော် မေ့နေလိုက်တာသမီးရေ၊ နင့်ဘကြီးအတွက် ခံတွင်းချဉ်တယ်ပြောမှ သတိရတယ်၊ ဆေးလိပ်လေးသွားဝယ်ပါဦးကွယ်၊ ကိုကြီးသာဗျောရေ ကျွန်မတို့အိမ်မှာတော့ တစ်အိမ်လုံး ဆေးလိပ်

မသောက်တော့ မီးခိုးတိတ်နေတယ်၊ ဧည့်သည်လာရင်လည်း ဆေးလိပ်ချပေးရမှာမေ့နေတဲ့အကျင့်ဖြစ်နေပြီ၊ အားနာလိုက်တာ”

“ဟာ . . . မဝယ်နဲ့သမီး၊ ငါလည်း ရွာမှာ တစ်သက်လုံး သောက်လာတဲ့ဆေးလိပ် အခု ချောင်းဆိုးရင်ကြပ်ဖြစ်တော့မှ ဖြတ်လိုက်ပြီ၊ အခုမှ အမောလုံတော့တယ်၊ ကဲ . . . လူမောင်လည်း အလုပ်တွေရှိဦးမယ်၊ ငါပြန်မယ်ဟေ့”

“ဟာ ကိုကြီးသာဗျော နေပါဦး၊ ကျွန်တော် ဆိုင်ကယ်နဲ့ လိုက်ပို့ပါမယ်”

“ဟေ့ လူမောင် နေပါကွာ၊ ဒီလမ်းဒီခရီး ငါ လမ်းလျှောက်နေကျပါ၊ ဆေးလိပ်ဖြတ်မှလမ်းလျှောက်ရတာ မမောတော့ဘူး၊ အရမ်းအရသာတွေ့နေတယ်ဟေ့၊ ကဲ မင်းတို့ကျွေးတာ ကျေးဇူးတင်သလို စကားပြောရတာ အားရတယ်ဟေ့ သွားပြီ” ဟု ပြောရင်း သွက်လက်စွာ ထွက်သွားလေတော့၏။

## အခန်း (၅)

“ဘကြီးသာဗျော . . . ဘကြီးသာဗျော ရှိပါသလားခင်ဗျ”

အိမ်ရှေ့မှခေါ်သံကြားသဖြင့် ဦးသာဗျော ကုလားထိုင်တစ်လုံးဖြင့် တရားစာအုပ်တစ်အုပ်ဖတ်နေရာမှ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။ ရဲအရာရှိဝတ်စုံနှင့်လူတစ်ဦးကို လှမ်းတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားသည်။ မိမိအသိထဲက ဟုတ်မဟုတ်လည်း စဉ်းစားနေမိသည်။



“ကျွန်တော့် မမှတ်မိဘူးလား၊ ကျွန်တော် ဦးလူမောင်သား ပေသီးလေ ဘကြီးရဲ့” ဟုပြောရင်း အနားရောက်လာသည့် ပေသီးကိုကြည့်ရင်း

“ဟာ ငါက ဘယ်သူလဲလို့ကွာ၊ ပေသီး၊ အော် မင်းနာမည်အရင်းက ဘယ်သူကွ” ဟု အံ့သြဝမ်းသာဟန်ဖြင့် ပြောလိုက်လျှင်

“ကျွန်တော် မောင်မောင်ဦးပါ ဘကြီးရဲ့၊ ဘကြီးမှတ်မိအောင် ပေသီးလို့ပြောလိုက်တာ”

“ကဲ မင်း ဘယ်ကလှည့်လာတာလဲ၊ မင်းအဖေ၊ အမေရော နေကောင်းကြလား ဟေ့ ထိုင်ကွာ” ဟုပြောရင်း နေရာပြင်ပေးနေသည်။

“နေပါစေဘကြီးရယ်၊ ကျွန်တော်ထိုင်ဖို့ အချိန်မရပါဘူး၊ အခုတောင် တာဝန်ပြီးချိန်လေးမှာ အဖေလွှတ်လိုက်လို့လာတာ၊ အကြောင်းကတော့ စိတ်မကောင်းစရာပဲ၊ ဦးလေးမြတ်လှိုင်တို့ မိသားစုအကြောင်းပဲ၊ မနေ့ညက သူတို့တိုက်မှာ မူးယစ်ဆေးဝါးတွေ ဖမ်းမိတယ်၊ ဦးလေးမြတ်လှိုင်နဲ့သူ့သား အဖမ်းခံထားရတယ်၊ နောက်ပြီး သမီးဖြစ်တဲ့ခင်ခင်ရီရဲ့ယောက်ျားက မြို့အစွန်မှာ မူးယစ်ဆေးဝါးသုံးရင်း ရှော့ (ခ်) ဖြစ်ပြီးသေသွားတယ်၊ တိုက်လည်း ချိတ်ပိတ်လိုက်ပြီ၊ အဲဒါ ဒေါ်လေးစန်းရီနဲ့ခင်ခင်ရီတို့ သူတို့အရင်နေတဲ့ အိမ်လေးပြောင်းကြဖို့ အဖေတို့နဲ့ရွာကလူတချို့ စီစဉ်နေတယ်၊ အဲဒါ ဘကြီး လာပြောတာ”

“ဟေ . . . ဘုရား ဘုရား ကြားရတာ စိတ်မကောင်းစရာပါလား” ဦးသာဗျော ရင်ဖိပြီး ဘုရားတမိလိုက်သည်။

"ကဲ . . . ဘကြီး ကျွန်တော်နဲ့တစ်ပါတည်းလိုက်ခဲ့နိုင်ရင် ခေါ်လာဖို့ အဖေက မှာလိုက်တယ်" ဟု ပြောလိုက်လျှင် ဦးသာဗျော လည်း

"အေးကွာ . . . တစ်ပါတည်းလိုက်ရမှာပေါ့၊ မင်းဒေါ်ကြီးတို့ ပြောခဲ့လိုက်ဦးမယ် ခဏစောင့်"

သို့ဖြင့် ဦးသာဗျောတစ်ယောက် မောင်မောင်ဦးဆိုင်ကယ်နှင့် ပင် တစ်ပါတည်း လိုက်ပါခဲ့တော့သည်။

"အမလေး ကိုကြီးသာဗျောရေ၊ ကျွန်မတို့အဖြစ် မကယ်နိုင် တော့ဘူးလား"

အိမ်ရှေ့အရောက် အော်ငိုလိုက်သည့် မစန်းရီအသံကြောင့် ဦးသာဗျော တုံ့ခနဲပင် ဖြစ်သွားသည်။ ကိုမြတ်လှိုင် ပထမနေခဲ့ သည့် အိမ်ကလေးထဲတွင်တော့ သည်မြို့လေးသို့ အလုပ်လုပ်ရင်း ရောက်နေသည့်ရွာသား ၁၅ ဦးခန့်တွေ့လိုက်ရသည်။ ဦးသာဗျော လည်း ခေါင်းရင်းတွင် ဝင်ထိုင်လိုက်သည်။

"ကဲ စန်းရီရေ ဖြစ်ပြီးမှတော့ စိတ်ခိုင်ခိုင်သာထား၊ တို့တစ်တွေ အားလုံးလည်း တတ်နိုင်တဲ့ဘက်က ကူညီကြမှာပဲ၊ ကဲ လူမောင်ရေ အခြေအနေတွေ ဘယ်လိုစီစဉ်ထားလဲ"

"မစန်းရီတို့သားအမိကိုတော့ ဒီအိမ်ပြောင်းလိုက်ပြီ ကိုကြီး သာဗျော၊ ဟို ခင်ခင်ရီယောကျ်ားအတွက်တော့ ဒေါ်မိုးလည်း ဟိုကိစ္စတွေထဲမှာပါနေတော့ ကျွန်တော်တို့ပဲ တာဝန်ယူပြီး ဆေးရုံ ကနေ ဒီနေ့ပဲသင်္ဂြိုဟ်ဖို့ စီစဉ်ထားပြီးပါပြီ၊ ခင်ခင်ရီကတော့ ဒီနေ့ပဲ



ဆေးခန်းပြထားတယ်၊ မြတ်လှိုင်တို့သားအဖကတော့ ကျွန်တော်တို့ လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ ဥပဒေအတိုင်းပဲဖြစ်မှာပေါ့ ကိုကြီးသာဗျောရာ"

"အမလေး အရပ်တို့ရေ ကယ်ကြပါဦး၊ ကျွန်မအပူ ဘယ်လို ငြိမ်းပါ့မလဲတော့" ဟုပြောရင်း တက်သွားလေရာ မခင်စိန်အပါ အဝင် အိမ်ပေါ်ရောက်နေသူအမျိုးသမီးများက တတ်သရွေ့ မှတ် သရွေ့ ပြုစုနေရတော့၏။

"မစန်းရီ သတိထား၊ သတိထား၊ ခြေမချိုးပါဟဲ့" "သတိရလာ ပြီ" "ယပ်ခပ်ပေး" စသည်ဖြင့်အသံတွေစုံနေသလို၊ ငိုင်တိငိုင်တိုင် ဖြင့် ပိန်ချုံးကျနေသူ ခင်ခင်ရီမှာလည်း မျက်ရည်များ တစ်ပေါက် ပေါက် ကျနေလေ၏။

အိမ်ဦးခန်းတွင် ဦးသာဗျောက စတင်၍စကားဆိုလိုက်၏။

"ကဲ . . . ဖိုးမြ . . . သာထွန်းတို့လူငယ်တွေက မင်းတို့ ဆေးရုံသွားဖို့ စီစဉ်ကြ၊ မစန်းရီတို့သားအမိကိုခေါ်၊ အဲဒါပြီးရင် လုပ်စရာတွေ ငါပြောပြမယ်" ဟု အစချီ၍ ဦးသာဗျောက ထုံးစံ အတိုင်းလုပ်ရမည့်အစီအစဉ်များကို ပြောပြနေသည်။

"ကဲ . . . အဲဒီတော့ ဘုန်းကြီးကြွလာရင် တစ်ပါတည်း လိုက်နိုင်အောင်စီစဉ်ထားကြ"

"ဟုတ်ကဲ့ပါ ကိုကြီးသာဗျော၊ ဟော့ မောင်ကြည်တို့ ဟန်သောင်း တို့ရေ ဧည့်သည်တွေများလာရင် တို့လူရင်းတွေက ငါ့အိမ်မှာနေကြ ဟေ့၊ အော် ကိုကြီးသာဗျောအိမ်မှာ ခဏနားနေပါ၊ မခင်စိန်ရေ အိမ်မှာ နည်းနည်းပြင်ထားလိုက်ပါဟေ့"

သို့ဖြင့် ကိုလူမောင်အိမ်တွင် ဦးသာဗျော ခဏနားနေခိုက်၊ ရွာသားအချို့လည်းရောက်လာကြသည်။

"ကိုကြီးသာဗျော ကော်ဖီပူလေးသောက်လိုက်ပါဦး" မခင်စိန်မှာ သူ့အိမ်သို့ရောက်နေသည့်ရွာသားတချို့ကို ကော်ဖီဖြင့်ဧည့်ခံနေပေသည်။ ဦးသာဗျောက ကော်ဖီပူပူတစ်ခွက်သောက်လိုက်ရင်း

"ကဲ . . . တို့ရွာသားတွေဆုံတုန်း အခု ဒီရောက်နေတဲ့အထဲမှာ ငါက အကြီးဆုံးဆိုတော့ ဆုံးမစကားပဲပြောပြော၊ သံဝေဂစကားပဲဆိုဆို စကားတစ်ခွန်းလောက် ပြောချင်တယ်ကွာ" ဟု အစချီလိုက်ရာ အိမ်ပေါ်ရောက်နေသူအထဲမှ မောင်ကြည်က "ပြောပါကိုကြီးသာဗျော" ဟုပြောလိုက်လျှင် ဦးသာဗျော ချောင်းတစ်ချက်ဟန့်လိုက်ရင်း စကားဆိုလိုက်သည်။

"အခြားတော့မဟုတ်ပါဘူးကွာ၊ မင်းတို့ အခုတွေ့နေရတဲ့ မြတ်လှိုင်တို့အိမ်ထောင်စုအကြောင်းပဲ၊ မင်းတို့လည်း သိပြီး၊ မြင်ပြီး၊ ကြားပြီးပါပြီ၊ ဘယ်လောက်စိတ်မချမ်းသာစရာဖြစ်သွားရသလဲ၊ စန်းရီရဲ့သောက၊ သူတို့ရဲ့အဖြစ်က ငရဲပွက်သလို ဗလောင်ဆူနေတဲ့အချိန်၊ ဒီမိသားစုတွေရဲ့အဖြစ်ကို စိတ်ကူးနဲ့တောင် ကိုယ်စားဝင်မခံဝံ့ဘူးနော်၊ အဲဒါ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလို မြတ်လှိုင်တို့မိသားစုဟာ မူးယစ်ရဲ့သားကောင်တွေဖြစ်ခဲ့ရတာကိုးကွ၊ အစကတော့ သာယာသလိုလိုနဲ့ အခုတော့ ငရဲခန်းရောက်သွားရပြီ မဟုတ်လား၊ သားတွေ၊ သမီးတွေကအစ ဒုက္ခရောက်ကြရပြီ၊ ဟောခင်ခင်ရီဆို သူ့ယောကျ်ားကပေးတဲ့ ဆိုးမွေရောဂါဆိုတာ ဘယ်သူ



မှ ငြင်းလို့ရမှာမဟုတ်ဘူးဆိုတာ မင်းတို့ အကဲခတ်မိပါတယ်နော်" ဟုပြောရင်း သောက်လက်စကော်ဖီလက်ကျန်ကို သောက်လိုက်သည်။ မခင်စိန်မှ "အရင်က ကျွန်မတောင် သူတို့မိသားစုကို အားကျမိတယ် ကိုကြီးသာဗျောရေ၊ သူတို့က ရွှေပန်းပန်ထားတာမှမဟုတ်တာ၊ ငရဲပန်းခေါင်းပေါ် ရွက်ထားတာကိုး" ဟု ပြောလိုက်လျှင် ဦးသာဗျော တစ်ချက်ခေါင်းညိတ်လိုက်ရင်း

"အေး အဲဒါ ငါပြောမလို့၊ နင်တို့မိသားစုနဲ့သူတို့ ဒီမြို့ကို အတူရောက်ကြတယ်၊ လူမောင်က လက်သမား၊ မြတ်လှိုင်က ပန်းရံသမားဆိုတော့ စိတ်တူကိုယ်တူအိမ်ကလေးနှစ်အိမ် ပုံစံတူဆောက်ပြီးနေကြတယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့စီးပွားရှာကြတယ်။ ဟော အခုအချိန် အဲဒီအိမ်ထောင်စု (၂) စုနေတဲ့အိမ်လေးနှစ်အိမ်ကို ယှဉ်ကြည့်၊ ကဲ ဟိုအိမ်မှာ ဘယ်လိုဖြစ်နေသလဲ၊ ဘယ်လိုခံစားနေရသလဲ၊ ငရဲပွက်မနေဘူးလား၊ ကဲ ဒီဘက် လူမောင်တို့အိမ်မိသားစုကို ကြည့်ကြစမ်း၊ ကဲ ဘယ်လိုနေသလဲ၊ ကိုယ့်ကြိုးစားမှုနဲ့ တိုးတက်ဖွံ့ဖြိုးရပ်တည်နေတဲ့မိသားစုဘဝ ဘယ်လောက်စိတ်ချမ်းသာရသလဲ၊ သားတွေ၊ သမီးတွေက နိုင်ငံ့တာဝန်တွေကိုယ်စီနဲ့ နောက်ပြီး မကြာခင်ဘဲ အလှူအတန်းကြီးလုပ်ဖို့ စီစဉ်ထားကြပြီ၊ အေး ငါပြောချင်တာက ဒီမိသားစုနှစ်ခုကို ယှဉ်ပြီးကြည့်ရင် အဓိကတရားခံဟာ ဘာလဲဆိုတာ မင်းတို့ သိကြရောပေါ့" ဟု ပြောလိုက်လျှင် မောင်ကြည်က ထောက်ခံစကားဆိုလိုက်၏။

"ဟုတ်တယ် ကိုကြီးသာဗျောရေ၊ ဒါဟာ ကျွန်တော်တို့အတွက် တကယ် သင်ခန်းစာတစ်ပုဒ်ပါပဲ၊ ဒီမူးယစ်နဲ့ကြီးပွားတာ၊ ပတ်သက် တာ၊ သုံးစွဲတာမှန်သမျှ လောကငရဲကိုခေါ်ယူနေတာပဲ၊ မခင်စိန် ပြောတဲ့ငရဲပန်းဆိုတာ သိပ်မှန်တယ်" ဟုပြောလိုက်လျှင် အားလုံးက ခေါင်းတညိတ်ညိတ်။ ကိုရင်သာဗျောက ဆက်၍ဆိုဖြစ်လိုက်၏။

"အေးပေါ့ကွာ ငရဲပန်းကိုရှောင်နိုင်ရင် အကောင်းဆုံးဆိုတာ ထက် အကောင်းဆုံးပေါ့ကွာ၊ အဲဒီတော့ မင်းတို့ငါတို့အိမ်တွေမှာ ဒီငရဲပန်းတွေ ကင်းကြသလို၊ ပါဝင်တိုက်ဖျက်ကြသလို တစ်အိမ်မှ တစ်ရပ်ကွက်၊ တစ်ရွာတစ်မြို့မှသည် တစ်နိုင်ငံလုံးသာ ဟောဒီက လူမောင်တို့အိမ်လေးလိုဖြစ်အောင် ကြိုးစားလိုက်ရင် ပေါင်းစပ် လိုက်ရင် အခုန မင်းတို့မြင်ခဲ့ကြားခဲ့တဲ့ လူမှုရေးသောက၊ ဘာသာ ရေး၊ သာသနာရေး၊ စီးပွားရေးဆုံးရှုံးမှုသောက အရာရာပျက်စီး ဆုံးရှုံးမှုဖြစ်စေတဲ့သောကတွေ၊ ဝေဒနာတွေဆိုတာ ရှိလာနိုင်စရာ ဖြစ်လာနိုင်စရာမရှိတော့ဘူးပေါ့၊ အေး အဲဒါကြောင့် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးအလွဲသုံးမှု တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ကြဖို့ တန်ဖိုးရှိတဲ့လူ့ဘဝဖြစ်လာဖို့ မူးယစ်ဒုက္ခထဲရောက်နေတဲ့လူတွေကို လည်း စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြစ်ဖို့ မူးယစ်ကိုပစ် ပန်းတိုင် သစ်ရောက်ဖို့ တစ်အိမ်မှသည်အစပြု၍ မူးယစ်ဆေးကို ရှောင်ကြဖို့ တိုက်ဖျက်ကြဖို့ တိုက်တွန်းချင်သလို၊ မင်းတို့စိတ်ထဲမှာ မူးယစ်နဲ့ ကင်းတဲ့အိမ်နဲ့ မကင်းတဲ့အိမ် ဘာကွာသလဲဆိုတာ၊ ဟောဒီက



လူမောင်အိမ်နဲ့ ဟောဟိုက မြတ်လှိုင်တို့အိမ်သာ ယှဉ်ကြည့်ကြပါ တော့ကွာ"

ဦးသာဗျောစကားအဆုံးတွင် ကြားရသူအပေါင်း၏စိတ် ထဲဝယ် ကိုလူမောင်နှင့်ကိုမြတ်လှိုင်တို့၏ ပုံစံတူအိမ်ကလေးနှစ်လုံး ကို စိတ်ထဲမှာမြင်ယောင်ရင်း နှိုင်းယှဉ်ကြည့်နေမိတော့၏။

**သိန်းဇော်** (ရွှေသီဒိုး)